# တရားရေး ဂျာနယ်

# JUDICIAL JOURNAL

အတွဲ (၂)၊ အမှတ် (၈)၊ ဇူလိုင်လ၊ ၂၀၀၉

တရားရုံးချုပ်

သီလ သမာဓိ ပညာ

548/18

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
စာကြည့်တိုက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
35438
တိုက်ပိုင်အမှတ်
ရက်စွဲ 4.10.17
စာကြည့်တိုက်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်း၊ ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တရားရုံးများ… အမိန့် ၂၇၂ အရ တစ်ကြိမ်ငှားရမ်းလျှင်
ရက်သတ္တပတ်(၃)ပတ်ထက်မပိုစေရ။

# တရားရေးဂျာနယ်

အတွဲ(၂)၊ အမှတ်(၈)၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ


## မာတိကာ

### တရားရုံးချုပ် သတင်းလွှာ


- တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြားသည့် မိန့်ခွန်း ၅
- တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသည့်မိန့်ခွန်း။ ၁၁
- တရားသူကြီးချုပ်မှ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တရား စီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် ပြည်နယ်/တိုင်း တရားသူကြီးများမှ စာတမ်းဖတ်ကြားတင်ပြခြင်း။ ၁၆
- တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ တရားစီရင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကျင်းပခြင်း ၁၇
- တရားရုံးချုပ်၊ အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းအမှတ်စဉ် (၁/၂၀၀၉)Supreme Court English Advanced Course No. 1/2009 ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း ၁၉
- ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၁၈)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ်(၄၂)တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခြင်း ၂၁
- ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပခြင်း ၂၃
- မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပခြင်း ၂၄
- တရားရုံးချုပ် (နေပြည်တော်) တတိယအကြိမ်ကထိန် သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း ၂၆


### စာတမ်း


- ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံပစ္စည်းများရုံးရှေ့ တင်ပို့ရေးနှင့် စီမံခန့်ခွဲ ရေးစာတမ်း။ အဖွဲ့(၁) ၂၈
- တရားမမှုများတွင် တစ်ဖက်သတ်စစ်ဆေးခြင်းနှင့် ဝန်ခံဒီကရီချမှတ်ခြင်းစာတမ်း။ အဖွဲ့(၂) ၃၇

## ဆောင်းပါးများ


- ထိမ်းမြားခြင်းစနစ်နှင့် ဓမ္မသတ်ကျမ်းလာ "ဘတ္တုမိခြား မိတ္တုဘခြား" သားသမီးများ အမွေခွဲဝေရေး - - - - - - - - - - ဒေါက်တာတင်အောင်အေး ၅၈
- အမွေထိန်းစာနှင့် အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားမှုများတွင် ကန့်ကွက်သူပေါ်လာသည့် ပြဿနာ - - - - - - - - - - - - - မောင်ဉာဏ်စိန် ၇၀
- စိတ်ဝေဒနာရှင် တရားခံအပေါ် အမှုစစ်ဆေးစီရင်ခြင်း - - - - လှအေး (တရားရေး) ၇၃
- ကျမ်းကျိမ်လွှာ - - - - - - - - - - - - - - - - - - - - - - - - မောင်ဉာဏ်ရှင် (ဥပဒေ) ၇၇
- တရားရုံးကစာဖြင့် ရေးသား၍ တရားစွဲဆိုရသည့်ပြစ်မှု - - - - ဦးသန်းဇော(ဥပဒေ) ၈၂
  အကြောင်းသိကြောင်းစရာများ


## တရားရုံးချုပ်စီရင်ချက်များ


- ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၇၆ (ခ) / ၀၇ ၈၈
  (တရားရုံးချုပ်၊ မန္တလေး)
- ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆၇ (ခ) / ၀၈ ၉၂
  (တရားရုံးချုပ်၊ ရန်ကုန်)
- ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၇ / ၀၈ ၉၅
  (တရားရုံးချုပ်၊ ရန်ကုန်)
- တရားမပထမအယူခံမှုအမှတ် ၁၉၈ / ၀၈ ၁၀၁
  (တရားရုံးချုပ်၊ မန္တလေး)
- တရားမပြင်ဆင်မှုအမှတ် ၂၁၅ / ၀၈ ၁၀၇
  (တရားရုံးချုပ်၊ ရန်ကုန်)


## English Section


- Prime Minister General Thein Sein meets Supreme Court judges, state, division judges 2
- Prime Minister meets state and division Law Officers 7
- Alternative Dispute Resolution and Myanmar. 11
  --- Min Thein



မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၄၀၅၄၁၀၆၀၉
ပုံနှိပ်သူ ဝင်းဝင်းကျော် (မြဲ ၀၇၃၄၅)
ထုတ်ဝေသူ ဦးစိုးညွှန့်
ညွှန်ကြားရေးမှူးချုပ် တရားရုံးချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## တရားရုံးချုပ်(နေပြည်တော်)

| | | | |
|---|---|---|---|
| ၁။ | ဦးအောင်တိုး | B.A.; B.L. | တရားသူကြီးချုပ် |
| ၂။ | ဦးထွန်းထွန်းဦး | B.A.(Law); LL.B.; | ဒုတိယတရားသူကြီးချုပ် |

## တရားရုံးချုပ်(ရန်ကုန်)

| | | | |
|---|---|---|---|
| ၁။ | ဦးသိန်းစိုး | B.Sc.; R.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၂။ | ဦးခင်မြင့် | Master Mariner (F.G); H.G.P.; R.L.; LL.B.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၃။ | ဒေါက်တာတင်အောင်အေး | B.Sc.;B.L.; LL.M.; LL.D | တရားရုံးချုပ်တရားသူကြီး |
| ၄။ | ဦးမြင့်သိန်း | B.Sc.; B.L.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၅။ | ဦးချစ်လွင် | B.Sc.; B.L.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၆။ | ဦးတင်အေး | B.A.; H.G.P.; R.L | တရားရုံးချုပ်တရားသူကြီး |
| ၇။ | ဦးဟန်ရှိန် | B.A.(Law); LL.B.; (Advocate) | တရားရုံးချုပ်တရားသူကြီး |

## တရားရုံးချုပ်(မန္တလေး)

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်လတ် | B.A.; B.L.; (Advocate) | ဒုတိယတရားသူကြီးချုပ် |
| ၂။ | ဦးစန်းတင့်ရီ | B.A.(Law); LL.B.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | B.A.(Law); LL.B.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၄။ | ဦးစိန်လှိုင် | B.A.(Law); LL.B.; LL.M.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၅။ | ဦးသက်ထွန်း | B.A.; B.L.; (Advocate) | တရားရုံးချုပ်တရားသူကြီး |
| ၆။ | ဦးကျော်ဝင်း | B.A.; (Hons.); H.G.P.; R.L | တရားရုံးချုပ်တရားသူကြီး |

## တရားရေးဂျာနယ် စာတည်းအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ညွှန်ကြားရေးမှူးချုပ် | တရားစီရင်ရေးရာ ၊ တရားရုံးချုပ် (နေပြည်တော်) | ဥက္ကဋ္ဌ |
| ၂။ | ညွှန်ကြားရေးမှူးချုပ် | စီမံရေးရာ ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၃။ | ရုံးအဖွဲ့မှူး | တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၄။ | ညွှန်ကြားရေးမှူး | စီမံနှင့် ဝန်ထမ်းရေးရာဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၅။ | ညွှန်ကြားရေးမှူး | သုတေသနဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၆။ | ညွှန်ကြားရေးမှူး | စစ်ဆေးရေးဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၇။ | ညွှန်ကြားရေးမှူး | ထောက်ပံ့နှင့်ငွေစာရင်းဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၈။ | ညွှန်ကြားရေးမှူး | လေ့ကျင့်ဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၉။ | ညွှန်ကြားရေးမှူး | ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၁၀။ | တွဲဖက်ညွှန်ကြားရေးမှူး | ပြစ်မှုတရားစီရင်ရေးဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၁၁။ | တွဲဖက်ညွှန်ကြားရေးမှူး | တရားမတရားစီရင်ရေးဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အဖွဲ့ဝင် |
| ၁၂။ | ဒုတိယညွှန်ကြားရေးမှူး | (ဥပဒေနှင့်စီရင်ထုံးပုံနှိပ်ထုတ်ဝေရေးဌာနစု) ဥပဒေနှင့်လုပ်ထုံးလုပ်နည်းဌာန ၊ တရားရုံးချုပ် (နေပြည်တော်) | အတွင်းရေးမှူး |

တရားရုံးချုပ်သတင်းလွှာ

# တရားရုံးချုပ်နှင့်

# ပြည်နယ်/တိုင်း တရားသူကြီးများ၏

# လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်

# နိုင်ငံတော်ဝန်ကြီးချုပ်

# ပြောကြားသည့်မိန့်ခွန်း

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၉ခုနှစ် မေလ ၁၂ ရက်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ တရားရုံးချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည့် တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ်များနှင့် ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်

လက်ထောက်ညွှန်ကြားရေးမှူးများ၊ စာရေးရေးအရာရှိများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယမန်နေ့တွင် ပြည်နယ်/တိုင်းအသီးသီးမှ အစည်းအဝေးတက်ရောက်လာကြသည့် ဥပဒေဝန်ထမ်းများကို နိုင်ငံတော်၏ ရည်မှန်းချက် ၊ ဥပဒေပြုရေး ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်အပေါ်အခြေခံပြီး နိုင်ငံတော်ကို တည်ဆောက်နေရပုံ၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ဥပဒေဝန်ထမ်းများ၏ အရေးပါမှုအခန်းကဏ္ဍ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စောင့်စည်းထိန်းသိမ်းရမည့် ကိုယ်ကျင့်တရားအပိုင်းတို့နှင့်ပတ်သက်ပြီး လိုက်နာဆောင်ရွက် ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီးဖြစ်ကြောင်း။

ယနေ့တွင် တရားရေးဝန်ထမ်းများနှင့် ပတ်သက်ပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် တရားစီရင်ရေး၊ ပြည်သူတို့အပေါ်ထားရှိရမည့် သဘောထား၊ ဆောင်ရန်ရှောင်ရန် အချက်များနှင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အားထားရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ကျောက်တင်နိုင်ရေးတို့နှင့်ပတ်သက်ပြီး ရှင်းလင်းမှာကြားသွားမည် ဖြစ်ကြောင်း။

တရားရုံးများသည် ပြည့်မျက်စိ၊ ပြည့်ကြေးမုံများ ဖြစ်သည်နှင့်အညီ ပြည်သူများ၏ဘဝကို မှန်မှန်ကန်ကန် မြင်ရန်၊ စာနာရန်၊ ပြည်သူများ၏ ဘဝရပ်သွင်ကို ပီပီပြင်ပြင်မြင်ရန်၊ ထင်ဟပ်နိုင်ရန်ဖြစ်ကြောင်း၊ ခေတ်သစ် စနစ်ကို အရှိန်အဟုန်ရှိရှိ ပြောင်းလဲနေချိန်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းအစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေချိန်ဖြစ်သည့်အတွက် တရားစီရင်ရေးစနစ်ကိုလည်း ပြည်သူများ အားကိုးယုံကြည်သော စနစ်ဖြစ်လာအောင် မိမိတို့ ပြုပြင်ထူထောင်သွားရမည်ဖြစ်ကြောင်း၊ အားနည်းချက်ချို့ယွင်း ချက်များကို ယေဘုယျခြုံငုံပြီး စိစစ်လျှင် စနစ်၊ ကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်းတို့၏ မပြည့်စုံအားနည်းမှုကြောင့် မဟုတ်ဘဲ လူပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချို့ယွင်းချက်များကြောင့် ဖြစ်သည်ကိုတွေ့ရကြောင်း၊ သို့သော် အချို့သော အားနည်းချက်များသည် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျင့်သိက္ခာနှင့် မဆိုင်ဘဲလုပ်ငန်းဆိုင်ရာ မကျွမ်းကျင်မှု၊ မသေသပ်မှု၊ ပေါ့လျော့မှု၊ စည်းကမ်းမကျမှုမျိုးများ တွေ့ရခြင်းကြောင့် အဆင့်ဆင့်သော တရားသူကြီးများကို စနစ်တကျ သွန်သင်လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ တရားရေးနှင့် နီးနွယ်ဆက်စပ်သည့် တာဝန်ရှိ အဆင့်အားလုံးက ခေတ်ကိုမျှော်ကြည့်ပြီး ဒီမိုကရေစီလူနေမှုဘဝနှင့် ကိုက်ညီသည့်၊ အလေ့အထကောင်းသည့် တရားစီရင်ရေးစနစ်ကို ဝိုင်းဝန်းကြိုးပမ်းထူထောင်ကြရန် ဖြစ်ကြောင်း၊ တရားရုံးများက ချမှတ်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားမှု ကင်းရှင်းသော စီရင်ဆုံးဖြတ်ချက်များဖြစ်ရန်နှင့် မေတ္တာဖြင့်ယှဉ်သော သွန်သင်ဆုံးမမှု၊ ပညာပေးမှုမျိုးဖြစ်အောင် အမြဲဂရုပြုသင့်ကြောင်း။

ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှု ပြေငြိမ်းစေဆိုသော အခြေခံမူရှိသော်လည်း နိုင်ငံတော်နှင့် ပြည်သူကို ထိခိုက်စေသည့် ကြီးလေးသော ပြစ်ဒဏ်၊ ထိုက်သင့်သည့်ပြစ်မှုမျိုးကို နောင်ကြဉ်အောင် ထိရောက်သော ပြစ်ဒဏ်ပေးရမည်ဖြစ်ကြောင်း၊ တရားသူကြီးများသည် နိုင်ငံတော်တရားရုံးများကို ကိုယ်စားပြုသူများဖြစ်သည့် အတွက် သည်းခံခြင်း၊ ချိုသာခြင်း၊ မျှတခြင်း၊ ဒေါသကိုသိမ်းဆည်းနိုင်ခြင်း၊ ဆင်ခြင်နိုင်အားရှိခြင်း၊ အမှန်တရားကို ဖော်ထုတ်နိုင်ခြင်းတို့နှင့် တရားရုံးဂုဏ်သိက္ခာကို အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီစောင့်ရှောက်မှုကို ခံယူ၍ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး ပြည်သူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးမှုကို ထိရောက်နိုင်မြဲအောင် ထူထောင်သွားကြရန်နှင့် နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းများကို နားလည်ခံယူပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ထောင်ရန် လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း။ နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြည်သူများက တစ်ခဲနက် ထောက်ခံအတည်ပြုပြီးဖြစ်ကြောင်း။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ထိုက်တန်သည့် နိုင်ငံရေး တရားစီရင်ရေး စီးပွားရေး လူမှုရေး အခြေခံကောင်းများကို စနစ်တကျကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း

နိုင်ငံတော်ကြီး သာယာဝပြောပြီး တိုင်းရင်းသား ပြည်သူများ ဖွံ့ဖြိုးမှုအသီးအပွင့်များကို လျင်လျင်မြန်မြန်ရရှိ ခံစားနိုင်ရေး ကြိုးပမ်းရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်ကနဦးလိုအပ်ချက်များဖြစ်ကြောင်း။ ထို့ကြောင့် တရားစီရင်ရေးအပိုင်းတွင် တာဝန်ယူနေကြသည့် တရားသူကြီးများအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ရှိသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဆိုသည့်ကို ခံယူထားကြရမည်ဖြစ်ကြောင်း။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနိုင်မြဲအောင် ဆောင်ရွက်သည့်နေရာတွင် တရားရေးကဏ္ဍက တရားသူကြီးများအနေဖြင့် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်းစသော လောကပါလတရားများကို လက်ကိုင်ထားပြီး တရားသူကြီးများ၏ သိက္ခာ၊ သမာဓိနှင့် ကျင့်ဝတ်များကို အစဉ်အမြဲစောင့်ထိန်းကာ တရားရေးမဏ္ဍိုင် မယိမ်းမယိုင်ရအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တရားရုံးများသည် လူ့အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ နစ်နာမှု၊ ဆုံးရှုံးမှုများကို ဖြေရှင်းကုသပေးရသည့် နေရာတစ်ခုဖြစ်ကြောင်း။ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးလိုခြင်း။ တိုင်းရင်းသား ပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်း။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်း စသည့် ဘေးအန္တရာယ်များကို တားဆီးကာကွယ်ပေးရန် တာဝန်ရှိကြောင်း။ ယင်းကဲ့သို့ ပြစ်မှုမျိုးဖောက်ဖျက် ကျူးလွန်သူများကို ပြစ်မှုနှင့် ပြစ်ဒဏ် ညီညွတ်စွာ စီရင်ဆုံးဖြတ်ကြရန်လိုကြောင်း။ ထိုကဲ့သို့ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်မှုလည်း တရားစီရင်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့်" ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူ ဖြစ်စေခြင်း"ဆိုသော တရားစီရင်ရေးမူနှင့် ကိုက်ညီမည်ဖြစ်ကြောင်း။

တရားစီရင်ရေးမူတစ်ရပ်ဖြစ်သည့် "ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး"ကိုလည်း တရားစီရင်ရေး လုပ်ငန်းတာဝန်ကို ဆောင်ရွက်နေကြရသည့် တရားသူကြီးများအားလုံးက သိရှိလိုက်နာဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။ ထိုမူအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာအဖွဲ့အစည်းများ အထက်အဆင့်မှ တာဝန်ရှိသူများက ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ တရားစီရင်ရေးစနစ်သည် ရှေးပဝေသဏီကပင် တိကျခိုင်ခံ့ပြီး နည်းစနစ်ကျနစွာဖြင့် ဖွဲ့စည်းတည်ရှိ

ကျင့်သုံးခဲ့ကြကြောင်း။ မြန်မာဘုရင်တို့သည် တရားစီရင်ရေးအတွက် ဥပဒေ၊ ရာဇသတ်၊ ဓမ္မသတ်၊ ဖြတ်ထုံး ဖြတ်ပုံ၊ အမိန့်တော်ပြန်တမ်းများ ထုတ်ပြန်ပေးလျက် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်/တိုင်း ခရိုင်၊ မြို့တို့ကို မြို့နယ်၊ တိုက်နယ်များ ခွဲခြားသတ်မှတ်၍ မင်းမှုထမ်း၊ ဓမ္မသတ်၊ ရာဇသတ်၊ လောကဝတ်အကြောင်း သုံးပါးကျွမ်းကျင်သူတို့အား စနစ်တကျရွေးချယ်၍ တရားရုံးအဆင့်ဆင့် တရားသူကြီး၊ ခုံတော်ပညာရှိများကို ဘုရင့်ရုံးတော်က စာပလွေ့ အပ်တံဆိပ်ခတ်၍ တရားသူကြီးများ ခန့်အပ်ဆောင်ရွက်စေခဲ့သည့် အစဉ်အလာရှိ ခဲ့ကြောင်း။ ယနေ့ မျက်မှောက်ခေတ် တွင်လည်း တရားရုံးချုပ်က တရားရုံးအဆင့်ဆင့်၌ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ ခန့်အပ်လျက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်မြန်ဆန်စွာ စီရင်ဆုံးဖြတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

"တရားစီရင်ရာတွင် အမှန်ကိုဆုံးဖြတ်ရုံသာမကဘဲ ထိုသို့အမှန်တရားကို စီရင်ကြောင်း၊ အများမြင်စေရာသည်"ဟူသော စီရင်ထုံး ဆုံးဖြတ်ချက်နှင့်အညီ တရားရုံးများက ပြည်သူများ၏ တွေ့ကြုံရသည့်အခက်အခဲ ပြဿနာများကို ပြည်သူများရှေ့မှောက်တွင် မှန်ကန်စွာ စီရင်ဆုံးဖြတ်ပြီး အမှန်အတိုင်းဆုံးဖြတ်ကြောင်း၊ အများသိရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက တရားရုံးများသည် ပြည်သူတို့၏ မှီခိုအားထားရာ နေရာအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

တရားစီရင်ရေး၏ အဓိကရည်မှန်းချက်သည် ပြည်သူအချင်းချင်း ဆက်ဆံနေထိုင်ကြရာတွင် မျှတမှု၊ စည်းလုံးညီညွတ်မှုရှိစေရန်အတွက် စောင့်ထိန်းရန်ဖြစ်ကြောင်း။ ရပိုင်ခွင့် လုပ်ပိုင်ခွင့်ကိုသာ အလေးပေး၍ တာဝန်ဘက်တွင် ပျက်ကွက်ခြင်းကို အားပေးရန်မဟုတ်ကြောင်း၊ ရပိုင်ခွင့်လုပ်ပိုင်ခွင့်တို့ကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းပေးသည့် ဥပဒေကို အကာအကွယ်ယူ၍ မရထိုက်သောအခွင့်အရေးများကို မပေးကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

တရားရုံးများသည် တရားစီရင်ရေးအာဏာများကို ပြည်သူတို့၏ အကျိုးအတွက် သုံးစွဲရန်လိုအပ်မည်ဖြစ်ကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် တရားစီရင်ရေး ရည်မှန်းချက်များကို ထမြောက်အောင်မြင်နိုင်စေရန် အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့်အတူ ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ကြရန်လည်း လိုအပ်ကြောင်း။ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး ကဏ္ဍများကို သီးခြားစီ ခွဲခြားဆောင်ရွက်ခြင်းမပြုဘဲ တက်ညီလက်ညီ အတူတကွ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်၍ ပြည်သူတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း။

ပြစ်မှုဆိုင်ရာအမှုများ စစ်ဆေးစီရင်ကြရာတွင် အပြစ်ရှိသူကို ထိုက်သင့်သော ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ပေးရမည်ဖြစ်သော်လည်း အပြစ်မရှိသူများကို ဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများရရှိစေရန် အထူးသတိပြုဖို့ လိုအပ်ကြောင်း။

တရားရုံးအချို့သည် အချုပ်တရားခံပါရှိသည့်အမှုများကို စစ်ဆေးစီရင်ရာတွင် ကြန့်ကြာနေကြောင်းကို သိရှိနေရကြောင်း။ အမှုစစ်ဆေးသည့် တရားသူကြီးများအနေဖြင့် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများ၊ အကျဉ်းစခန်းတို့နှင့် ဆက်သွယ်ညှိနှိုင်း၍ မှန်မှန်နှင့်မြန်မြန် တရားစီရင်နိုင်ရန် ကြိုးစားဖို့လိုအပ်ကြောင်း၊ ကြန့်ကြာနေရသည့် အခက်အခဲများကို အကောင်းဆုံးနည်းလမ်းများဖြင့် အဖြေရှာ၍ တရားစီရင်ရေးစနစ် ကောင်းမွန်လာစေရန် ကြိုးပမ်းရန်တာဝန်သည် တရားသူကြီးတိုင်း၏ တာဝန်အဖြစ် ခံယူ၊ မှတ်သား၊ လိုက်နာဆောင်ရွက်စေလိုကြောင်း။

ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်းတို့အကြားတွင် ငွေပေးငွေယူကိစ္စများနှင့်ပတ်သက်၍ အမှုအခင်းများဖြစ်ပွားမှုများ ရှိနေကြောင်းနှင့် တရားမကြောင်းအရ အရေးယူရမည့်အမှုများကို ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်မှုများ ရှိနေကြောင်းကို တွေ့နေရကြောင်း၊ ပြစ်မှုကြောင်းအရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်နေသည့် အမှုများကို တရားမမှုသာ စွဲဆိုရန်ဖြစ်သည်ဟု သုံးသပ်၍ ဆုံးဖြတ်နေခြင်းများလည်း ရှိနေကြောင်း၊ တရားရုံးများအနေဖြင့် ဖြစ်ပေါ်နေသည့် အမှုအခြေအနေကို သုံးသပ်၍ အမှုမှန်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရန် လိုမည်ဖြစ်ကြောင်း။

ပြစ်မှုဆိုင်ရာအမှုများတွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသူတို့အား ပြစ်မှုနှင့်လျော်ညီစွာ ပြစ်ဒဏ် ချမှတ်ရန် တရားရုံးချုပ်က ညွှန်ကြားချက်များဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်းကို သိရကြောင်း၊ သို့သော်လည်း အချို့သော တရားသူကြီးများသည် ပြစ်မှုနှင့်ပြစ်ဒဏ် မျှတမှုမရှိသော အမိန့်များ ချမှတ်နေမှုကြောင့် တိုင်စာ၊ ပစ်စာများ ရှိနေကြောင်းကို တွေ့ရကြောင်း၊ ထို့ကြောင့် တရားသူကြီးများအနေဖြင့် မိမိကိုယ်ကျိုးထက် နိုင်ငံတော်၏ အကျိုးကိုရှေးရှုပြီး တရားရုံးချုပ်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ အမိန့်များနှင့်အညီ ပြစ်မှုနှင့် ပြစ်ဒဏ်ညီညွတ်မျှတစွာ ချမှတ်ရန် လိုအပ်ကြောင်း။

တရားရုံးချုပ်က ပြစ်မှုနှင့်ပြစ်ဒဏ် ညီညွတ်မျှတခြင်းမရှိသော အမိန့်ချမှတ်သည့် တရားသူကြီးများကို လည်း စိစစ်ပြီး ပညာပေးခြင်း၊ အရေးယူခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတခြင်းမရှိသည့်အမှုများကို တောင်းယူစိစစ် ၍ ပြစ်မှုနှင့်လျော်ညီသော ပြစ်ဒဏ်ချမှတ်ပေးခြင်းများ ပြုလုပ်ပေးရန် လိုအပ်ကြောင်း။

တရားမတရားစီရင်ရေးလုပ်ငန်းများ မြန်ဆန်သွက်လက်လာစေရေးအတွက် နိုင်ငံတော်မှ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တရားရုံးချုပ်ကလည်း တရားမတရားစီရင်ရေး မြန်ဆန်စေရေးအတွက် တရားမတရားစီရင်ပိုင်ခွင့်အာဏာများကို တရားရုံးအသီးသီးအား တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်းကို သိရကြောင်း၊ သို့သော်လည်း တရားရုံးအဆင့်ဆင့်တွင် တရားမမှုများသည် ကြန့်ကြာနေဆဲဖြစ်ကြောင်းကို တွေ့ရကြောင်း၊ ထို့ကြောင့် တရားမမှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ပေးရန် အထူးမှာကြားလိုကြောင်း။

အချို့သော တရားမဇာရီမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ၊ ဒေသဆိုင်ရာအာဏာပိုင်များထံမှ လုံခြုံရေးတောင်းခံရယူ၍ ဆောင်ရွက်ရသဖြင့် ကြန့်ကြာနေရကြောင်းကို သိရှိရကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများထံကိုလည်း မလိုအပ်ပါက လုံခြုံရေးတောင်းခံမှု မပြုစေခြင်း၊ လိုအပ်သဖြင့် သက်ဆိုင်ရာတရားရုံးအသီးသီးမှ တင်ပြလာသည့် လုံခြုံရေးတောင်းခံမှုများကို အမြန်စိစစ်ပြီး ခွင့်ပြုခြင်း၊ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ခြင်း ပြုလုပ်ရန် မှာကြားလိုကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များ ကလည်း လုံခြုံရေးအတွက် လိုအပ်သည့်အကူအညီပေးရန်ဖြစ်ကြောင်း။

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်ပတ်သက်၍ စွဲဆိုသော တရားမမှုများတွင် အရောင်းအဝယ်စာချုပ်စာတမ်းများ မြေပုံများ၊ မြေငှားဂရန် စသည့် ပိုင်ဆိုင်မှုအထောက်အထားများကို တင်ပြရကြောင်း၊ ထို့ကြောင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်ပတ်သက်၍ တရားစွဲဆိုသည့်အမှုတွင် သက်ဆိုင်ရာ ဌာနများ ကလည်း

တရားရုံးအသီးသီးနှင့် မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

တရားသူကြီးများသည် ပြည်သူ့ဘဏ္ဍာလစာမှ ထိုက်သင့်သော လစာငွေများကို ရယူခံစား၍ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် အမှုသည်များထံမှ တံစိုးလက်ဆောင်ပစ္စည်းများ လက်ခံ၍ တရားစီရင်ခြင်းမပြုရန် လိုအပ်ကြောင်း၊ တရားရုံးချုပ်မှလည်း လာဘ်ပေးလာဘ်ယူကင်းရှင်းရေး အဂတိလိုက်စားမှု ပပျောက်ရေးတို့အတွက် ညွှန်ကြားချက်၊ အမှာစာ၊ အမိန့်များကို အကြိမ်ကြိမ်ထုတ်ဆင့်ခဲ့ပြီးဖြစ်ကြောင်း၊ တရားသူကြီးများအားလုံးသည် မနုကျယ်ဓမ္မသတ်၊ ဆင္ဈမတွဲ အပိုဒ်(၁၃)ပါ “တရားသူကြီး မမည်ရာသူ (၇)ယောက်”ဟူသည်ကား အမျိုးမြတ်သူကိုလိုက်၍ မနိုင်ဘဲ အနိုင်ပေးခြင်း၊ ငွေကြေးပဏ္ဏာတံစိုး အများပေး၍ ရှုံးမည့်သူကို အနိုင်စီရင်ခြင်း၊ အမျိုးသားချင်းဖြစ်သည်ဟု ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ သေဘောပျက်ဘေးကို ကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ ရန်သူဖြစ်သည်ဟု နိုင်အံ့သူကို အရှုံးပေးခြင်း၊ ဟုတ်သည် မဟုတ်သည် ကို မဆင်ခြင်၍ စီရင်သောသူ၊ ဟုတ်သည်မဟုတ်သည်ကို သိလျက် လောဘနိုင်ငံသို့လိုက်၍ ရှုံးစေဟု အာဏာ ပေး၍ ခြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သော တရားသူကြီးတို့ဖြစ်ကြောင်း၊ အဆိုပါ တရားသူကြီး ခုနစ်ဦးထဲ၌ မပါဝင်စေရန် သတိပြုရှောင်ရှားကြရန် မှာကြားလိုကြောင်း။

ပြစ်မှုဆိုင်ရာ တရားစီရင်ရာတွင်ဖြစ်စေ တရားမမှု တရားစီရင်ရာတွင်ဖြစ်စေ၊ အမှုသည်များ၊ ရှေ့နေများသည် မိမိတို့အမှု အနိုင်ရရှိရေးအတွက် တရားသူကြီးများထံ နည်းမျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်တတ်ကြောင်း၊ ငွေကြေးအခွင့်အရေး စသည့် လာဘ်လာဘများဖြင့် တရားသူကြီးများ၏ တရားစီရင်မှုကို ချယ်လှယ်ရန် ကြိုးစားခဲ့ကြကြောင်း၊ လာဘ်ပေးလာဘ်ယူမှု အဂတိလိုက်စားမှုများ ပြုလုပ်သည့် တရားသူကြီးအချို့ကို ဥပဒေနှင့်အညီ ထိရောက်သောအပြစ်ဒဏ်များ ချမှတ်ခဲ့ရခြင်းကြောင့် တရားသူကြီးများသည် အဂတိတရားကင်းရှင်းပြီး ကိုယ်ကျင့်သီလ စင်ကြယ်သည့် ပုဂ္ဂိုလ်များဖြစ်ရေး ကြိုးစားကြရန်လိုကြောင်း။

နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေရာတွင် တရားစီရင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးနေရသည့် တရားသူကြီးအသီးသီးသည် နိုင်ငံရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူတို့ လိုလားတောင့်တနေသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ထွန်းကားအောင် ဆောင်ရွက်ပေးကြပါ။ တရားသူကြီးများအားလုံးက အမြန်ဆုံး တရားစီရင်ခြင်းဖြင့် အမှန်ဆုံးတရားစီရင်ရေးကို အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေး၍ အဂတိမလိုက်စားဘဲ ဖြောင့်မတ်စွာ တရားစီရင်ကြရန်တို့ကို တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။ ။

## တရားရုံးချုပ် ၊ ရှေ့နေချုပ်ရုံး နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ ၊ ပြည်နယ်/တိုင်း ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်နယ်/တိုင်း ဥပဒေအရာရှိများအား ၂၀၀၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဒုတိယ တရားသူကြီးချုပ်များနှင့် ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့ မှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများနှင့် ဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ တက်ရောက်ကြပါသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရသည် မိမိတို့၏ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် ရည်မှန်းကြိုးစားပြီး နေ့မအား ညမနား ကြိုးပမ်းတည်ဆောက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်သည် အသက်တမျှ အရေးပါလှကြောင်း။ ယင်းမဏ္ဍိုင်သုံးရပ်ပေါ်တွင် အခြေခံပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်အောင် တည်ဆောက်နေရခြင်းဖြစ်ကြောင်း။ ဤမဏ္ဍိုင်သုံးရပ် အခြေခိုင်မာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ကျစ်လျစ်တောင့်တင်းခိုင်မာပြီး ယင်းမဏ္ဍိုင်သုံးရပ် ချို့ယွင်းအားနည်းလာပါက နိုင်ငံတော်သည် ယိုယွင်းအားနည်းပြီး အချုပ်အခြာအာဏာပါ လက်လွတ်ဆုံးရှုံးသွားနိုင်သည့် အခြေအနေမျိုးအထိ ရောက်ရှိသွားနိုင်သည်ဆိုသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

ဤခက်မသုံးဖြာတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတို့သည် အရေးကြီးသကဲ့သို့ တရားရေးမဏ္ဍိုင် ခိုင်မာရေးသည်လည်း အလွန်ပင်အရေးကြီးလှကြောင်း။ ဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းဖြစ်ကြောင်း၊ ယင်းစည်းမျဉ်းစည်းကမ်းကို နိုင်ငံသားတိုင်း လေးစားလိုက်နာအောင် အုပ်ချုပ်ရေးအပိုင်းက ကြပ်မတ်ဆောင်ရွက်ပေးရကြောင်း။

နိုင်ငံတော်တွင် တရားဥပဒေစိုးမိုးမှုရှိမှသာ လုံခြုံအေးချမ်းမှုရှိမည်ဖြစ်ပြီး လုံခြုံအေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည့်အတွက် ဥပဒေဝန်ထမ်းများနှင့် တရားရေးဝန်ထမ်းများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သူများဖြစ်သည်ဟု ခံယူထား ကြစေလိုကြောင်းကို ပြောကြားလိုကြောင်း။

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိများအနက် ရှေ့နေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဥပဒေအရာရှိများသည် ဥပဒေမူကြမ်းများ၊ နည်းဥပဒေမူကြမ်းများကို စိစစ်ရေးဆွဲပေးသောတာဝန်ကို ထမ်းဆောင်ရသည့်အပြင် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းများကို စိစစ်ပြီး အစိုးရဌာနအဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်းကိုလည်း ဆောင်ရွက်ကြရကြောင်း၊ အမှုလိုက်နှင့် တရားစွဲလုပ်ငန်းတာဝန်များ၊ စီမံရေးရာတာဝန်များလည်း ဆောင်ရွက်ကြရကြောင်း။

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးအဆင့်ဆင့်များတွင် တာဝန်ထမ်းဆောင်နေကြသော ဥပဒေအရာရှိများသည် ပြစ်မှုဆိုင်ရာအမှုများနှင့် အစိုးရဌာနအဖွဲ့အစည်းများပါဝင်သည့် တရားမမှုများကို တရားရုံးက စစ်ဆေးစီရင်ရာ၌ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ရခြင်း၊ တရားမစွဲဆိုမီ အမှုတည်ဆောက်မှုခိုင်မာရေး အတွက် အကြံဉာဏ်ပေးခြင်း၊ တရားစွဲတင်ပို့မည့် ပြစ်မှုဆိုင်ရာ အမှုများကို တရားစွဲတင်ရာတွင် ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ခြင်း စသော တာဝန်များ၊ စီမံရေးရာနှင့် ဝန်ထမ်းရေးရာကိစ္စများကိုလည်း ဆောင်ရွက် ကြရကြောင်း။

ဥပဒေအရာရှိများသည် ယင်းတာဝန်များကို ဆောင်ရွက်ရာတွင် ၂၀၀၁ ခုနှစ် ရှေ့နေချုပ်ဥပဒေ၊ ရှေ့နေချုပ်နည်းဥပဒေများ၊ အခြားတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ကြရကြောင်း၊ ဥပဒေအရာရှိများသည် အုပ်ချုပ်ရေးယန္တရား၊ တရားစီရင်ရေးယန္တရားများ မှန်မှန်ကန်ကန် အဆင်ပြေချောမွေ့စွာ လည်ပတ်နေရန် ပါဝင်ဆောင်ရွက်ကြရသည်ကို တွေ့ရသကဲ့သို့ ဥပဒေပြုရေးကဏ္ဍတွင်လည်း အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း။

တရားရုံး၏ စီရင်ချက်၊ အမိန့်(သို့မဟုတ်) ဆုံးဖြတ်ချက် တစ်ရပ်ရပ်သည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဟုယူဆပါက ပြင်ဆင်မှု(သို့မဟုတ်) အယူခံမှုတင်သွင်းခြင်း စသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက် နေကြကြောင်း။

ယင်းတာဝန်များအပြင် တရားစွဲ၊ အဖွဲ့အစည်းများက လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ အမှုပြီးပြတ်ချက် အစီရင်ခံစာများကို ရှေ့နေချုပ်ရုံးကို ပေးပို့လာသည့်အခါ ပြင်ဆင်မှု၊ အထွေထွေမှုများ တင်သွင်းသင့်ကြောင်း၊ တွေ့ရှိပါက သက်ဆိုင်ရာတရားရုံးကို ဆက်လက်လျှောက်ထားရသော တာဝန်များလည်းရှိကြောင်းကို တွေ့ရကြောင်း။ ထို့ကြောင့် ဥပဒေအရာရှိများသည် ၂၀၀၁ ခုနှစ် ရှေ့နေချုပ်ဥပဒေ၊ ရှေ့နေချုပ်နည်းဥပဒေများနှင့် အခြားတည်ဆဲဥပဒေများအရ အပ်နှင်းထားသည့် တာဝန်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်မှ တရားစီရင်ရေးယန္တရား မှန်ကန်ချောမွေ့စေမည်ဖြစ်ကြောင်း။ ယင်းသို့ဆောင်ရွက်ကြရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြမှသာ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို အမှန်တကယ်စောင့်ရှောက်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်မည်ဖြစ်ကြောင်း။

အမှုလိုက်ပါဆောင်ရွက်ရာတွင် အမှန်တရားပေါ်ပေါက်ရန် တရားခံကျူးလွန်သည့် ပြစ်မှုနှင့်အညီ ပြစ်ဒဏ်ရရှိရန်၊ နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပစ္စည်းများမဆုံးရှုံးစေရန် စသည့် ဦးတည်ချက်များကို အလေးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ကြရာ၌ ဥပဒေအရာရှိများသည် အဂတိတရားကင်းကင်းဖြင့် ပြည်သူများအပေါ်တွင် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းတာဝန်ကို ထမ်းဆောင်ခြင်းဖြင့် တရားစွဲအဖွဲ့အစည်းနှင့် တရားရုံး အကြား၌ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အမှန်တရားပေါ်ပေါက်ရန် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးသော အဖွဲ့အစည်းအဖြစ်ခံယူပြီး ဆောင်ရွက် ကြရန်လည်း မှာကြားလိုကြောင်း။

ထို့ကြောင့်အမှန်တကယ် ပြစ်မှုကျူးလွန်သူ ထိုက်သင့်သောပြစ်ဒဏ်ရရှိရန်၊ ပြစ်မှုမကျူးလွန်သည့်သူကိုလည်း တရားစွဲခံရခြင်းနှင့် အချုပ်အနှောင်ခံရခြင်းမျိုး မခံရရန် ဥပဒေ၏ အကာအကွယ်ဖြင့် အကျိုးသက်ရောက်မှုရရှိစေရန် ဖော်ဆောင်ပေးသူများအဖြစ် မွန်မွန်မြတ်မြတ်ခံယူပြီး သိက္ခာရှိစွာ ဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း။

နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက် ဖော်ဆောင်သော ဥပဒေအရာရှိများအဖြစ်

ဆောင်ရွက်နိုင်ရန်၊ ဥပဒေအသိပညာများကို ခေတ်နှင့်တစ်ပြေးညီ ကျွမ်းကျင်လိမ္မာစွာ နားလည်တတ်ကျွမ်း အောင် အစဉ်အမြဲလေ့လာနေရန် လိုအပ်ကြောင်း။ ဥပဒေများကို ကျင့်သုံးရာတွင် ဥပဒေများ၏ ရည်ရွယ်ချက် နှင့်အညီ ကျူးလွန်သည့်တရားခံအပေါ် ထိုက်သင့်သောပြစ်ဒဏ်ရရှိရေးတွင်သာ တာဝန်ရှိသည်သာမက တရားခံ ကျူးလွန်သည့် ပြစ်မှုအလိုက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၌ ပြဋ္ဌာန်းထားသောအတိုင်း သက်သေခံပစ္စည်း များကို လိုအပ်သကဲ့သို့ စီမံခန့်ခွဲနိုင်ရေးအတွက် တရားရုံးက ပြည့်ပြည့်စုံစုံ ထည့်သွင်းအမိန့်ချမှတ်နိုင်စေရန်၊ ဥပဒေအရာရှိများ၏ လျှောက်လဲချက်များတွင် ဥပဒေ၊ နည်းဥပဒေ အကိုးအကားများကို နိုင်ငံတော်ကိုယ်စား ပြည့်ပြည့်စုံစုံတင်ပြပေးရန် အထူးလိုအပ်ကြောင်း။

ယင်းသို့ ဥပဒေအရာရှိများက ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်ရန် ဥပဒေအရာရှိများနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်နေရသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာန၊ သစ်တောဦးစီးဌာန စသော တရားစွဲ အဖွဲ့အစည်းအဆင့်ဆင့်ကလည်း ဥပဒေအရာရှိများနှင့် မှန်ကန်စွာပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ကြောင်း။ ဥပဒေအရာရှိများ၏ အကြံပြုချက်များကို အလေး အနက်ထားပြီး အမှုနိုင်မာအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးကြရန်လည်း မှာကြားလိုကြောင်း။

ဥပဒေရေးဆွဲရေး တာဝန်ထမ်းဆောင်နေကြသည့် ဥပဒေအရာရှိများသည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော်ငြာစာ မူကြမ်းများရေးဆွဲခြင်း၊ စိစစ်ခြင်း၊ ဘာသာပြန်ဆိုခြင်း စသည့်များကို ဆောင်ရွက် ကြရာတွင် နိုင်ငံတော်၏ လိုအပ်ချက်နှင့်ကိုက်ညီရန်၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အခြေခံ မူများနှင့်အညီ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ စာချုပ်စာတမ်းများ၊ နှစ်နိုင်ငံချုပ်ဆိုမည့် စာချုပ်စာတမ်း များနှင့် စီးပွားရေးစာချုပ်စာတမ်းများကို စိစစ်ခြင်း၊ ဥပဒေအကြံဉာဏ်ပေးခြင်းတို့ကို ဆောင်ရွက်ကြရာတွင် ဥပဒေအရာရှိများသည် ပြည်တွင်းဥပဒေများကိုသာမက အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကိုပါ နှံ့နှံ့စပ်စပ် ကျွမ်းကျင်လိမ္မာစွာလေ့လာပြီး နိုင်ငံတော်၏အကျိုးကို ဦးထိပ်ထားပြီး အကြံဉာဏ် ပေးကြရန် မှာကြားလိုကြောင်း။

ဆက်လက်ပြီးပြောကြားလိုသည်မှာ ဥပဒေအရာရှိများသည် ဥပဒေဆိုင်ရာ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်းများ ထာဝစဉ်လိုက်နာအပ်သော ကျင့်ဝတ်နှင့်စည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

အဆိုပါကျင့်ဝတ်နှင့်စည်းကမ်းများမှာ-

(၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်း။
(၂) ဥပဒေကို လေးစားလိုက်နာခြင်း။
(၃) အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ငန်းဆိုင်ရာ စည်းကမ်းများကို လေးစားလိုက်နာခြင်း။

(၄) ပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားခြင်း။
(၅) တာဝန်နှင့်ဝတ္တရားများကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်း။
(၆) စွမ်းရည်တိုးတက်မြင့်မားစေရန် အစဉ်ဆည်းပူးအားထုတ်ခြင်း။
(၇) မိမိလက်အောက်ငယ်သားများ၏ စွမ်းရည်တိုးတက်မြင့်မားလာစေရန် ကြိုးစားဆောင်ရွက်ပေးခြင်း။
(၈) ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခြင်း။
(၉) တံစိုးယူမှု၊ အဂတိလိုက်စားမှု၊ တာဝန်အလျှောက်အပ်နှင်းထားသည့် အာဏာကိုအလွဲသုံးစားပြုမှု၊ ကိုယ်ကျိုးရှာမှုတို့ကို ရှောင်ကြဉ်ခြင်း။
(၁၀) အကျင့်စာရိတ္တပျက်ပြားမှု၊ သိက္ခာကင်းမဲ့စွာ နေထိုင်မှုတို့ကို ရှောင်ကြဉ်ခြင်း
(၁၁) နိုင်ငံတော်၏ ဘဏ္ဍာဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း။
(၁၂) ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံခြင်းတို့ဖြစ်ကြောင်း။

ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်ပိုင်ပစ္စည်းနှင့် ဘဏ္ဍာငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် ခြိုးခြံချွေတာသုံးစွဲရန် မှာကြားလိုကြောင်း။

အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ရပ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်ထောင်စု မြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ ထောက်ခံဆန္ဒမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ၂၀၀၈ ခုနှစ်၊ မေလအတွင်းက အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ကြောင်း။ ဥပဒေအရာရှိများသည် ယခုပြဋ္ဌာန်းပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ကျွမ်းကျွမ်းကျင်ကျင်လေ့လာသိရှိရန် လိုအပ်ကြောင်း။ သို့မှသာ ဥပဒေအရာရှိများအနေဖြင့် ဥပဒေဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေအကြံဉာဏ်ပေးရာတွင်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ဥပဒေအရာရှိများသည်-

(၁) နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ကြပါ။
(၂) နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အားလျော်စွာ ရိုးသားဖြောင့်မတ်စွာဖြင့် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်ကို စည်းကမ်းရှိရှိ၊ တာဝန်သိသိဖြင့် သိက္ခာသမာဓိရှိစွာ ကျေပွန်အောင်ဆောင်ရွက်သွားကြပါ။
(၃) ဥပဒေစွမ်းရည်များ အစဉ်ထက်မြက်စေရန် အမြဲမပြတ်ဆည်းပူးလေ့လာကြပါ။
(၄) နိုင်ငံတော်နှင့် ပြည်သူများက အားကိုးအားထားပြုလောက်သော ဥပဒေအရာရှိများဖြင့် ခိုင်မာစွာ ရပ်တည်နေထိုင်သွားကြပါ။
(၅) မိမိကို အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အဂတိတရားကင်းရှင်းစွာဖြင့် တိတိကျကျ၊ လျင်လျင်မြန်မြန်၊ ထက်ထက်မြက်မြက် ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။ ။

# တရားသူကြီးချုပ်မှ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါတရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် ပြည်နယ်/တိုင်းတရားသူကြီးများမှ စာတမ်းဖတ်ကြားတင်ပြခြင်း

တရားသူကြီးချုပ်ဦးအောင်တိုးမှ ပြည်နယ်/တိုင်းတရားသူကြီးများနှင့် နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည့်အခမ်းအနားကို ၂၀၀၉ ခုနှစ်၊ မေလ ၁၁ ရက်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်အစည်းအဝေးခန်းမ၌ ကျင်းပပါသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတရားသူကြီးချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ တရားသူကြီးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေပါ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပါသည်။

ထို့နောက် ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်း(အရှေ့) ပြည်နယ်တရားရုံးများမှ ပြည်နယ်တရားသူကြီးများပါဝင်သည့် အဖွဲ့(၁)မှတင်ပြသည့် "ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံပစ္စည်းများ ရုံးရှေ့တင်ပို့ရေးနှင့် စီမံခန့်ခွဲရေး" စာတမ်းကို ကယားပြည်နယ်တရားသူကြီး ဦးတင်ဟုန်ကလည်းကောင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ ပဲခူး(အနောက်)၊ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တရားရုံးများမှ ပြည်နယ်/တိုင်း တရားသူကြီး များပါဝင်သည့် အဖွဲ့(၂)မှတင်သွင်းသည့် "တရားမမှုများတွင် တစ်ဖက်သတ်စစ်ဆေးခြင်းနှင့် ဝန်ခံဒီကရီချမှတ်ခြင်း" စာတမ်းအား စစ်ကိုင်းတိုင်းတရားသူကြီး ဦးတင်ဝင်းကလည်းကောင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတရားရုံးများမှပြည်နယ်၊ တိုင်းတရားသူကြီးများပါဝင်သောအဖွဲ့(၃)က တင်သွင်းသည့် "တရားရုံးများ အရည်အသွေးတိုးတက်မြင့်မားအောင် လေ့ကျင့်ပြုစုဆောင်ရွက်ရန် နည်းလမ်းများ" စာတမ်းကို မန္တလေးတိုင်း တရားသူကြီး ဦးလှဝင်းကလည်းကောင်း ဖတ်ကြားတင်ပြကြရာ တက်ရောက်လာကြသူများမှ သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။

ထို့နောက် တရားသူကြီးချုပ်မှ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို နံနက် ၁၁း၁၅နာရီတွင်ရုပ်သိမ်းလိုက်ပါသည်။ ။

*****

# တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပခြင်း



**တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၏ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တရားသူကြီးချုပ် ဦးအောင်တိုးမှ အမှာစကားပြောကြားစဉ်။**

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၀၉ ခုနှစ်၊ မေလ ၁၂ ရက်နေ့နံနက် ၈း၀၀နာရီတွင် နေပြည်တော်ရှိ တရားသူကြီးများ အစည်းအဝေးခန်းမ၌ ကျင်းပရာ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ်များ၊ တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊

ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများ၊ တွဲဘက်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများ၊ တွဲဖက်တိုင်းတရားသူကြီးများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးကအဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ)မှ တရားရုံးချုပ်၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုဆွေးနွေး တင်ပြပါသည်။

ထို့နောက် ပြည်နယ်/တိုင်း တရားသူကြီးများက တရားစီရင်ရေး အခြေအနေများနှင့် တရားရုံးလုပ်ငန်း အခြေအနေများကို ပြည်နယ်၊ တိုင်းအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နား ပါသည်။

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏တရားစီရင်ရေး ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို မေလ ၁၃ ရက်နေ့ နံနက် ၈း၀၀ နာရီတွင် နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ဆက်လက် ကျင်းပပါသည်။

ညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေးရာ)နှင့် ညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ)တို့က ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်း ဆိုင်ရာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေး ရှင်းလင်းမှာကြားကြ ပါသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်းပြီး၊ ဒုတိယတရားသူကြီးချုပ်များဖြစ်ကြသော ဦးသိန်းစိုးနှင့် ဦးခင်မောင်လတ် တို့က ဖြည့်စွက် ဆွေးနွေးမှာကြားပါသည်။

ထို့နောက် တရားသူကြီးချုပ် ဦးအောင်တိုးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်သိမ်းလိုက်ပါသည်။ ။

*****

# တရားရုံးချုပ် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၉)

## Supreme Court English Advanced Course No 1/2009

## ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်း



**အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းဖွင့်ပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုးမှ အမှာစကားပြောကြားစဉ်။**

တရားရုံးချုပ်၊ အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၉) Supreme Court English Advanced Course No 1/2009 ဖွင့်ပွဲအခမ်းအနားကို ၂၀၀၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့ နံနက် ၀၉း၃၀ နာရီတွင် တရားရုံးချုပ်၊ နေပြည်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ တရားသူကြီးချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ နှင့် သင်တန်းသားများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ တရားသူကြီးချုပ် ဦးအောင်တိုးမှ သင်တန်းဖွင့်အမှာစကားပြောကြားပြီးနောက် သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦးတက်ရောက်ကာ သင်တန်းကာလမှာ ရက်သတ္တ ၈ ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး တရားရေးအရာရှိများ၏ အင်္ဂလိပ်စာအရည်အသွေး ပိုမိုမြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါသည်။



အင်္ဂလိပ်စာအဆင့်မြင့်သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာသော ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ။



အင်္ဂလိပ်စာအဆင့်မြင့်သင်တန်းဖွင့်ပွဲတွင် တရားသူကြီးချုပ်၊ ညွှန်ကြားရေးမှူးချုပ် (တရားရေးရာ)၊ ရုံးအဖွဲ့မှူး နှင့် သင်တန်းသားများ။

* * *

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁၇)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ်(၄၂)တွင် ဆုရရှိသူ များအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခြင်း




ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁၇)၏ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးမှ ဂုဏ်ပြုအမှာစကားပြောကြားစဉ်

တရားရုံးချုပ်၌ ဖွင့်လှစ်သော ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၁၈)နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၄၂)တွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့နံနက် ဝ၉:ဝဝ နာရီအချိန်တွင် တရားရုံးချုပ် (ရန်ကုန်)အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးတက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ တရားရုံးချုပ်(ရန်ကုန်)မှ တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းတရားသူကြီးနှင့် ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူ ၆၀ ဦးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်းအမှတ်စဉ်(၁၈)တွင် ပထမရရှိသော သင်တန်းသူ ဒေါ်ထားအိနိုင်နှင့် ဒုတိယရရှိသော သင်တန်းသူ ဒေါ်အိအိမျိုးတို့အား လည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ်(၄၂)တွင် သင်တန်းသားစံပြဆုရ ဦးအောင်သူရ၊ သင်တန်းသူ စံပြဆုရ ဒေါ်ထားအိနိုင်၊ သင်တန်းသူ စစ်ရေးပြထူးချွန်ဆုရ ဒေါ်သက်စုထွေး၊ သင်တန်းသူ သေနတ်ပစ် ထူးချွန်ဆုရ ဒေါ်ဝင်းဝင်းအေးနှင့် စာပေပထမဆုနှင့် သင်တန်းသား ပထမဆုရ ဦးအောင်မြင့်ဟိန်းတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ပါသည်။

*****

# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

# အခမ်းအနားကျင်းပခြင်း

တရားရုံးချုပ်နှင့် တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော တရားရေးအရာရှိများ နှင့် တရားရုံးဝန်ထမ်းများ၏ ပညာရည်ထူးချွန်သော သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ၂၀၀၈-၂၀၀၉ ခုနှစ်၊ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် နေပြည်တော်ရှိ တရားရုံးချုပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ပါသည်။

အဆိုပါအခမ်းအနားသို့ တရားသူကြီးချုပ်ဦးအောင်တိုး၊ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တွဲဖက်ညွှန်ကြားရေးမှူးများနှင့် ဖိတ်ကြားထားသူများ၊ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများတက်ရောက်ကြပါသည်။

အခမ်းအနားတွင် တရားသူကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၇-၂၀၀၈ ခု၊ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဘာသာစုံဂုဏ်ထူးရရှိသူ ၁ ဦးကို တရားသူကြီးချုပ်ကလည်းကောင်း၊ (၅)ဘာသာ ဂုဏ်ထူးရရှိသူ ၃ ဦးကို ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်ကလည်းကောင်း၊ (၄)ဘာသာဂုဏ်ထူးရရှိသူ ၅ ဦးကို တရားရုံးချုပ် တရားသူကြီး ဦးမြင့်အောင်ကလည်းကောင်း၊ (၃)ဘာသာဂုဏ်ထူးရရှိသူ ၈ ဦးကို တရားရုံးချုပ် တရားသူကြီး ဦးစိန်လှိုင်ကလည်းကောင်း၊ (၂)ဘာသာဂုဏ်ထူးရရှိသူ ၁ ဦးနှင့် (၁)ဘာသာဂုဏ်ထူး ရရှိသူ ၁ ဦးကို ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွှန့်ကလည်းကောင်း၊ တန်းစဉ်လိုက် ပညာရည်ချွန်ဆုရရှိသူ ၄ ဦးကို ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်းကလည်းကောင်း ပညာရည်ချွန်ဆုများ အသီးသီးပေးအပ်ခဲ့ပါသည်။

ထို့နောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၆၄၈၀၀၀/- ကို ညွှန်ကြားရေးမှူးချုပ် (စီမံရေးရာ) ဦးမြသိန်းက ထောက်ပံ့နှင့် ငွေစာရင်းဌာနညွှန်ကြားရေးမှူး ဒေါ်အေးအေးကြည်သက်သို့ ပေးအပ်ခဲ့ပါသည်။

ဂုဏ်ထူးရရှိသူများကိုယ်စား ဘာသာစုံဂုဏ်ထူးရရှိသူ မငွေနှင်းချိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိ ပါသည်။ ။

*****

# မိုးရာသီ
# သစ်ပင်စိုက်ပျိုးပွဲတော်
# ကျင်းပခြင်း



မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တရားသူကြီးချုပ် ဦးအောင်တိုး ခရေပင် စိုက်ပျိုးပေးနေစဉ်။


နေပြည်တော်ရှိ ဝန်ကြီးဌာနများ စိမ်းလန်းစိုပြေရေးစီမံချက်အရ တရားရုံးချုပ်၏ ၂၀၀၇ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူး၊ ညွှန်ကြားရေးမှူးများနှင့် တရားရုံးချုပ်ဝန်ထမ်းများ တက်ရောက်ကြပြီး တရားရုံးချုပ် မျက်နှာစာနှင့် အနောက်ဘက် လျှိုပိတ်ဆည်အနီးတွင် နှစ်ရှည်ခံပင်၊ အရိပ်ရပင်၊ စုစုပေါင်း ၆၀၀ ကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။



**တရားရုံးချုပ်၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦးမှ ခရေပင်စိုက်ပျိုးပေးနေစဉ်။**


*****

# တရားရုံးချုပ်(နေပြည်တော်) တတိယအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပခြင်း




**တရားသူကြီးချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ ကထိန်သင်္ကန်းကပ်နေစဉ်။**

တရားရုံးချုပ်၊ နေပြည်တော် တတိယအကြိမ် ဘုံကထိန်းသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့ ၊နံနက် ၁၀း၃၀ နာရီအချိန်တွင် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်ရှိ ဇေယျသိန်ကျောင်းတိုက်၌ ကျင်းပပြုလုပ်ရာ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တရားရုံးချုပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်းနှင့် အမှုထမ်းများ တက်ရောက်ကြပါသည်။ အဆိုပါ ကျောင်းတိုက်သို့ နေပြည်တော်ရှိ သပြေကုန်းကျောင်းတိုက်နှင့် ဇမ္ဗူအေး ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များကိုပါပင့်ဖိတ်၍ ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ၎င်းနောက် ဇေယျသိန်ကျောင်းတိုက်သို့ အလှူငွေကျပ် ခြောက်သိန်း၊ ကထိန်သင်္ကန်းနှင့် လှူဘွယ်ပစ္စည်း မျိုးစုံ တန်ဖိုးကျပ် ခုနစ်သိန်းတစ်သောင်း၊ နေပြည်တော် သပြေကုန်းကျောင်းတိုက်သို့ အလှူငွေကျပ်သုံးသိန်းနှင့် ကထိန်သင်္ကန်းအပါအဝင် လှူဘွယ်ပစ္စည်းမျိုးစုံ တန်ဘိုးကျပ် ငါးသိန်းတစ်သောင်းလေးထောင်ခြောက်ရာ၊ နေပြည်တော် ဇမ္ဗူအေးကျောင်းတိုက်သို့ အလှူငွေကျပ် သုံးသိန်းနှင့် ကထိန်သင်္ကန်းအပါအဝင် လှူဖွယ်ပစ္စည်း မျိုးစုံ တန်ဘိုးကျပ် (၅၁၀၅၀၀/-) ငါးသိန်းတစ်သောင်းငါးရာ လှူဒါန်းခဲ့ရာ လှူဒါန်းမှုအစုစုမှာ (၂၉၃၅၁၀၀/-)ကျပ်နှစ်ဆယ့်ကိုးသိန်းသုံးသောင်းငါးထောင့် တစ်ရာ ဖြစ်ပါသည်။



တရားသူကြီးချုပ်နှင့်ညွှန်ကြားရေးမှူးချုပ်များ ဆွမ်းကပ်နေစဉ်။



တတိယအကြိမ် ကထိန်သင်္ကန်း ကပ်လှူပွဲတွင် တရားသူကြီးချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တရားရုံးချုပ်မှ အရာထမ်း၊ အမှုထမ်းများ တရားနာနေစဉ်။

* * *

# တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ (၁) က တင်ပြသည့်

# "ဖြစ်မှုဆိုင်ရာ အမှုများတွင် သက်သေခံပစ္စည်းများ ရုံးရှေ့တင်ပို့ရေးနှင့် စီမံခန့်ခွဲရေး" စာတမ်း

**နိဒါန်း**

၁။ ပြစ်မှုဆိုင်ရာအမှုများတွင် တရားရုံးက အရေးယူသည့် အကြောင်းသုံးရပ်ရှိသည့်အနက် ရဲတပ်ဖွဲ့က အစီရင်ခံစာဖြင့် စွဲချက်ပြု၍ တင်ပို့သော အမှုသည် အများဆုံး ဖြစ်သည်။ ပြစ်မှုဆိုင်ရာအမှုများ တရားစွဲဆိုတင်ပို့ရာတွင် သက်သေခံပစ္စည်းများ ရှိလျှင် တစ်ပါတည်း တင်ပို့ရသည်။

၂။ တရားရုံးသည် အမှုစစ်ဆေးနေဆဲ ကာလအတွင်းဖြစ်စေ၊ အမှုစစ်ဆေးကြားနာ စီရင်ဆုံးဖြတ်သောအခါဖြစ်စေ သက်သေခံပစ္စည်းစီမံခန့်ခွဲသည့် အမိန့်ချမှတ်နိုင်သည်။ ထို့နောက်တရားရုံးကချမှတ်သည့် အမိန့်နှင့်အညီ စီမံခန့်ခွဲရသည်။

၃။ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ လေလွင့်မှု၊ ပျက်စီးဆုံးရှုံးမှု၊ အလွဲသုံးစားမှုမဖြစ်စေရန်နှင့် အစိုးရဘဏ္ဍာငွေများ ထိခိုက်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် သက်သေခံပစ္စည်းများသိမ်းဆည်းခြင်း၊ တရားရုံးရှေ့တင်ပို့ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဥပဒေ၊ လက်စွဲ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။ ယင်းသို့လိုက်နာဆောင်ရွက်ရာ၌ မှန်ကန်စွာဆောင်ရွက်နိုင်ရန် သတိပြုသင့်သည့် အချက်များနှင့် လုပ်ဆောင်ရန်နည်းလမ်းများကို ဖော်ပြရေးသားထားခြင်း ဖြစ်ပါသည်။

## သက်သေခံပစ္စည်းများ တရားရုံးရှေ့သို့တင်ပြခြင်း

**သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်း**

၄။ ပြစ်မှုဆိုင်ရာအမှုများတွင် ရဲက အမှုစုံထောက်နေစဉ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၊ ၅၃၊ ၁၅၃၊ ၁၆၅၊ ၁၆၆၊ ၁၇၀၊ ၅၂၃၊ ၅၅၀၊ ၁၉၄၅ ခုနှစ် ရဲအက်ဥပဒေပုဒ်မ ၂၀ နှင့် အထူးနှင့်အထွေထွေဥပဒေများအရ ရှာဖွေသိမ်းယူသော ပစ္စည်းများကို မှတ်ပုံတင် (၃၂) (ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ သို့မဟုတ် သိမ်းယူသည့် ပစ္စည်းများနှင့် ပိုင်ရှင်မပေါ်သော ပစ္စည်းများ မှတ်ပုံတင်) တွင် ရေးသွင်းပြီး ရဲစခန်း၌ ထိန်းသိမ်းထားရှိရသည်။[၁]

**သက်သေခံပစ္စည်းများ တရားရုံးရှေ့သို့ တင်ပြရန် တာဝန်**

၅။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ (၂) တွင် "ရဲတပ်ဖွဲ့စခန်းမှူးက သို့မဟုတ် စုံစမ်းထောက်လှမ်းခြင်း ပြုသည့် ရဲအရာရှိက တရားခံတစ်ဦးကို ရာဇဝတ်တရားသူကြီးရှေ့မှောက်သို့ တင်ပို့သည့်အခါ သို့မဟုတ် အဆိုပါ ရာဇဝတ် တရားသူကြီးရှေ့မှောက်သို့ ထိုသူရောက်ရှိစေရန်အတွက် ဤပုဒ်မအရ အာမခံယူသည့်အခါ ထိုအရာရှိသည် ယင်းရာဇဝတ် တရားသူကြီးထံ တင်ပြရန် လိုအပ်မည်ဖြစ်သည့် လက်နက် သို့မဟုတ် အခြားဝတ္ထုပစ္စည်းတစ်စုံတစ်ရာကို တင်ပို့ရမည်" ဟု ပြဋ္ဌာန်းထားသည်။

၆။ ရဲတပ်ဖွဲ့က ပြစ်မှုဆိုင်ရာ အမှုများ စွဲတင်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀ (၁) အရ တင်ပို့သော အစီရင်ခံစာ သို့မဟုတ် ပြုလုပ်သော စွဲချက်နှင့်အတူ ပုဒ်မ ၁၇၀ (၁) အရ တရားခံနှင့် ပုဒ်မ ၁၇၀ (၂) အရ သက်သေခံ ပစ္စည်းများ ပါရှိရမည် ဖြစ်သည်။

၇။ အမှုစစ်ရဲအရာရှိသည် မှတ်ပုံတင် (၃၂) ကို တရားရုံးသို့ ယူဆောင်သွားရောက်ပြီးလျှင် အမှုတွင် သက်သေခံ ပစ္စည်းအဖြစ် တင်ပြရန်လိုသည့်ပစ္စည်းများကို အမှုစ၍ မစစ်ဆေးမီ ပေးအပ်ရမည် ဖြစ်သည်။[၂]

၈။ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ တရားစွဲအဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများ ပါဝင်သည့် တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ရင်ဆိုင်နေရသော ပြဿနာများဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ (၂၉-၁-၂၀၀၃) တွင် "တရားရုံးက အမိန့်ချပေးရန် တင်ပြလိုသော သက်သေခံပစ္စည်းများ ရှိပါက မှုခင်းတွင် အပြီးသတ် အမိန့်ချမှတ်ပြီးမှ

(၁) ရဲလက်စွဲ (ဒုတိယတွဲ) အပိုဒ် ၁၅၉၆
(၂) ရဲလက်စွဲ (ဒုတိယတွဲ) အပိုဒ်၁၆၀၁

တင်ပြခြင်းမျိုးမဟုတ်ဘဲ အမှုစွဲတင်ကတည်းက တစ်ပါတည်းတင်ပြရန်"[၃] "မှုခင်းဖြစ်ရပ်အတွက် သိမ်းဆည်းရန်လိုအပ်သော သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာနည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းဆည်း၍ အမှုစွဲဆိုသည့်အခါ တစ်ပါတည်း တရားရုံးသို့ တင်ပို့ရန်"[၄] ဆုံးဖြတ်ချက်ချမှတ်ပြီး တရားစွဲအဖွဲ့အစည်းများနှင့် ဥပဒေရုံးများက လိုက်နာရန် ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၉။ အချို့သော အထူးဥပဒေများ[၅] တွင် အဆိုပါ ဥပဒေများအရ တရားစွဲဆိုတင်ပို့ထားသော ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာအခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်ကြောင်း။ ယင်းသို့ တင်ပြခြင်းကို သက်သေခံပစ္စည်းတင်ပြဘိသကဲ့ သို့ မှတ်ယူကာသက်ဆိုင်ရာ တရားရုံးကဥပဒေနှင့်အညီ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

၁၀။ အထူးဥပဒေနှင့် ဒေသန္တရဥပဒေတို့တွင် အတိအလင်းပြဋ္ဌာန်းချက် မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟူ၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁ တွင် ဖော်ပြထားသည်။ ထို့ကြောင့် သက်သေခံ ပစ္စည်းနှင့် စပ်လျဉ်း၍ အထူးဥပဒေနှင့် ဒေသန္တရဥပဒေတို့တွင် သီးခြားပြဋ္ဌာန်းချက်ပါရှိလျှင် အဆိုပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ဖြစ်ပြီး သီးခြားပြဋ္ဌာန်းချက် မရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်ကို လိုက်နာရမည်ဖြစ်သည်။[၆]

၁၁။ အပိုဒ် (၈) တွင် ဖော်ပြထားသော အလုပ်ရုံဆွေးနွေးပွဲ ဆုံးဖြတ်ချက်၊ စဉ်-၄၂ တွင် တရားရုံးသို့ တင်ပြနိုင်သော သက်သေခံပစ္စည်းတစ်ခုတစ်ရာကို ထူးခြားသော အခြေအနေတစ်ရပ်ရပ်ကြောင့် တရားရုံးသို့တင်ပြနိုင်ခြင်း မရှိသည့်အခါ ယင်းသက်သေခံပစ္စည်းအား မှတ်တမ်းဓာတ်ပုံရိုက်ကူးပြီး သက်သေခံပစ္စည်းကို တရားစွဲအဖွဲ့အစည်းက မည်သို့ ထိန်းသိမ်းထားရှိကြောင်း သီးခြားအစီရင်ခံစာနှင့်အတူ တရားရုံးသို့ တင်ပြရန် ဖော်ပြထားသည်။

၁၂။ သက်သေခံပစ္စည်းများ တရားရုံးရှေ့သို့ တင်ပြရန် တာဝန်သည် တရားစွဲအဖွဲ့အစည်းများ၏ တာဝန်ဖြစ်သည်။ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ အချို့သော အထူးဥပဒေများ[၅] အရ စွဲဆိုသော အမှုများမှလွဲ၍ တရားရုံးရှေ့တင်ပြရန် ဖြစ်ကြောင်း တွေ့ရသည်။ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားရုံးက စီမံခန့်ခွဲသည့် အမိန့်ရှိရန်လိုသည်။ တရားရုံး၏ စီမံခန့်ခွဲမိန့်မရှိသေးသော သက်သေခံပစ္စည်းများကို ကြာရှည်စွာ ထိန်းသိမ်းထားရခြင်းကြောင့် လေလွင့်မှုများ၊ ပျက်စီးဆုံးရှုံးမှုများ၊ အလွဲသုံးစားမှုများ ဖြစ်နိုင်သည်။

## သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

### အမှုစစ်ဆေးဆဲကာလအတွင်း စီမံခန့်ခွဲခြင်း

၁၃။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က တွင် "ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မှုနှင့် စပ်လျဉ်းနေကြောင်း လက္ခဏာရှိ သည့် မည်သည့်ပစ္စည်းကိုမဆို သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် အသုံးပြုခဲ့ကြောင်း လက္ခဏာရှိသည့် မည်သည့်ပစ္စည်းကိုမဆို စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ် သို့မဟုတ် စစ်ဆေးစီရင်မှု ပြုလုပ်နေစဉ်

(၃) ဆုံးဖြတ်ချက်စဉ် - ၃၂
(၄) ဆုံးဖြတ်ချက်စဉ် - ၄၁
(၅) ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၅၃
၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၇
၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၃
(၆) ကိုလှမြင့်ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၊ ၁၉၈၂ ခုနှစ် ၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၆၄

တရားရုံးရှေ့တင်ပြလာသော အခါ တရားရုံးသည် စုံစမ်းစစ်ဆေးမှုဖြစ်စေ၊ စစ်ဆေးစီရင်မှု ဖြစ်စေ၊ မပြီးဆုံးမီကာလအတွင်း အဆိုပါ ပစ္စည်းကို ကောင်းမွန်စွာ ထိန်းသိမ်းထားရန်အတွက် မိမိသင့်လျော်သည် ထင်မြင်သော အမိန့်ချမှတ်နိုင်သည်။ ထိုပြင် ဆိုခဲ့သည့် ပစ္စည်းမှာ သဘာဝအလျောက် ပျက်စီးလွယ်သည့်ပစ္စည်းဖြစ်နေလျှင် မိမိလိုအပ်သည်ထင်မြင်သည့် သက်သေခံ ချက်များ ရေးမှတ်၍ ထိုပစ္စည်းကို ရောင်းချရန် သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့် စီမံခန့်ခွဲရန်လည်းကောင်း အမိန့်ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။

၁၄။ အမှုစစ်ဆေးနေဆဲကာလအတွင်း သက်သေခံပစ္စည်းထိန်းသိမ်းခြင်းနှင့်စပ်လျဉ်းသည့် အမိန့်သည် သက်သေခံပစ္စည်း မပျောက်ပျက်စေရန် ထိန်းသိမ်းထားရေးအတွက် ဖြစ်သည်။(၇)

၁၅။ သက်သေခံပစ္စည်းကို ရုံးရှေ့တင်ပို့မှသာ တရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၆-က အရ အမိန့်ချမှတ် နိုင်မည် ဖြစ်သည်။(၈) ရုံးရှေ့တင်ပို့ခြင်းမရှိသော သက်သေခံပစ္စည်းအပေါ် အမိန့်ချမှတ်ခြင်းသည် အာဏာမရှိဘဲ ချမှတ်သည့် အမိန့်ဖြစ်သည်။(၉)

၁၆။ ပုဒ်မ ၅၁၆-ကအရ ချမှတ်သော အမိန့်သည် ယာယီသဘောမျှသာဖြစ်၍(၁၀) သက်သေခံပစ္စည်းကို အမှုအတော အတွင်း ခံဝန်ဖြင့် ပေးအပ်ရာတွင် အလွဲသုံးစားမှု မဖြစ်ပေါ်စေရေးအတွက် ခံဝန်ချုပ်ကိုအလေးဂရုပြု ဆောင်ရွက်ရန် လိုအပ်သည်။သက်သေခံပစ္စည်းအပေါ် လုံလောက်သော ခံဝန်တင်သွင်းစေခြင်း၊ လိုအပ်လျှင်သင့်လျော်သော စည်းကမ်းများ သတ်မှတ်ခြင်း ပြုလုပ်ရန် ဖြစ်သည်။ ခံဝန်ချုပ်ဖောက်ဖျက်ပါက ခံဝန်တွင် သတ်မှတ်ထားသည့် ငွေကို ပေးအပ်စေရန် တရားရုံးက အမိန့်ချမှတ်ခြင်းဖြင့် အရေးယူဆောင်ရွက်ရန် ဖြစ်သည်။(၁၁)

၁၇။ အမှုစစ်ဆေးနေစဉ် တရားခံထွက်ပြေးတိမ်းရှောင်သွားသောအမှုနှင့် တရားခံပြေး ပါဝင်သော အမှုတို့သည် တရားခံ ပြေးနှင့် ပတ်သက်၍ အမှုပြီးဆုံးခြင်း မရှိသေးသောအမှုမျိုးဖြစ်သဖြင့် ထိုအမှုမျိုးတွင် သက်သေခံပစ္စည်းကို ပုဒ်မ ၅၁၆-ကအရ တရားရုံး၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိရန်၊(၁၂) သက်သေခံပစ္စည်းသည် ငွေဖြစ်လျှင် အစိုးရဘဏ်တွင် အပ်နှံထားရန်(၁၃)ဖြစ်သည်။

၁၈။ ပုဒ်မ ၅၁၆-ကအရ သဘာဝအလျောက် ပျက်စီးလွယ်သည့် ပစ္စည်းများကို ရောင်းချရာတွင် ရရှိသော ငွေများကို အစိုးရဘဏ်တွင် ထိန်းသိမ်းထားစေရန်၊ အမိန့်ချမှတ်ရန်ဖြစ်သည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ရန်မဟုတ်ပါ ။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ချမှတ်ပါက မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမျှ ပြန်ပေး၍ ရနိုင်တော့မည် မဟုတ်သည်ကို သတိပြုရန် ဖြစ်သည်။(၁၄)

**အမှုပြီးဆုံးသည့်အခါ စီမံခန့်ခွဲခြင်း**

၁၉။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ တွင် "မည်သည့်ပြစ်မှုဆိုင်ရာတရားရုံးတွင်မဆို စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတစ်ခု ဆုံးခန်းသို့ ရောက်ရှိသည့်အခါ တရားရုံးသို့ တင်ပြထားသော သို့မဟုတ် တရားရုံးက ထိန်းသိမ်းထားသော ပစ္စည်း သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းနှင့်

(၇) ဦးစောဖားကာဒီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ၊ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၄၃
(၈) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးမောင်မောင်၊ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ-၄၈၀
(၉) ဦးဘထွန်းနှင့် ဒေါ်ခင်ညိမ်း။ ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ-၄၂၈
(၁၀) မောင်ထွန်းဝေနှင့် ဦးကျင်ဟုတ် (ခ) ဦးခွေး၊ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ-၆၈၀
(၁၁) ဒေါ်ကျင်ရှိန်နှင့် ဒေါ်အေးမှင်၊ ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ-၄၄
(၁၂) မောင်ကျော်ဆွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၆၇
(၁၃) ဦးထွန်းလှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး။ စာ-၃၃
(၁၄) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဒေါ်ကိမ်သျှမ်းပါ-၅၊ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး။ စာ-၄၁

စပ်လျဉ်းသည်ဟု ယူဆရန် အကြောင်းရှိသောပစ္စည်း သို့မဟုတ် စာတမ်းအမှတ်အသား တစ်ခုခုကိုဖြစ်စေ၊ ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်း သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခု ကိုဖြစ်စေ၊ တရားရုံးသည် ဖျက်ဆီးစေရန်၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် သို့မဟုတ် လက်ရှိထားခွင့်ရှိသည်ဟု တောင်းဆိုသူအားပေးရန်အတွက် သင့်သည်ထင်မြင်သည့် စီမံခန့်ခွဲမှုအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါ ပြဋ္ဌာန်းချက်အရ တရားရုံးက စီမံခန့်ခွဲမိန့်ချနိုင်သည့် သက်သေခံပစ္စည်း ၃ မျိုး ပေါ်ပေါက်သည်။ ၎င်းတို့မှာ-

(က) တရားရုံးသို့ တင်ပြထားသော သို့မဟုတ် တရားရုံးက ထိန်းသိမ်းထားသော ပစ္စည်း။

(ခ) ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည်ဟု ယူဆရသော ပစ္စည်း။

(ဂ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းတို့ ဖြစ်သည်။

၂၀။ အမှုပြီးဆုံးသည့်အခါ အမှုမှသက်သေခံပစ္စည်းကို မည်သူ့အား ပြန်လည်ပေးအပ်ရမည်ဆိုသည့်အချက်အား ဆုံးဖြတ်နိုင် ရန် တရားရုံးသို့ သင့်လျော်ရာ လုပ်ပိုင်ခွင့်နှင့် အာဏာများ အပ်နှင်းထားသည်။ မည်သည့်အမှုတွင် မည်သို့ စီမံခန့်ခွဲရမည်ဟု မှုသေသတ်မှတ်ချက် မရှိပေ။ အမှုပေါ်ပေါက်ချက်ကို အခြေခံပြီး တရားမျှတမှုကို ရှေးရှု၍ သုံးသပ်ဆုံးဖြတ်ရသည်။

၂၁။ သက်သေခံပစ္စည်းသည် တရားလို သို့မဟုတ် တရားခံမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ထံမှ သိမ်းယူခဲ့သည် ဖြစ်လျှင် ၎င်းပစ္စည်းကို စီမံခန့်ခွဲရန် အမိန့်မချမီ ထိုသူအား ပြောဆိုလျှောက်ထားခွင့် ပေးရမည်။ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲသည့် အမိန့်ကို တတ်နိုင်ပါက စီရင်ချက် ချမှတ်သည့်နေ့၌ပင် ချမှတ်ရမည်။(၁၅)

၂၂။ တရားသူကြီးများသည် မှုခင်းများကို စီရင်ဆုံးဖြတ်ပြီးနောက် သက်သေခံပစ္စည်းနှင့် ပတ်သက်၍ လိုအပ်သော အမိန့်စာဖြင့် ဘီလစ်၊ လက်ထောက်ဘီလစ်ထံ ကြန့်ကြာခြင်းမရှိဘဲ ချက်ချင်းအကြောင်းကြားရန်၊ ဘီလစ်ကြီးကြပ်သူ အရာရှိများကလည်း ဘီလစ်မှတ်ပုံတင် ၃ ကို စစ်ဆေးရာ၌ ယင်းအမိန့်များပေးရန် ကြန့်ကြာနေသည့်ရုံးများ တွေ့ရှိက စက်ရှင်တရားသူကြီးထံမှတစ်ဆင့် နိူးဆော်ရန် တရားရုံးများ ညွှန်ကြားလွှာအမှတ် ၁၁/၆၇ ဖြင့် ညွှန်ကြားထားသည်။

၂၃။ သက်သေခံပစ္စည်းမှာ သက်ရှိပစ္စည်းသော်လည်းကောင်း၊ ဓမ္မတာအရ လျှင်မြန်စွာ ပျက်စီးလွယ်သော ပစ္စည်းသော် လည်းကောင်း ဖြစ်သည့်အခါမှ တစ်ပါးအခြား သက်သေခံပစ္စည်းများအား အယူခံရက် ကျော်လွန်သည်အထိ စောင့်ဆိုင်းပြီးမှ တရားရုံးက ချမှတ်သော အမိန့်နှင့်အညီ စီမံခန့်ခွဲရန် ဖြစ်သည်။ အယူခံဝင်ရောက်သော အမှုများတွင် အယူခံတရားရုံး၏ ဆုံးဖြတ်ချက်အမိန့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။(၁၆)

၂၄။ သက်သေခံပစ္စည်း စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရာ၌ အမှုတွဲနေ့စဉ် မှတ်တမ်းတွင် ပြည့်စုံစွာ ရေးသားပြီး သက်သေခံ ပစ္စည်းကို တရားရုံးက ချမှတ်သည့် အမိန့်နှင့်အညီ စီမံခန့်ခွဲရန် ရက်ချိန်းကိုပါ ဖော်ပြရန် ဖြစ်သည်။ တရားခွင်နေ့စဉ်မှတ်တမ်း စာအုပ်၌လည်း အဆိုပါ ရက်ချိန်းကိုရေးမှတ်ပြီး ရုံးချိန်းရက်တွင် သက်သေခံပစ္စည်းကို စီမံခန့်ခွဲရန် ဆောင်ရွက်သင့်ပါသည်။

### ပိုင်ရှင်မဲ့သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

၂၅။ ပိုင်ရှင်မဲ့သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ တရားသူကြီး၏ အမိန့်ကို ရယူရန် တင်ပြလာသော အမှုများတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃၊ ၅၂၄၊ ၅၂၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်၍ သင့်လျော်သော သက်သေခံပစ္စည်းများ စီမံခန့်ခွဲသည့် အမိန့်ချမှတ်ရန် ဖြစ်သည်။

၂၆။ ပိုင်ရှင်မဲ့ယာဉ်များ၊ မှောင်ခိုပစ္စည်းများ၊ ပြည်သူ့ဘဏ္ဍာသိမ်းပစ္စည်းများနှင့် ပတ်သက်၍ တရားရုံးများက

(၁၅) တရားရုံးများ လက်စွဲအပိုဒ် ၁၀၉၁ (၁)

(၁၆) တရားရုံးများ လက်စွဲအပိုဒ် ၁၀၉၁ (၁) (၂)

လိုက်နာ ဆောင်ရွက်ရန် နည်းလမ်းများကို တရားရုံးချုပ်၏ ၂၃-၄-၂၀၀၇ ရက်စွဲပါ စာအမှတ်-၅၇၄/ပြစ်မှု/၂၀၀၇ ဖြင့် ညွှန်ကြားထား သည်။ အမှာစာပါ ညွှန်ကြားချက်များနှင့်အညီ မြန်ဆန်စွာ စစ်ဆေးပြီး သက်သေခံပစ္စည်းများကို ပြီးပြတ်အောင် စီမံခန့်ခွဲကြရန် ဖြစ်သည်။

၂၇။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၆-၆-၁၉၈၉ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၂/၈၉ တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃၊ ၅၂၄၊ ၅၂၅ အရ လုပ်ပိုင်ခွင့်များကို မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှူးများကို အပ်နှင်းထားသည်။ တရားရုံးတွင်လည်း ယင်းအာဏာများ ကျင့်သုံးခွင့် ရှိသည်။(၁၇)

**အထူးနှင့် အထွေထွေ ဥပဒေအရ အမှုများမှ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း**

***(က) ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ***

၂၈။ ပုဒ်မ ၁၆ မှ ၂၁ ထိ ပြဌာန်းထားသော ပြစ်မှုတစ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့် သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကို ပြောင်းလဲစေသော ဆေးဝါး၊ ငွေကြေးကိရိယာ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းယာဉ်၊ တိရစ္ဆာန်တို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည့် အမိန့်ချမှတ်ရ မည် ဖြစ်သည်။ [ပုဒ်မ ၂၄ (က)]

၂၉။ ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြစ်ဒဏ်ချမှတ်ခဲ့လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော အမှုနှင့် သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် အမိန့်ချမှတ်ရမည် ဖြစ်သည်။ [ပုဒ်မ ၂၄ (ခ)]

၃၀။ အစိုးရအဖွဲ့၏ ၃၁-၁၂-၉၇ နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၉၇ အရ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေ သော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော မရွှေ့ မပြောင်းနိုင်သော ပစ္စည်းကို တရားရုံးက ချမှတ်သော အပြီးသတ်ဆုံးဖြတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း ပြုရမည် ဖြစ်သည်။ ထို့ကြောင့် တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ထားသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို အဆိုပါအဖွဲ့ကသာ စီမံခန့်ခွဲရန် ဖြစ်သည်။

***(ခ) ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ***

၃၁။ ပြစ်မှုထင်ရှားတွေ့ရှိလျှင် ပြစ်မှုနှင့် သက်ဆိုင်သော သစ်တောထွက်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။ [ပုဒ်မ ၄၇ (က)]

ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်းကိရိယာတန်ဆာပလာများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။ [ပုဒ်မ ၄၇ (ခ)]

***(ဂ) ၁၉၈၆ ခုနှစ် လောင်းကစားဥပဒေ***

၃၂။ ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းများနှင့် ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ [ပုဒ်မ ၁၂(ခ)၊ ၁၃ (ခ)၊ ၁၄ (ခ)၊ ၁၅ (ခ)၊ ၁၆ (ခ)၊ ၁၇ (ခ)]

***(ဃ) ၁၉၈၅ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗွီဒီယိုဥပဒေ***

၃၃။ ပြစ်မှုနှင့် တိုက်ရိုက်ပတ်သက်သော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။
[ပုဒ်မ ၃၁၊ ၃၂၊ ၃၃၊ ၃၄]

(၁၇) ဦးသိန်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ - ၂၊ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၉

သက်သေခံပစ္စည်းများဖြစ်သည့် တိဗ္ဗီ၊ အောက်စက်နှင့် မီးစက်တို့သည် ပြစ်မှုနှင့် သက်ဆိုင်သော ပစ္စည်းများ ဖြစ်သဖြင့် ဘဏ္ဍာသိမ်းခံရမည် ဖြစ်သည်။[၁၈]

***(င) ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ ဥပဒေ***

၃၄။ ပုဒ်မ ၈(၁)အရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ခြင်းနှင့် သက်ဆိုင်သည့် ပစ္စည်းအားလုံးကို ထိုပြစ်မှုစစ်ဆေးစီရင်သည့် တရားရုံးအမိန့်ဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။ [ပုဒ်မ ၈(၂)]

၃၅။ ပုဒ်မ ၈(၂) တွင် သက်သေခံပစ္စည်းအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်။ (shall be liable to confiscation) ဟု ပြဋ္ဌာန်းထားသည်။ သိမ်းဆည်းရမည် (shall be confiscated) ဟု မဆိုလိုဘဲ သိမ်းဆည်းသင့်မသင့် တရားရုံးက ဆင်ခြင်တုံတရားအရ စဉ်းစားရန်ဖြစ်သည်။ သို့သော် သိမ်းဆည်းသင့်သည်ဆိုသော အချက်ကို တရားရုံးက သတိချပ်ရန် ဖြစ်သည်။[၁၉]

၃၆။ ပုဒ်မ ၈(၃) တွင် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း တရားရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ သင့်လျော်သည် ထင်မြင်သည့် အမိန့်ချနိုင်သည်။[၂၀]

***(စ) ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားငွေလဲလှယ်မှု စည်းမျဉ်းအက်ဥပဒေ***

၃၇။ ပြစ်မှုနှင့် အကျုံးဝင်သည့် ငွေကြေး၊ ငွေချေးသက်သေခံလက်မှတ်၊ ရွှေ၊ ငွေ၊ အခြားကုန်စည်နှင့် ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။ [ပုဒ်မ ၂၄ (ခ)]

***(ဆ) ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုအား တားမြစ်ရေးအက်ဥပဒေ***

၃၈။ မည်သည့်ပြည်သူ့ဝန်ထမ်းမဆို မိမိ၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ပြစ်ဒဏ်ထိုက်သင့်အောင် အကျင့်ဖောက်ပြန်မှုကို ကျူးလွန်လျှင် (၇) နှစ်အထိ ထောင်ဒဏ်စီရင်ခြင်း ခံထိုက်စေရမည့်အပြင် ထိုပြစ်မှုကို ကျူးလွန်ခြင်းအား ဖြင့် တရားခံခံစားရရှိကြောင်း တွေ့ရှိရသည့် အကျိုးအမြတ်အားလုံးကို အစိုးရဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံစေရမည်။ [ပုဒ်မ ၄(၂)]

***(ဇ) ၂၀၀၅ ခုနှစ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ***

၃၉။ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့် သက်ဆိုင်သည့် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်း ပြုသည့်အမိန့် ချမှတ်ရမည်။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ငွေကြေးမှ သို့မဟုတ် ပစ္စည်းရောင်းရငွေမှဖြစ်စေ၊ ငွေဒဏ်မှဖြစ်စေ လူကုန်ကူးခြင်း ခံရသူအား နစ်နာကြေးပေးသည့်အမိန့် ချမှတ်နိုင်သည်။ [ပုဒ်မ ၃၃]

***(ဈ) အခြားဥပဒေများအရ အမှုများ***

၄၀။ အထူးဥပဒေနှင့် ဒေသန္တရဥပဒေတို့တွင် အတိအလင်း သီးခြားပြဋ္ဌာန်းချက်မရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟူ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁ တွင် ဖော်ပြထားသည်။ ထို့ကြောင့် ဥပဒေတွင် သက်သေခံပစ္စည်းများအပေါ် မည်ကဲ့သို့ အမိန့်ချမှတ်နိုင်ကြောင်း မပါရှိလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည် ဖြစ်သည်။[၆]

(၁၈) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မျိုးသန့်ပါ-၂ ၊ ၁၉၉၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ-၅၂

(၁၉) ဦးသောင်းရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၁၂၅

(၂၀) ဦးသောင်းညွန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀၃

**သက်သေခံပစ္စည်းများကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ခြင်း**

၄၁။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးသည့် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ တရားရုံးချုပ် ညွှန်ကြားချက်များတွင် ဖော်ပြထားသည့်ဌာနများသို့ တရားရုံးက လွှဲပြောင်းပေးရန် ဖြစ်သည်။ တချို့သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍မူ တရားရုံးက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း မပြုဘဲ သက်ဆိုင်ရာဌာနများသို့ လွှဲအပ်ရန် တရားရုံးချုပ်က ညွှန်ကြားချက်ထုတ်ပြန် ထားသည်။

၄၂။ တရားရုံးများတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် သက်သေခံ သံထည်ပစ္စည်း သံတိုသံစများကို ပြင်ဦးလွင်မြို့ရှိ အမှတ် (၁) သံနှင့် သံမဏိ စက်ရုံသို့ လွှဲပြောင်းပေးပို့ရန် တရားရုံးချုပ်၏ ၁၂-၉-၂၀၀၁ ရက်စွဲပါ စာအမှတ် ၁၀၃၇၈/ပြစ်မှု/၂၀၀၁ ဖြင့် ညွှန်ကြားထားသည်။

၄၃။ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ထားသည့် ရွှေထည်၊ ငွေထည်၊ ကျောက်သံပတ္တမြား၊ ရွှေအရိုင်းတုံးများနှင့် နိုင်ငံခြားသုံးငွေများကို ဗဟိုဘဏ်သို့လွှဲပြောင်းအပ်နှံရန် တရားရုံးချုပ်၏ ၁၀-၅-၇၇ ရက်စွဲပါ စာအမှတ် ၃၀၆(က)/ကြီးကြပ် ၃၅/၇၇(လထန) ဖြင့် ညွှန်ကြားထားသည်။

၄၄။ ယခုအခါ နိုင်ငံတော်ဘဏ္ဍာသိမ်း နိုင်ငံခြားသုံးငွေများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရန်ကုန်ဘဏ်ခွဲအပြင် မြန်မာနိုင်ငံတော်၊နေပြည်တော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မန္တလေးဘဏ်ခွဲနှင့် နိုင်ငံခြားသုံးငွေလက်ခံဆောင်ရွက်ခွင့်ရှိသော ဘဏ်ခွဲ (၁၀) ခုသို့ လွှဲပြောင်းအပ်နှံရန် တရားရုံးချုပ်၏ ၁၈-၇-၂၀၀၈ ရက်စွဲပါ စာအမှတ်-၁၂၂၁/စ-၁၂/၁၀၁/၂၀၀၈ ဖြင့် ညွှန်ကြားထားသည်။

၄၅။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ထားသည့် သက်သေခံပစ္စည်းမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် များနှင့် ယာဉ်ပစ္စည်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် တရားရုံးချုပ်၏ ၁၃-၂-၂၀၀၁ ရက်စွဲပါ စာအမှတ် ၂၀၂၁၅/ပြစ်မှု/၂၀၀၁ ဖြင့်ညွှန်ကြားထားသည်။

၄၆။ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော သစ်တောထွက်ပစ္စည်းများကို သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရန် ၁၉၉၂ ခုနှစ်သစ်တောဥပဒေပုဒ်မ ၄၈(က) တွင်ပြဌာန်းထားသည်။ တရားရုံးချုပ်၏ ၁၅-၁-၆၂ ရက်စွဲပါ ညွှန်ကြားလွှာအမှတ် ၂/၆၂ နှင့်အညီ ဆောင်ရွက်ရန် ဖြစ်သည်။

၄၇။ ဘာသာရေးအရလည်းကောင်း၊ ယဉ်ကျေးမှုအရလည်းကောင်းအမြတ်တနိုးထားသည့် ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် တောင်းဆိုခြင်းမရှိသော အမှုများတွင် သက်သေခံပစ္စည်းများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း သာသနာရေးဦးစီးဌာနမှူးများသို့ လွှဲအပ်ရန်အတွက် အမိန့်ချမှတ်ရန် ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ်-၈ တွင် ညွှန်ကြားထားသည်။

**အထွေထွေ**

၄၈။ အကြောင်းအမျိုးမျိုးကြောင့်စီမံခန့်ခွဲခြင်းမပြုနိုင်သည့် သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍စီမံခန့်ခွဲရန် လုပ်ထုံးလုပ်နည်းကို ၃၀-၈-၈၈ ရက်စွဲပါ ပြည်သူ့တရားသူကြီးအဖွဲ့၏ ညွှန်ကြားချက်အမှတ် ၃၈ ဖြင့်ညွှန်ကြားထားသည်။

၄၉။ ရဲတပ်ဖွဲ့က ဝိတ်သိမ်းခဲ့သော အမှုများတွင် သိမ်းဆည်းထားသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားသူကြီး အမိန့် မရှိသေး၍ အမိန့်ရယူရန် တင်ပြလာသောအမှုများ၊ တရားရုံးက စီရင်ချက်ချပြီးသော်လည်း သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ စီမံခန့်ခွဲသည့်အမိန့် မရှိသေးသော ကိစ္စများနှင့်စပ်လျဉ်း၍ တရားသူကြီး၏ အမိန့်ရယူရန် ရဲတပ်ဖွဲ့က တင်ပြလာသော အမှုများကို တရားရုံးချုပ်၏ ၁၅-၁၀-၁၉၉၀ ရက်စွဲပါ၊ စာအမှတ်-၂၇၉(က)/၄၉၇/၉၀(လထန)နှင့်အညီ ဆောင်ရွက်ရန် ဖြစ်သည်။

၅၀။ တရားရုံးအသီးသီးကပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချထားသောပစ္စည်းများအနက် မော်တော်ယာဉ်၊

မော်တော်ဆိုင်ကယ်နှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို စီမံခန့်ခွဲနိုင်ရန် နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများ စီမံခန့်ခွဲမှုကော်မတီသို့ တရားရုံးချုပ်မှတဆင့် စာရင်းပေးပို့ရန် တရားရုံးချုပ်၏ ၇-၂-၂၀၀၀ ရက်စွဲပါ၊ စာအမှတ်-၄၃/၅-၂၀/၂၀၀၀ (လထန) ဖြင့် ညွှန်ကြားထားသည်။

**နိဂုံး**

၅၁။ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ အထူးဥပဒေများ၊ တရားရုံးများလက်စွဲပါပြဋ္ဌာန်းဖော်ပြချက်များ၊ တရားစီရင်ထုံးများနှင့် တရားရုံးချုပ်၏ညွှန်ကြားချက်များကို အကြောင်းအရာအလိုက်စုစည်းဖော်ပြခဲ့ပါသည်။ တရားရုံးများ၊ ဥပဒေရုံးများနှင့် တရားစွဲအဖွဲ့အစည်းများသည် မိမိထမ်းဆောင်ရမည့်တာဝန်ကို တိကျမှန်ကန်စွာထမ်းဆောင်ကြရန်ဖြစ်သည်။ သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ဖြစ်ပေါ်တတ်သော ပြဿနာအချို့ကိုဖြေရှင်းရာတွင် ဤစာတမ်းက တစ်စုံတစ်ရာအထောက်အကူ ဖြစ်လိမ့်မည်ဟုယုံကြည်ပါသည်။

အဖွဲ့(၁)
[ကချင်၊ ကယား၊ ကရင်၊
ချင်း၊ ရှမ်း(အရှေ့)]

## တရားစီရင်ရေးဆောင်ပုဒ်များ

- ဥပဒေနှင့်အညီ ဆုံးဖြတ်ပါ။
- မှန်မှန်နှင့် မြန်မြန် စီရင်ပါ။
- လုပ်ထုံးညီညီ ဆောင်ရွက်ပါ။
- လာဘ်ပေးလာဘ်ယူ ကင်းရှင်းပါ။
- ဖြောင့်မတ်တည်ကြည်မှုဖြင့် တရားရုံး၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပါ။

တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်းတရားသူကြီးများ၏
လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင်

## အဖွဲ့ (၂) က တင်ပြသည့်

# တရားမမှုများတွင် တစ်ဖက်သတ် စစ်ဆေးခြင်းနှင့် ဝန်ခံဒီကရီ ချမှတ်ခြင်း စာတမ်း

# နိဒါန်း

၁။ တရားမကျင့်ထုံးဥပဒေအား ၁၈၅၉ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့သည်။ ၁၈၇၇၊ ၁၈၈၂ နှင့် ၁၉၀၈ ခုနှစ်များတွင် အဟောင်းကို ဖျက်သိမ်း၍ အသစ်အသစ်များကို ပြဋ္ဌာန်းခဲ့ပါသည်။(၁) ၁၉၀၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့် လက်ရှိတရားမကျင့်ထုံး ဥပဒေသည် တည်မြဲလျက် ရှိသည်။ လေးကြိမ်တိုင်တိုင် ပြင်ဆင်ရေးဆွဲခဲ့ရသော ဥပဒေဖြစ်သည်။ တရားမကျင့်ထုံးဥပဒေသည် စီရင်ထုံးများကြောင့် အစဉ်တိုးတက်လျက် ရှိနေသည်။

## အပိုင်း (၁)

## တရားမမှုများတွင် တစ်ဖက်သတ် စစ်ဆေးခြင်း

၂။ တရားမမှုနှင့် ပြစ်မှုတို့သည် သဘောသဘာဝချင်း တူညီမှု မရှိကြကြောင်း သိရှိကြပြီး ဖြစ်သည်။ တရားမမှုတွင် အမှုသည်များသည် မိမိရလိုသော သက်သာခွင့်အတွက် မိမိကိုယ်တိုင် စိတ်ပါဝင်စားစွာ ဆောင်ရွက်ရန် တာဝန်ရှိသည်။ အမှုသည်၏ ပေါ့လျော့မှု ပျက်ကွက်မှုအတွက် မိမိ၏ အမှုကို ထိခိုက်စေသော ပြဋ္ဌာန်းချက်များ တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ယင်းသို့ ပြဋ္ဌာန်းချက်များတွင် အမှုသည်တရားပြိုင်၏ ပျက်ကွက်မှုကြောင့် အမှုစစ်ဆေးသည့် တရားရုံးက တရားမကျင့်ထုံးဥပဒေနှင့်အညီ အမှုအား တစ်ဖက်သတ် စစ်ဆေးရခြင်းနှင့် တစ်ဖက်သတ် ဒီကရီချမှတ်ရခြင်းများလည်း ပါဝင်နေပေသည်။

### *(က) တစ်ဖက်သတ်စစ်ဆေးစီရင်ရသည့် အမှုအခြေအနေ*

၃။ တိုင်းနှင့်ပြည်နယ်တရားရုံးအဆင့်ဆင့်တွင် စစ်ဆေးစီရင်ခဲ့သည့် တရားမမှုများအနက် တစ်ဖက်သတ် စစ်ဆေးစီရင်၍ တစ်ဖက်သတ်ဒီကရီ ချမှတ်ခဲ့သော အမှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။ အလားတူ အခြားတိုင်းနှင့်ပြည်နယ် တရားရုံးအဆင့်ဆင့် တွင် တစ်ဖက်သတ် စစ်ဆေးစီရင်ရမှုများပြားမည်ဟု ယူဆရပါသည်။ ယင်းသို့ တစ်ဖက်သတ်စစ်ဆေးစီရင်ရမှု များပြားသဖြင့် ဥပဒေနှင့် ညီညွတ်ရန် အရေးကြီးကြောင်း ထင်ရှားသည်။

၄။ တရားမကျင့်ထုံးဥပဒေအမိန့် ၉ တွင် အမှုသည်များ လာရောက်ခြင်းနှင့် မလာရောက်ခြင်း၏ အကျိုးဆက်များအား နည်းဥပဒေ (၁) မှ (၁၄) အထိ ပြဋ္ဌာန်းသတ်မှတ်ထားသည်။ ယင်းတရားမကျင့်ထုံးဥပဒေအမိန့် ၉ နည်းဥပဒေ (၆) တွင် တရားလိုသာ လာရောက်ပြီး တရားပြိုင်မလာရောက်ပျက်ကွက်မှုအတွက် လုပ်ထုံးလုပ်နည်းကို ဖော်ပြပြဋ္ဌာန်းထားသည်။

### *(ခ) တစ်ဖက်သတ်စစ်ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်*

၅။ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

နည်းဥပဒေ ၆-(၁) တရားမမှုကို ကြားနာရန် ချိန်းဆိုသော နေ့ရက်တွင် တရားလိုသာလာရောက်ပြီး တရားပြိုင် မလာရောက်သောအခါ-

**သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ပြီးဖြစ်ခြင်း-**

(က) သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ပြီးကြောင်း အထောက်အထား ခိုင်လုံလျှင် တရားရုံးသည် အမှုကို တစ်ဖက်သတ် ဆက်လက် ဆောင်ရွက်နိုင်သည်၊

**သမ္မာန်စာကို နည်းလမ်းတကျ မချအပ်နိုင်ခြင်း**

(ခ) သမ္မာန်စာကို နည်းလမ်း တကျ ချအပ်ပြီး ကြောင်း အထောက်အထား မခိုင်လုံလျှင် ဒုတိယသမ္မာန်စာကို ထုတ်ဆင့်၍ တရားပြိုင်ထံ ချအပ်ရန် တရားရုံးက ညွှန်ကြားရမည်။

**သမ္မာန်စာကို ချအပ်ခဲ့သော်လည်း အချိန်မီ မချအပ်ခဲ့ခြင်း**

(ဂ) သမ္မာန်စာကို တရားပြိုင်ထံ ချအပ်ခဲ့ သော်လည်း တရားပြိုင်အနေဖြင့် သမ္မာန်စာ၌ သတ်မှတ်ထားသည့် ရက်တွင် လာရောက်ဖြေဆိုနိုင်လောက်အောင် အချိန်မီ ချအပ်ခဲ့ခြင်း မရှိကြောင်း အထောက် အထားခိုင်လုံလျှင် မိမိသတ်မှတ်သော နောင်လာမည့် နောက်တစ်ရက်တွင် အမှုကြားနာရန် ရွှေ့ဆိုင်းချိန်းဆိုရမည့်ပြင် ယင်းသို့ ရွှေ့ဆိုင်းသော ရက်ကိုလည်း တရားပြိုင်ထံ အကြောင်းကြားရန် ညွှန်ကြားရမည်။

(၂) တရားလို၏ ပျက်ကွက်မှုကြောင့် သမ္မာန်စာကို နည်းလမ်း တကျ ချအပ်ခဲ့ခြင်းသော်လည်းကောင်း၊ အချိန်မီ ချအပ်ခဲ့ခြင်းသော်လည်းကောင်း မရှိလျှင် အမှုရွှေ့ဆိုင်းရသည့်အတွက် ကုန်ကျခဲ့ရသော စရိတ်ကို တရားလိုက ပေးသွင်းစေရန် တရားရုံးက အမိန့်ချမှတ်ရမည်။

၆။ တစ်ဖက်သတ်စစ်ဆေးခြင်း (Ex-parte) နှင့် စပ်လျဉ်း၍ အထက်ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် တရားမကျင့်ထုံးဥပဒေ အမိန့် ၉၊ နည်းဥပဒေ ၆ (၁) (က) အရ တရားရုံးသည် တရားပြိုင်ထံ သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ပြီးကြောင်း အထောက်အထားခိုင်လုံပါက အမှုကို တစ်ဖက်သတ် ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

***(ဂ) တစ်ဖက်သတ် စစ်ဆေးခြင်းမပြုမီ တရားရုံးက စိစစ်ရန်အချက်***

၇။ အမှုကို တစ်ဖက်သတ် မစစ်ဆေးမီ သမ္မာန်စာ ချအပ်ခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းကာ သမ္မာန်စာအတည်ဖြစ်မဖြစ် တရားပြိုင်သည် တရားရုံးသို့ လာရောက်ဖြေရှင်းရန် လုံလောက်သော အချိန်ရမရ ဆုံးဖြတ်ရန် တာဝန်ရှိသည်။[၂]

၈။ "နည်းလမ်းတကျ ချအပ်သည်" ဆိုသည့် စကားရပ်တွင် အခြားအချက်များအပြင် တရားမကျင့်ထုံး ဥပဒေအမိန့် ၅ နည်းဥပဒေ ၆ နှင့်အညီ ချအပ်ခြင်းလည်း ပါဝင်သည်။ ဆိုလိုသည်မှာ သမ္မာန်စာတွင် သတ်မှတ်ထားသော နေ့၌ တရားရုံးသို့ လာရောက်ဖြေရှင်းနိုင်ရန်အလို့ငှာ လုံလောက်သော အချိန်ပေးရမည်။[၃]

၉။ တရားရုံးကအမှုကို ချိန်းဆိုသောနေ့ရက်မှာ အမှုကို ကြားနာရန်အတွက် မဟုတ်ဘဲ အမှုကို မည်သည့်အဆင့်မှ စတင်ဆောင်ရွက်ရန် ကိစ္စနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်ရန်အတွက်သာ ချိန်းဆိုခြင်းဖြစ်လျှင် ယင်းရက်ချိန်းနေ့များတွင် တရားပြိုင်မလာသည်ကို အကြောင်းပြုပြီး အမှုကို တစ်ဖက်သတ် စစ်ဆေးမည်ဖြစ်ကြောင်းဖြင့် ချမှတ်သော အမိန့်သည် တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မည် မဟုတ်ချေ။

***(ဃ) တစ်ဖက်သတ် စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်ချမှတ်ရန် မလိုခြင်း***

၁၀။ တရားပြိုင်မလာ၍ အမှုကို တစ်ဖက်သတ်စစ်ဆေးရန် အလို့ငှာ ထိုသို့ တစ်ဖက်သတ်စစ်ဆေးမည်ဖြစ်ကြောင်း အမိန့်တစ်ရပ် ချမှတ်ရမည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆ (၁) (က) တွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။ ယင်းနည်းဥပဒေတွင် အမှုကို တစ်ဖက်သတ် စစ်ဆေးနိုင်သည်ဟူ၍သာ ပြဋ္ဌာန်းထားသည်။[၄] အမှုစစ်တရားရုံးသည် အမှုကြားနာရန် ချိန်းဆိုသောနေ့တွင် လုံလောက်သော အကြောင်းမရှိဘဲ တရားပြိုင် မလာရောက် ပျက်ကွက်ကြောင်းနှင့် အမှုအား တရားပြိုင်မျက်ကွယ်တွင် တစ်ဖက်သတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှုနေ့စဉ်မှတ်တမ်း ရေးသား မှတ်တမ်းတင်၍ အမှုအား ဆက်လက်ဆောင်ရွက်သွားရန်သာ ဖြစ်သည်။

**(င) တရားပြိုင်က ယခင်ရက်ချိန်းက မလာရောက်ခဲ့သည့်အတွက် ခိုင်လုံသော အကြောင်းတင်ပြလာခြင်း**

၁၁။ တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်းဥပဒေ ၇ တွင် တရားမမှုကို တစ်ဖက်သတ် စစ်ဆေးကြားနာရန် တရားရုံးက ချိန်းဆိုလိုက်သောအခါ ယင်းသို့ ချိန်းဆိုသော ရက်တွင်ဖြစ်စေ ထိုရက်မတိုင်မီ ဖြစ်စေတရားပြိုင်လာရောက်ပြီး ယခင်ရက်ချိန်းက မိမိမလာရောက်ခဲ့ခြင်းမှာ ခိုင်လုံသောအကြောင်းကြောင့်ဖြစ်ကြောင်း တင်ပြပါက တရားရုံးသည် တရားစရိတ်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကိုဖြစ်စေ၊ အခြားစည်းကမ်းချက်များကိုဖြစ်စေ သတ်မှတ်၍ ယခင်ရက်ချိန်းက တရားပြိုင် လာရောက်ဘိသကဲ့သို့ အမှုတွင် တရားပြိုင်၏ ခုခံပြောဆိုချက်ကို ကြားနာနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းနည်းဥပဒေ၏ မူသဘောမှာ တစ်ဖက်သတ် ဒီကရီမချမှတ်မီ တရားပြိုင်သည် အမှုတွင် ပါဝင်ထုချေခွင့် ရှိသည်[(၅)]ဟူ၍ ဖြစ်သည်။

၁၂။ တရားရုံးက အမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၆ (၁) (က) အရ တစ်ဖက်သတ် စစ်ဆေးရန် ဆုံးဖြတ်ထားရာတွင် တရားပြိုင်သည် ခိုင်လုံသော အကြောင်းမပြဘဲ စီရင်ချက်မချမှတ်မီ အခွင့်အရေး တစ်ရပ်အနေဖြင့် တရားရုံးသို့ လာရောက်၍ ခုခံချေပခွင့် ရှိသလား။ တစ်နည်းဆိုရသော် အမှုကို တစ်ဖက်သတ် စစ်ဆေးမည်ဟူသော ဆုံးဖြတ်ချက်အရ အမှုပြီးဆုံးသည်အထိ တစ်ဖက်သတ်ဆောင်ရွက်ရန် ဖြစ်သလား။ သို့မဟုတ် တရားပြိုင်ပြန်လည်လာရောက် သည်အထိသာ တစ်ဖက်သတ် ဆောင်ရွက်ရန် ဖြစ်သလားနှင့် စပ်လျဉ်း၍ အေအိုင်အာ ၁၉၅၄ အလာဟာဘတ် ၃၆၁ တွင် "တရားပြိုင်သည် မိမိရုံးချိန်း ပျက်ကွက်သည့်နေ့က ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်လိုလျှင် ရုံးချိန်းပျက်ရခြင်းအတွက် ခိုင်လုံသော အကြောင်းတင်ပြရန်လိုသည်။ သို့ရာတွင် အမှုတွင် ရောက်ရာအဆင့်မှ ပါဝင်ဆောင်ရွက်လိုလျှင် တစ်ဖက်သတ် စစ်ဆေးမည်ဟူသော အမိန့်ကို ပယ်ဖျက်ပြီးဖြစ်ရန်မလို၊ အကြောင်းမှာ နည်း၇ ကို ပြစ်ဒဏ်ခတ်ရန် ရည်မှန်းပြဋ္ဌာန်းထားခြင်းမဟုတ် တရားပြိုင်သည် တရားရုံးသို့ တစ်ဖန်လာရောက်သောအခါ ထိုအချိန်မှစ၍ အမှုကို တစ်ဖက်သတ် စစ်ဆေးခြင်းသည် ရပ်စဲသွားသည်" ဟု ထုံးဖွဲ့ခဲ့သည်။ ထိုအမြင်ကို အေအိုင်အာ ၁၉၅၅ တရားလွှတ်တော်ချုပ် ၄၂၅ တွင် လက်ခံထားပြီး ဖြစ်သည်။ တရားလွှတ်တော်ချုပ်က ပထမအကြိမ် အမှုကြားနာသည့်နေ့တွင် တရားပြိုင်သည် တရားရုံးသို့ လာရောက်ရန် ပျက်ကွက်သည့်အတွက် ခိုင်လုံသော အကြောင်းမပြနိုင်လျှင် အမှုပြီးဆုံးသည်အထိ လုံးဝ လာရောက်ခြင်း မပြုနိုင်တော့ဟု နည်း ၇ က မဆိုလိုကြောင်း ယင်းနည်းဥပဒေ၏ ဆိုလိုရင်းမှာ ၎င်းသာ လာရောက်ခဲ့လျှင် တည်ရှိမည့် အခြေအနေအတိုင်း ပြန်လည်ဆောင်ရွက်ခွင့် မရှိနိုင်ဟု ဆိုလိုသည်။ အမှုကို ကြားနာရန် ချိန်းဆိုသည့်နောက် ရုံးချိန်းရက်တွင် တရားပြိုင် လာရောက်ပါကပထမအကြိမ် အမှုကို ကြားနာသည့်နေ့တွင်ဖြစ်စေ၊ အခြားကြားနာသည့်နေ့တွင် ဖြစ်စေ၊ ရုံးချိန်းပျက်ကွက်ရသည့်အတွက် ခိုင်လုံသော အကြောင်းမတင်ပြနိုင်ဟူသော အကြောင်းသက်သက်ဖြင့် ရောက်ရာအဆင့်မှ ပါဝင်ဆောင်ရွက်ခွင့်ကို မပိတ်ပင်နိုင်ဟု ဆုံးဖြတ်သည်။ အဆိုပါ တရားလွှတ်တော်ချုပ်၏ အမြင်ကို ယခင်ဗဟိုတရားရုံးက ၁၉၈၃ မတစ ၅၇၊ ၁၉၈၃ မတစ ၁၃၇ နှင့် ၁၉၈၄ မတစ ၁၅၀ တို့တွင် လက်ခံကျင့်သုံးခဲ့ သည်ကို တွေ့ရှိရသည်။

**(စ) တစ်ဖက်သတ် စစ်ဆေးခြင်းတွင် ငြင်းချက်ထုတ်စစ်ဆေးရန် မလိုခြင်းနှင့် တရားလို၏ သက်သေထူရန် တာဝန်**

၁၃။ အမှုကို တစ်ဖက်သတ်စစ်ဆေးရာတွင် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်း တရားမကျင့်ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိချေ။ တစ်ဖက်သတ်ကြားနာရသော အမှုကို ငြင်းချက်မထုတ်ဘဲ အဆုံးအဖြတ်ပေးရမည်ဟူ၍ လည်းကောင်း။ ငြင်းချက်ထုတ်၍ တရားလိုဘက်ကို ကြားနာပြီးမှသာ အဆုံးအဖြတ် ပေးရမည်ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားချက် မရှိပေ။[(၆)] ငြင်းချက်ထုတ်နတ်စစ်ဆေးလေ့ မရှိ။[(၇)] တရားလိုသည် အမှုကို

တရားရုံးကျေနပ်လောက်အောင် သက်သေထူရန် တာဝန်ရှိသည်။ တရားပြိုင်မရှိရုံမျှဖြင့် ထိုတာဝန် ပေါ့သွားခြင်း မရှိ။[၈] အမိန့် ၃၇၊ နည်း ၂ အရ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းအပေါ် အခြေခံစွဲဆိုသည့် အမှုများတွင်မှတစ်ပါး တရားလိုသည် သက်သေခံချက် တင်ပြရမည်။[၉] မျက်မြင်အားဖြင့် ခိုင်လုံသော အမှုဖြစ်ကြောင်းပေါ်လွင်အောင် သက်သေပြရမည်။[၁၀] အမှုတွင် အနိုင်ရရှိရန် အလို့ငှာ သက်သေခံချက်များ တင်ပြရမည်ဖြစ်ကြောင်း တရားသူကြီးက တရားလိုအား ပြောပြရန် တာဝန်မရှိ[၁၁]။ တရားရုံးသည် တရားရုံးတွင်မရှိသော တရားပြိုင်၏ အကျိုးကို ထည့်သွင်းစဉ်းစားရန် တာဝန်ရှိသည်။[၁၂] အမှုကို တစ်ဖက်သတ် စစ်ဆေးရုံမျှ အခြားနည်းအားဖြင့် မခိုင်လုံသည့် သက်သေခံချက်အပေါ် မှီငြမ်းခြင်းမပြုရ[၁၃]။

### (ဆ) *တစ်ဖက်သတ်စစ်ဆေးမှုတွင် တရားပြိုင်၏ ပါဝင်ဆောင်ရွက်ခွင့်*

၁၄။ တစ်ဖက်သတ်စစ်ဆေးသော အမှုတွင် ရုံးချိန်းပျက်ကွက်ခဲ့သည့် တရားပြိုင်အနေဖြင့် မည်သို့ပါဝင်ဆောင်ရွက်ခွင့်ရှိသည်ကို ဦးအကောက်နှင့် ဦးမောင်မောင်[၁၄] အမှုတွင် အောက်ပါအတိုင်းညွှန်ပြထားသည်-

"အမှုကို ကြားနာသည့် ချိန်းဆိုသည့် နေ့တစ်နေ့တွင် တရားပြိုင်မှ တရားရုံးသို့ ရောက်ရန် ပျက်ကွက်ခဲ့ရာ ထိုသို့ ပျက်ကွက်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ခိုင်လုံသည့်အကြောင်းပေါ်ပေါက်လျှင် ထိုနေ့က တရားပြိုင် လာရောက်ဘိသကဲ့သို့ အမှုအား ကြားနာနိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၇ တွင် ပြဋ္ဌာန်းထားသည်။ အကယ်၍ ရုံးချိန်း ပျက်ကွက်သည့်အတွက် ခိုင်လုံသည့်အကြောင်း မပြနိုင်လျှင် မူလတရားပြိုင်သည် ထိုနေ့တွင် ဆောင်ရွက် ဖွယ်ရာရှိသည့် ကိစ္စများကို ဆောင်ရွက်ခွင့် မရနိုင်တော့ချေ ။ သို့သော်ရုံးချိန်းတစ်ချိန်း ပျက်ကွက်သဖြင့် တရားပြိုင်၏ မျက်ကွယ်တွင် အမှုကို စစ်ဆေးရန် စီစဉ်လိုက်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခွင့် လုံးဝမရှိတော့ဟု တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်ရာ အမှုကို တစ်ဖက်သတ်စစ်ဆေးရန် ချိန်းဆိုထားသည့်နေ့၌ တရားပြိုင်ဘက်မှ ရောက်ရှိလာပါက သက်သေခံသော တရားလိုကိုဖြစ်စေ၊ တရားလိုပြ သက်သေကို ဖြစ်စေ ပြန်လှန်စစ်မေးခွင့် ရှိပေသည်"။

၁၅။ အလားတူပင် ဦးကြည်နှင့် ဦးအေးချို[၁၅] အမှုတွင် အောက်ပါအတိုင်း ရှင်းပြထားသည်-

"အမှုကို ကြားနာရန် ချိန်းဆိုသော နေ့တစ်နေ့တွင် တရားပြိုင်ဘက်မှ တရားရုံးသို့ လာရောက်ရန် ပျက်ကွက်ခဲ့ရာတွင် ထိုသို့ ပျက်ကွက်ရခြင်းနှင့် စပ်လျဉ်း၍ ခိုင်လုံသည့်အကြောင်း တင်လျှင် ထိုနေ့က တရားပြိုင်လာရောက်သည့် သကဲ့သို့ သူ့အား ကြားနာနိုင်သည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၉၊ နည်း ၇ တွင် ပြဋ္ဌာန်းထားသည်။ အကယ်၍ ရုံးချိန်းပျက်ကွက်သည့်အတွက် ခိုင်လုံသည့်အကြောင်း မပြနိုင်လျှင် တရားပြိုင်သည် ထိုနေ့တွင် ဆောင်ရွက်ဖွယ်ရာရှိသည့် ကိစ္စများကို ဆောင်ရွက်ခွင့် မရနိုင်တော့ချေ။ သို့သော် ရုံးချိန်းတစ်ချိန်း ပျက်ကွက်ရုံဖြင့် တရားပြိုင်၏ မျက်ကွယ်တွင် အမှုကို စစ်ဆေးရန် စီစဉ်လိုက်ရုံမျှဖြင့် တရားပြိုင်သည် အမှုတွင် ဆက်လက်ပါဝင်ဆောင်ရွက်ခွင့် လုံးဝမရှိတော့ဟု တရားမကျင့်ထုံး ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိပေ။ သို့ဖြစ်ရာ အမှုကို တစ်ဖက်သတ် စစ်ဆေးရန် ချိန်းဆိုထားသည့်နေ့၌ တရားပြိုင်ဘက်မှ ရောက်ရှိလာပါက သက်သေခံသော တရားလိုကို ဖြစ်စေ၊ တရားလိုပြသက်သေကိုဖြစ်စေ ပြန်လှန်စစ်မေးခွင့်ရှိပေသည်။ အမှုတွင် ချေလွှာတင်သွင်းပြီးဖြစ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်း ၂ အရ သက်သေခံအထောက်အထားများ တင်ပြနိုင်ပေသည်။ အကယ်၍ တရားလိုဘက်ကို စစ်ဆေးပြီးစီးသည်အထိ အကြောင်းမဲ့ ပျက်ကွက်ပြီးအမှုကို လျှောက်လဲချက်ပေးရန် ချိန်းဆိုထားသော နေ့ကျမှ တရားပြိုင်သည် တရားရုံးရောက်ရှိလာလျှင် လျှောက်လဲချက်ပေးခွင့်ရှိပေသည်။ ဒီကရီချမှတ်သည့်နေ့အထိ တရားပြိုင်ဆက်လက်ပျက်ကွက်လျှင် ယင်းတစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၁၃ အရ လျှောက်ထားရန် ဖြစ်ပေသည်။ သို့မဟုတ် တစ်ဖက်သတ်ဒီကရီကို တရားမကျင့်ထုံးဥပဒေပုဒ်မ

၉၆ အရ အယူခံဝင်နိုင်ပေသည်"။ မတင်လုနှင့် မောင်ဝင်းဇော် စီရင်ထုံး[၁၆] တွင်လည်း အလားတူ ဆုံးဖြတ်ထားသည်။

**(ဂ) *တစ်ဖက်သတ်စစ်ဆေးသော အမှုတွင် ချမှတ်သော တစ်ဖက်သတ်ဒီကရီပယ်ဖျက်ရန်လျှောက်ထားခြင်း***

၁၆။ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်း ၆ (၁) (က) အရ တစ်ဖက်သတ် စစ်ဆေးပြီးနောက် ချမှတ်သည့် ဒီကရီသည် တစ်ဖက်သတ် ဒီကရီ ဖြစ်သည်။ ယင်းသို့ တစ်ဖက်သတ်ဒီကရီ သို့မဟုတ် အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်နှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၁၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

**အမိန့် ၉၊ နည်းဥပဒေ ၁၃**

မည်သည့်အမှုတွင်မဆို တရားပြိုင်တစ်ဦးအပေါ် ဒီကရီ သို့မဟုတ် အမိန့် တစ်ရပ်ကို တစ်ဖက်သတ် ချမှတ်ခဲ့လျှင် ထိုတရားပြိုင်သည် ယင်းဒီကရီ သို့မဟုတ် အမိန့်ကို ပယ်ဖျက်သည့် အမိန့်ချမှတ်ပေးရန် အလို့ငှာ အဆိုပါ တရားရုံးသို့ လျှောက်ထားနိုင်သည်။ သမ္မာန်စာကို မိမိထံ နည်းလမ်းတကျ ချအပ်ခဲ့ခြင်း မရှိကြောင်း၊ သို့မဟုတ် အမှုကြားနာရန် ချိန်းဆိုသောရက်တွင် လုံလောက်သော အကြောင်းတစ်ခုခုကြောင့် မိမိမလာရောက်နိုင်ခြင်းဖြစ်ကြောင်းတရားရုံးက ကျေနပ်အောင်တရားပြိုင်က တင်ပြလျှင် တရားရုံးသည် တရားစရိတ်နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ တရားရုံးသို့ ပေးသွင်းငွေနှင့် စပ်လျဉ်း၍ ဖြစ်စေအခြားအကြောင်းနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များ သတ်မှတ်၍ အဆိုပါ ဒီကရီ သို့မဟုတ် အမိန့်ကို ပယ်ဖျက်သည့် အမိန့်ချမှတ်ရမည့်အပြင် အမှုကို ဆက်လက်ဆောင်ရွက်ရန် ရက်တစ်ရက်ကိုလည်း သတ်မှတ်ပေးရမည်။

သို့ရာတွင် အဆိုပါ ဒီကရီ သို့မဟုတ် အမိန့်မှာ ၎င်းတရားပြိုင် တစ်ဦးတည်း အတွက်သာ ပယ်ဖျက်ပေးနိုင်သည့် ဒီကရီ သို့မဟုတ် အမိန့်အမျိုးအစားမဟုတ်လျှင် အခြားတရားပြိုင်အားလုံး သို့မဟုတ် ၎င်းတို့အနက် တစ်ဦးဦးအတွက်လည်း ပယ်ဖျက်ပေး နိုင်သည်။

ထို့ပြင် တရားလို၏ တောင်းဆိုချက်ကို အချိန်မီ လာရောက်ဖြေရှင်းနိုင် လောက်အောင်တရားပြိုင်သည် အမှုကြားနာမည့်ရက်ကို ကြိုတင်သိရှိခဲ့ကြောင်း၊ တရားရုံးက ကျေနပ်ပါက သမ္မာန်စာချအပ်ရာတွင် နည်းလမ်းမကျမှု ရှိခဲ့သည်ဟူသော အကြောင်းပြချက် သက်သက်ဖြင့် မည်သည့်ဒီကရီ သို့မဟုတ် အမိန့်ကိုမျှ ဤနည်းဥပဒေအရ ပယ်ဖျက်ခြင်း မပြုရ။

၁၇။ ယင်းပြဋ္ဌာန်းချက်၏ ဥပဒေသဘောမှာ နည်း ၁၃ တွင် တစ်ဖက်သတ်ဒီကရီများအပြင် အမိန့်များကိုလည်း ရည်ညွှန်းထားသည်။ သို့ဖြစ်ရာ တစ်ဖက်သတ်ထုတ်ဆင့်ထားသော တားဝရမ်းကို ဤနည်းဥပဒေအရ ပယ်ဖျက်နိုင်သည်[၁၇]။ နည်းဥပဒေ ၆ (၁) (က) အရ အမှုကို တစ်ဖက်သတ် စစ်ဆေးမည်ဟု ချမှတ်သော အမိန့်သည် နည်း ၁၃ တွင် အကျုံးဝင်သော အမိန့်မဟုတ်[၁၄][၁၅][၁၆]၍ ပယ်ဖျက်ပေးရန်အတွက် လျှောက်ထားရန် မလိုချေ။ ဒီကရီချမှတ်မှသာ ပယ်ဖျက်ပေး ရန် ဤနည်းဥပဒေအရ လျှောက်ထားနိုင်သည်။[၁၈] တရားပြိုင်အား အမှုကြားနာမည့်အကြောင်း နည်းလမ်းတကျ အကြောင်း မကြားသည့် အမှုများအပြင် မလွှဲမရှောင်သာသော ထိခိုက်အနာတရဖြစ်မှု၊ ကံဆိုးမှုကြောင့် အမှုကို မခုခံနိုင်ခြင်း၊ အမှုနိုင်သူက လိမ်လည်လှည့်ဖြားခြင်းကြောင့်ဖြစ်စေ၊ တရားပြိုင်ဘက်မှ မှားယွင်းမှု သို့မဟုတ် ခွင့်လွှတ်နိုင်သော ပေါ့ဆမှုကို အကြောင်းပြု၍ ဖြစ်စေ၊ မည်သည့် ဒီကရီကိုမဆို ပယ်ဖျက်နိုင်သည်။[၁၉]

***(ဈ) တစ်ဖက်သတ် ဒီကရီ သို့မဟုတ် အမိန့်ပယ်ဖျက်ခြင်းသည် အမိန့် ၉ နှင့်သာ သက်ဆိုင်ခြင်း***

၁၈။ ဤနည်းဥပဒေ ၁၃ သည် အမိန့် ၉ အရ တစ်ဖက်သတ်ချမှတ်သော ဒီကရီနှင့် သာမန်အားဖြင့် သက်ဆိုင်သည်။ အမိန့် ၉ နှင့် သက်ဆိုင်စေရမည်ဟု တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအရ တိုးချဲ့ထားခြင်းမရှိလျှင် တစ်ဖက်သတ် ချမှတ်ထားစေကာမူ ဤနည်းဥပဒေနှင့်မဆိုင်။ သို့ဖြစ်ရာ အမိန့် ၁၇၊ နည်း ၃[၂၀] သို့မဟုတ် အမိန့် ၁၁၊ နည်း ၂၁ အရ ဆုံးဖြတ်သောအမှုတွင် တရားပြိုင်သည် ဤနည်းဥပဒေအရ လျှောက်ထားခြင်းမပြုနိုင်။ အကြောင်းမှာ ထိုနည်းဥပဒေများတွင် အမိန့် ၉ အရ ဆောင်ရွက်နိုင်ကြောင်း တရားရုံးအား အာဏာအပ်နှင်းထားခြင်း မရှိပေ။ နည်း ၁၃ တွင် ရည်ညွှန်းထားသော ဒီကရီမှာ ပထမအကြိမ် အမှုကြားနာမည့်နေ့တွင် နည်း ၆ အရ ချမှတ် သော ဒီကရီ[၂၁] သို့မဟုတ် အမှုကို ကြားနာရန် ရွှေ့ဆိုင်းသည့်နေ့တွင် အမိန့် ၁၇၊ နည်း ၂ နှင့် အမိန့် ၉ အရ ချမှတ်သော ဒီကရီ[၂၂] ဖြစ်သည်။ အမိန့် ၁၇၊ နည်း ၂ တွင် အမိန့် ၉ အရ ဆောင်ရွက်ရန် အတိအလင်း ပြဋ္ဌာန်းထား၍ နစ်နာသည့် အမှုသည်သည်ဤနည်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်း ဆောင်ရွက်နိုင်သည်။[၂၃] အမှုကို အယူခံတရားရုံးက ပြန်လည်စစ်ဆေးရာ၌ တရားပြိုင်မလာ၍ ကြားနာဆုံးဖြတ်သော ဒီကရီသည် တစ်ဖက်သတ်ဒီကရီ ဖြစ်သည်။[၂၄] အလားတူပင် တရားပြိုင် ပျက်ကွက်၍ ချမှတ်သော အပြီးသတ် ဒီကရီသည် ဤနည်းဥပဒေ၏ အဓိပ္ပာယ်တွင် အကျုံးဝင်သော တစ်ဖက်သတ်ဒီကရီ ဖြစ်သည်။[၂၅] မပျက်မကွက် ကြားနာရန် ချိန်းဆိုသော နေ့တွင် တရားပြိုင်မလာ၍ တရားရုံးက ၎င်းအပေါ် တစ်ဖက်သတ် စစ်ဆေးရာတွင် အမိန့် ၁၇၊ နည်း ၂ အရ ဆောင်ရွက်ခြင်းဖြစ်၍ တရားပြိုင်သည် အမိန့် ၉ နည်း ၁၃ အရ လျှောက်ထားနိုင်သည်။[၂၆] တစ်ပိုင်းတစ်စ ကြားနာပြီးသော အမှုကို နောက်ထပ်ကြားနာရန် ချိန်းဆိုသောနေ့တွင် တရားပြိုင်ပျက်ကွက်၍ အမှုကို အဆုံးအဖြတ်ပေးခြင်းသည် အမိန့် ၁၇၊ နည်း ၂ အရ ချမှတ်သော ဒီကရီဖြစ်၍ အမိန့် ၉၊ နည်း ၁၃ အရ ပယ်ဖျက်ပစ်ရန် လျှောက်ထားနိုင်သည်။[၂၇] ထိုနည်းတူ အမှုကို ကြားနာရန် ခေါ်သောအခါ တရားပြိုင်ဘက်မှ ရုံးချိန်းပျက်သဖြင့် တရားရုံးသည် အမိန့် ၁၇၊ နည်း ၂ အရမှတစ်ပါး အခြားနည်းဆောင်ရွက်နိုင်ရန် အကြောင်းမရှိသဖြင့် တရားပြိုင်သည် တစ်ဖက်သတ် ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သည်။[၂၈]

၁၉။ အမှုတွဲတွင် သက်သေခံချက်ရှိပြီးဖြစ်သော အမှု၌ ဒီကရီမချမှတ်မီ တရားရုံးက အမှုသွားအမှုလာကို စိစစ်လျှင် ချမှတ်သော ဒီကရီသည် တစ်ဖက်သတ်ဒီကရီ မဖြစ်နိုင်။[၂၉] သို့ဖြစ်ရာ အမှုတွင် နစ်ဖက်က သက်သေခံချက်များတင်ပြပြီး လျှောက်လဲချက်ကြားနာရန်သာ ကျန်ရှိတော့လျှင် တရားရုံးသည် တစ်ဖက်သတ် ဒီကရီမချမှတ်သင့်။[၃၀] တရားပြိုင် အမှန်တကယ် လာရောက်လျှင် ၎င်းအနေဖြင့် သက်သေပြရန် ပျက်ကွက်ရုံမျှဖြင့် ဒီကရီသည် တစ်ဖက်သတ်ဒီကရီမဖြစ်နိုင်။[၃၁] တစ်ပိုင်းတစ်စ ကြားနာပြီးသော အမှုကို ခေတ္တရုံးဆင်းသဖြင့် ရွှေ့ဆိုင်းလိုက်ပြီး များမကြာမီ ပြန်လည်စစ်ဆေးသောအခါ တရားလိုဘက်မှ ရုံးချိန်းပျက်ကွက်သဖြင့် တရားလို၏ အမှုကို ပလပ်ကာ တရားပြိုင်က တောင်းဆိုထားသော ခုခံချက်အရ ၎င်းအား အနိုင်ပေး ချမှတ်သော ဒီကရီသည် တစ်ဖက်သတ်ဒီကရီ မဟုတ်။[၃၂]

***(ည) တစ်ဖက်သတ်ဒီကရီချမှတ်ရာတွင် ကုစားနိုင်သည့်နည်းလမ်းများ***

၂၀။ တစ်ဖက်သတ်ဒီကရီချမှတ်ခြင်း ခံရသော တရားပြိုင်အတွက် အောက်ပါလမ်းလေးသွယ် ပွင့်လျက်ရှိသည်-

(က) တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန် နည်း ၁၃ အရ လျှောက်ထားခြင်း။

(ခ) ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်း။[၃၃]

(ဂ) ဒီကရီအယူခံဝင်ခြင်း။[၃၄]

(ဃ) လိမ်လည်လှည့်ဖြားရယူထားသည်ဟူသော အကြောင်းပြချက်ဖြင့် ပယ်ဖျက်ပေးရန် တရားတစ်ထုံးစွဲဆိုခြင်း။[၃၅]

၂၁။ အမိန့် ၉၊ နည်း ၁၃ အရ လျှောက်ထားခြင်း မပြုဘဲ တရားပြိုင်သည် ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားနိုင်သည်။[၃၆] ဤနည်းဥပဒေအရ လျှောက်ထားလွှာကို ပလပ်လိုက်သည့်တိုင်အောင် ပြန်လည် သုံးသပ်ပေးစေရန် လျှောက်ထားနိုင်သည်။[၃၇]

၂၂။ ဒီကရီကို အယူခံဝင်ရုံမျှဖြင့် နည်း ၁၃ အရ လျှောက်ထားခွင့်ကို ပိတ်ပင်ခြင်း မပြု။ ဒီကရီကို အယူခံရုံးက ပယ်ဖျက်ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း မပြုသေးသရွေ့ မူလတရားရုံး၏ ဒီကရီမှာ ဆက်လက်တည်ရှိနေသည်။[၃၈] ဤနည်းဥပဒေ အရ ဆောင်ရွက်ချက်သည် အယူခံမှုနှင့်လုံးဝကွဲပြား ခြားနားသည်။ အမှုနှစ်မှုတွင် ချမှတ်သော စီရင်ချက်များ ဝိရောဓိဖြစ်ရန် အကြောင်းမရှိချေ။[၃၉] တစ်ဖက်တွင် အယူခံမှုကို ဆုံးဖြတ်လိုက်ပြီးနောက် မူလရုံးသည် နည်း ၁၃ အရ လျှောက်ထားချက်ကို လက်ခံဆုံးဖြတ်ရန် စီရင်ပိုင်ခွင့်အာဏာမရှိတော့ချေ။[၄၀] တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန် နည်း ၁၃ အရ လျှောက်လွှာ နှင့် အယူခံလွှာကို တစ်ချိန်တည်း တင်သွင်းထားရာတွင် အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်လိုက်သောအခါ မူလရုံး၏ ဒီကရီမှာ မတည်ရှိတော့၍ နည်း ၁၃ အရ ဆက်လက်ဆောင်ရွက်ရန် အကြောင်းမရှိတော့ချေ။ အယူခံတရားလိုသည်နည်း ၁၃အရ လျှောက်လွှာကို ဆိုင်းငံ့ထားစေရန် သို့မဟုတ် လျှောက်လွှာကို အယူခံတရားရုံးက ပုဒ်မ ၄(၁)(ခ) အရ ပြောင်းလွှဲယူရန် အယူခံတရားရုံးသို့ လျှောက်ထားသင့်သည်[၄၁] တစ်ဖက်တွင် အယူခံမှုကို ရုံးချိန်းပျက်၍ ပလပ်လိုက်လျှင် မူလတရားရုံး၏ ဒီကရီကို လွှမ်းခြုံသွားသော အယူခံတရားရုံး၏ ဒီကရီရှိသည်ဟု မဆိုနိုင်သဖြင့် နည်း ၁၃ အရ လျှောက်ထားမှုကို မူလတရားရုံးက အရေးယူဆောင်ရွက်နိုင်သည်[၄၂] ထိုနည်းတူ ကွယ်လွန်သူ အယူခံတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်များ ထည့်သွင်းရန် ပျက်ကွက်ခြင်းကြောင့် အယူခံမှုရပ်စဲသွားရာတွင် မူလရုံးဒီကရီနှင့် အယူခံရုံးဒီကရီတို့ ပေါင်းစပ်ခြင်း မရှိသဖြင့် နည်း ၁၃ အရ ဆောင်ရွက်နိုင်သည်။[၄၃]

၂၃။ တစ်ဖက်သတ်ချမှတ်ထားသည့် အပြီးသတ်ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်ကိစ္စတွင် ပဏာမဒီကရီကို အတည်ပြုသော အယူခံရုံးက လက်ခံစီရင်ပိုင်ခွင့်မရှိ၊ မူလရုံးကသာ လက်ခံစီရင်ပိုင်ခွင့် ရှိသည်[၄၄]

၂၄။ တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်း မပြုဘဲ လိမ်လည်လှည့်ဖြားရယူထားသည်ဟူသော အကြောင်းပြချက်ဖြင့် ဒီကရီကို ပယ်ဖျက်ပေးရန် တရားတစ်ထုံးစွဲဆိုနိုင်သည်။[၄၅] နည်း ၁၃ အရ လျှောက်ထားရာတွင် မအောင်မြင်စေကာမူ တရားတစ်ထုံးစွဲဆိုနိုင်သည်။[၄၆] တစ်ဖက်၌ အမှုတွင် တင်ပြထားသော ပြဿနာကို နည်း ၁၃ အရ တင်သွင်းသည့်လျှောက်လွှာ၌ လျှောက်ထားသူ၏ အကျိုးနှင့်ဆန့်ကျင်၍ အဆုံးအဖြတ်ပေးပြီးဖြစ်ပါမူ ယင်းဆုံးဖြတ်ချက် သည် မီးသေမည်ဖြစ်၍ ယင်းပြဿနာကို တရားမကြီးမှုတွင် ထပ်မံအဆုံးအဖြတ် ခံယူခွင့် မရှိတော့ချေ။[၄၇] ထို့ပြင် အမှုတွင် တင်ပြသော ပြဿနာသည် နည်း ၁၃ အရ အဆုံးအဖြတ် ပေးနိုင်သော ကိစ္စဖြစ်လျှင် အမှုထပ်မံစွဲဆိုခွင့် မရှိချေ။[၄၈] ဥပမာ-စွပ်စွဲသော လိမ်လည်လှည့်ဖြားမှုများ သမ္မာန်စာများ ချအပ်ခြင်း မရှိဟူသော အချက်သက်သက်ဖြစ်လျှင် စွဲဆိုသော အမှုသည် အောင်မြင်နိုင်မည် မဟုတ်။[၄၉] သို့ရာတွင် ဒီကရီချမှတ်ထားသော အမှုတစ်မှုလုံးကို လိမ်လည်လှည့်ဖြားမှု အပေါ် အခြေခံကာ ထိခိုက်ရာတွင် ဆင့်စာချရာ၌ ချွတ်ယွင်းခြင်း သို့မဟုတ် ထုံးနည်းမကျခြင်းကို လိမ်လည်လှည့်ဖြားမှု၏ အခြေခံတစ်ခုအနေဖြင့် တင်ပြသည့် ကိစ္စတွင်မူ တစ်မျိုးဖြစ်သည်။[၅၀] ကလကတ္တားအတွဲ ၂၉၊ စာ ၃၉၅ တွင် ပရီဗီ ကောင်စီက သုံးသပ်ခဲ့သည့်အတိုင်း အမိန့် ၉၊ နည်း ၁၃ က တရားမကြီးမှုအစစ်ရှိသည်ဟု မှတ်ယူထားသည်ဖြစ်ရာ အမှုကိုပင် လိမ်လည်လှည့်ဖြားမှုနှင့် လိမ်လည်လှည့်ဖြားမှုအဆင့်ဆင့် (သမ္မာန်စာချအပ်ခြင်းသည် အမှု၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်) အပေါ် အခြေခံကာ တိုက်ခိုက်လာသည့်အခါ နည်း ၁၃ နှင့် သက်ဆိုင်ရန် အကြောင်းမရှိတော့၊ သမ္မာန်စာချအပ်သည့် ကိစ္စတွင် အဖြစ်မှန်ကို လိမ်လည်လှည့်ဖြား၍ ဖုံးဖိထားခြင်းသည် တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်နိုင်သော

လုံလောက်သည့်အကြောင်း ဖြစ်စေနိုင်သည်။[၅၁] သို့ဖြစ်ရာ တရားလိုသည် တရားပြိုင်၏ ဖခင်အမည်ကို ဖုံးဖိကာ မဆိုင်သူအား ဆင့်စာချအပ်စေပြီး တရားပြိုင်သည် အစစ်ဝင် မဟုတ်ကြောင်း သိလျက်နှင့် ၎င်းအား တရားပြိုင်အဖြစ် ထည့်သွင်းခဲ့သည့် အမှုတွင် ဒီကရီကို လိမ်လည်လှည့်ဖြားရယူခဲ့ခြင်း ဖြစ်သည်။[၅၂] ထိုနည်းတူ တရားလိုက တရားပြိုင်သည် ဝေးလံသော ဒေသသို့ ရောက်နေသည်ဟုဆိုကာ အခြားနည်း သမ္မာန်စာချအပ်စေကာ ရယူခဲ့သော ဒီကရီသည် လိမ်လည်လှည့်ဖြားမှုကြောင့် ပျက်ပြယ်သည်။[၅၃]

၂၅။ သို့ရာတွင် တစ်ဖက်သတ် ဒီကရီကို မမှန်သော သို့မဟုတ် မမှန်ဖန်တီးထားသော သက်သေခံချက်ဖြင့် ရယူခဲ့ခြင်း သက်သက်သည် တစ်ဖက်သတ် ဒီကရီကို ပယ်ဖျက်ရန် အကြောင်းမဟုတ်၊ ထိုထက်နိုင်မာသော အထောက်အထားသက်သေ ထူရန် လိုသည်။[၅၄] လိမ်လည်လှည့်ဖြားခြင်း ကိစ္စကို လျှောက်လွှာတွင်တင်ပြထား၍ နည်း ၁၃ အရ အဆုံးအဖြတ် ပေးပြီးဖြစ်လျှင် မီးသေသည်ဖြစ်၍ တရားတစ်ထုံးစွဲဆိုခြင်း မပြုနိုင်[၅၅]။

## (၄) *တစ်ဖက်သတ်ဒီကရီ ပယ်ဖျက်ပေးရန် လျှောက်ထားမှုတွင် ရှေ့နေကိုယ်စားလှယ်စာအသစ် တင်သွင်းရန် မလိုခြင်း*

၂၆။ တစ်ဖက်သတ်ဒီကရီ ပယ်ဖျက်ပေးစေရန် လျှောက်ထားသော ကိစ္စသည် တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်းဥပဒေ ၄ (၂) တွင် အကျုံးဝင်သော တရားမကြီးမှု၌ ဆောင်ရွက်ချက်၏ တစ်စိတ်တစ်ဒေသဖြစ်၍ နည်း ၁၃ အရ လျှောက်ထားရန် အတွက် ရှေ့နေကိုယ်စားလှယ်စာအသစ် တင်သွင်းရန် မလို[၅၆]။

## (၅) *တစ်ဖက်သတ်ဒီကရီအား ပယ်ဖျက်ပေးရန် လျှောက်ထားခွင့်ရှိသူ*

၂၇။ "တရားပြိုင်တစ်ဦးအပေါ်" ဟူသော စကားရပ်က ဒီကရီတွင် ခွင့်ပြုထားသော သက်သာခွင့်နှင့် အတိအကျ သက်ဆိုင်သူ တရားပြိုင်ကသာ ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်သည်ဟု ဆိုလိုရာရောက်ကြောင်း တစ်ထစ်ချ မဆိုနိုင်၊ အမှုဆိုင်ပြိုင်လျက်ရှိသော တရားပြိုင်တစ်ဦး၏ အခွင့်အရေးအား အကြီးအကျယ် ထိခိုက်သော ဒီကရီကို ချမှတ်သည့် အမှုနှင့်လည်း သက်ဆိုင်သည်။ သို့ဖြစ်ရာ ပြဿနာ အစစ်အမှန်မှာ အချင်းဖြစ် တောင်းဆိုချက်ကို တရားလိုနှင့် အမှုဆိုင် ပြိုင်သော တရားပြိုင်တို့ နှစ်ဦးအနက် မည်သူအမှန်တကယ် ရထိုက်သည်ဟူသော အချက်ဖြစ်ရာတွင် တစ်ဖက်သတ်ဒီကရီ ချမှတ်လျှင် ပြိုင်ဆိုင်သော တရားပြိုင်များသည် ဤနည်းဥပဒေအရ လျှောက်ထားနိုင်သည်။[၅၇] သို့ရာတွင် အမှုသည်မဟုတ်သူ တစ်ဦးသည် အမှုတွင် အကျိုးသက်ဆိုင်ခွင့်ရှိစေကာမူ ဤနည်းဥပဒေအရ လျှောက်ထားခွင့်မရှိ[၅၈]။ ထိုနည်းတူ အမှုတွင် အမှုသည်အဖြစ် ပါဝင်သော်လည်း ဒီကရီ၏ အဓိကအပိုင်းသည် ၎င်းနှင့်သက်ဆိုင်ခြင်းမရှိလျှင်[၅၉] သို့မဟုတ် ၎င်းအား ဒီကရီမှ အတိအလင်း ကင်းလွတ်ခွင့်ပြုထားလျှင်[၆၀]၊ ဤနည်းဥပဒေအရ လျှောက်ထားခြင်းမပြုနိုင်၊ သို့ဖြစ်ရာ တရားပြိုင်တစ်ဦး နှင့် စပ်လျဉ်း၍ အမှုကို ပလပ်ထားလျှင် ထိုသူသည် ဤနည်းဥပဒေအရ လျှောက်ထားခြင်း မပြုနိုင်[၆၀]။

၂၈။ အမှုသည်က လျှောက်ထားခြင်း မပြုဘဲ တရားရုံးက မိမိသဘောအလျောက် တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ခြင်း မပြုနိုင်[၆၂]။

၂၉။ တစ်ဖက်သတ်ဒီကရီချမှတ်ပြီးနောက် တရားပြိုင်သေဆုံးသွားလျှင် ၎င်း၏ တရားဝင်ကိုယ်စားလှယ်များသည် ဤနည်းဥပဒေအရ လျှောက်ထားနိုင်သည်။[၆၃]

## (၃) *တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်နိုင်သော အကြောင်းရပ်များအကြောင်း*

၃၀။ နည်းဥပဒေအရ လျှောက်ထားသည့် ကိစ္စတွင် တရားရုံးသည် အောက်ပါအချက်တစ်ရပ်ကို ကျေနပ်ရမည်-

(က) သမ္မာန်စာကို နည်းလမ်းတကျ ချအပ်မှု မရှိခြင်း သို့မဟုတ်

(ခ) အမှုကြားနာရန် ချိန်းဆိုသော ရက်တွင် လုံလောက်သော အကြောင်းတစ်ခုခုကြောင့် တရားပြိုင်သည်

တရားရုံးသို့ မလာရောက်နိုင်ခြင်း။

၃၁။ ဤအချက်တစ်ရပ်ရပ်နှင့် ညီညွတ်ကြောင်းတွေ့ရလျှင် တရားရုံးသည် တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ရန် တာဝန်ရှိသည်။ အခြားအကြောင်းတစ်ရပ်ရပ်အရ ငြင်းပယ်ခြင်း မပြုနိုင်[၆၄]။ အပြန်အလှန်အားဖြင့် အထက်ပါ အချက်တစ်ရရပ်ရပ်နှင့် မညီညွတ်လျှင် တရားရုံးသည် အခြားအကြောင်းပြချက်ဖြင့် လျှောက်လွှာကို ခွင့်ပြုနိုင်ခွင့်မရှိ[၆၅]။

၃၂။ သက်သေခံချက်များ[၆၆] အရဖြစ်စေ၊ ကျမ်းကျိန်လွှာများ[၆၇] အရဖြစ်စေ၊ တရားရုံးသည်လျှောက်လွှာပါ စွပ်စွဲချက်များ အပေါ် အတိအကျ အဆုံးအဖြတ် ပေးရမည်။

၃၃။ သမ္မာန်စာကို နည်းလမ်းတကျ ချအပ်သည်ဆိုရာ၌ သမ္မာန်စာကို တရားမကျင့်ထုံးနည်းဥပဒေတွင် ပါရှိသည့် ညွှန်ကြားချက်များနှင့်အညီ ဆိုင်ရာပုံစံအရ ချအပ်ခြင်းသာမက တရားပြိုင်သည် ၎င်းအပေါ် ချမှတ်သော ဒီကရီကို သိရှိသည် (ထိုသို့ ချမှတ်ကြောင်း မသိအောင် တရားပြိုင်က တမင်သက်သက် ဆောင်ရွက်ထားသည့် အမှုတွင်မှတစ်ပါး) ဟု တရားရုံးက ကျေနပ်စေမည့် အခြေအနေတွင် ချအပ်ခြင်းကိုလည်း ဆိုလိုသည်။[၆၈] သမ္မာန်စာကို နည်းလမ်းတကျ မချအပ်ကြောင်း သက်သေပြရန် တာဝန်သည် လျှောက်ထားသူအပေါ် ကျရောက်သည်[၆၉]။ နည်း ၆ အရ လိုအပ်သည့် နည်းလမ်းတကျ ချအပ်မှုကို တရားရုံးတွင် သက်သေထင်ရှားခြင်းမရှိကြောင်း လျှောက်ထားသူက တင်ပြနိုင်လျှင် ဒီကရီကို ပယ်ဖျက်ရမည်[၇၀]။ သို့ရာတွင် တရားပြိုင်က သမ္မာန်စာချအပ်သည်ကို မသိပါဟု တင်ပြရုံမျှဖြင့် သမ္မာန်စာကို နည်းလမ်းတကျ ချအပ်မှု မရှိကြောင်း သက်သေပြရန် မလုံလောက်[၇၁]။

၃၄။ သက်သေပြရန်တာဝန်သည် ကနဦးတွင် လျှောက်ထားသူအပေါ် ကျရောက်သော်လည်း သမ္မာန်စာကို တရားပြိုင်အား လက်ထိလက်ရောက် ချအပ်ခြင်း မရှိသည့်ကိစ္စတွင် ထိုတာဝန်သည် တစ်ဖက်အမှုသည်အပေါ် ပြောင်းသွားသည်။ အမိန့် ၅၊ နည်း ၁၂ သို့မဟုတ် နည်း ၁၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာခဲ့ကြောင်း တရားလိုက ပြရမည်[၇၂]။ ဆင့်စာလုလင်သည် သမ္မာန်စာကို မကပ်မီ တရားပြိုင်ကို ရှာဖွေတွေ့ရှိစေရန် ထိုက်သင့်သော လုံ့လဥဿာဟ စိုက်ထုတ်ခဲ့ခြင်း ရှိမရှိ တရားရုံးက အမှုတစ်မှုစီတွင် စီစစ်ရန် လိုအပ်သည်။[၇၃]

၃၅။ သမ္မာန်စာတွင် တရားပြိုင်၏ အဖေအမည်ကို မှားယွင်းရေးသားခြင်းကြောင့် ချအပ်ခဲ့ခြင်းမရှိလျှင်[၇၄] ဖြစ်စေ၊ တရားပြိုင်အား မချအပ်ဘဲ ၎င်း၏ ညီအား ချအပ်ခဲ့လျှင်[၇၅] ဖြစ်စေ၊ မှတ်ပုံတင်စာဖြင့် ချအပ်ရာတွင် တရားပြိုင်ကမရကြောင်း ငြင်းလျှင်[၇၆] ဖြစ်စေ၊ အမိန့် ၅၊ နည်း ၁၇ ပါ လုပ်ထုံးလုပ်နည်းကို လိုက်နာရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အခြားနည်းသမ္မာန်စာ ထုတ်ဆင့်သည့်အမှုတွင် အမိန့် ၅၊ နည်း ၁၉ နှင့် နည်း ၂၀ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြောင်း အမှုတွဲ၌ မထင်ရှားလျှင်[၇၇] ဖြစ်စေ၊ အလွဲပြော၍သော်လည်းကောင်း၊ လိမ်လည်လှည့်ဖြား၍သော်လည်းကောင်း၊ အခြားနည်းသမ္မာန်စာကို ထုတ်ဆင့်ခဲ့လျှင်[၇၈] ဖြစ်စေ၊ တရားပြိုင်သည် တရားရုံးသို့ လာရောက်ထုချေရန် လုံလောက်သော အချိန်မရခဲ့လျှင်[၇၉] ဖြစ်စေ၊ တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ရန် ဖြစ်သည်။

၃၆။ အမှုကြားနာရန် ချိန်းဆိုသော ရက်တွင် လုံလောက်သော အကြောင်းတစ်ခုခုကြောင့် တရားရုံးသို့ မလာရောက်နိုင် ကြောင်း တရားရုံးက ကျေနပ်လောက်အောင် လျှောက်ထားသူက သက်သေပြရမည်။[၈၀] "လုံလောက်သောအကြောင်း" ဆိုရာတွင် တရားပြိုင်မသိအောင် သမ္မာန်စာကို လိမ်လည်လှည့်ဖြား၍ ဖုံးဖိထားခြင်း ပါဝင်သည်။[၈၁]

၃၇။ အထက်တရားရုံးတွင် အမှုလိုက်ပါ ဆောင်ရွက်ရသဖြင့် ရုံးချိန်းတစ်ချိန်း ပျက်ကွက်ရခြင်းသည် လုံလောက်သော အကြောင်းဖြစ်သည်။[၈၂]

၃၈။ တရားပြိုင်ထံသို့ သမ္မာန်စာကို တစ်သီးတစ်ခြား ချအပ်ခြင်း မပြုဘဲ ၎င်းအပေါ် အစုစပ်လုပ်ငန်း၏

အစုဝင်တစ်ဦးအနေဖြင့် ဒီကရီချမှတ်ထားရာတွင် တရားပြိုင်က အစုဝင်မဟုတ်ကြောင်း ငြင်းဆိုလာလျှင် တရားရုံးသည် တစ်ဖက်သတ် ဒီကရီ ကို ပယ်ဖျက်သင့်သည်။[၇၃]

***(ပ) တစ်ဖက်သတ်ဒီကရီ ပယ်ဖျက်ပေးရန်ကာလစည်းကမ်းသတ်***

၃၉။ တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန်ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၆၄ တွင် သတ်မှတ် ထားသည့်အတိုင်း ရက် (၃၀) အတွင်း လျှောက်ထားရမည်။ ထိုကာလကို ပုဒ်မ ၅ အရ တိုးချဲ့ခြင်း မပြုနိုင်[၇၄]။ တရားပြိုင်အား သမ္မာန်စာကို နည်းလမ်းတကျ ချအပ်ခဲ့လျှင် ရက် (၃၀) ကို ဒီကရီချမှတ်သည့်နေ့ကစ၍ ရေတွက်ရမည်။သမ္မာန်စာကို နည်းလမ်းတကျ မချမှတ်ခဲ့ပါမူ လျှောက်ထားသူက ဒီကရီချမှတ်ကြောင်း သိသည့်နေ့ကစ၍ရေတွက်ရန် ဖြစ်သည်။ အခြားနည်းသမ္မာန်စာချအပ်ခြင်းသည် ကာလစည်းကမ်းသတ် ဥပဒေအလို့ငှာ နည်းလမ်းတကျ ချအပ်ခြင်း မဟုတ်[၇၅]။

***(ဖ) တစ်ဖက်သတ်ဒီကရီပယ်ဖျက်ခြင်းနှင့် တရားပြိုင်များ အကျိုးကိစ္စရပ်***

၄၀။ (က) တစ်ဖက်သတ်ဒီကရီကို တရားပြိုင်များအပေါ် ပူးတွဲချမှတ်ထားသည့်အပြင် ခွဲခြမ်းစိတ်ဖြာ၍ မရနိုင်လျှင် တရားပြိုင်အားလုံး အကျိုးအတွက် ပယ်ဖျက်ရမည်[၇၆]။

(ခ) တရားပြိုင်အားလုံးနှင့် သက်ဆိုင်သည့် အကြောင်းအပေါ် အခြေခံ၍ ချမှတ်ထားသော တစ်ဖက်သတ်ဒီကရီ ကို တရားပြိုင်အားလုံး အကျိုးအတွက် ပယ်ဖျက်ရမည်။

(ဂ) တရားမျှတမှု အလို့ငှာ ဒီကရီတစ်ရပ်လုံးကို ပယ်ဖျက်ရန် လိုအပ်လျှင် တစ်နည်းဆိုရသော် အခြားတရားပြိုင် များအပေါ် ချမှတ်ထားသော ဒီကရီကိုပါ ပယ်ဖျက်ခြင်းမပြုဘဲ လျှောက်ထားသူရထိုက်ခွင့်ရှိသော သက်သာခွင့်ကို ထိထိ ရောက်ရောက် မပေးနိုင်လျှင် တစ်ဖက်သတ်ဒီကရီကို တရားပြိုင်အားလုံးအကျိုးအတွက် ပယ်ဖျက်ရမည်။

(ဃ) အခြားတရားပြိုင်များအပေါ် ချမှတ်သည့် ဒီကရီကိုပါ ပယ်ဖျက်ခြင်း မပြုလျှင် ဝိရောဓိဖြစ်မည့် ဒီကရီနှစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်လျှင် တစ်ဖက်သတ်ဒီကရီကို တရားပြိုင်အားလုံး အကျိုးအတွက် ပယ်ဖျက်ရမည်။

***(ဗ) မူလဘူတအာဏာကျင့်သုံး၍ပယ်ဖျက်ခြင်း မပြုနိုင်ခြင်း***

၄၁။ တရားရုံးသည် တစ်ဖက်သတ်ဒီကရီကို အမိန့် ၉၊ နည်း ၁၃ အရသာ ပယ်ဖျက်နိုင်သည်။ ရုံးချိန်းပျက်ကွက်ရသည့် အတွက် လိုအပ်သောအကြောင်း မပြနိုင်သည့်အမှုကို မူလဘူတအာဏာကို ကျင့်သုံး၍ ပယ်ဖျက်ခြင်း မပြုနိုင်[၇၇]။

***(ဘ) တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ခြင်း၏ အကျိုးသက်ရောက်မှု***

၄၂။ တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်လိုက်သောအခါ အမှုသည်များသည် ယခင်အခြေအနေသို့ ပြန်ရောက်သွားသည်[၇၈] တရားရုံးသည် ဒီကရီမချမှတ်မီ ရောက်ရှိခဲ့သော အဆင့်မှ အမှုကို ဆက်လက်ဆောင်ရွက်ရန် ဖြစ်သည်။[၇၉] အမှုကို အစမှ ပြန်စစ်ရန် ဖြစ်သည်။ အမှုကို တစ်ဖက်သတ် စစ်ဆေးရာ၌ မှတ်တမ်းတင်ခဲ့သော သက်သေခံများကို တရားပြိုင်များ အပေါ် အသုံးမပြုနိုင်[၈၀]။ တစ်ဖက်သတ်ဒီကရီကို ဝရမ်းကပ်ခြင်း[၈၁]၊ ရောင်းချခြင်း[၈၂]တို့သည် ပျက်ပြယ်သွားသည်။ ဒီကရီကို အတည်ပြုရာ၌ ရယူထားသော ပစ္စည်းကို ပိုနေမြဲ ကျားနေမြဲ ပြန်ပေးအပ်ရမည်[၈၃]။ သူတစ်ပါးက လေလံစွဲ ဝယ်ယူထားသည့် ကိစ္စတွင်မူ တစ်မျိုး ဖြစ်သည်။

၄၃။ သို့ရာတွင် တစ်ဖက်သတ်ချမှတ်ထားသော အပြီးသတ်ဒီကရီသည် ပဏာမဒီကရီကို ပယ်ဖျက်ရာ မရောက်နိုင်[၈၄]။

***(မ) တစ်ဖက်သတ်ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်လွှာကို ရုံးချိန်းပျက်သဖြင့် ပလပ်လိုက်လျှင်***

*ပြန်လည် လက်ခံရန် လျှောက်ထားနိုင်သည်။*

၄၄။ တစ်ဖက်သတ် ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်လွှာကို ရုံးချိန်းပျက်သဖြင့် ပလပ်လိုက်လျှင် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရ ပြန်လည်လက်ခံနိုင်သည်[၉၁]။

* * *

## အပိုင်း (၂)

## တရားမမှုများတွင် ဝန်ခံဒီကရီ ချမှတ်ခြင်း

၄၅။ တရားမမှုများ စစ်ဆေးကြရာတွင် တရားရုံးများအနေဖြင့် အမှုကို ကြန့်ကြာမှု မရှိစေရန်နှင့် ဥပဒေလုပ်ထုံးလုပ်နည်းများ နှင့်အညီ ဖြစ်စေရန် အမှန်ကို ဖော်ထုတ်၍ အမှုသည်များ၏ သက်သာခွင့်ကို အဆုံးအဖြတ်ပြုကြရသည်။ တရားလို၏ စွဲဆိုသော အမှုကို တရားပြိုင်ဘက်က ဝန်ခံဖြောင့်လွှာတင်သွင်းသဖြင့် တရားရုံးက ဝန်ခံဒီကရီ ချမှတ်ပေးရသည့် အမှုများလည်း ရှိကြသည်။

### *(က) ဝန်ခံဒီကရီချမှတ်သည့် အမှုအခြေအနေ*

၄၆။ တရားရုံးအဆင့်ဆင့်တွင် တရားလို၏ စွဲဆိုမှုအပေါ် တရားပြိုင်က ဝန်ခံလွှာ တင်သွင်းသဖြင့် ဝန်ခံဒီကရီ ချမှတ်ပေးရသော အမှုများ ရှိခဲ့ကြောင်းတွေ့ ရှိရသည်။ အလားတူ အခြားတိုင်းနှင့် ပြည်နယ်၏ တရားရုံး အဆင့်ဆင့်တွင်လည်း ဝန်ခံဒီကရီ ချမှတ်ရသော အမှုများ အများအပြား ရှိနေမည် ဖြစ်သည်။ တရားရုံးအဆင့်ဆင့်၏ ဝန်ခံဒီကရီ ချမှတ်သော တရားမမှုခင်းများတွင် အများဆုံးမှာ ဘဏ်မှုခင်းများ ဖြစ်သည်ကို လေ့လာတွေ့ ရှိရသည်။ ဘဏ်ကစွဲဆိုသည့် အပေါင်မှုများတွင် ပေါင်နှံသူတရားပြိုင်အနေဖြင့် ငြင်းကွယ်ထုချေရန် အကြောင်းခိုင်လုံမှု မရှိသဖြင့် ဝန်ခံချေလွှာ တင်သွင်းကြသည်ဖြစ်ရာ တရားရုံးများက ဝန်ခံဒီကရီကို ချမှတ်ပေးခြင်းဖြင့် အမှုကို မြန်ဆန်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်။ အကျိုးဖြစ်ထွန်းသည်။

၄၇။ ဘဏ်အပေါင်မှုမှလွဲ၍ တရားပြိုင်က ဝန်ခံလွှာတင်သွင်းသော အခြားတရားမမှုများတွင် သဘောရိုးဖြင့် တရားလို စွဲဆိုသော အမှုကို ဝန်ခံခြင်းရှိသကဲ့သို့ တရားလိုနှင့် စွဲဆိုခြင်း ခံရသူ တရားပြိုင်တို့ ပူးပေါင်း၍ ဝန်ခံဒီကရီရယူသည့် ကိစ္စမျိုး အကြောင်းခြင်းရာနှင့် ဥပဒေဆိုင်ရာတို့အပေါ် လက်တစ်လုံးခြား ဖုံးကွယ်လို၍ သို့မဟုတ် မိမိအကျိုးအတွက် တရားလို၊ တရားပြိုင်တို့ စည်းဝါးရိုက်၍ ဝန်ခံဒီကရီရယူရန် ဆောင်ရွက်သည့် ကိစ္စမျိုး တရားရုံး၏ ဒီကရီအား ခုတုံးလုပ်၍ မိမိ၏ အခွင့်အရေးကို ဖန်တီးသည့် ကိစ္စရပ်မျိုးများသည်လည်း ယနေ့တရားမမှုများတွင် တွေ့ရှိနိုင်သည်ဖြစ်၍ ဝန်ခံဒီကရီ ချမှတ်ခြင်းနှင့် သက်ဆိုင်သည့် တရားမကျင့်ထုံးဆိုင်ရာ ပြဋ္ဌာန်းချက်၊ စီရင်ထုံးလမ်းညွှန်ချက်များမှာ မလွဲမသွေ ကျွမ်းကျင် နားလည်တတ်ကျွမ်းရန် အထူးပင် အရေးကြီးပေသည်။

၄၈။ တရားမမှုအစ အဆိုကဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၊ နည်း ၁ အရ တွေ့မြင်နိုင်သည်။ တရားမမှု တစ်မှုကို တရားလိုက အဆိုလွှာ တင်သွင်းခြင်း ဖြင့်စတင်သည်။ အဆိုအချေနမူနာများကို တရားမကျင့်ထုံးဥပဒေ၏ နောက်ဆက်တွဲ၌ ဖော်ပြထားသည်ဖြစ်ရာ သင့်မြတ်သလို ပြင်ဆင်အသုံးပြုရန် ဖြစ်သည်။ ယင်းနမူနာပုံစံများကို လေ့လာပါက အဆိုအချေတို့ကို တိုတိုနှင့်လိုရင်းရေးရန်ဖြစ်ကြောင်း တွေ့မြင်ရမည် ဖြစ်သည်။ အဆိုအချေနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၆၊ နည်းဥပဒေ ၁ မှ ၁၈ ထိ အဆိုလွှာနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်းဥပဒေ ၁ မှ ၁၈ ထိ ချေလွှာနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၁ မှ ၁၀ ထိ ပြဋ္ဌာန်းထားသည်။

### *(ခ) တရားလို၏ အဆိုလွှာအပေါ် ဝန်ခံချေလွှာတင်သွင်းခြင်း*

၄၉။ တရားလို၏ အဆိုလွှာအပေါ် တရားပြိုင်က ချေလွှာတင်သွင်းရာတွင် တရားလို၏ အဆိုလွှာအပေါ် ငြင်းကွယ်ထုချေခြင်း၊ ခုခံချေပခြင်း မရှိဘဲ ဝန်ခံချေလွှာ တင်သွင်းနိုင်သည်။ တစ်နည်းအားဖြင့် တရားလိုစွဲဆိုလွှာပါ သက်သာခွင့်တောင်းဆိုမှုအပေါ် အတိအလင်းအားဖြင့် ဝန်ခံခြင်း ဖြစ်သည်။

**အမိန့် ၈၊ နည်းဥပဒေ ၁** တရားမမှုတစ်မှုတွင် အမှုသည်တစ်ဦးဦးသည် အခြားအမှုသည်တစ်ဦး၏ အမှုတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသမှာ အမှန်ဖြစ်သည်ဟု ဝန်ခံကြောင်းကို မိမိ၏ အဆိုအချေတွင် ဖော်ပြ၍ဖြစ်စေ၊ အခြားနည်းဖြင့် ရေးသားတင်ပြ၍ဖြစ်စေ အကြောင်းကြားနိုင်သည်။

၅၀။ သက်သေခံဥပဒေပုဒ်မ ၅၈ အရ အဆိုအချေတွင် ဝန်ခံသော အကြောင်းချင်းရာများကို သက်သေပြရန်မလို[၁]။ ငြင်းချက်ထုတ်ရန် မလို။ ဤအမိန့်တွင် ပါရှိသည့် လုပ်ထုံးလုပ်နည်းကို လိုက်နာခြင်းဖြင့် ထိုသို့ သက်သေပြရခြင်းအတွက် စရိတ်စက သက်သာစေမည်။ အမှုဆိုင်ပြိုင်ခြင်းကို တိုတောင်းစေမည် ဖြစ်သည်[၂]။ ထို့ပြင် ဝန်ခံချက်များသည် အခိုင်အမာဆုံး သက်သေခံချက် ဖြစ်သည်။

၅၁။ ဝန်ခံချက်တစ်ရပ်လုံးကို လက်ခံလိုက လက်ခံရန် သို့မဟုတ် လုံးဝ လက်ခံခြင်းမပြုရန် ဖြစ်သည်။ သို့ဖြစ်ရာ ချေလွှာတွင် တရားလိုအား အကျိုးရှိစေသည့် အကြောင်းချင်းရာအချို့ကို ဝန်ခံပြီးအချို့ကို ငြင်းသည့်အမှုတွင် ဝန်ခံချက်ကိုလက်ခံလျှင် တရားလိုသည် မိမိအား အကျိုးရှိသည့် ဝန်ခံချက်ကို ကွယ်၍ လက်ခံရန် မဟုတ်။ ပထမ အကြောင်းခြင်းရာသာမက ဒုတိယအကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ တရားပြိုင်၏ ထုချေချက်ကို လက်ခံရန် ဖြစ်သည်[၃]။ တောင်းဆိုချက် တစ်စိတ် တစ်ဒေသကို ဝန်ခံသည့် ကိစ္စတွင်မူ တရားလိုသည် ထိုသို့ ဝန်ခံသည့် အစိတ်အပိုင်းအတွက် ဒီကရီရခွင့်ရှိသည်။ ငြင်းသည့် အပိုင်းအတွက်အမှုကို ဆက်လက် စစ်ဆေးရန် ဖြစ်သည်။ အမှုတွင် ဝန်ခံချက်နှင့် ငြင်းဆိုချက်နှစ်ရပ်လုံးကို လက်ခံလိုက လက်ခံရန် သို့မဟုတ် ဝန်ခံချက်ကို လျစ်လျူရှုပြီး အမှုတစ်ခုလုံးကို ဆက်လက် စစ်ဆေးရန်ဟူသော ဥပဒေသ မရှိချေ[၄]။ တရားလို မိုငြမ်းပြု၍ စွဲဆိုသော စာချုပ်စာတမ်းကို ချုပ်ဆိုကြောင်း တရားပြိုင်က ဝန်ခံသော်လည်း ယင်းစာချုပ်မှာ အကျိုးသက်ရောက်မှု မရှိကြောင်း ထုချေလာသည့် ကိစ္စတွင် တရားပြိုင်၏ တာဝန်ကို ဝန်ခံခြင်းအလျှဉ်းမဟုတ်ချေ[၅]။

## *(ဂ) ဝန်ခံသည်ဟု မှတ်ယူနိုင်သော ချေလွှာ*

၅၂။ တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်းဥပဒေ ၃ အရ တရားပြိုင်သည် တရားလို၏ အဆိုလွှာအပေါ် ယေဘုယျ ငြင်းဆိုရုံဖြင့် မလုံလောက်၊ မိမိဝန်မခံသော အကြောင်းခြင်းရာဆိုင်ရာ အဆိုပြုချက်အသီးသီးကို တိတိကျကျ ငြင်းဆိုရမည် ဖြစ်သည်။ နည်းဥပဒေ ၄ တွင် ငြင်းဆိုသည့်အခါ ဝေ့လည်ကြောင်းပတ် ငြင်းဆိုခြင်းမပြုရ၊ ဆင်ခွေ့ရန်ရှောင်သဘော ငြင်းဆိုခြင်း မပြုရဟု သတ်မှတ်ထားသည်။

၅၃။ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ တွင်မူ တိကျသော ငြင်းဆိုချက် မပြုလျှင် ဝန်ခံသည်ဟု မှတ်ယူနိုင်ကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

**အမိန့် ၈၊ နည်းဥပဒေ ၅** အဆိုလွှာတွင် အဆိုပြုထားသည့် အကြောင်းခြင်းရာ အသီးသီးကို တရားပြိုင်၏ ချေလွှာတွင် အတိအကျ ဖြစ်စေ၊လိုအပ်သော အရိပ်အမြွက်ဖော်ဆို၍ ဖြစ်စေ ငြင်းဆိုခြင်းမပြုလျှင်သော်လည်းကောင်း၊ ဝန်ခံခြင်းမပြုကြောင်း ဖော်ပြခြင်း မရှိလျှင်သော် လည်းကောင်း၊ မစွမ်းဆောင်နိုင်သူအပေါ် အဆိုပြုသည်မှတစ်ပါး ယင်းအဆိုပြုချက် မှန်ကန်ကြောင်း ဝန်ခံခြင်း ဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဤကဲ့သို့ ဝန်ခံထားသော အကြောင်းခြင်းရာ တစ်ခုခု မှန်ကန်ကြောင်းကို ယင်းသို့ ဝန်ခံခဲ့သော နည်းလမ်းဖြင့် မဟုတ်ဘဲ အခြားနည်းဖြင့်

အကြောင်းခြင်းရာ တစ်ခုခု မှန်ကန်ကြောင်းကို ယင်းသို့ ဝန်ခံခဲ့သော နည်းလမ်းဖြင့် မဟုတ်ဘဲ အခြားနည်းဖြင့် သက်သေအထောက်အထား တင်ပြစေရန် တရားရုံးက မိမိသဘောအတိုင်း ဆင့်ဆိုနိုင်သည်။

၅၄။ အဆိုအချေများ၏ ရည်ရွယ်ချက်မှာ အမှုသည်များအကြား အငြင်းပွားချက်ကို ဖော်ထုတ်ရန်ဖြစ်၍ ဤအမိန့်၏ ရည်ရွယ်ချက်မှာ ငြင်းချက်ဖောင်းပွခြင်းကို ပိတ်ပင်ရန် ဖြစ်သည်။ ဤနည်းဥပဒေတွင် နည်း ၃ ကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးသက်ရောက်မှုကို ဖော်ပြထားသည်။ နည်း ၅ သည် နည်း ၃ နှင့် မညီညွတ်သည့် အဓိပ္ပာယ်ဖြင့် ဖတ်ရှုရန် မဟုတ်။ သို့ဖြစ်ရာ ယေဘုယျဆန်ဆန် ငြင်းဆိုခြင်းသည် သွယ်ဝိုက်ငြင်းဆိုရာရောက်သည်ဟု ကောက်ယူခြင်း မပြုနိုင်[၆]။ "အတိအကျ" ဟူသော စကားရပ်သည် "ဝန်ခံခြင်းမပြုကြောင်း ဖော်ပြခြင်း မရှိ" နှင့်လည်း သက်ဆိုင်သည်။ သို့ဖြစ်ရာ ဝန်ခံရန် ငြင်းဆန်လျှင် တိတိကျကျ ဖော်ပြရမည်။

၅၅။ ဤနည်း ဥပဒေပါမှုသဘောသည် ချေလွှာပါ အဆိုပြုချက်များနှင့် မဆိုင်၊ သို့ဖြစ်၍ ချေလွှာပါ အဆိုပြုချက်များကို တိတိကျကျမငြင်းဆိုခြင်းသည် ဝန်ခံသည်ဟု မဆိုနိုင်[၇]။

၅၆။ ချေလွှာတွင် အဆိုလွှာပါ စွပ်စွဲချက်ကို ဖြေကြားရန် မလိုဟု ထုချေခြင်းသည် လိုအပ်သော အရိပ်အမြွက်ဖော်ဆို၍ ငြင်းဆိုခြင်း မဟုတ်[၈]။

၅၇။ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ ၏ အကျိုးသက်ရောက်မှုမှာ တိတိကျကျ ငြင်းဆိုခြင်း မပြုလျှင်ဖြစ်စေ၊ ဝန်ခံခြင်းမပြုကြောင်း ဖော်ပြခြင်းမရှိလျှင်ဖြစ်စေ၊ အဆိုလွှာပါ စွပ်စွဲချက်များကို တရားလိုအနေဖြင့် သက်သေပြရန် တာဝန်ရှိခြင်းမှ သက်သာရာရစေသည်[၉]။

၅၈။ အကြောင်းခြင်းရာတစ်ခုကို မသိပါဟု ငြင်းဆိုခြင်းသည် ယင်းအကြောင်းခြင်းရာကို ငြင်းဆိုခြင်းမဟုတ်၊ ယင်း အကြောင်းခြင်းရာကို အငြင်းထွက်စေခြင်းပင် မဟုတ်၊ ထိုအကြောင်းကို မသိဟု တရားပြိုင်က ငြင်းရုံမျှသာ ဖြစ်သည်။ သို့ရာတွင် တစ်ဦးတစ်ယောက်သောသူသည် မိမိကိုယ်တိုင် မသိသောအကြောင်းခြင်းရာကို ဝန်ခံနိုင်သည်။ ပစ္စည်းပေါင်နှံထားခြင်းကို တိတိကျကျငြင်းဆိုခြင်း သို့မဟုတ် အခြေခံခြင်းမပြုဘဲ ပေါင်နှံထားခြင်းကို မသိဟုသာ ငြင်းဆိုထားသည့် ကိစ္စတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၅ အရ ပေါင်နှံသည့်ကိစ္စကို သွယ်ဝိုက်ဝန်ခံရာ ရောက်သည်။[၁၀]

၅၉။ ဦးသန်းဦးနှင့် ဦးစုဟန်[၁၁]၊ အမှုတွင် "တရားလိုသည် အဆိုလွှာအပိုဒ် ၃ တွင် အင်္ဂလိပ်လအလိုက် ၁ ရက်နေ့မှ လကုန်အထိ ငှားရမ်းကြောင်း တိတိကျကျစွပ်စွဲထားသည်ကို တရားပြိုင်က အတိအလင်းငြင်းဆိုခြင်း မပြု။ ၁၄-၂-၇၇ နေ့မှ စတင်ငှားရမ်းနေထိုင်ခြင်းဖြစ်ကြောင်း ထုချေချက်သည် တရားလိုဘက်မှ အဆိုပြုထားသည့်အတိုင်း အင်္ဂလိပ်ပြက္ခဒိန် လအလိုက် ငှားရမ်းခြင်း မဟုတ်ဟု ငြင်းဆိုရာ မရောက်ချေ။ သို့ဖြစ်ရာ အင်္ဂလိပ်ပြက္ခဒိန်လအလိုက် လဆန်း ၁ ရက်နေ့ မှ လကုန်ရက်အထိ ငှားရမ်းကြောင်း အဆိုလွှာအပိုဒ် ၃ ပါ အဆိုပြုချက်များ မှန်ကန်ကြောင်း၊ တရားပြိုင်က ဝန်ခံသည်ဟု တရားမကျင့်ထုံး ဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ အရ မှတ်ယူရပေလိမ့်မည်" ဟု ထုံးဖွဲ့ထားသည်။

***(ဃ) ဝန်ခံရာရောက်သောအကြောင်းခြင်းရာများကို သက်သေအထောက်အထားပြရန် တရားရုံးက ဆင့်ဆိုခြင်း***

၆၀။ ချေလွှာတွင် တိတိကျကျ မငြင်းသော အဆိုလွှာပါ အဆိုပြုချက်တစ်ရပ်ကို ဝန်ခံသည်ဟု မှတ်ယူနိုင်သည်[၁၂] သို့ရာတွင် တရားရုံးသည် ယင်းသို့ ဝန်ခံရာရောက်သော အကြောင်းချင်းရာများကို ယင်းသို့ ဝန်ခံခဲ့သော နည်းလမ်းဖြင့် မဟုတ်ဘဲ အခြားနည်းဖြင့် သက်သေအထောက်အထား တင်ပြစေရန် ဆင့်ဆိုနိုင်သည်။[၁၃]

ငြင်းဆိုရာ သဘောသက်ရောက်သည်ဟု ကောက်ယူခြင်း မပြုနိုင်သော အဆိုလွှာပါ အဆိုပြုချက်ကို ဝန်ခံသည်ဟု မှတ်ယူနိုင်ကြောင်း ပြဋ္ဌာန်းထားသည်မှာ မှန်သော်လည်း တရားရုံးသည် ယင်းသို့ ဝန်ခံသည်ဟု မှတ်ယူနိုင်သော အကြောင်းခြင်းရာများကို ထိုသို့ မှတ်ယူခြင်းမပြုဘဲ မိမိသဘောအတိုင်း သက်သေပြစေနိုင်သည်။ တရားလိုဘက်မှ အဆိုပြုချက်ကို တရားပြိုင်ဘက်မှ ပြတ်ပြတ်သားသားငြင်းဆိုခြင်း မပြုသည့် ကိစ္စသည် ဝန်ခံရာ ရောက်သည်ဟု မှတ်ယူသင့်မသင့် တရားရုံးက လေးလေးနက်နက် စိစစ်ရန် လိုအပ်သည်။ ချေလွှာတစ်ခုလုံးကို ဖတ်ကြည့်ရာတွင် တရားပြိုင်ဘက်က တရားလို၏ ပိုင်ဆိုင်မှုကို ဝန်ခံမှု မပြုလိုကြောင်း ပေါ်ပေါက်လျှင် တရားရုံးသည် အမိန့် ၈၊ နည်း ၅ ၏ ပထမစာပိုဒ်ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် မသင့် ချေ။[၃၄] ပူးပေါင်းကြံစည်၍ ဝန်ခံသည် ဟုတရားရုံးက သံသယဖြစ်လျှင်ဖြစ်စေ၊ အများပြည်သူဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ရှောင်ရှားရန်ဖြစ်စေ[၃၅]၊ တရားပြိုင်က အဆိုပြုချက်ကို ငြင်းရန်ပျက်ကွက်ခြင်းမှာ အဆိုလွှာပါ မပြတ်သားသော ကျေနပ်ဖွယ် မရှိသော အဆိုပြုချက်များကြောင့် ဖြစ်ရလျှင်[၃၆] ဖြစ်စေ၊ တရားရုံးသည် ဆင်ခြင်ခွင့်အာဏာကို ကျင့်သုံးသင့်သည်၊ ခြွင်းချက်ကို ကာလစည်းကမ်းသတ်ကိစ္စကို ထောက်ခံရန်အတွက် အသုံးမပြုသင့်[၃၇]။

၆၂။ အဆင့်အတန်း (Status) ပြဿနာများ အကျုံးဝင်သော မြွက်ဟကြေငြာပေးစေလိုမှုများတွင် အမှုသည်က ဝန်ခံရုံမျှဖြင့် တရားရုံးက ဒီကရီချမှတ်ပေးရန် တာဝန်မရှိ၊ အကြောင်းခြင်းရာတို့ကို သက်သေထင်ရှားပြဆိုစေနိုင်သည်[၃၈] ထိုနည်းတူ အိမ်ထောင်ရေးကိစ္စများတွင် ဝန်ခံရုံမျှဖြင့် စီရင်ချက် ချမှတ်ခြင်း မပြုနိုင်[၃၉]။

**၆၃။ သက်သေခံအက်ဥပဒေပုဒ်မ ၅၈ နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ ပါ ပြဋ္ဌာန်းချက်များမှာ အတူတူပင် ဖြစ်သည်။ တရားလို၏ အဆိုပြုချက်ကို ဝန်ခံလျှင် တရားလိုဘက်မှ ထိုသို့ ဝန်ခံသည့်အချက်ကို သက်သေပြရန် မလိုဟု ဆိုခြင်းသည် ရာနှုန်းပြည့်မမှန်ချေ။ တရားရုံးက ဝန်ခံသည့်အချက်ကို သက်သေပြရန် ဆင့်ဆိုနိုင်သည်။ သို့ဖြစ်ရာ ဝန်ခံသည့်အချက်ကို သက်သေပြရန် လိုမလိုဆိုသော အချက်မှာ တရားရုံး၏ အဆုံးအဖြတ်ပေါ် မူတည်သည်။**

***(ဂ) ချေလွှာတင်ရန် ပျက်ကွက်ခြင်း။ မဆိုင်ခြင်း***

၆၄။ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်း ၅ သည် တရားပြိုင်ကချေလွှာတင်ခြင်း မပြုသည့် ကိစ္စနှင့် မဆိုင်၊ သို့ဖြစ်၍ ချေလွှာဝင်ရန် ပျက်ကွက်ရုံမျှဖြင့် တရားလိုစွဲဆိုသည့်အမှုကို တစ်ဖက်သတ်ဒီကရီ ချမပေးနိုင်ပေ[၄၀]။

***(ဃ) ဝန်ခံချက်များအပေါ် စီရင်ချက်ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ခြင်း***

၆၅။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၂ နည်း ၆ တွင် ဝန်ခံချက်များအပေါ် စီရင်ချက် ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

**အမိန့် ၁၂ နည်း ၆ (၁)တွင်** အဆိုအချေများပင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ၊ အကြောင်းခြင်းရာ ဝန်ခံချက်များ ပြုပြီးသောအခါ တရားမမှုတစ်မှု၏ မည်သည့်အဆင့်တွင်မဆို အမှုသည် တစ်ဦးဦးသည် နှစ်ဖက်အမှုသည်များ အငြင်းပွားလျက်ရှိသော အခြားပြဿနာ တစ်ရပ်ရပ်အပေါ် အဆုံးအဖြတ်ပေးသည်ကို စောင့်ဆိုင်းခြင်း မပြုတော့ဘဲ အဆိုပါ ဝန်ခံချက်များအရ လည်းကောင်း။ ရခွင့်ရှိသော စီရင်ချက် သို့မဟုတ် ဒီကရီ သို့မဟုတ် အမိန့်ကို ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။ တရားရုံးသည် အဆိုပါ လျှောက်ထားချက်အရ ဖြစ်စေ၊ မိမိ၏ သဘောအလျောက် ဖြစ်စေ၊ တရားရုံးက တရား မျှတသည်ဟု ထင်မြင်သော

စီရင်ချက် သို့မဟုတ်၊ ဒီကရီ သို့မဟုတ်၊ အမိန့်ကို ချမှတ်နိုင်သည်။

(၂) ဤနည်းဥပဒေအရ ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်ကို အမှုတွင် နှစ်ဖက်အမှုသည်များ အငြင်းပွားလျက်ရှိသော အခြားပြဿနာများကို ဆုံးဖြတ်ရန် ကျန်ရှိနေစေကာမူ မည်သည့်အခါတွင်မဆို အတည်ပြုနိုင်သည်။

***(ဆ) တရားမကျင့်ထုံး ဥပဒေအမိန့် ၁၂ နည်း ၆ ၏ ဥပဒေသဘော***

၆၆။ တစ်ဖက်အမှုသည်၏ ဝန်ခံချက်အရ စီရင်ချက်ချမှတ်ပေးရန် အမှုသည်တစ်ဦးစီ ဤနည်းဥပဒေအရ လျှောက်ထားနိုင်သည်။ ရည်ရွယ်ချက်မှာ စီရင်ချက်ကို စောလျင်စွာ ရရှိနိုင်စေရန် ဖြစ်သည်။ ယုတ်စွအဆုံး တစ်ဖက်အမှုသည်၏ ဝန်ခံချက်အတိုင်း အတာအရ ရထိုက်သော သက်သာခွင့်ကို ရရှိစေရန် ဖြစ်သည်[၂၁]။ သို့ရာတွင် အမှုသည်သည် ဤနည်းဥပဒေကို အသုံးချရန် တာဝန်မရှိ။ ဤနည်းဥပဒေအရ လျှောက်ထားမှု မပြုခြင်းသည် အမှုစစ်ဆေးသည့်အခါ ဝန်ခံချက်အပေါ် အားကိုးအားထားပြုခြင်းကို မပိတ်ပင်။ ဤနည်းဥပဒေအရ လျှောက်ထားသည့်အခါ တိုင်းတရားရုံးက စီရင်ချက်ချမှတ်ရန် တာဝန်မရှိ။ တရားရုံးက မိမိသဘောအတိုင်း ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်သည်[၂၂]။

၆၇။ စီရင်ချက်ချမှတ်ပေးရန် ဤနည်းဥပဒေအရ လျှောက်ထားရာ၌ ဆိုင်ရာအမှုသည်သည် ကျန်တောင်းဆိုချက်ကို စွန့်လွှတ်ရန်မလို[၂၃]။ သို့ရာတွင် ဝန်ခံချက်သည် ရှင်းလင်းပြတ်သားရမည်[၂၄]။ ထို့ပြင် တရားလိုအရေးဆိုသော အခွင့်အရေးသည် အမှန်စင်စစ် ဥပဒေအရ တည်ရှိလျှင်[၂၅]ဖြစ်စေ၊ တရားစွဲဆိုနိုင်ရန် အကြောင်းလုံး၀ မပေါ်ပေါက်လျှင်[၂၆]ဖြစ်စေ၊ တရားပြိုင်က ဝန်ခံကြောင်း တရားလိုသည် တစ်ထစ်ချ ဒီကရီရခွင့်ရှိမည် မဟုတ်။

၆၈။ ဤနည်းဥပဒေသည် အကြောင်းခြင်းရာများနှင့် စပ်လျဉ်းသည့် ဝန်ခံချက်များကိုသာ ရည်ညွှန်းသည်။ ဥပဒေအကြောင်း ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်းသည့် ဝန်ခံချက်များကို ရည်ညွှန်းခြင်းမပြု[၂၇]။ ဤနည်းဥပဒေသည် ဝန်ခံပြီးသည့် အကြောင်းအရာကို စစ်ဆေးရန် မလိုဟုမဆို၊ ဝန်ခံသည့်အကြောင်းအရာပေါ် အခြေခံ၍ စီရင်ချက်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းသာ ဖြစ်သည်။

***(ဇ) အမှုအားလုံးတွင် ဝန်ခံချက်အရ စီရင်ချက် ချမှတ်ရန် တာဝန်မရှိ***

၆၉။ တရားရုံးသည် ဤနည်းဥပဒေပါပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေ ဆောင်ရွက်ရန်မလို။ မိမိသဘောအတိုင်း ဆောင်ရွက် ရန် ဖြစ်သည်။ သို့ဖြစ်ရာ အမှုအားလုံးတွင် ဝန်ခံချက်အရ စီရင်ချက်ချမှတ်ရန် တာဝန်မရှိချေ။[၂၈] ဤနည်းဥပဒေအရ လျှောက်ထားလာရာတွင် အမှုကို ဤနည်းဥပဒေအရ အဆုံးအဖြတ်ပေးရန် အဆင်ပြေမည် မဟုတ်လျှင် ဖြစ်စေ၊ ဝန်ခံချက်အရ စီရင်ချက်ချမှတ်ရန် မသေချာလျှင်ဖြစ်စေ၊ တရားရုံးသည် မိမိဆင်ခြင်တုံတရားကို ကျင့်သုံးရာ၌ လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်[၂၉]။ သို့ဖြစ်ရာ လင်မယားကွာရှင်းပေးစေလိုမှုများတွင် အမှုသည်များ ကြံ့တင်စည်းဝါးကိုက်ရန် အကြောင်းရှိ သည်ဖြစ်၍ အမှုသည်များ၏ ဝန်ခံချက်များအရ ကွာရှင်းသည့် ဒီကရီမှာ သာမန်အားဖြင့် ချမှတ်လေ့ မရှိ[၃၀]။

**(ဈ) အဆိုအချေအရမဟုတ်ဘဲ အခြားနည်းဖြင့် ဝန်ခံခြင်း**

၇၀။ အခြားနည်းဖြင့် ဝန်ခံခြင်းတွင် နှုတ်ဖြင့် ဝန်ခံခြင်းပါဝင်သည်။ အမှုမစွဲဆိုမီဖြစ်စေ၊ အမှုစွဲဆိုပြီးမှုဖြစ်စေ၊ ရေးသားသော စာများတွင်ပါသည့် ဝန်ခံချက်များသည် ဤနည်းဥပဒေအလို့ငှာ လုံလောက်သည်[၃၁]။

နိဂုံး

၇၁။ တရားမကျင့်ထုံးဥပဒေသည် ရှုပ်ထွေးသည်၊ အဆင့်တွေများလွန်းသည်၊ နားလည်ရခက်သည်ဟု ဆိုသော်လည်း ဥပဒေပညာရှင်များသာ နားလည်စေရန် ရည်ရွယ်ပြဋ္ဌာန်းရေးသားထားခြင်း မဟုတ်ကြောင်း တွေ့မြင်နိုင်ပါသည်။ တစ်ဖက်တွင်လည်း အထူးအလေးအနက်ဖတ်ရှုရန် လေ့လာသင်ယူရန်လိုအပ်ပါသည်။ အမှုတစ်မှုတွင် ပေါ်ပေါက်သော ဖြစ်ရပ်နှင့် အံဝင်ခွင်ကျသော ဥပဒေ၊ နည်းဥပဒေ ရှာဖွေအသုံးပြုတတ်ရန် လိုအပ်သည်။ အံဝင်ခွင်ကျသည့်ဥပဒေ ရှာဖွေတွေ့ရှိပါကလည်း အမှုအကြောင်းခြင်းရာနှင့် စပ်ဟပ်၍ အသုံးချတတ်ရန် လိုမည်ဖြစ်ပါသည်။

၇၂။ ဤစာတမ်းအား တရားရုံးချုပ် (နေပြည်တော်)၏ လမ်းညွှန်ချက်နှင့်အညီ ပြုစုတင်ပြခြင်းဖြစ်သော်လည်း တရားရုံးများ၌ လက်တွေ့တရားမ တရားစီရင်မှုတွင် တစ်ဖက်သတ်စစ်ဆေးခြင်း၊ ဝန်ခံဒီကရီချမှတ်ခြင်းဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

အဖွဲ့(၂)
(စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ ပဲခူး(အနောက်)
ရှမ်း(မြောက်)၊ မကွေး)

အပိုင်း(၁)

**တရားမမှုများတွင် တစ်ဖက်သတ်စစ်ဆေးခြင်းဆိုင်ရာ ရည်ညွှန်းစီရင်ထုံးများ**

(၁) မစန်းငွေးနှင့် မောင်မြပါ ၂ ၊ အေအိုင်အာ ၁၉၃၅ ရန်ကုန်၊ ၁၆၁ (၁၆၂-၁၆၃)
(၂) ယူစွတ်အရစ်(ဖ)မေထရီနှင့် အင်အရစ်(ဖ)နူး၊ ဘီအယ်လ်အာ အတွဲ ၁၃၊ စာ ၄၁
(၃) မရွှေပုံနှင့် ကေအေအာရ်စီရာမင်ချစ်တီး၊ အောက်မြန်မာ အတွဲ ၁၊ စာ ၂၆
မောင်ကြွယ်နှင့် မရွှေဖဲ (၁၀၉၂-၉၆)၊ အထက်မြန်မာ အတွဲ ၂ စာ ၂၆၂
(၄) မတင်လှ (ခ) နူရ်ဂျန် (ခ) မငွက်ထော်နှင့် မောင်ဝင်းဇော် (ခ) ကုလားလေး၊ ၁၉၈၄ မတစ ၁၅၀
(၅) အေအိုင်အာ ၁၉၅၄ ပန်ဂျပ် ၂၀၇
(၆) ဦးလှဘုနတ်နှင့် ဦးကျော်မြင့်၊ ၁၉၀၀ မတစ ၉၇
(၇) အေအိုင်အာ ၁၉၂၃ နဂ္ဂပူး ၇၃
အေအိုင်အာ ၁၉၂၀ နဂ္ဂပူး ၁၆၅ (လုပ်ထုံးလုပ်နည်းကို ရှင်းပြသည်။)
(၈) အေအိုင်အာ ၁၉၅၆ ကာလကတ္တား ၈၇
(၉) အေအိုင်အာ ၁၉၁၇ ကာလကတ္တား ၂၆၉
(၁၀) အေအိုင်အာ ၁၉၄၀ နဂ္ဂပူး ၁၆၀
(၁၁) အိုင်အယ်လ်အာရ် ၁၉၅၁ ရပ်ဂျ် အတွဲ ၁ စာ ၁၇၃
(၁၂) အေအိုင်အာ ၁၉၂၄ ကာလကတ္တား ၆၄၇
(၁၃) အေအိုင်အာ ၁၉၁၇ အောက် ၁၉၄
(၁၄) ၁၉၈၃ မတစ ၅၇

(၁၅) ၁၉၈၃ မတာစ ၁၃၇
(၁၆) ၁၉၈၄ မတာစ ၁၅၀
(၁၇) ကေမိုအိန်နှင်း နှင့် မြန်မာနိုင်ငံအစိုးရအပေါင်ဆိုင်၊ ၁၉၅၀၊ မတာစ ၂၀၄ (တရားလွှတ်တော်)
(၁၈) အေအိုင်အာ ၁၉၃၉ မဒရပ် ၃၈၅
(၁၉) မောင်(င)ချုပ်နှင့် မောင်(င)အုံးခိုင် (၁၉၀၇-၀၉) အထက်မြန်မာ တရားမကျင့်ထုံးစာ ၂၇
(၂၀) အေအိုင်အာ ၁၉၅၄ အလာဟာဘတ် ၂၂၂
(၂၁) အိန္ဒိယအမှုများ အတွဲ ၂ စာ ၆၇
(၂၂) အေအိုင်အာ ၁၉၅၂ အလာဟာဘတ် ၂၀၀
(၂၃) ဘုံဘိုင် အတွဲ ၂၀ စာ ၃၈၀
(၂၄) အထက်ဝါကျမ်း စာ ၂၄၇၉
(၂၅) အေအိုင်အာ ၁၉၅၂ နဂ္ဂပူး စာ ၁၇၇
(၂၆) ကိုသာလင်းတွင်နှင့် ဦးလှကြယ်၊ ရန်ကုန်အတွဲ ၈၊ စာ ၁၆၈
(၂၇) ဘဆီး(လ)ဝီမာတင်နှင့် မိုဟာမက်အယွတ်၊ ၁၉၅၈ မတာစ ၄၅၁ (တရားလွှတ်တော်)
(၂၈) အေဆတ္တားနှင့် အက်စ်အမ်ဟာစန်၊ ၁၉၇၆ မတာစ ၁၆၅
(၂၉) အေအိုင်အာ ၁၉၁၆ အောက် ၃၅၅
(၃၀) အေအိုင်အာ ၁၉၂၄ လာဟိုး ၂၂၄
(၃၁) အိန္ဒိယအမှုများ အတွဲ ၁၆ စာ ၉၁၁
(၃၂) မောင်ဖိုးစူးနှင့် ကိုသာအောင်၊ ဘီအယ်(လ)အာရ် အတွဲ ၅ စာ ၈၉
(၃၃) အေအိုင်အာ ၁၉၄၆ နဂ္ဂပူး ၃၉၃
(၃၄) ပုဒ်မ ၉၆
(၃၅) မောင်(င)ရိန်နှင့် မောင်(င)စိုး(၁၉၁၄-၁၆) အထက်မြန်မာ ၁၁၆
(၃၆) အိန္ဒိယအမှုများ အတွဲ ၁၅ စာ ၅၅၄
(၃၇) အထက်ပါကျမ်း စာ ၂၄၈၁
(၃၈) အေအိုင်အာ ၁၉၁၅၊ ကာလကတ္တား ၄၁၃
(၃၉) ကာလကတ္တား အမှတ်စဉ် မှတ်စုများ အတွဲ ၁၂၊ စာ ၈၈၅
(၄၀) အေအိုင်အာ ၁၉၄၈၊ ဆင်း ၁၀
(၄၁) အေအိုင်အာ ၁၉၄၃၊ နဂ္ဂပူး ၃၀၁
(၄၂) အေအိုင်အာ ၁၉၄၅၊ အလာဟာဘတ် ၃၅၂
(၄၃) အေအိုင်အာ ၁၉၂၄၊ ကာလကတ္တား ၈၃၀
(၄၄) အောက်မြန်မာအတွဲ ၈၊ စာ ၄၅၀
(၄၅) (၁၉၁၄-၁၆) အထက်မြန်မာ ၁၁၆
- ဆိုင်ရတ်အဗ္ဗဒူလ်ရာမန်ဟာတ်ဒီ နှင့် ဆိုင်ရတ်အကာဘီဘင်ဟာမစ်မိုမာဖာအမ်တစ်ချီးတွီးရား ရန်ကုန် အတွဲ ၁၊ စာ ၆၅
(၄၆) အေအိုင်အာ ၁၉၃၃၊ ရန်ကုန် ၁၂၃

(၄၇) အေအိုင်အာ ၁၉၅၃ ပန်ဂျပ် ၁၁၀
(၄၈) အေအိုင်အာ ၁၉၁၄ ဆင်း ၆၃
(၄၉) အေအိုင်အာ ၁၉၅၀၊ ပတ္တနာ ၂၈၄
(၅၀) အေအိုင်အာ ၁၉၄၉၊ အလာဟာဘတ် ၁၉၈
(၅၁) အေအိုင်အာ ၁၉၄၂ အောက် ၂၁၇
(တရားပြိုင်၏ ကိုယ်စားလှယ်စာကို မမှန်မကန်ပေးခြင်း)
(၅၂) အေအိုင်အာ ၁၉၂၂ ဆင်း ၂၀
(၅၃) အေအိုင်အာ ၁၉၁၄၊ လာဟိုး ၄၅၀
(၅၄) အေအိုင်အာ ၁၉၄၁၊ ကာလကတ္တား ၂၁၅
(၅၅) အေအိုင်အာ ၁၉၁၇၊ ကာလကတ္တား ၆၄၉
(၅၆) ဦးအုန်းနှင့်မခင် ၁၉၄၁၊ ရန်ကုန် ၂၅၄
(၅၇) အေအိုင်အာ ၁၉၃၄၊ အလာဟာဘတ် ၁၆၃
(၅၈) အေအိုင်အာ ၁၉၂၆၊ ကာလကတ္တား ၁၀၀၅
(၅၉) အလာဟာဘတ်လောဂျာနယ် အတွဲ ၁ စာ ၄၇၀
(၆၀) အိန္ဒိယအမှုများ အတွဲ ၆၁ စာ ၄၀၄
(၆၁) အိန္ဒိယအမှုများ အတွဲ ၁၁ စာ ၁၄၀
(၆၂) အေအိုင်အာ ၁၉၂၇ လာဟိုး ၁၇၂
(၆၃) အေအိုင်အာ ၁၉၅၄ မိုက်ဆိုး ၃၂
(၆၄) ကာလကတ္တား အပတ်စဉ် မှတ်စုများ အတွဲ ၅၁ စာ ၁၈၉
(၆၅) အေအိုင်အာ ၁၉၅၄ အဂျမာ ၆
(၆၆) အေအိုင်အာ ၁၉၂၅၊ မဒရပ် ၁၂၆၄
(၆၇) အိန္ဒိယအမှုများ အတွဲ ၂၀ စာ ၄၅၇
၁၉၅၆ အမ်ဘီလောဂျာနယ် ၂၅၅ ( လျှောက်ထားသူ၏ ကျမ်းကျိန်ချက်ပါ စွပ်စွဲချက်များကို တစ်ဖက်မှ ငြင်းလျှင် သက်သေခံ အထောက်အထားတင်ပြရမည်။ )
(၆၈) ကေကေ၊ အင်၊ ကေ၊ အေအာရ် ချစ်တီးယားဖမ်းနှင့် အင်္ဂလိအမ်ရိုရာရာဇီး ၁၉၃၉ ရန်ကုန် ၆၀၆
(၆၉) အေအိုင်အာ ၁၉၅၃ တီစီ ၁၀၁
(၇၀) အလာဟာဘတ် အတွဲ ၂၃ စာ ၉၉
(၇၁) အေအိုင်အာ ၁၉၂၃ မဒရပ် ၂၇
(၇၂) အိန္ဒိယအမှုများ အတွဲ ၂၀ စာ ၉၂၂
(၇၃) အေအိုင်အာ ၁၉၂၆ ကာလကတ္တား ၃၂၇
(၇၄) အထက်ပါကျမ်း စာ ၂၄၉၁
(၇၅) အိန္ဒိယအမှုများ အတွဲ ၉ စာ ၇၆၃
(၇၆) အေအိုင်အာ ၁၉၅၄ ဘုံဘိုင် ၁၅၉
(၇၇) အေအိုင်အာ ၁၉၅၄ မဒရပ် ၁၉၅

(၇၉) အေအိုင်အာ ၁၉၅၄ တီစီ ၅၁၃
(၈၀) မာရီယံဘီဘီနှင့် အဟီရာဘာ(ရှိ) ၁၉၆၀ မတာစ ၃၉၀ (တရားလွှတ်တော်)
- ဦးအိမ်စွမ် နှင့် ဦးစံရင် ၁၉၇၈ မတာစ ၁၃၉
- နိုင်ဒွေးနှင့် မမြအောင်၊ ၁၉၇၅ မတာစ ၄၇
- ဦးအောင်မြင့်နှင့် အတိုး၊ ၁၉၆၆ မတာစ ၂၇၀ (တရားပြိုင်၏ ဇနီးထံ သမ္မာန်စာချအပ်ခြင်း)
(၈၁) အေအိုင်အာ ၁၉၃၁ ပတ္တနာ ၂၀၄
(၈၂) ဦးကြိုင်နှင့် ဒေါ်သိန်းဟန် ၁၉၈၄ မတာစ ၁၂၃
(၈၃) ကေအာရ်အက်(စ်)၊ အက်(စ်) ချွတ်ကာလစ်ဂမ် ချစ်တီးနှင့် ကေ၊ အမ်၊ အာရ်စူဘရာမွန်နီရန်းချစ်တီး၊ ဘီအယ်လ်တီ အတွဲ ၃ စာ ၅၉
(၈၄) မနော်နော်နှင့် ဗွီအီး အက်(စ်)အက်(စ်)အမ်၊ ဆိုမာဆွန်ဒရမ်ချစ်တီး ရန်ကုန် အတွဲ ၂ စာ ၆၅၅
(၈၅) မစွတာဘီဂို(ရှိ) နှင့် အာရ်၊ အာရ်၊ ဒေး၊ ၁၉၆၆ မတာစ ၂၄၄
- ၁၉၃၉ ရန်ကုန် ၆၀၆
(၈၆) အေအိုင်အာ ၁၉၅၄ အာသံ ၁၀၃ (စုံညီ)
(၈၇) ဦးအောင်ကြီးနှင့် မြန်မာနိုင်ငံအစိုးရ ၁၉၄၀ ရန်ကုန် ၅၁၂ (စုံညီ)
(၈၈) အေအိုင်အာ ၁၉၅၃ တီစီ ၄၂၆
(၈၉) မဒရပ်လောဂျာနယ် အတွဲ ၁၇၊ စာ ၈၁
(၉၀) အေအိုင်အာ ၁၉၅၀ အဂျမာ ၇၀
(၉၁) မဒရပ် အတွဲ ၂၅ စာ ၁၄၅
(၉၂) အေအိုင်အာ ၁၉၁၆ မဒရပ် ၇၀၆
(၉၃) ကာလကတ္တားလောဂျာနယ် အတွဲ ၃၊ စာ ၁၈၁
(၉၄) အေအိုင်အာ ၁၉၂၄ မဒရပ် ၈၉၀
(၉၅) ဦးဘသက်နှင့် ဦးဘသောင်း၊ အေအိုင်အာ ၁၉၃၃ ရန်ကုန် ၄၀၆

## အပိုင်း (၂)

### တရားမမှုများတွင် ဝန်ခံဒီကရီချမှတ်ခြင်းနှင့် သက်ဆိုင်သည့် ရည်ညွှန်းစီရင်ထုံးများ

(၁) ဦးထွန်းရင်နှင့် လက်ချီးရား၊ ၁၉၆၃ မတာစ ၄၁
(ဝန်ခံချက်ကိစ္စနှင့် စပ်လျဉ်း၍ ငြင်းချက်ထုတ်ရန် မလို)
(၂) အေအိုင်အာ ၁၉၅၁ တီစီ ၁၀၉
(၃) အေအိုင်အာ ၁၉၅၅ ကာလကတ္တား ၄၆၅
(၄) အေအိုင်အာ ၁၉၁၅ ကာလကတ္တား ၄၆၇
(၅) အေအိုင်အာ ၁၉၄၁ ရန်ကုန် ၁၁၇
(၆) အေအိုင်အာ ၁၉၂၅ မဒရပ် ၉၅၀

(၇) အေအိုင်အာ ၁၉၄၈ နဂ္ဂပူး ၁၂၇
(၈) ဦးလွန်းနှင့် ဦးချစ်လှိုင် ၁၉၄၁ ရန်ကုန် ၁၀၁
(၉) အေအိုင်အာ ၁၉၅၅ အာသံ ၁၀၂
(၁၀) ဝီအယ်လ်အင်ဂေအယ်လ် ချစ်တီးယားဖမ်းနှင့် ကိုလူဒုတ်၊ အေအိုင်အာ ၁၉၃၄ ရန်ကုန် ၂၇၀
(၁၁) ၁၉၈၉ မတာစ ၉၀
(၁၂) မောင်လုအေးနှင့် ဦးကျော်သိန်း ၁၉၇၅ မတာစ ၉၂
(၁၃) ရန်ကုန်မြို့၊ မြူနီစီပယ်ကော်ပိုရေးရှင်းနှင့် ဦးမြ ၁၉၅၄ မတာစ ၃၃၅ (လွှတ်တော်)
(၁၄) ဦးအောင်မြင့် နှင့် ဒေါ်သင်းလှိုင် ၁၉၉၀ ပြည့်နှစ် တရားမအထူးအယူခံမှုအမှတ်-၉/၁၀
(၁၅) အေအိုင်အာ ၁၉၂၀ မဒရပ် ၅၈၈
(၁၆) အေအိုင်အာ ၁၉၂၄ အလာဟာဘက် ၁၅၀
(၁၇) အေအိုင်အာ ၁၉၄၉ ပတ္တနာ ၂၇၅
(၁၈) အေအိုင်အာ ၁၉၅၈ တရားလွှတ်တော်ချုပ် ၈၀၆
(၁၉) အေအိုင်အာ ၁၉၆၀ ဘုံဘိုင် ၁၁၇
(၂၀) ဒေါ်သန်းတင် နှင့် ဦးချန်ဘွန်ရှောင် ၁၉၇၉ မတာစ ၁၀၆
(၂၁) အေအိုင်အာ ၁၉၅၁ နဂ္ဂပူး ၂၅၉
(၂၂) အထက်ပါကျမ်း စာ ၂၅၆၀
(၂၃) အေအိုင်အာ ၁၉၂၆ ဆင်း ၁၁၉
(၂၄) အေအိုင်အာ ၁၉၂၀ ကာလကတ္တား ၁၆၃
(၂၅) အေအိုင်အာ ၁၉၅၁ ဟိုင်ဒရာဘတ် ၆၃
* (မှတ်ပုံမတင်သော စာချုပ်အပေါ် အခြေခံကာ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် စွဲဆိုမှုတွင် တရားပြိုင်က တရားလို၏ စွပ်စွဲချက်ကို ဝန်ခံသည့်တိုင်အောင် ဒီကရီချမှတ်ခြင်း မပြုနိုင်)
(၂၆) အေအိုင်အာ ၁၉၂၁ ပတ္တနာ ၂၁၀
(၂၇) အေအိုင်အာ ၁၉၂၉ လာဟိုး ၅၆၉
(၂၈) အေအိုင်အာ ၁၉၁၈ ကာလကတ္တား ၄၆၇
(၂၉) ကာလကတ္တား အပတ်စဉ်စုများ အတွဲ ၅၀ စာ ၄၃၉
(၃၀) ဘုံဘိုင် အတွဲ ၁၇ စာ ၆၂၄
(၃၁) အထက်ပါ ကျမ်း စာ ၂၅၆၂

* * *

# ထိမ်းမြားခြင်းစနစ်နှင့် ဓမ္မသတ်ကျမ်းလာ

## “ဘတူမိခြား-မိတူဘခြား” သားသမီးများ

ဒေါက်တာတင်အောင်အေး

**နိဒါန်း**

၁။ ဤကမ္ဘာမြေတွင် နိုင်ငံနှင့် လူမျိုးများ များပြားလှသည့်နည်းတူ လူမှုရေးပြဿနာလည်း ထူပြောလှသည်။ နိုင်ငံ နှင့် လူမျိုးများ၏ လူမှုဝန်းကျင်၊ လူမှုဘဝ ဖွဲ့စည်းမှုနှင့် အိမ်ယာတည်ထောင် ပေါင်းသင်းနေထိုင်ပုံ၊ အလေ့အထ၊ အမူအကျင့် စနစ်များသည်လည်း မတူညီဘဲ ကွဲပြားခြားနားကြသည်။ နိုင်ငံနှင့်လူမျိုးများကလည်း မိသားစုရေးရာ၊ အိမ်မှုရေးရာ အထိန်း အကွပ် အစီအမံများကို ချမှတ်၍ လူမျိုးနှင့် လျော်ညီအပ်စပ်သော လက်ခံနိုင်ဖွယ်သော ထုံးတမ်းဥပဒေ၊ စည်းမျဉ်းများ ဖြင့် စနစ်တကျ ပြဌာန်းကျင့်သုံးရှင်သန်စေခဲ့ကြသည်။

၂။ လူ့လောက၊ လူ့ဘဝအတွင်း လူသားတစ်ဦး ရောက်ရှိလာခြင်းသည် မိခင် ဖခင် မောင်မယ်စုံတို့ တွေ့ဆုံပေါင်းသင်း နေထိုင်ခြင်း၏ အကျိုးဆက်ရလာဒ်တစ်ခု ဖြစ်သည်။ ခင်ပွန်းနှင့်ဇနီး၊ မိဘနှင့်သားသမီး၊ ညီအကို၊ ညီအမ၊ မောင်နှမများ၊ တစ်အူတုံ့ဆင်း၊ သွေးသားတော်ရင်း၊ ဆွေမျိုးတော်စပ် နေထိုင်ခြင်းဆိုင်ရာ “**မိသားစုစနစ်**” သည်လည်း လူမျိုးများ၏ မျိုးနွယ်ဆိုင်ရာ ယဉ်ကျေးမှုနှင့် လူမှုဘဝအတွင်း (သမိုင်းဦးဘုံမြေခေတ် ကျော်လွန်ခဲ့ပြီးလေသော်) စနစ်တကျ အခြေကျ ဖွံ့ဖြိုးလာခဲ့သည်မှာ နှစ်ပေါင်း ထောင်ချီကြာမြင့်ခဲ့ပြီဖြစ်သည်။

**<u>မိသားစုနှင့် ထိမ်းမြားခြင်းစနစ်များ</u>**

၃။ “မိသားစု” . . . ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်နှင့်စပ်လျဉ်း၍ နိုင်ငံတကာသုံး ဥပဒေအဘိဓါန်ကျမ်းများတွင် အောက်ပါအတိုင်း ဖွင့်ဆိုကြသည်ကို တွေ့ရှိရသည်။

“**မိသားစု**” ဟူသည်

(၁) မိဘနှင့် ယင်းတို့၏သားသမီးများ

ပါဝင်သော အစု၊ အဖွဲ့၊ အုပ်စု တစ်ခု၊
(၂) သွေးစဉ်မျိုးဆက် နှစ်ဆက် သုံးဆက် အတွင်း ဘိုးဘွားတူမှ ဆင်းသက်လာသော သွေးရင်းသားရင်း သွေးမျိုးတော်စပ်ခြင်းအရသော်လည်းကောင်း၊ လုလင်ပျိုနှင့် လုံမပျိုတို့ လက်ထပ်ပေါင်းသင်းရာမှ တစ်ဖက်ဖက်မှ သွေးမျိုးတော်စပ်ခြင်းအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း၊ ဆက်နွယ်သော လူသူများ၏ အစု၊ အဖွဲ့၊ အုပ်စု တစ်ခု၊
(၃) အိမ်မှုရေးရာ မိသားစုသွေးမျိုးတော်စပ်ခြင်းအရ ပစ္စည်းခန်းတွင် အချိုးကျ ရပိုင်ခွင့်ရှိသူများ၊ အတူနေထိုင် ကြသူများ၏ အစု၊ အဖွဲ့၊ အုပ်စု တစ်ခု[၁] ဖြစ်သည်ဟု လည်းကောင်း။

ထို့ပြင် "မိသားစု" ဟူသော ဝေါဟာရ အဝန်းအဝိုင်းတွင် ရောစပ်ပေါင်းစည်းမိသားစု (Blended Family) နှင့် တိုးချဲ့မိသားစု (Extended Family) ဟူ၍ နှစ်မျိုးရှိကြောင်း ခွဲခြားပြဆိုကြသည်ကိုလည်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

(၁) "ရောစပ်ပေါင်းစည်းမိသားစု" ဟူသည် ယခင်အိမ်ထောင်များမှ ကလေးများနှင့် သွေးမျိုးများ ရောစပ်ပေါင်းစည်း အတူနေမိသားစုများ ဖြစ်သည်။

(၂) "တိုးချဲ့မိသားစု" နယ်ပယ်တွင် ညီအကိုမောင်နှမများမှ မွေးဖွားသူများနှင့် လတ်တလော အတူနေ သွေးမျိုးရင်းခြာများ ပါဝင်သည်။

အဆိုပါ "တိုးချဲ့မိသားစု" နယ်ပယ်တွင် ပါဝင်သော "လတ်တလော အတူနေ လက်ရှိမိသားစု" (Immediate Family) တွင်လည်း အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည်ဟု ဖော်ပြကြသည်။

(က) လူ၊ ပုဂ္ဂိုလ် တစ်ဦး၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီးများသည်လည်းကောင်း၊
(ခ) လူ၊ ပုဂ္ဂိုလ် တစ်ဦး၊ ဇနီး၊ ခင်ပွန်း၏ မိဘ၊ သားသမီးနှင့် ၎င်း၏ မွေးချင်း ညီအကို၊ ညီအမ၊ မောင်နှမ များသည် လည်းကောင်း လတ်တလော အတူနေ လက်ရှိမိသားစုတွင် ပါဝင်ကြသည်။[၂]

၄။ မိသားစု၊ သွေးစဉ်မျိုးဆက် သွေးမျိုးတော်စပ်ပုံ တွက်ချက်ခြင်း နည်းစနစ်များ (Methods of reckoning relationship) ကိုလည်း မြန်မာအပါအဝင် နိုင်ငံတကာ မိသားစုဝင်နိုင်ငံများက အညီအညွတ် လက်ခံကျင့်သုံး ခေါ်ဝေါ်ခဲ့ကြသဖြင့် မိဘ၊ ဘိုးဘွား၊ အဘေးများနှင့် မိထွေး၊ ဖထွေးတို့နှင့်အတူ "အဖေတူ အမေကွဲ၊ အမေတူ အဖေကွဲ" သို့မဟုတ် "ဘတူမိခြား၊ မိတူဘခြား" သို့မဟုတ် "သွေးတစ်ဝက်" ညီအကို မောင်နှမများ (Half blooded brothers and sisters) ဟူသော သွေးမျိုးတော်စပ်ပုံကို ညွှန်ပြသည့် ဝေါဟာရ အခေါ်အဝေါ်၊ အသုံးအနှုန်းများ လည်း တိုးပွားလာခဲ့သည်။

၅။ လူ့သမိုင်းတွင် အမျိုးသားနှင့် အမျိုးသမီးတို့ အိမ်ယာတည်ထောင်၍ အတူတကွ ပေါင်းသင်းစပ်ယှက်နေထိုင်ခဲ့ ကြသည့် ထိမ်းမြားလက်ထပ်ခြင်းစနစ် (Marriage System) များကို လူမှုသိပ္ပံ ပညာရှင်များ၊ ဥပဒေပညာရှင်များက စူးစမ်းလေ့လာဖော်ထုတ်ခဲ့ကြရာ အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်။

(၁) တစ်ပြိုင်တည်း ဇနီး၊ ခင်ပွန်း နှစ်ယောက်

---

[၁] Black's Law Dictionary . Second Pocket Edition. West Group. A Thomson Company. St. Paul Minn. 2001. Page 273

[၂] Black's Law Dictionary . Second Pocket Edition. West Group. A Thomson Company. St. Paul Minn. 2001. Page 273

ယူသောစနစ် (Bigamy)

(၂) ဇနီးမယားတစ်ယောက်ထက် ပိုယူသောစနစ် (Polygyny)

(၃) တစ်ချိန်တည်း တစ်ပြိုင်တည်း လင်ယောကျ်ား တစ်ယောက်ထက် ပိုယူသောစနစ် (Polyandry)

(၄) ဇနီးမယားအများယူသောစနစ် (Polygamy)

(၅) တစ်လင်တစ်မယားစနစ် (Monogamy) ဟူ၍ ဖြစ်သည်။

[ (1) **Bigamy :** The act of marrying one person while legally married to another;
(2) **Polygyny :** The condition or practice of having more than one wife (it is distinguishable from Polyandry);
(3) **Polyandry :** The condition or practice of having more than one husband (it is distinguishable from Polygyny) ;
(4) **Polygamy :** The state or practice of having more than one spouse simultaneously (it is distinguishable from Bigamy; Monogamy) ;
(5) **Monogamy :** The custom prevalent in most modern cultures restricting a person to one spouse at a time; the fact of being married to only one spouse (it is distinguishable from Bigamy; Polygamy)
See : Black's Law Dictionary, 2001, Pg . 67 , 535 & 455]

၆။ အထက်တွင် ဖော်ပြခဲ့သော အကြင် အမျိုးသားနှင့် အမျိုးသမီးတို့၏ အိမ်ယာတည်ထောင် ပေါင်းသင်းနေထိုင် ခြင်းဆိုင်ရာ **"ထိမ်းမြားလက်ထပ်ခြင်းစနစ်"** (၅) မျိုးတွင် အမှတ်စဉ် (၁)၊ (၂)၊ (၃) သည် အလွန်ရှေးကျသော လူ့ အဖွဲ့အစည်း၏ လူမှုဘဝ၊ အလေ့အထများဖြစ်သည်။ အမှတ်စဉ် (၄) နှင့် (၅) သည် ဘာသာစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ ထုံးတမ်း၊ ဥပဒေများ ဖွံ့ဖြိုးလာပြီး နိုင်ငံနှင့် လူမျိုးများက နှစ်သက်ရာရာ ကျင့်သုံးကြသည့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာစနစ် ကြီး နှစ်ရပ်ဖြစ်သည်။

**ဇနီးမယားအများယူသောစနစ် (Polygamy or Plural Marriage)**

၇။ **"ဇနီးမယားအများယူသောစနစ်"** ဟူသည်မှာ ယောကျ်ားတစ်ဦးသည် လွတ်လပ်သူ အမျိုးသမီးနှစ်ယောက်သို့မဟုတ် နှစ်ယောက်ထက်ပိုသော အမျိုးသမီးများနှင့် တစ်ပြိုင်တည်း ပေါင်းသင်းနေထိုင်သော အလေ့အထ၊ အမူအကျင့်၊ စနစ်ဖြစ်သည်။ ဥပမာ အစ္စလာမ်ဘာသာဝင် ယောကျ်ားတစ်ဦးသည် ဇနီးမယားလေးယောက်အထိ လက်ထပ်ပေါင်းသင်း သည့် အလေ့အထရှိသည်။ ဗုဒ္ဓဘာသာဝင် မြန်မာယောကျ်ားတစ်ဦးသည်လည်း တစ်ယောက်ထက်ပိုသော ဇနီးမယားများနှင့် မယားပြိုင်ထားရှိပြီး ပေါင်းသင်းသည့်အလေ့အထရှိသည်။ (မယားကြီးနှင့် မယားငယ်ဟူသော အသုံးအနှုန်း ရှိခဲ့သည်)

၈။ အိမ်ထောင်ရှင်အမျိုးသမီး (Married Woman) တစ်ဦးသည် ၎င်း ထိမ်းမြားမှုတည်မြဲနေစဉ် မည်သည့်အခြားယောကျ်ား တစ်ဦးတစ်ယောက်နှင့်မျှ လက်ထပ်ပေါင်းသင်းနေထိုင်ခွင့် မရှိစေရဟူသည့် ကန့်သတ်ချက်မှာ နိုင်ငံများ၏ အိမ်ထောင်ရေး စီမံမှု စည်းမျဉ်းများတွင် ဥပဒေစံ တစ်ရပ်အဖြစ် တိုးဝင်ရောက်ရှိခဲ့သည်။ ထိုဥပဒေစံကို လူ့အဖွဲ့အစည်းက လက်ခံကြ၍ ခေတ်သစ်နိုင်ငံတော်များ၏ ကိုဓဥပဒေများတွင် ပြဋ္ဌာန်းကျင့်သုံးခဲ့ကြသည်။ ထိုအချိန်မှစတင်၍ တစ်ပြိုင်တည်း **"လင်ယောကျ်ား တစ်ယောက်ထက်ပိုယူသောစနစ်"** (Polyandry) အလေ့အထ၊ အမူအကျင့်များ ပျောက်ကွယ်ခဲ့ပြီး **"ဇနီးမယားတစ်ယောက်ထက်ပိုယူသောစနစ်"** (Polygany) အလေ့အထ၊ အမူအကျင့်နှင့် ပေါင်းစည်းသွားခဲ့သည်ဟု ဆိုရပေမည်။ အမှန်စင်စစ် အဆိုပါ **"ဇနီးမယားတစ်ယောက်ထက်ပိုယူသော စနစ်"**

နှင့် **"ဇနီးမယားအများယူသောစနစ်"** (Polygyny and Polygamy) တို့သည်လည်း တစ်ထပ်တည်း တူညီကြသည် မဟုတ်ပေ။

**တစ်လင်တစ်မယားစနစ်** (Monogamy)

၉။ **"တစ်လင်တစ်မယားစနစ်"** ဟူသည် ဘဝ၏အချိန်အခါတစ်ခုတွင် လက်ထပ်ထားသော လင်ယောကျ်ားနှင့် ဇနီးမယား နှစ်ဦးသားသည် ၎င်းတို့နှစ်ဦးတည်းသာ ပေါင်းသင်းနေထိုင်ပိုင်သော စနစ်ဖြစ်သည်။ တစ်နည်းဆိုသော် လင်ယောကျ်ားသည်လည်းကောင်း၊ ဇနီးမယားသည်လည်းကောင်း ၎င်းတို့ ထိမ်းမြားလက်ထပ်မှု တည်မြဲစဉ် အခြားတစ်ပါး သူနှင့် လက်ထပ်ပေါင်းသင်းနေထိုင်ပိုင်ခွင့်မရှိသော နေထိုင်ခြင်းကို ကန့်သတ်ထားသော စနစ်ဖြစ်သည်။ (It is restricting a person to one spouse at a time.) ဥပမာ ခရစ်ယာန်ဘာသာဝင်များနှင့် ဟိန္ဒူဘာသာဝင်များသည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးကြသည်။ ထိုတစ်လင်တစ်မယားစနစ်ကို ကျင့်သုံးကြရာတွင် "တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးဖို၊ မုဆိုးမ" များသည် အချင်းချင်းသော်လည်းကောင်း၊ အပျို၊ လူပျိုများနှင့် သော်လည်းကောင်း ၎င်းတို့၏ လွတ်လပ် သောဆန္ဒအရ ထပ်မံအိမ်ထောင်ပြုခွင့် (Right to remarriage) ရှိကြပေသည်။

၁၀။ အလွန်ရှေးကျသောကာလများက အိန္ဒိယနိုင်ငံ ဟိန္ဒူဘာသာဝင်များသည် တစ်ဘဝ တစ်ခါသာ လက်ထပ်ပေါင်းသင်း နေထိုင်ပိုင်ခွင့်ရှိသော "တစ်လင်တစ်မယားစနစ်" ကို ရာစုပေါင်း နှစ်ပေါင်းများစွာ တစ်စိုက်မတ်မတ် ကျင့်သုံးခဲ့ကြသည်။ ထို့ကြောင့် လင်ယောကျ်ားသေဆုံး၍ မုဆိုးမဖြစ်လာသော ဟိန္ဒူမုဆိုးမများ၏ ဘဝရှင်သန်နိုင်ရန် ၎င်းတို့၏ လွတ်လပ်သော ဆန္ဒအလျောက် ထပ်မံအိမ်ထောင်ပြုခွင့်နှင့်စပ်လျဉ်း၍ ၁၈၅၆ ခုနှစ်တွင် The Hindu Widows' Re-marriage Act, 1856 ကို ဗြိတိသျှကိုလိုနီအစိုးရက အိန္ဒိယနှင့် မြန်မာပြည်ရှိ ဟိန္ဒူမုဆိုးမများအတွက် ပြဋ္ဌာန်းကျင့်သုံးစေခဲ့သည်ကို လေ့လာတွေ့ရှိရသည်။[၃]

**သွေးရင်းသားရင်းနှင့် သွေးတစ်ဝက် မောင်နှမများ အမွေခွဲဝေရေးမှု**

၁၁။ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ အမွေဆက်ခံရေးနှင့် အမွေခွဲဝေရေးတွင် အမွေရှင် မိဘကျန်ရစ်သော အမွေပစ္စည်း ကို အမွေခံသားသမီးများက အပြီးအပိုင် ရသည့် အကျိုးခံစားခွင့်မှာ **"မွေးရာပါ အခွင့်အရေး"** (Vested Right) ဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာဝင်များအဖို့ အမွေခွဲဝေပေးရန် Will ဟုခေါ်သော "သေတမ်းစာ" ရေးသားထားခဲ့ရန် မလိုဘဲ အမွေပစ္စည်းကို **"အမွေဆက်ခံခြင်း အစီအစဉ်"** (Order of Succession) အရ မည်သူမည်ဝါတို့သည် အမွေခံ အမွေစားများ ဖြစ်ရမည်၊ ၎င်းတို့၏ အမွေဝေစုသည် မည်ရွေ့မည်မျှ ဖြစ်ရမည်ဟု မြန်မာမိသားစုဥပဒေ စည်းမျဉ်းများအဖြစ် ချမှတ်ကျင့်သုံး ခဲ့ကြသည်။ ဤသည်မှာ မြန်မာ့အမွေခန်း၏ ယေဘူယျမှုသဘောဖြစ်သည်။

၁၂။ မြန်မာဗုဒ္ဓဘာသာဝင် လင်မယား ကွာရှင်း ပြတ်စဲခြင်းကြောင့်ဖြစ်စေ၊ တစ်ဦးဦး သေဆုံးခြင်း ကြောင့်ဖြစ်စေ၊ တစ်ခုလပ်၊ တစ်လင်ကွာ၊ မုဆိုးဖို မုဆိုးမတို့ အိမ်ထောင်သစ် ထပ်မံတည်ထောင်ပေါင်းသင်းကြခြင်း ကြောင့် **"ဘတူမိခြား၊ မိတူဘခြား"** သို့မဟုတ် **"အဖေတူ အမေကွဲ၊ အမေတူ အဖေကွဲ"** သို့မဟုတ် **"သွေးတစ်ဝက်"** ညီအကို မောင်နှမ များအဖြစ် ဆွေမျိုးတော်စပ်လာခဲ့ကြခြင်းဖြစ်သည်။ ထိုညီအကို မောင်နှမများ၏ အမွေဆက်ခံရေးနှင့် အမွေခွဲဝေရေးတို့နှင့် စပ်လျဉ်းပြီး မြန်မာ့အမွေခန်း ဓမ္မသတ်ကျမ်းကြီးများတွင်

[၃] ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေ၊ အတွဲ ၁၁ (Burma Code Vol. XI) တရားရေးဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီ၊ ၁၉၅၇ ခုနှစ်၊ စာ - ၁၆

"ဘတ္တမိခြား မိတ္တဘခြား" မောင်နှမများ အမွေခွဲဝေလျှင် မည်သည့်ပစ္စည်းကို မည်သူကသာ ယူစေ၊ မည်သို့ ခွဲဝေယူစေ၊ မည်သည့်ပစ္စည်းကိုမူ အမွေပစ္စည်းရစဉ်က ပေါင်းသင်းနေသည့် ဇနီးခင်ပွန်းတို့မှ မွေးဖွားသော သားသမီးများက အခြားသော သားသမီးများထက် အမွေဝေစု "နှစ်စု" "နှစ်ပုံ" "နှစ်ဆ" ပို ရခွင့်ရှိစေ ဟူ၍ ဥပဒေစည်းမျဉ်းများ ရေးသားချမှတ် ကျင့်သုံးစေခဲ့ကြသည်။

၁၃။ ထို အခြေခံမူသာတရားများအပြင် အမွေရှင် မိဘများ သေဆုံး၍ "ဘတ္တမိခြား၊ မိတ္တဘခြား" သွေးတစ်ဝက် ညီအကိုမောင်နှမများ အမွေခွဲဝေရေး၌ "မိဘမျိုးရိုး" သို့မဟုတ် "မိတ္တ ဘတ္တ" ဖြစ်သည့် အမေတူ အဖေတူချင်း စုပေါင်း၍ အုပ်စုအလိုက် အမွေပုံကို အချိုးချပြီး ခွဲဝေပေးရခြင်း ဖြစ်သည်။ မိဘမျိုးရိုးအလိုက် အမွေခွဲဝေသည်ဆိုသည်မှာ အမွေခံများသည် တစ်ဦးချင်းအနေဖြင့် အမွေရခွင့်မရှိဘဲ အမေတူ အဖေတူချင်း စုပေါင်းပြီး အုပ်စုအလိုက် အမွေပုံမှ အစုအပုံ အချိုးကျရသော အမွေဝေစုကိုသာ "မိတ္တဘတ္တ" မောင်နှမများအတွင်း တဖန် အညီအမျှ ခွဲဝေယူကြရခြင်း ဖြစ်သည်။ အကယ်၍ ထို "မိတ္တဘတ္တ" မောင်နှမများ ရသည့် အမွေဝေစုမှ ထိုမောင်နှမများအနက် တစ်ဦးဦးသည် အမွေမခွဲဝေရသေးမီ အိမ်ထောင်ကျ၍ သားသမီးရပြီးနောက် ကွယ်လွန်သွားပါက ထိုကွယ်လွန်သူ ရပိုင်ခွင့်ရှိသော အမွေကို ၎င်း၏သားသမီးတို့က ဆက်ခံခွင့်ရှိသည်။ ထိုဆက်ခံခွင့်ရှိသော သားသမီးတို့သည် ၎င်းတို့ ရရှိမည့် အမွေဝေစုကို အညီအမျှ ခွဲဝေယူကြရသည် ဟူသော ဥပဒေစည်းမျဉ်း မူသဘောတို့သည် သွေးရင်းသားရင်း မောင်နှမအရင်း သားချင်းများ၏ အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု စွဲဆို၍ ခွဲဝေပေးရမည့် အချိုးအဆ တွက်ချက်ပုံများနှင့် မတူညီဘဲ ကွဲပြားသည့် ထူးခြားချက်ကို သတိပြုရမည် ဖြစ်ပေသည်။

<u>ဘတ္တမိခြား မိတ္တဘခြား မောင်နှမများ အမွေခွဲဝေရေးနှင့် စီရင်ထုံးများ</u>

၁၄။ မြန်မာနိုင်ငံ ကိုလိုနီဘဝကျရောက်ချိန်မှ ယနေ့မျက်မှောက်ကာလအထိ "အဖေတူ အမေကွဲ" သို့မဟုတ် "အမေတူ အဖေကွဲ" သွေးတစ်ဝက် ညီအကို မောင်နှမများ၏ အမွေပုံစီမံခန့်ခွဲပေးစေလိုမှု (Administration Suit) များ၌ စီရင်ဆုံးဖြတ် ထုံးပြုခဲ့သော "မြန်မာနိုင်ငံ တရားစီရင်ထုံးများ" (Law Reports, Ruling) မှ နမူနာပြ ကောက်ယူစုစည်း ဖော်ပြရန် လိုမည်ဖြစ်သည်။ သို့မှသာ မြန်မာ့တရားလမ်း မွေ့သတ်ကျမ်းလာ ဥပဒေစည်းမျဉ်း၊ ဥပဒေမူများနှင့် မြန်မာ့ တရားစီရင်ရေးကို ကောင်းစွာ ချိတ်ဆက်ထိန်းသိမ်း ထားနိုင်ကြမည်ဖြစ်သည်။ ထို့အပြင် မြန်မာလူမျိုးတို့၏ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုနှင့် တရားဥပဒေကဏ္ဍ မြင့်မားမှုကို ထင်လင်းစွာ တွေ့မြင်နိုင်ကြမည်လည်း ဖြစ်ပေသည်။

၁၅။ မိဘများ သေဆုံး၍ အဖေတူ အမေကွဲ၊ အမေတူ အဖေကွဲ မောင်နှမများ အမွေခွဲဝေရာ၌ "မိဘမျိုးရိုး" လိုက်ပြီး အမွေခွဲဝေရသည်။ မိဘမျိုးရိုးအလိုက် အမွေခွဲဝေသည်ဆိုသည်မှာ အမွေခံများသည် တစ်ဦးချင်းအနေဖြင့် အမွေရခွင့် မရှိဘဲ အမေတူ အဖေတူချင်း စုပေါင်းပြီး ခွဲဝေယူခြင်းဖြစ်သည်ဟု **မချစ်လှမနှင့် မစိဝင်းမာဦး ၁၀ ဘီအယ်လ်တီ စာ ၄၁** တွင် ဥပဒေမူ တစ်ရပ် ထုတ်နုတ်ပြဆိုခဲ့သည်။

၁၆။ လင်မယားနှစ်ယောက် အတူတကွ ကြီးပွားရရှိသည့် ပစ္စည်း (လက်ထက်ပွားပစ္စည်း) ကို အဖေတူ အမေကွဲ သို့မဟုတ် အမေတူ အဖေကွဲ မောင်နှမများ အမွေခွဲဝေလျှင် "အမွေပုံပစ္စည်း ရစဉ်က ပေါင်းသင်းနေသည့် ဇယားနှင့် မွေးဖွားသောသားသမီးများသည် အခြားမယားနှင့် မွေးဖွားသည့် သားသမီးများထက် နှစ်ဆရခွင့်ရှိသည်" ဟု **မမင်းအေးနှင့် မကျော်သင်း ပီဂျေ စာ ၃၆၁၊ မနီ နှင့် မောင်ညီမင်း ၁၁ ဘီအယ်လ်အာ စာ ၃၇၆၊ မောင်ချစ်စရာ နှင့်**

**မမိန်းကလေး ၂ ယူဘီအာရ် (၁၈၉၂-၉၆) စာ ၉၃** စသည့် မြန်မာနိုင်ငံတရားစီရင်ထုံးများ၌ ပြဆိုထားသည်ကို တွေ့ရှိရမည် ဖြစ်ပေသည်။

၁၈။ အထက်အပိုဒ် ၁၇ ပါ စီရင်ထုံးမှုများအရ ဗဟိုတရားရုံး (မန္တလေး) တပယူ ၃၆/၈၂ ဒေါ်သိန်းခင် **နှင့် မခင်မိမိ အမှု** တွင် "အမေတူ အဖေကွဲ သားသမီးများသည် မိမိတို့၏ ဖခင်နှင့် မိခင်ရင်းတို့ ပေါင်းသင်းစဉ် ဖြစ်ထွန်း သော ပစ္စည်း၏ **"သုံးပုံနှစ်ပုံ"** ရ၍ ကျန်အမေတူ အဖေကွဲ သားသမီးများက **"သုံးပုံတစ်ပုံ"** ရခွင့်ရှိသည်" ဟု စီရင်ချက်နှင့် ဒီကရီ ချမှတ်ခဲ့သည်။

၁၉။ ယနေ့ မျက်မှောက်ကာလ မြန်မာ့တရားစီရင်ရေး ကဏ္ဍ၏ မျက်နှာစာတွင်လည်း အိမ်ထောင်နှစ်ဆက်ရှိသော လင်ယောကျ်ားတစ်ဦးနှင့် ဇနီးမယားနှစ်ယောက်တို့ ကွယ်လွန်သောအခါ ပထမဇနီးမယားနှင့် မွေးဖွားသော သားသမီးများ နှင့် ဒုတိယ ဇနီးမယားနှင့် မွေးဖွားသော သားသမီးတို့ အမွေခွဲဝေကြပုံမှာ "လင်နှင့် ပထမမယားတို့၏ လက်ထက်ပွား ပစ္စည်းတွင် ပထမမယားနှင့် မွေးဖွားသည့် သားသမီးများက သုံးပုံနှစ်ပုံ (၂/၃)၊ ဒုတိယမယားနှင့် မွေးဖွားသော သားသမီး များက သုံးပုံတစ်ပုံ (၁/၃) ရရှိပြီး လင်နှင့် ဒုတိယမယားတို့၏ လက်ထက်ပွား ပစ္စည်းတွင် ဒုတိယမယားနှင့် မွေးဖွားသော သားသမီးတို့က သုံးပုံနှစ်ပုံ (၂/၃) နှင့် ပထမမယားနှင့် မွေးဖွားသော သားသမီးတို့က သုံးပုံတစ်ပုံ (၁/၃) ရရှိခံစားထိုက် ကြောင်း" ဟူ၍ **ဦးယုစီ (ခ) ဦးအောင်မြတ်နှင့် မအေးအေးမြတ်ခိုင် ပါ ၁၄ အမှု** ၌ ပဏာမဒီကရီချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ် ၂၀၀၁ ခုနှစ် တရားစီရင်ထုံးများစာအုပ်၊ စာမျက်နှာ ၃၆၅ တွင် ပြဆိုထုံးပြုခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

၂၀။ **မမင်းအေး နှင့် မကျော်သင်းပီရေ့ စာ ၃၆၁** အမှုကို ထပ်ဆင့်လေ့လာရာ ထိုအမှုတွင် မိခင် သေဆုံးသောအခါ ဖခင်ဖြစ်သူမှ နောက်အိမ်ထောင် ပြုသည်။ အိမ်ထောင်သစ်နှင့် သားသမီးများ ထပ်မံရရှိသည်။ ဖခင်သေဆုံး ခဲ့ရာ မယားနှစ်ယောက်က မွေးဖွားသည့် သားသမီးများ (သွေးတစ်ဝက်မောင်နှမများ) ၏ အမွေခွဲဝေရေးမှာ "အဖ၏ **"ပါရင်းပစ္စည်း"** ကို အထက် သားသမီးများက ယူ၍ ဒုတိယမယား၏ **ပါရင်းပစ္စည်း** များကို အောက်သားသမီးများက ယူသည်။ ဒုတိယမယား လက်ထက် တိုးပွားလာသော **"လက်ထက်ပွားပစ္စည်း"** ကိုမူ အထက်သားသမီးများက သုံးပုံ တစ်ပုံ၊ အောက်သားသမီးတို့က သုံးပုံနှစ်ပုံ ခွဲဝေယူစေ" ဟု စီရင်ဆုံးဖြတ် ထုံးပြုထားသည်ကို တွေ့ရှိရပေသည်။ (အထက်အိမ်ထောင်နှင့်ရသည့် သားသမီးများကို အထက်သားသမီး၊ နောက် အိမ်ထောင်နှင့်ရသော သားသမီးများကို အောက်သားသမီးများဟု ခေါ်ဆိုကြောင်း တွေ့ရှိရမည် ဖြစ်သည်။)

၂၁။ အထက်တွင် ဖော်ပြခဲ့သော **မောင်ချစ်စရာနှင့် မမိန်းကလေး ၂ ယူဘီအာရ် (၁၈၉၂-၉၆) စာမျက်နှာ ၉၃** အမှုတွင် အိမ်ထောင်သုံးဆက်၊ ဇနီးမယား သုံးယောက်ရှိသော ဖခင်သေဆုံးသောအခါ ပထမ ဇနီးမယားနှင့် ပေါင်းသင်းစဉ် ဖြစ်ထွန်းသောပစ္စည်းသည် နောက်အိမ်ထောင်များ ပြုသည့်အခါ ပထမအိမ်ထောင်မှ ပါလာသော "အထက်ပါပစ္စည်း" ဖြစ်၍ အမွေကျန် ပစ္စည်းအဖြစ် ကျန်ရစ်သည်။ အမွေဆိုင်များအဖြစ် ပထမအိမ်ထောင်မှ ကလေးသုံးယောက်၊ ဒုတိယအိမ် ထောင်မှ ကလေးတစ်ယောက်နှင့် တတိယ ဇနီး(မုဆိုးမ) တို့လည်း ကျန်ရစ်သည်။ အမွေရှင်ဖခင်၏ ထိုအထက်ပါ ပစ္စည်းကို ဘတူမိခြား သားသမီးများနှင့် မိထွေးတို့အား အမွေခွဲဝေပေးရန် ရုံးတော်သို့ လျှောက်ထားလာခြင်း ဖြစ်သည်။ ရုံးတော်က ထိုအမှု အမွေခွဲဝေရာ၌ အမွေကို လေးပုံပုံပြီး ပထမ မယားနှင့် ရသည့်သားသမီးများက လေးပုံနှစ်ပုံ (၂/၄)၊ ဒုတိယမယားနှင့် ရသည့် သားသမီးက

လေးပုံတစ်ပုံ (၁/၄)၊ တတိယမယား (မုဆိုးမ) က လေးပုံတစ်ပုံ (၁/၄) ခွဲဝေယူ ကြစေ" ဟူ၍ စီရင်ချက်နှင့် ဒီကရီကို ချမှတ်ခဲ့သည်။

၂၂။ သင်းသီးပစ္စည်း/ သီးခြားပစ္စည်းနှင့်စပ်လျဉ်း၍ အထက်တွင်ဖော်ပြခဲ့သော စီရင်ထုံးမှုများ၌ အိမ်ထောင်နှစ်ဆက် ဖြင့် မွေးဖွားသော သားသမီးများ အမွေခွဲဝေရေးတွင် "အမွေပစ္စည်းကို ရရှိချိန်၌ ပေါင်းသင်းနေသည့် ဇနီးမယားနှင့် မွေးဖွားသော သားသမီးများက အခြား ဇနီးမယားနှင့် မွေးဖွားသော သားသမီးများထက် နှစ်ဆ ရသင့်သည်" ဆိုသည့် တရားဥပဒေသည် ရှေးက အမွေမခွဲဝေဖူးသည့် အမှုအခင်းများနှင့်သာ သက်ဆိုင်သည်။ သို့ရာတွင် **"ပစ္စည်းရချိန် ပေါင်းသင်းနေသည့် ဇနီးမယားနှင့် မွေးဖွားသော သားသမီးများသည် ထိုပစ္စည်း၌ သေသူဖခင်၏ အကျိုးခံစားခွင့်အားလုံးကို ရရှိပြီးဖြစ်လျှင် ထိုအမွေခွဲဝေရေးတရားဥပဒေနှင့် မသက်ဆိုင်"** ဟုလည်းကောင်း၊ **"ခွဲဝေရမည့် အမွေမှာ ပစ္စည်းမှာ ကျန်ရစ်သူ မိဘ၏ သီးခြားပစ္စည်းမှုဖြစ်လျှင် အဆိုပါသားသမီး များသည် တန်းတူအခွင့်အရေး ရှိကြသောကြောင့် အမွေကို အညီအမျှ ရရှိကြ** သည်"ဟုလည်းကောင်း ထပ်ဆင့် မှတ်ချက်ပြု၍ ဆုံးဖြတ်ချက်ချ ထုံးပြုခဲ့သည်ကိုလည်း လေ့လာရှိသည်။

၂၃။ အိမ်ထောင်သုံးဆက် (မယားသုံးယောက်) တစ်ဆက်ပြီး တစ်ဆက်ယူသော လင်ယောကျ်ားတစ်ဦး သေဆုံး၍ အမွေကျန်ပစ္စည်းသည် လင်ယောကျ်ားဖြစ်သူ အမွေရသည့်ပစ္စည်းဖြစ်လျှင် ဘတူမိခြား သားသမီးများ အမွေခွဲဝေရာ၌ "အမွေဆက်ခံခွင့်ရစဉ် ပေါင်းသင်းနေသည့် မယားနှင့်ရသော သားသမီးများသည် ဝေစုနှစ်ဆ ရသင့်သည်"ဟု မောင်လူတော်နှင့် မမိုးရီ ၂ ယူဘီအာရ် (၁၉၁၄-၁၆) စာမျက်နှာ ၆၆ အမှုတွင် စီရင်ဆုံးဖြတ်ထုံးပြုခဲ့သည်ကို လေ့လာ တွေ့ရှိရပေသည်။[၆]

<u>လင်အစဉ်လျှောက်၊ သုံးယောက်သောသား၊ ဝေစကား</u>

၂၄။ တစ်ဦးသေမှ တစ်ဦး သင့်နေသည့် ပထမ အိမ်ထောင်၊ ဒုတိယအိမ်ထောင်နှင့် တတိယအိမ်ထောင် တို့မှ လင်ယောကျ်ား သုံးဦးနှင့်ပေါင်းသင်းပြီး မွေးဖွားသည့် မိတူဘခြား သားသမီးများ၏ အမွေခွဲဝေပေးစေလိုမှုနှင့်စပ်လျဉ်း၍မှု **"ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ တရားရုံးချုပ်၊ တရားစီရင်ထုံးများ၊ ၂၀၀၀ ခုနှစ်"** တွင် ဖော်ပြထုံးပြုထားသော ဒေါ်အုန်းညွန့် ပါ ၆ က တရားလိုလုပ်၍ ဒေါ်ချစ်တင် ပါ ၃ အပေါ် တရားစွဲဆိုခဲ့ရာတွင် တရားရုံးချုပ် (နေပြည်တော်) အထူးခုံရုံး၏ တထူးယူ ၃၁/၂၀၀၇ ဖြင့် ကြားနာပြီး အဆုံးအဖြတ်ပြုခဲ့သည့် ထိုစုံညီခုံရုံး၏ စီရင်ချက်၊ အမိန့်နှင့် ဒီကရီကို တွေ့ရှိရမည် ဖြစ်ပေသည်။[၇]

၂၅။ အထက်ဖော်ပြပါအမှုတွင် ကွယ်လွန်သူ အမွေရှင် ဒေါ်နီ ကျန်ရစ်သော ဧရိယာ ၀.၁၄ ဧကရှိမြေကို ဒေါ်နီ၏ ပထမအိမ်ထောင် ဦးဘတင်နှင့်ပေါင်းသင်း၍ မွေးဖွားခဲ့သော သားသမီး မြေး မြစ် (ဒေါ်အုန်းညွန့် ပါ ၆) တို့က ဒေါ်နီ၏ ဒုတိယအိမ်ထောင် ဦးဗလိုင်ကျော်နှင့် တတိယ အိမ်ထောင် ဦးစန်ဒူးတို့နှင့် ပေါင်းသင်းစဉ် ရရှိခဲ့သော သမီးများ (ဒေါ်ချစ်တင် ပါ ၃) တို့အပေါ် အမွေခွဲဝေပေးရန် ရုံးတော်သို့ လျှောက်ထားလာခြင်း ဖြစ်သည်။

၂၆။ ထိုအမှုတွင် ဒုတိယအိမ်ထောင်နှင့် မွေးဖွားခဲ့သော

---

[၆] ဥပဒေပညာရှင် တရားရုံးချုပ်ရှေ့နေကြီး ဦးမြစိန် ရေးသားသော "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ" ၉ ကြိမ်မြောက်ပုံနှိပ်ခြင်း၊ ၂၀၀၀ ပြည့်နှစ်၊ အခန်း ၁၂ "သားသမီးများ အမွေဆက်ခံရေး" (ဖတူမိကွဲ၊ မိတူဖကွဲ မောင်နှမများ)၊ စာ ၂၆၆-၂၇၂ မှ ကောက်နုတ်နှိုင်းယှဉ်။

[၇] ၂၀၀၈ ခုနှစ် ၊ မြန်မာနိုင်ငံ"တရားစီရင်ထုံးများ"- စာ ၉၇

ဒေါ်ချစ်တင် (၁ တရားပြိုင်) သည် လည်းကောင်း၊ တတိယ အိမ်ထောင်နှင့် မွေးဖွားခဲ့သော ဒေါ်သန်းထွေး၊ ဒေါ်ရင်နု (၂၊ ၃-တရားပြိုင်) တို့သည်လည်းကောင်း ဒေါ်နု အမည်ပေါက် အချင်းဖြစ် မြေပေါ်တွင် အိမ်တစ်လုံးစီ ဆောက်လုပ် နေထိုင်လျက်ရှိကြသည်။ ပထမ အိမ်ထောင်နှင့် မွေးဖွားခဲ့သော သမီးကြီး ဒေါ်အုန်းညွန့် (၁-တရားလို) နှင့် သမီးငယ် ဒေါ်ငွေရ (ကွယ်လွန်) တို့သည်လည်းကောင်း၊ ကွယ်လွန်သူ ဒေါ်ငွေရ ၏ သားသမီး၊ ဒေါ်နု၏ မြေးများဖြစ်ကြသော ဒေါ်အေးမြ (၂-တရားလို)၊ကိုညွှတ်ထွန်း (ကွယ်လွန်) နှင့်ကိုအောင်ကုလား (၆-တရားလို) တို့သည်လည်းကောင်း၊ကွယ်လွန်သူ ကိုညွှတ်ထွန်း၏ သားသမီး၊ ဒေါ်နု၏ မြစ်များဖြစ်ကြသော မစောဥမ္မာဖြိုး၊ မစန်းမိုးအေး၊ မောင်ဇင်မင်းထက် (၃၊ ၄၊ ၅-တရားလို) တို့သည်လည်းကောင်း၊ အမွေဆိုင် ပစ္စည်း ပေါ်မှ တစ်စုံတရာ ခံစားရခြင်း မရှိသေးပေ။ ထို့ကြောင့် အမွေခွဲဝေ ပေးစေလိုမှု စွဲဆိုကြခြင်း ဖြစ်သည်။

၂၇။ တစ်ပင်လဲမှ တစ်ပင်ထူခဲ့သော ဒေါ်နုသည် အိမ်ထောင် သုံးဆက်၊ လင်သား သုံးယောက်နှင့် ပေါင်းသင်းစဉ် မွေးဖွားခဲ့သော သားသမီးများကို တစ်ကြိမ်တစ်ခါမျှ အမွေခွဲဝေပေးခဲ့ဖူးခြင်း မရှိ၊ အချင်းဖြစ်ပစ္စည်း "မြေ" မှာလည်းဒေါ်နုနှင့် တတိယ အိမ်ထောင်ဖြစ်သူ ဦးဗန်အူးတို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွားပစ္စည်းဖြစ်ကြောင်း အငြင်း ပွားခြင်း မရှိ၊ ထို့ကြောင့် မူလရုံးနှင့် အယူခံရုံးတို့က အယူခံတရားလိုများ လည်း အချိုးအဆ တစ်ခုဖြင့် အမွေရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့ကြရာ "အမွေဝေစု အချိုးအဆ တွက်ချက်ခွဲဝေပုံ" နှင့် စပ်လျဉ်းပြီး ဓမ္မသတ်ကျမ်းနှင့်အညီ အဆုံး အဖြတ်ပြုနိုင်ပါရန် အထူးအယူခံ တင်သွင်းလာရာ ထိုအမှုမျိုးကို တရားလွှတ်တော်နှင့် တရားရုံးချုပ်တို့တွင် ရှေးယခင်က တက်ရောက်ခဲ့ခြင်း မရှိခဲ့ဖူးသေးသဖြင့် အထူးအယူခံဖြင့် ကြားနာခဲ့ခြင်းဖြစ်သည်။

**"တစ်လင်သေ တစ်လင်နေ လင်သုံးဦးတွင် မြင်သည့် သားသမီးတို့ ခွဲဝေရာတရား"**

၂၈။ မင်းတုန်းမင်းတရားကြီးလက်ထက် အရပ်ရပ် ဓမ္မသတ်ထွက်ကို ညှိ၍ အကျဉ်းအားဖြင့် ရေးသား စီမံအပ်သော ကင်းဝန်မင်းကြီး ဦးကောင်း၏ **"အဋ္ဌသံခိတ်ဓမ္မသတ်လင်္ကာ"** တွင်

> "ခေ ။ ။ မယားစဉ်လျှောက်၊ သုံးယောက်သေဖြား၊ သားသုံးဦးမှာ၊ မိပါမွေရှီး၊ ယူစေမိသား၊ ကိုယ့်အပွားကို၊ ကိုယ့်သားနှစ်စု၊ သားနှစ်ခုမှာ၊ တစ်စုစီရ၊ မြီရှိကမူ၊ ညှနည်းတူပင်၊ လင်အစဉ်လျှောက်၊ သုံးယောက်သေဖြား၊ ဝေစကားလည်း၊ မခြားလေဘွယ်၊ အငယ် လတ်ကြီး၊ သမီးနှစ်စီ၊ ခြောက်လီမှာဝယ်၊ ငယ်ချင်းလတ်ချင်း၊ ကြီးချင်း ညီမျှ၊ တနည်းပြလိမ့်၊ ကြီးဒွမှာမူ၊ ငယ်နှစ်ဟူ၏၊ ကြီးသူနှစ်ခွဲ၊ အလယ်တွဲလည်း၊ မလွဲတုံမြောက်၊ အောက်နှစ်ယောက်နှိုက်၊ အောက်ဆခွဲဘက်၊ ထက်တဆယူ၊ ဟူ၏ဆင်ခြင်၊ ပြေးလင်၏သား၊ ပေးကျွန့်သားမှာ၊ ပြေးသွားတမျိုး၊ ဥစ္စာရိုးကို၊ ခိုးသားပင်စား၊ ပြေးရာပွားမှာ၊ နောက်သားတဆ၊ သုံးဆထက်သူ၊ နောက်လူကြင်မှ၊ မိဘကသက်၊ မွေစုနက်ကို၊ ထက်သားမဆိုင်၊ အောက်သား ပိုင်ရေး၊ ပြေးသည့်မယား၊ ပေးစားကျွန်မ၊ သားနှစ်ဝလည်း၊ ထက်က အလား၊ မွေခြားပြီးမှ၊ တူကွနေသား၊ သေလုဖြားမှ၊ တူစားတူနေ၊ သေသဂြိုလ်သား၊ ဝေစကားမူ၊ သေသူပိုင်သ၊ လေးတဆကို၊ တူကွနေသား၊ ကျန်သည်များမှ၊ မွေစားတစု၊ ထိုက်ရာပြုပြီး၊ သင်္ဂြိုလ်သူတွက်၊ တွင်နှစ်တက်မျှ၊ ထိုက်သူ၏ဟူ၊ သင်္ဂြိုလ်သူဟု၊ ယူမည်လုံးဝ၊ မဆိုရသည်။ ။

သည်မျှသာလျှင်၊ ပြဋ္ဌာန်းတည်း" [၆] ဟူ၍ ပြဆိုသည်။

၂၉။ "အဋ္ဌသံခိတ်ကျမ်း" လာ ဓမ္မသတ်လင်္ကာပါ ပဒ၊ ဝါကျနှင့် စာပိုဒ်တို့၏ ဆိုလိုရင်း အဓိပ္ပါယ်သဘောကို ရှင်းလင်း လွယ်ကူစွာ နားလည်နိုင်ရန် ရှေးနေ တရားသူကြီး ခံတော်အရာရှိနှင့် ဓမ္မသတ်ဆရာတို့၏ တောင်းပန်ချက်အရ ကင်းဝန် မင်းကြီးဦးကောင်း စီရင်ရေးသားသော "အဋ္ဌသံခေပဝဏ္ဏနာ" ကျမ်း အပိုဒ် ၂၀၀ နှင့် ၂၀၁ တို့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

"၂၀၀ ။ ။ အစဉ်လိုက် သင့်နေသည့် မယားသုံးဦး၏ သားသမီးတို့ ခွဲဝေသည့်တရား ။ ။မယားစဉ်လျောက်၊ သုံးယောက်သေပြား။ သားသုံးဦးမှာ၊ မိပါရိုးမွေ၊ ယူစေမိသား။ ကိုယ့်အပွားကို၊ ကိုယ့်သားနှစ်စု၊ သားနှစ်ခုမှာ၊ တခုစီရ၊ မြီရှိကမူ၊ ဤနည်းတူပင်။ ။ ဟူရာနိုက် တစ်ဦးသေမှ တစ်ဦးသင့်နေသည့် ပထမမယား၊ ဒုတိယမယား၊ တတိယမယား သုံးဦး၏ သားသမီးတို့ ခွဲဝေရန်မှာ ကိုယ့်အမိက ပါလာသည့် အမွေရိုးကို သားရင်းဖြစ်သူက အသီးအသီး ကိုယ်စီယူကြစေ၊ ကိုယ့်အမိ လက်ထက်တွင် ဖြစ်ပွားဥစ္စာ အသီး အသီးကိုလည်း လေးစုစီ စု၍ ဖြစ်ပွားရင်းမယား၊ သားရင်းက နှစ်စု၊ ကျန်ဘတူ မိခြား သားနှစ်ဦးက တစုစီ ယူကြစေ၊ မြီရှိလျှင်လည်း နည်းတူ ဆပ်စေ" ဟုလည်းကောင်း။

"၂၀၁ ။ ။ အစဉ်လိုက် သင့်နေသည့် လင်သုံးဦးတို့၏ သားသမီးတို့ ခွဲဝေသည့်တရား ။ ။ လင်အစဉ်လျောက်၊ သုံးယောက်သောသား၊ ဝေစကားလည်း ၊ မခြားလေဘွယ်၊ ဟူရာနိုက် ။ ။ တစ်ဦးသေမှ တစ်ဦးသင့်နေသည့် ပဌမလင်၊ ဒုတိယလင်၊ တတိယလင် သုံးဦး၏ သားသမီးတို့ ခွဲဝေရန်မှာ ကိုယ့်အဘက ပါသည့် အမွေရိုးကို သားရင်းဖြစ်သူက အသီး အသီး ကိုယ်စီယူကြစေ၊ ကိုယ့်အဘလက်ထက်တွင် ဖြစ်ပွားဥစ္စာ အသီး အသီးကိုလည်း လေးစုစီ စု၍ ဖြစ်ပွားရင်း လင့်သားရင်းက နှစ်စု၊ ကျန် မိတူဘခြား နှစ်ဦးက တစုစီ ယူကြစေ။ ။မြီရှိလျှင်လည်း နည်းတူဆပ်စေ" [၇] ဟူ၍လည်းကောင်း ပြဆိုထားသည်ကို တွေ့ရှိရပေသည်။

"200. **The Law of partition among the children of three wives married in succession.**

The law of partition among the children of first, second, and third wives married in succession, one after the death of the other, is as follows: -

Let the children of each mother succeed to her hereditary rights. Let the joint property acquired during the life-time of each mother be divided into four shares, and let her children take two shares, and of the remaining two shares, let the offspring of each of the other two mothers take one share each.

Debt, if any, shall be liquidated in the same proportion." [၈]

---

[၆] ကင်းဝန်မင်းကြီး ဦးကောင်းစီရင်ရေးသားသော "အဋ္ဌသံခေပဝဏ္ဏနာ" ကျမ်း
The Attasankhepa Vannana Dhammathat, Page 21 (Published by Authority), Rangoon, Supdt., Govt., Printing and Stationary, Burma . 1934

[၇] ကင်းဝန်မင်းကြီး ဦးကောင်း စီရင်ရေးသားသော "အဋ္ဌသံခေပဝဏ္ဏနာ" ကျမ်း၊ တ-၂၂ အစိုးရပုံနှိပ်နှင့် စာရေးကိရိယာဌာန၊ ရန်ကုန်၊ မြန်မာနိုင်ငံတော် ၁၉၃၄ ခုနှစ် (အာဏာပိုင်က မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ပူးတွဲ ပုံနှိပ်ထုတ်ဝေသည်။)

[၈] The Attasankhepa Vannana Dhammathat, compiled by the Hon'ble U Gaung, C.S.I, Ex-Kinwung Mingyi .(Published by Authority), Supdt., Govt., Printing and Stationary, Burma , 1934 , Pg . 18

"201. **The law of partition among the children of three husbands married in succession.**

The law of partition among the children of the first, second, and third husbands married in succession, one after the death of the other, is as follows: -

Let the children of each father succeed to his hereditary rights. Let the joint property acquired during the life-time of each father be divided into four shares, and let his children take two shares, let the other two fathers take one share each.

Debt, if any, shall be liquidated in the same proportion." ၉

၃၀။ ထို့ပြင် အွထက်မြန်မာပြည် တရားရေးမင်းကြီး ဂျီ-ဒီ-ဘားဂက်စ် (G.D. Bergess) ၏ တိုက်တွန်းချက်အရ ၃၆ စောင်သော ဓမ္မသတ်ကျမ်းထွက်များကို ကောက်ယူ နှိုင်းယှဉ် စီရင်ရေးသားထားသော မြန်မာပြည်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပုံနှိပ်ထုတ်ဝေသည့် မြန်မာပြည် ဒုတိယဘုရင်ခံ၏ ဥပဒေပြုကောင်စီဝင် ကင်းဝန်မင်းကြီး ဦးကောင်း (C.S.I) ၏ "၃၆ စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကျမ်းကြီး" အပိုဒ် ၂၄၆ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

<u>တစ်ဦးသေလျှင် တစ်ဦးယူသော လင်သုံးဦး၏ သားသုံးယောက်တို့ ခွဲဝေရာတရား</u>

၂၄၅(ခ) မိန်းမ။ ငင်းနည်းတူ တစ်လင်သေ၍ တစ်လင်နေ ငင်းသေ လင်သုံးဦးတွင် မြင်သည့်သားတို့မှာလည်း အထက်နည်းတူ ခွဲဝေယူကြစေ။

လင်တစ်ယောက်နေ သေ၊ သားသမီးရှိ၊ ငင်းတစ်ယောက်နေ သေ၊ သားသမီးရှိ၊ ငင်းတစ်ယောက်နေ သေ၊ သားသမီးရှိ၊ အမိသေ၍၊ သားသုံးယောက်တို့ ဝေရာသော တရားတစ်ပါးဟူသည်ကား ။ ။ အကြွင်မိန်းမတစ်ယောက်သည် လင်တစ်ယောက်သေ၊ ငင်းသားရှိ၏။ ငင်းအမွေ မဝေဖြစ်။ လင် တစ်ယောက်နေ၍ သားရှိ၏။ သေခဲ့ပြန်၏။ အမွေ မဝေဖြစ်။ ငင်းတစ်ယောက် နေပြန်၍ သား တစ်ယောက် မွေးရာတွင် လင်သေ၏။ အမိလည်း သေ၏။ သား သုံးယောက်တို့သည် ဝေရန် ဥစ္စာရပ်ကို စိစစ်၍ တရားသူကြီးတို့ စီရင်ရာသည်ကား လင်သုံးယောက်တို့၏ ဥစ္စာရိုး သင်းသီးကို ထိုအဘ၌ မွေးသောသားတို့ ကိုယ်စီယူကြစေ၊ တင်မြီရှိလည်း နည်းတူဆပ်ကြစေ။ အမိဥစ္စာ သင်းသီးမှာ အထက်လင်ကြီး လက်ထက်ကသော ပါရှိ၍ နောက်လင်တို့သို့ ရောက်မည်။ နောက်လင်တို့တွင် အပွားအစီးမရရှိက ငင်းဥစ္စာသည် အထက်ဥစ္စာမည်ရာသည်။ အထက်ဥစ္စာကို အထက်သား နှစ်စု၊ အောက်သား တစ်စု ပေးစေဟုဆိုခြင်းနှိုက် လင်နှစ်ဦး သားနှစ်ထွေတွင်သာ ဆိုခြင်းတည်း။ ယခု သားသုံးဦးမှာ အဘသာ ကွဲသည်။ အမိ ဆုံဖြစ်ခြင်းကြောင့် အထက်အဘပါ ဥစ္စာမှန် သမျှကို လေးစု စု၍ နှစ်စုကို အထက်လင့်သား စားစေ။ နောက်လင်နှစ်ဦးသားမှာ တစ်စုစီ စားစေ။ တင်မြီရှိလည်း နည်းတူ ဆပ်စေ။ အလယ်လင်တွင် ဖြစ်လျှင်လည်း နည်းတူ။ နောက်လင်တွင် ဖြစ်လျှင်လည်း နည်းတူ ဆပ်ကြစေ။ အဘယ်ကြောင့် နည်းဟူမူကား

---

၉ The Attasankhepa Vannana Dhammathat, compiled by the Hon'ble U Gaung, C.S.I, Ex-Kinwung Mingyi. (Published by Authority). Supdt., Govt., Printing and Stationary, Burma, 1934. Pg. 49

လင်တစ်ယောက် သေမှ တစ်ယောက်နေ၊ ၎င်းလင်သုံးယောက်နေမှ အမိသေသည်။ လင်ဥစ္စာ မယားပိုင်ရာသော တရားရှိသော ကြောင့် အမိ တစ်မိတည်းတွင် ရရင်း အဘ လက်ထက်ပွားဥစ္စာကို နှစ်ဆ စားစေသည်မှာ မိဘနှစ်ပါး ဆုံသောအရာနှိက် ဖြစ်ချေ၍ ဆိုသတည်း။" [၃၀] ဟူ၍ ပြဆိုသည်။

၃၁။ အထက်အပိုဒ် ၂၈၊ ၂၉၊ ၃၀ တွင် ပြဆိုထားသော အဋ္ဌသံခေပဝဏ္ဏနာကျမ်းနှင့် ၃၆ စောင်တွဲ အမွေမှုခန်း ဓမ္မသတ်ကျမ်းလာ ရေးသားပြဆိုချက် အပိုဒ်တို့သည် တရားရုံးချုပ် အထူးအယူခံ "တထူးယူ ၃၁/၀၇ ဒေါ်အုန်းညွန့် ပါ ၆ နှင့် ဒေါ်ချစ်တင် ပါ ၃" အမှုအတွက် အမိကထား ကိုးထောက် ရယူပြီး အဆုံးအဖြတ်ပေးခဲ့သည့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ အမွေခန်း၏ အိမ်ထောင် သုံးဆက် (လင်ယောက်ျား သုံးယောက်) တစ်ပင်လဲမှ တစ်ပင်ထူ ပေါင်းသင်းခဲ့သူ မိခင် ဒေါ်နု၏ အမွေကျန်ပစ္စည်းအပေါ် "မိတူဘခြား သားသမီးများ အမွေခွဲဝေရေး" ဆိုင်ရာ ဥပဒေမူ ဥပဒေလမ်းညွှန် ပြဌာန်းဖော်ပြချက်များ ဖြစ်ကြောင်း တွေ့ရှိရပေသည်။

၃၂။ ဖော်ပြပါ တထူးယူ ၃၁/၀၇ အမှုတွင် ဒေါ်နုအမည်ပေါက် အမွေကျန်ပစ္စည်း ၀.၁၄၈ ဧကရှိ မြေကွက်သည် ဒေါ်နုနှင့် ဒုတိယအိမ်ထောင် ဦးဗန်ဒူးတို့ ပေါင်းသင်းစဉ် ဖြစ်ထွန်းသော လက်ထက်ပွား ပစ္စည်းဖြစ်၍ ၎င်းတို့၏ သားသမီး များဖြစ်သော ဒေါ်သန်းထွေးနှင့် ဒေါ်ရင်နု (၂၊ ၃-တရားပြိုင်) တို့က ယင်းမြေကွက်၏ လေးပုံနှစ်ပုံ (၂/၄) ရရှိမည်။ (ဒေါ်သန်းဌေး လေးပုံတစ်ပုံ (၁/၄)၊ ဒေါ်ရင်နု လေးပုံတစ်ပုံ (၁/၄)။ ဒေါ်နုနှင့် ဒုတိယအိမ်ထောင် ဦးဗလိုင်ရျော့တို့ ပေါင်းသင်းစဉ် မွေးဖွားသော သမီး ဒေါ်ချစ်တင် (၁-တရားပြိုင်)က ကျန် နှစ်ပုံတစ်ပုံ (၁/၂) ၏ တစ်ဝက်ဖြစ်သော လေးပုံတစ်ပုံ (၁/၄) ရရှိမည်။ ဒေါ်နုနှင့် ပထမအိမ်ထောင် ဦးဘတင်နှင့် ပေါင်းသင်းစဉ် မွေးဖွားသော သားသမီး (မြေးမြစ်) များကလည်း လေးပုံတစ်ပုံ (၁/၄) ရမည် ဖြစ်သည်။

၃၃။ တရားလို တစ်ဦးစီ၏ အမွေပုံအခွင့်အရေးမှာ ဒေါ်နုနှင့် ပထမအိမ်ထောင် ဦးဘတင်၏သမီး ဒေါ်အုန်းညွန့် (၁-တရားလို)က အမွေပစ္စည်း၏ လေးပုံတစ်ပုံ (၁/၄)၏ တစ်ဝက်ဖြစ်သော ရှစ်ပုံတစ်ပုံ (၁/၈) ကို လည်းကောင်း၊ မြေးနှစ်ယောက်ဖြစ်သော ဒေါ်အေးမြနှင့် ကိုအောင်ကုလား (၂၊ ၆-တရားလို) တို့က ရှစ်ပုံတစ်ပုံ (၁/၈)၏ သုံးပုံတစ်ပုံ (၁/၃) စီဖြစ်သော နှစ်ဆယ့်လေးပုံတစ်ပုံ (၁/၂၄) စီကိုလည်းကောင်း၊ မြစ်သုံးယောက်ဖြစ်သော မစောဥမ္မာဖြူ၊ မစန်းမိုးအေး နှင့် မောင်ဇင်မင်းထက် (၃၊ ၄၊ ၅-တရားလို) တို့က ကျန်နှစ်ဆယ့်လေးပုံတစ်ပုံ (၁/၂၄)၏ သုံးပုံတစ်ပုံ (၁/၃) ဖြစ်သော ခုနစ်ဆယ့်နှစ်ပုံတစ်ပုံ (၁/၇၂) စီကိုလည်းကောင်း၊ ရထိုက်ကြောင်း အပြီးသတ် ဒီကရီ တစ်ရပ် စီရင်ခဲ့ရုံးတော်က ဓမ္မသတ်ကျမ်းထွက်နှင့်အညီ ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။

**နိဂုံး**

၃၄။ အမွေရှင်မိဘများ သေဆုံး၍ "အမေတူ အဖေကွဲ သို့မဟုတ် အဖေတူ အမေကွဲ သွေး တစ်ဝက်မောင်နှမများ" (မိခင်ကသော်လည်းကောင်း ဖခင်ကသော်လည်းကောင်း အိမ်ထောင် နှစ်ဆက်၊ သုံးဆက် ပေါင်းသင်း၍ မွေးဖွားခဲ့သည့် သားသမီးများ) အမွေခွဲဝေရေး၌

(၁) အမွေခံများသည် တစ်ဦးချင်း အနေဖြင့်မဟုတ်ဘဲ အမေတူ အဖေတူချင်း "တစ်အုပ်စု" အဖြစ် ပေါင်းပြီး အမွေပုံမှ အစုအပုံ အချိုးချ ခွဲဝေ

[၃၀] A Digest of the Burmese Buddhist Law, Vol. I, INHERITANCE. A collection of Texts from Thirty - Six Dhammathats; by Hon'ble U Gaung, Ex-Kinwun Mingyi, Printed by the Superintedent, Government Printing, Burma, Rangoon, 1898 (Published with the sanction of the Government of Burma)

ပေးခြင်းဖြစ်သည်။ တစ်အုပ်စုအတွင်း ထို အစုအပုံကို အညီအမျှ ခွဲဝေ ယူကြရသည်။

(၂) အမွေပုံ လက်ထက်ပွားပစ္စည်းရစဉ်က ပေါင်းသင်းနေသည့် မိဘတို့က မွေးဖွားသည့် သားသမီးများ (တစ်အုပ်စု) သည် အခြား အိမ်ထောင်နှင့် မွေးဖွားသည့် သားသမီးများ (အုပ်စု တစ်စုစီ) ထက် နှစ်စု၊ နှစ်ပုံ ၊ နှစ်ဆ ရထိုက်ခွင့် ရှိစေရသည်။

(၃) အမေတူ အဖေတူ "သွေးသားရင်း အုပ်စု တစ်ခု" မှ မွေးဖွားသူ သားသမီး များအနက် အမွေ မခွဲရသေးမီ တစ်ဦးဦး သေဆုံးသော် ၎င်းအတွက် ရရှိမည့် အမွေဝေစုကို အမွေခံ သားသမီး မြေးတို့လည်း ခံစားခွင့်ရှိစေရသည်။ ဤသည်မှာ မြန်မာ့အမွေခန်း "ဘတူ မိခြား မိတူဘခြား" သားသမီးများ အမွေဆက်ခံ ရေးနှင့် အမွေခွဲဝေရေး၏ ထူးခြားချက်ပင် ဖြစ်ကြောင်း လေ့လာ တွေ့ရှိရပေသည်။

**ဒေါက်တာတင်အောင်အေး**

## ရည်ညွှန်းကိုးကားစာအုပ်များ


၁။ Black's Law Dictionary, Second Pocket Dictionary, West Group, A Thomsom Company, St. Paul Minn, 2001

၂။ ပြည်ထောင်စုမြန်မာနိုင်ငံဥပဒေ၊ အတွဲ ၁၁ (Burma Code Vol XI)
တရားရေးဝန်ကြီးဌာန၊ ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီ၊ ၁၉၅၇ ခုနှစ်။

၃။ တရားရုံးချုပ်ရှေ့နေကြီး ဦးမြစိန် ရေးသားသော "မြန်မာဓလေ့ထုံးတမ်းဥပဒေ" ၉ ကြိမ်မြောက် ပုံနှိပ်ခြင်း၊ ဂုဏ်ထူးစာပေ၊ ရန်ကုန်မြို့ ၂၀၀၀ ပြည့်နှစ်။

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်၊ တရားစီရင်ထုံးများ ၊ ၂၀၀၁ ခုနှစ်။

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်၊ တရားစီရင်ထုံးများ။ ၂၀၀၀ ခုနှစ်။

၆။ ကင်းဝန်မင်းကြီးဦးကောင်း စီရင်ရေးသားသော "အဋ္ဌသံခေပဝဏ္ဏနာကျမ်း"
The Attasankhepa Vannana Dhammathat, Published by Authority, Rangoon, Supdt., Govt., Printing and Stationary, Burma, 1934

၇။ ကင်းဝန်မင်းကြီးဦးကောင်း စီရင်ရေးသားသော ၃၆ စောင်တွဲ အမွေမှုခန်းဓမ္မသတ်
The Digest of the Burmese BUDDIHIST Law, Vol. I. INHERITANCE, A collection of Texts from Thirty-Six Dhammathats by Hon'ble U Kaung. Ex-Kinwun Mingyi, Printed by the Superintendent, Government Printing and Stationary, Burma, Rangoon, 1898, Published with the sanction of the Government of Burma

၈။ Prof.Dr. Tin Aung Aye, "Interpretation of Statute Law and Treaty', Appendix "B", See: "Myanmar Customary Law and Culture," Pg. 36-51, Mercury Press, Yangon, 2004 December


* * *

# အမွေထိန်းစာနှင့် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားမှုများတွင် တန်ဖွက်သူပေါ်လာသည့် ပြဿနာ

မောင်ဉာဏ်စိန်

တရားရုံးများတွင် အမွေထိန်းစာ လျှောက်ထားခြင်းနှင့် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားခြင်းတို့မှာ အမွေဆက်ခံခြင်းအက်ဥပဒေ (THE SUCCESSION ACT) အရ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ ယင်းဥပဒေမူရင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ ဥပဒေ၊ အတွဲ (၁၁)၊ စာမျက်နှာ (၁၄၆)တွင် ဖော်ပြပါရှိပေသည်။

အမွေထိန်းလက်မှတ်စာ လျှောက်ထားခြင်းမှာ ကွယ်လွန်သူတစ်ဦး၏ပစ္စည်းကို လက်ရောက်ရယူနိုင်ရေး၊ ကွယ်လွန်သူတစ်ဦး ရရန်ရှိသော ကြွေးမြီများကို ကောက်ခံနိုင်ရေး၊ ကွယ်လွန်သူ၏ အသုဘစရိတ်နှင့် ကွယ်လွန်သူက ပေးရန်ရှိသည်များကို ပေးဆပ်နိုင်စေရေး၊ ထိုသို့ပေးဆပ်ပြီးနောက် ကျန်ရစ်သော ပစ္စည်းတို့ကို ကွယ်လွန်သူ၏မိသားစုဥပဒေ အရ ကွယ်လွန်သူ၏အမွေကို ဆက်ခံထိုက်သူတို့အား ခွဲဝေပေးနိုင်စေရေး အတွက် ဖြစ်သည်။ ယင်းအတွက် ကွယ်လွန်သူ၏ အခွင့် အရေးကို ဆက်ခံသူတစ်ဦးအား ခန့်ထားပေးရန်ဖြစ်သည်။ အမွေထိန်းစာ လျှောက်ထားရခြင်း၏ ရည်ရွယ်ချက်မှာ အမွေပုံပစ္စည်းကို ထိန်းသိမ်းရန်အလို့ငှာ ကွယ်လွန်သူအား ကိုယ်စားပြုသည့် ပြဿနာကို အဆုံးအဖြတ် ပေးရန်ဖြစ်သည်။ အမွေဆက်ခံသည့်ပြဿနာကို အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။

ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီများနှင့် စပ်လျဉ်း၍ တောင်းခံလိုပါက၊ အရေးဆိုလိုပါက အမွေဆက်ခံခွင့်လက်မှတ် ကို လျှောက်ထားကြရပါသည်။ အမွေဆက်ခံရန် သက်သေခံလက်မှတ် ထုတ်ပေးရာတွင် အဓိကဆုံးဖြတ်ရမည့်အချက်မှာ လျှောက်ထားသူသည် သေသူ၏ကြွေးမြီများကို ကောက်ခံသိမ်းဆည်းခွင့် ရှိသူ ဟုတ်/မဟုတ် ဟူသော အချက်ဖြစ်သည်။ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ ဆုံးဖြတ်ပေးခြင်းမဟုတ်ပေ။

တရားရုံးများသို့ အမွေထိန်းစာရလိုမှု၊ အမွေဆက်ခံခွင့်လက်မှတ် ရလိုမှုများကို လျှောက်ထားလာကြရသောအခါ တရားရုံးများက တရားမအထွေထွေမှုများကို ဖွင့်လှစ်ဆောင်ရွက်ကြပါသည်။ ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပြီးနောက် အမွေထိန်းစာ လျှောက်ထားမှုဖြစ်က တရားမပုံစံ (၁၃၄)ဖြင့်လည်းကောင်း၊ အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားမှုဖြစ်ပါက တရားမပုံစံ(၁၄၁) ဖြင့်လည်းကောင်း ကြော်ငြာစာ၊ အကြောင်းကြားစာများကို ထုတ်ရပါသည်။ ယင်းအကြောင်းကြားစာ၊ ကြော်ငြာ စာများကို တရားရုံးတွင် မြင်သာသော နေရာ၌လည်းကောင်း၊ ကွယ်လွန်သူ အတည်တကျ နေထိုင်သည့်ဒေသ၊ ကွယ်လွန် သူ၏ ပစ္စည်းတည်ရှိရာ ဒေသ၏ မြို့နယ်အခွန်ဦးစီးမှူးရုံး၌လည်းကောင်း ကပ်ထားရမည့်အပြင် အခြားနည်းဖြင့်လည်း ကြော်ငြာ

နိုင်သည်။ ယခုခေတ်တွင် သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းကို အကောင်းဆုံး၊ အထိရောက်ဆုံးနည်းလမ်းအဖြစ် ဆောင်ရွက်ကြသည်။ အကယ်၍ ပစ္စည်းအချို့သည် အခြားပြည်နယ်/တိုင်းတွင် တည်ရှိလျှင် ထိုပစ္စည်းနှင့်သက်ဆိုင်သည့် ပြည်နယ်/တိုင်း တရားရုံးသို့ ကြော်ငြာစာမိတ္တူကို ပေးပို့ရမည်။ ယင်းပြည်နယ်/တိုင်း တရားရုံးက လိုအပ်သလို ကြော်ငြာ၍ ထိုသို့ ကြော်ငြာပြီးကြောင်းကို ကြော်ငြာစာပေးပို့သည့် တရားရုံးသို့ ပြန်လည်အစီရင်ခံရမည်ဖြစ်သည်။

အမွေထိန်းစာထုတ်ပေးခြင်းကို တင်ကြို ကန့်ကွက်လိုလျှင် အမွေဆက်ခံရေးအက်ဥပဒေ ဇယား(၅)တွင် ဖော်ပြ ထားသည့် တင်ကြိုသတိပေးလွှာ တင်သွင်းနိုင်ပေသည်။ ထို တင်ကြိုသတိပေးလွှာအတွက် ရုံးခွန်အက်ဥပဒေဇယား(၂)၊ အမှတ်စဉ်(၁၂)အရ ရုံးခွန်တော် (၃၀/-)ကို ထမ်းဆောင်ရပါမည်။ အမွေထိန်းစာလျှောက်လွှာကို လက်ခံရရှိထားသည့် တရားရုံးသည် တင်ကြိုသတိပေးလွှာရရှိပြီးနောက် သတိပေးလွှာပေးပို့သူထံအကြောင်းမကြားဘဲ လျှောက်လွှာကို အရေးယူဆောင်ရွက်ခွင့်မရှိချေ။ ရည်ရွယ်ချက်မှာ ကန့်ကွက်သူထံအကြောင်းကြားစာမပေးဘဲ အမွေထိန်းစာကို ထုတ်မပေးရန်ဖြစ်သည်။

ဤနေရာတွင် အဓိက ဆွေးနွေးတင်ပြလိုသည်မှာ ဖွင့်လှစ်ရမည့် အမှုအမျိုးအစားဖြစ်ပေသည်။ အမွေထိန်းစာ လျှောက်ထားမှု၊ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားမှုများကို လက်ခံရရှိသောအခါ တရားရုံးများက တရားမအထွေထွေမှုများအဖြစ် ဖွင့်လှစ်ဆောင်ရွက်ရကြောင်း အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်ပေသည်။ စုံစမ်းမှုပြုလုပ်ခြင်းမှာ အကျဉ်းနည်းအားဖြင့်သာ ဆောင်ရွက်ခြင်းဖြစ်ပြီး ရှုပ်ထွေးမည့် ဥပဒေပြဿနာများကို သုံးသပ်ရန်မဟုတ်သောကြောင့်ဖြစ်သည်။ ခက်ခဲ နက်နဲသော ဥပဒေပြဿနာများ၊ ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သော ပြဿနာများ ကိုကား အမွေပုံစီမံခန့်ခွဲပေးစေလိုမှုကဲ့ သို့သော တရားမကြီးမှုမျိုးကို စွဲဆို၍ အဆုံးအဖြတ်ခံယူကြရန်သာ ရှိပေသည်။

သို့ရာတွင် အမွေထိန်းစာရလိုမှုတွင် ကန့်ကွက်သူများ ပေါ်လာသောအခါ တရားမကြီးမှုအဖြစ် ပြောင်းလဲဖွင့်လှစ် ရပေမည်။ အမွေထိန်းစာလျှောက်ထားသူကို တရားလိုအဖြစ် သတ်မှတ်၍ ကန့်ကွက်သူကို တရားပြိုင်အဖြစ် သတ်မှတ် ရမည်ဖြစ်သည်။ အမှုအား တရားမကြီးမှုများ စစ်ဆေးသည့်နည်းအတိုင်း စစ်ဆေးရမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ရန် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ (၂၉၅)တွင် အတိအလင်း ပြဋ္ဌာန်းထားပေသည်။

သို့သော် အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားမှုများတွင် ကန့်ကွက်သူပေါ်လာသောအခါ တရားမကြီးမှုအဖြစ် ပြောင်းလဲ၍ ဖွင့်လှစ်ရန် မလိုပေ။ မှားယွင်းပြီး တရားမကြီးမှုအဖြစ် ပြောင်းလဲ၍ ဖွင့်လှစ်တတ်ကြသဖြင့် ဗဟိုတရားရုံးနှင့် တရားရုံးချုပ်တို့က စီရင်ထုံးများဖြင့် လမ်းညွှန်မှုပြုထားပေသည်။

ဦးကျော်ဝင်းအောင် နှင့် ဒေါ်ညွန့် ပါ-၃အမှု[1] တွင် အောက်ပါအတိုင်း စီရင်ထုံးပြုထားသည်ကို တွေ့ရှိရပေသည်။

> "အမွေထိန်းစာများ အပြိုင်အဆိုင်လျှောက်ထားလာလျှင် အမွေဆက်ခံရေးအက်ဥပဒေပုဒ်မ ၂၉၅ အရ တရားမကြီးမှုအဖြစ် ပြောင်း၍ စစ်ဆေးရသော်လည်း အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားမှု မျိုးကို တရားမကြီးမှုအဖြစ် ပြောင်းလဲစစ်ဆေးရန် မလိုချေ"

ဦးထွန်းမောင် နှင့် ဦးစံဝင်း ပါ-၂ အမှု[2] တွင်လည်း တရားရုံးချုပ်က အောက်ပါအတိုင်း ထပ်မံ ဆုံးဖြတ်ချက်ချထားသည်ကို တွေ့ရှိရပေသည် -

> "ထို့ပြင် အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားသည့်ကိစ္စကို ရှမ်းပြည်နယ်

[1] ၁၉၈၄၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ -၁၂၁

[2] ၁၉၉၄ ခုနှစ်၊ တရားစီရင်ထုံးများ၊ စာ-၇၀

"တရားရုံးက တရားမကြီးမှုအဖြစ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းသည်လည်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။"

ထို့ကြောင့် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားမှုကို တရားမအထွေထွေမှုအဖြစ်သာ ဖွင့်လှစ်ရမည်ဖြစ်ပြီး၊ ကန့်ကွက်သူပေါ်လာခဲ့လျှင်လည်း တရားမကြီးမှုအဖြစ် မပြောင်းလဲဘဲ တရားမ အထွေထွေမှု အဖြစ်သာ ဆက်လက်စုံစမ်း စစ်ဆေးသွားရမည် ဖြစ်ကြောင်း ထင်ရှားပေသည်။

ထို့ပြင် အမွေဆက်ခံခွင့်လက်မှတ်နှင့် အမွေထိန်းစာလျှောက်ထားမှုများမှာ ပုဂ္ဂိုလ်အနေဖြင့် လျှောက်ထားပြီး၊ ပုဂ္ဂိုလ်အရ ထုတ်ပေးခြင်းဖြစ်သည့်အလျောက် လျှောက်ထားသူကွယ်လွန်သွားပါက ၎င်း၏လျှောက်ထားမှုသည် အလို အလျောက်ရပ်စဲသွားပေသည်။ ၎င်းတို့၏ အမွေစားအမွေခံများက လျှောက်ထားမှုများကို ဆက်ခံနိုင်ခြင်းမရှိပေ။ သို့ရာတွင် ကန့်ကွက်သူ သေဆုံးခဲ့လျှင်ကား အမွေထိန်းစာ လျှောက်ထားသူ၏ အမွေထိန်းစာရခွင့်ကို တစ်စုံတစ်ရာ ထိခိုက်နိုင်ခြင်း မရှိသဖြင့် ကန့်ကွက်သူသေဆုံးရုံမျှဖြင့် လျှောက်ထားမှုမှာ ရပ်စဲသွားရန် အကြောင်းမရှိချေ။

<u>ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဦးကျော် (ကွယ်လွန်သူ) ၏ သားသမီးများ ဒေါ်မြဦး ပါ-၃ အမှု</u> [၃] တွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်ကို တွေ့ရှိရပေသည်။

"အမွေထိန်းစာလျှောက်ထားမှုသည် လျှောက်ထားသူ၏ အခွင့်အရေးအပေါ် အခြေခံ၍ လျှောက်ထားမှုမျိုး ဖြစ်ပြီး အခြားအမှုများမှာကဲ့သို့ တစ်ဦးတစ်ယောက်ထံမှ အခွင့်အရေးတောင်းဆိုသည့် အမှုမျိုး မဟုတ်ချေ။ အမွေတွင် အကျိုးသက်ဆိုင်ခွင့်ရှိသည်ဟု အဆိုရှိသူများက ကန့်ကွက်သဖြင့် အမှုဆိုင်ပြိုင်ရသည့်အဆင့် ရောက်သောအခါ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကန့်ကွက် သူအား တရားပြိုင်အဖြစ် သတ်မှတ်၍ အမှုကို ဆက်လက်စစ်ဆေးရသော်လည်း ကန့်ကွက်သူ သေဆုံး ခြင်းသည် အမွေထိန်းစာ လျှောက်ထားသူ၏ အမွေထိန်းစာရခွင့်ကို တစ်စုံတစ်ရာ ထိခိုက်နိုင်ခြင်းမရှိ သဖြင့် ကန့်ကွက်သူ သေဆုံးရုံမျှဖြင့် လျှောက်ထားမှုမှ ရပ်စဲသွားရန် အကြောင်းမရှိချေ။"

ဤသည်တို့မှာ အမွေထိန်းစာနှင့် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားမှုများတွင် ကန့်ကွက်သူပေါ်လာသောအခါနှင့် ကန့်ကွက်သူ ကွယ်လွန်သွားသောအခါ သတိပြုရန်အချက်များအဖြစ် ရေးသားတင်ပြအပ်ပါသည်။

**မောင်ညာ ထိန်စိန်**

<u>ကျမ်းကိုးစာရင်း</u>

၁။ THE SUCCESSION ACT
၂။ မြန်မာနိုင်ငံတရားစီရင်ထုံးများ (၁၉၇၄၊ ၁၉၇၆၊ ၁၉၉၄)
၃။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ အမွေမှုများ (ဦးမြ)

[၃] ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ - ၁၈

* * *

# စိတ်ဝေဒနာရှင်တရားခံအပေါ် အမှုစစ်ဆေးစီရင်ခြင်း

လှအေး (တရားရေး)

မည်သူမဆို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ပြုလုပ်လျှင် သို့မဟုတ် ယင်းဥပဒေပြဋ္ဌာန်းချက်အတိုင်း မပြုလုပ်ဘဲ ပျက်ကွက်လျှင် ထိုသူကို ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်ထိုက်သင့် စေရမည်ဟု ပြစ်မှုဆိုင်ရာဥပဒေ[၁] တွင် ပြဋ္ဌာန်းထားပါသည်။ ဤပြဋ္ဌာန်းချက်အရကြည့်လျှင် ယင်းပြစ်မှုများကို ကျူးလွန်သူ မည်သူ့ကိုမဆို တရားစွဲဆိုဆောင်ရွက်မည် ဖြစ်သည်။ ထိုသို့ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရသူများထဲတွင် စိတ်ဝေဒနာရှင် တရားခံများလည်း ပါဝင်လျက်ရှိကြောင်း တွေ့ရပါသည်။

စိတ်ဝေဒနာရှင်တရားခံများအပေါ် ပြစ်မှုကြောင်းအရ အမှုစစ်ဆေးစီရင်ရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေလုပ်ထုံး လုပ်နည်းများကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ အထူးအားဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ အခန်း ၃၄၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၄ မှ ၄၇၅၊ တရားရုံးများလက်စွဲ (စတုတ္ထအကြိမ်) အပိုဒ် ၅၀၂ မှ ၅၀၉ တရားရုံးများလက်စွဲ အပိုဒ် ၈၄၄ မှ ၈၅၉ တို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်အရပ်ရပ်ကို အဓိပ္ပါယ်ကောက်ယူသည့်အခါတိုင်း "အရပ်ရပ်ဆိုင်ရာ ကင်းလွတ် ရမြဲအချက်များ" ဟူသော အခန်းပါ ကင်းလွတ်ချက်များကို အထောက်အထားပြု၍ အဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပါသည်။ [၂] စိတ်ဝေဒနာရှင်များ အမှုစစ်ဆေးရာတွင် မှားယွင်းခြင်းမရှိဘဲ မှန်ကန်စွာဖြစ်စေခြင်းငှာ တရားသူကြီးများသည် တရားရုံးများလက်စွဲအပိုဒ် ၅၂၅ တွင် ဖော်ပြထားသည့် ညွှန်ကြားချက်အပိုဒ် (၁) နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၆၄၊ ၄၆၆၊ ၄၆၇၊ ၄၆၈၊ ၄၆၉၊ ၄၇၀ တို့ကို သေသေချာချာ ဂဃနဏ ခရေစေ့တွင်းကျ ဖတ်ရှုလေ့လာနားလည်ပြီး ဖော်ပြပါ ညွှန်ကြားချက်နှင့် ဥပဒေညွှန်းချက်တို့ကို တစ်သဝေမတိမ်း အမြဲလိုက်နာကြရန်လည်း ညွှန်ကြားထားပြီးဖြစ် ပါသည်။[၃]

ပြစ်မှုဆိုင်ရာအမှုဖြင့် တရားစွဲဆိုတင်ပို့ခြင်းခံရသူ စိတ်ဝေဒနာရှင် တရားခံအပေါ် စစ်ဆေးစီရင်မှု ဆောင်ရွက်သည့် အခါတွင် ယင်းတရားခံသည် ၎င်းအပေါ် စွဲဆိုထားသည့်ပြစ်မှုအတွက် ထုချေရှင်းလင်းနိုင်မှု ရှိမရှိကို စိစစ်ရမည်ဖြစ်သည်။ စိတ်ဝေဒနာရှိမရှိကို ခရိုင်ဆရာဝန် သို့မဟုတ် နိုင်ငံတော်သမ္မတက ညွှန်ကြားသည့် အခြား ဆေးဘက်ဆိုင်ရာ အရာရှိက စမ်းသပ်ကြည့်ရှု စစ်ဆေးရမည်ဖြစ်သည်။ သက်ဆိုင်ရာ ဆေးစစ်သည့် ဆရာဝန်ကို သက်သေအဖြစ် စစ်ဆေးရမည့်အပြင် ထိုသက်သေခံချက်ကို စာဖြင့်ရေးမှတ်ထားရမည်ဖြစ်သည်။[၄]

[၁] ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂။

[၂] ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၆။

[၃] တရားရုံးများညွှန်ကြားလွှာလက်စွဲ၊ ညွှန်ကြားလွှာအမှတ် ၇/၅၈ (၂၁-၇-၅၈)။

[၄] ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၆၄ (၁) တရားရုံးများလက်စွဲအပိုဒ် ၅၀၃။

အချင်းဖြစ်အချိန်က တရားခံသည် စိတ်ဖောက်ပြန်မှုရှိမရှိ စိတ်ရောဂါကုသဆေးရုံ မှတ်တမ်းနှင့် စစ်ဆေးသူ ဆရာဝန် အား သက်သေအဖြစ်စစ်ဆေးခြင်း။ သက်ဆိုင်ရာ အကျဉ်းထောင် တာဝန်ခံအရာရှိအား သက်သေအဖြစ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆူရင်ဒတ်ကူးမားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု [၅] တွင် သုံးသပ်ဆုံးဖြတ်ချက်ကို ထည့်သွင်းစဉ်းစားရပေမည်။

အမှုစစ်ဆေးနေစဉ်အတွင်း စိတ်ဝေဒနာရှင်တရားခံသည် မိမိ၏အမှုကို ကောင်းမွန်စွာထုချေနိုင်စွမ်းမရှိကြောင်း စိတ်ရောဂါကုဆရာဝန်၏ ဆေးမှတ်တမ်းသက်သေထွက်ဆိုချက်တို့အရ ပေါ်ပေါက်ခဲ့လျှင် အမှုစစ်တရားသူကြီးသည် အမှုမှာ အာမခံပေးခွင့်ရသောအမှုဖြစ်စေ၊ အာမခံပေးခွင့် မရသည့်အမှုဖြစ်စေ အဆိုပါတရားခံကို ကောင်းမွန်စွာ ထိန်းသိမ်း ကြည့်ရှုထားပါမည်ဖြစ်ကြောင်းငင်းကိုယ်ကိုဖြစ်စေ၊ အခြားသူတစ်ဦးတစ်ယောက်ကိုဖြစ်စေ နစ်နာခြင်းမဖြစ်အောင် ဟန့်တားထားပါမည့်အကြောင်း ၎င်းကိုအလိုရှိသည့်အခါ ရာဇဝတ်တရားသူကြီးရှေ့သို့ ရောက်ရှိစေပါမည့်အကြောင်း လုံလောက်သော အာမခံပေးလျှင် ၎င်းတရားခံကို အာမခံဖြင့် လွှတ်ထား နိုင်ပါသည်။[၆]

သို့ရာတွင် စိတ်ဝေဒနာရှင်တရားခံ၏ အမှုမှာ အာမခံမပေးသင့်ကြောင်း အမှုစစ်တရားသူကြီးက ထင်မြင်လျှင် စိတ်ရောဂါကုဆေးရုံ၌ ထိန်းသိမ်းထားရန် အမိန့်ချမှတ်ရမည်ဖြစ်သည်။ [၇] ထိုသို့ စိတ်ဝေဒနာရှင်တရားခံကို စိတ်ရောဂါ ကုဆေးရုံသို့ ထိန်းသိမ်းထားစေရန် အမိန့်ချမှတ်လျှင် ရာဇဝတ်ပုံစံ (၁၃၃) အရ ဝရမ်းနှင့် အတူပေးပို့ရမည်ဖြစ်ပါသည်။[၈]

စိတ်ဝေဒနာရှင်တရားခံကို စိတ်ရောဂါကုဆေးရုံသို့ ပေးပို့ရန်ဆောင်ရွက်ရာတွင် တရားရုံးများလက်စွဲ အပိုဒ် ၇၄၆ ပါ အချက်များကို သတိပြုရန်လိုအပ်ပါသည်။ စိတ်ရောဂါကုဆေးရုံသို့ ရာဇဝတ်မှုနှင့်ဆိုင်သော ရူးသွပ်သူများ ဘေးအန္တရာယ်ဖြစ်စေတက်သောသူရူးများ ထို့ပြင် မိတ်ဆွေမရှိ သို့တည်းမဟုတ် ပစ္စည်းဥစ္စာမရှိ အပြင်းအထန်ရူးသွပ်နေ သဖြင့် ဆေးဝါးကုသခြင်းဖြင့် ပျောက်ကင်းမည်ဟု မျှော်လင့်ချက်အများဆုံးရှိသော သူရူးများ ဥပမာအားဖြင့် အရက်၊ ဆေးခြောက်နှင့် ကိုကင်းသုံးစွဲသည့် အလေ့အထ၊ ငှက်ဖျား၊ တိုက်ဖွိုက်၊ အူရောင်ရောဂါ အစရှိသူတို့ကြောင့် ဖြစ်ပေါ်လာ သည့် အဆိပ်အတောက်နှင့်ဆိုင်သည့် ရူးသွပ်ခြင်းများ[၉] သည် စိတ်ရောဂါဝေဒနာရှင်များဖြစ်ရန် လိုအပ်ပေသည်။

အလားတူပင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ (၂) တရားရုံးများလက်စွဲ အပိုဒ် ၅၀၅ (၁) တို့အရ စိတ်ဝေဒနာရှင်တရားခံအား စိတ်ရောဂါကုဆေးရုံသို့ ပေးပို့ရာတွင် အဆိုပါ စိတ်ဝေဒနာရှင်တရားခံ၏ ဆေးဘက်ဆိုင်ရာ အတ္ထုပ္ပတ္တိစာတမ်းကိုလည်း ဝရမ်းနှင့် အတူ ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။[၁၀]

အမှုစစ်ဆေးနေစဉ်အတွင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ (၁) (၂) အရ စိတ်ဝေဒနာရှင်အပေါ် ဆောင်ရွက်ပါက အမှုစစ်တရားသူကြီးသည် စစ်ဆေးသည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ (၂) အရ ရွှေ့ဆိုင်းရမည်ဖြစ်သည်။

စိတ်ဝေဒနာရှင်တရားခံသည် ၎င်းအပေါ်စွဲဆိုသည့်အမှုကို ကောင်းစွာခုခံချေပခွင့်ရှိပြီဖြစ်ကြောင်း အမှုစစ်တရား သူကြီးက ထင်မြင်လျှင် ရွှေ့ဆိုင်းထားသည့်အမှု စုံစမ်းစစ်ဆေးမှု သို့မဟုတ်

[၅] ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ

[၆] ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ (၁)။

[၇] ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ (၂)။

[၈] တရားရုံးများလက်စွဲ အပိုဒ် ၅၀၅ (၁)။

[၉] တရားရုံးများလက်စွဲ အပိုဒ် ၇၄၆။

[၁၀] တရားရုံးများလက်စွဲ အပိုဒ် ၇၄၉။

စစ်ဆေးစီရင်မှုကို ဆက်လက်ပြုလုပ်သွားရမည်ဖြစ်သည်။ စိတ်ဝေဒနာရှင်တရားခံအနေဖြင့် ခုခံချေပနိုင်စွမ်း မရှိသေးကြောင်း အမှုစစ်တရားသူကြီးက ထင်မြင်ယူဆလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၄၊ သို့မဟုတ် ၄၆၅၊ ၄၆၆ တို့နှင့်အညီ ထပ်မံဆောင်ရွက်ခွင့်ရှိပေသည်။[၁၁]

စိတ်ဝေဒနာရှင်တရားခံက မိမိအမှုကို ကောင်းစွာထုချေနိုင်လျှင် ရွှေ့ဆိုင်းထားသည့်အမှုကို ဆက်လက်စစ်ဆေး ရမည်ဖြစ်သည်။ အမှုကိုဆက်လက် စစ်ဆေးပြီး အပြီးသတ်အမိန့်ချမှတ်ရန်အဆင့်တွင် စိတ်ဝေဒနာရှင်တရားခံ၏ ပြုလုပ်မှု သည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈၄ အရ ကင်းလွတ်ချက်နှင့် အကျုံးဝင်ခဲ့လျှင် ၎င်းတရားခံကို အပြီးအပြတ်လွှတ်သည့် စီရင်ချက် ရေးသားရမည်။ ထိုစီရင်ချက်တွင် စိတ်ဝေဒနာရှင် တရားခံသည် ပြစ်မှုကိုပြုလုပ်ခဲ့ကြောင်း သို့မဟုတ် မပြုလုပ်ခဲ့ကြောင်း ရေးသားဖော်ပြရမည်ဖြစ်သည်။ [၁၂]

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၈၄ တွင် စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည် မည်သို့သဘော ရှိသည်ကိုသော်လည်းကောင်း၊ မတော် မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင် သည်ကိုလည်းကောင်း၊ မသိနိုင်သော သူ၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ကင်းလွတ်ခွင့်ပြုထားသည်။ ထိုသို့စိတ်ပေါ့သွပ်စဉ် ပြုလုပ်သဖြင့် ပြစ်မှုမမြောက်ကြောင်း ထင်ရှားပြသရန်တာဝန်မှာ တရားခံအပေါ်တည်ရှိသည်။ ထိုသို့ပင် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၅ ၌ ပြဋ္ဌာန်း ထားသည်။ သို့ရာတွင် တရားခံက ၎င်း၏ပြုလုပ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၈၄ နှင့် အကျုံးဝင်ပါသည်ဟု မဆို စေကာမူ အမှု၌ပေါ်ပေါက်သော အကြောင်းအရာများ အရ စိတ်ပေါ့သွပ်နေကြောင်း အထင်အရှားတွေ့ရှိလျှင် ကင်းလွတ်ခွင့် ပြုရမည်သာဖြစ်သည်ဟု ဦးလှရွှေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီရင်ထုံး[၁၃] တွင် ဆုံးဖြတ်ခဲ့ပါသည်။

အထက်ပါစီရင်ထုံး၌ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၀ တွင် ဖော်ပြထားသည့်အတိုင်း ရေးသားထား သည်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည် -

အထက်ပါအကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ မကွေးတိုင်းတရားရုံး (သရက်ခရိုင်) မှ အယူခံတရားလို ဦးလှရွှေအပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်သည့် ပြစ်ဒဏ်ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၈၄ ကင်းလွတ်ချက်အရ ဦးလှရွှေအား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။ ထို့ပြင် ဒေါ်ခင်ညွန့်အား အယူခံတရားလိုက ဓါးဖြင့်ခုတ်ခဲ့သည်မှာ လည်းမှန်ကန်ကြောင်းဖော်ပြလိုက်သည်။အယူခံတရားလို နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၁ နှင့် အညီ ဆက်လက်ဆောင်ရွက်စေရန် မူလရုံးအား ညွှန်ကြားလိုက်သည်။

စိတ်ဝေဒနာရှင်တရားခံအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၈၄ အရ အကျုံးဝင်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၄၇၀အရ အပြီးအပြတ်လွှတ်ခဲ့လျှင် သက်ဆိုင်ရာအမှုစစ်တရားသူကြီးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၁ (ခ) ပါ ပြဋ္ဌာန်းချက်အရ စိတ်ဝေဒနာရှင်တရားခံကို စိတ်ရောဂါကုဆေးရုံသို့ ပေးပို့၍ ထိန်းသိမ်းထားရမည့်အမိန့် ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါမည်။

အမှုစစ်ဆေးစုံစမ်းစဉ် စိတ်ဝေဒနာရှင်တရားခံအား ရူးသွပ်နေသဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ (၂) အရ လည်းကောင်း၊ အမှုစစ်ဆေးမှုပြီးဆုံးပြီးနောက် တရားခံသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၈၄ နှင့် အကျုံးဝင်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၀ အရ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ခြင်း တွင်လည်းကောင်း အဆိုပါ စိတ်ဝေဒနာရှင်တရားခံကို စိတ်ရောဂါကုဆေးရုံသို့ ပေးပို့ထိန်းသိမ်းမှုများပြုလုပ် ရမည်ဖြစ်သည်။

---

[၁၁] ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၈။

[၁၂] ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၀။

[၁၃] ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ တမျက်နှာ ၇၅

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၁ ပါ ပြဋ္ဌာန်းချက်အရ ထိန်းသိမ်းထားလျှင် သူ့ကိုယ်ကိုဖြစ်စေ၊ အခြားသူ တစ်ဦးတစ်ယောက်ကိုဖြစ်စေ အန္တရာယ်ပြုလိမ့်မည်ဟု စိုးရိမ်ရန်မရှိဘဲ အဆိုပါစိတ်ဝေဒနာရှင်တရားခံကို လွှတ်မိန့် ပေးနိုင်ကြောင်း စိတ်ရောဂါကုဆေးရုံက သက်သေခံ လက်မှတ် ထုတ်ပေးလာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၄ နှင့် တရားရုံးများလက်စွဲ အပိုဒ် ၅၀၉ (၂) ပါ အချက်အလက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၆၆ နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၁ အရ ဆောင်ရွက်သည့် အမှုတွဲများကို တရားရုံးချုပ်သို့ သက်ဆိုင်ရာအမှုတွဲ၊ တရားခံအားလက်ခံရရှိကြောင်း စိတ်ရောဂါကုဆေးရုံမှ ဆရာဝန်၏ သက်သေခံလက်မှတ် ရေးထိုးထားသည့် ရာဇဝတ်ပုံစံ ၁၃၃ မှုရင်းခွဲ၊ တရားရုံးများလက်စွဲ အပိုဒ် ၈၅၈ တွင် ဖော်ပြထား သော တရားခံ၏ ဆေးဘက်ဆိုင်ရာ အတ္ထုပ္ပတ္တိမှတ်တမ်းတို့နှင့် အတူ ပေးပို့ရမည်ဖြစ်ပါသည်။ စိတ်ဝေဒနာရှင်တရားခံ၏ ကျန်းမာရေးကောင်းမွန်ပြီး မိမိအမှုကို ထုချေနိုင်စွမ်းရှိသည့် အခါတွင် သက်ဆိုင်ရာ စိတ်ရောဂါကုဆေးရုံမှ ပေးပို့သည့် သက်သေခံဆေးစာနှင့်အတူ တရားရုံးချုပ်သို့ တင်ပြ၍ အမှုတွဲတောင်းခံရမည် ဖြစ်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၈၄ ၏ အကာအကွယ် ကို ခံစားခွင့်ပြုနိုင်ရန် တရားခံသည် အချင်းဖြစ်ပွားချိန်က မိမိပြုလုပ်မှု၏ သဘောနှင့်အကျိုးအပြစ်ကို မသိရှိနိုင်အောင် စိတ်ပေါ့သွပ်နေသူ ဖြစ်ကြောင်း သက်သေခံ အထောက်အထား ပြည့်စုံမှုရှိစေရန် လိုအပ်ပါသည်။ ဤနည်းအားဖြင့် အချင်းဖြစ်ပွားချိန်က စိတ်ဝေဒနာရှင် တရားခံသည် စိတ်ပေါ့သွပ်ခြင်း ကြောင့် ပြုလုပ်စဉ်က မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကို လည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုမျိုးဖြင့် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ကြောင်း သက်သေ ထင်ရှားမတင်ပြနိုင်ပါက ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၈၄ ၏ အကာအကွယ်ကို ခံစားခွင့်မပြုနိုင်ချေ။ ထိုမှုသဘောကို မောင်စိုးသိန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် စီရင်ထုံး[၃၄] ခင်မောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စီရင်ထုံး [၃၅] တွင် တွေ့နိုင်ပါသည်။

အမှုတွဲတွင် ရရှိမည့်သက်သေခံချက်များနှင့်တကွ အမှု၏အဖြစ်အပျက်အကြောင်းအရာတို့က တရားခံသည် မိမိ တွင်ကျရောက်သည့် သက်သေခံချက် ထင်ရှားပြသ နိုင်ရန် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူ သင့်ပါသည်။ တရားခံသည် မိမိ၏ပြုလုပ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၈၄ နှင့် အကျုံးဝင်ပါသည်ဟု ထုချေခဲ့ခြင်းမရှိစေကာမူ ထိုအချက်ကို ထည့်သွင်း စဉ်းစားနိုင်ကြောင်း ထင်ရှားသည်ဟု မောက်ကုတ်ချိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံစီရင်ထုံး[၃၆] တွင်လည်း ဆုံးဖြတ်ချက်ကို သိရှိထားဖို့လိုအပ်ပါသည်။

လှအေး (တရားရေး)

ကိုးကားသောစာအုပ်စာရင်း


၁။ ပြစ်မှုဆိုင်ရာဥပဒေ

၂။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ

၃။ ၁၉၄၆ - ၁၉၇၀တရားရုံးများညွှန်ကြားလွှာလက်စွဲ

၄။ တရားရုံးများလက်စွဲ

၅။ မြန်မာနိုင်ငံစီရင်ထုံးများ


[၃၄] ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၄၇။

[၃၅] ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၃၂၈။

[၃၆] ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၁၀၉၆။

# ကျမ်းကျိန်လွှာ

မောင်ညဏ်ရှင် (ဥပဒေ)

ကျမ်းကျိန်လွှာနှင့် ပတ်သက်၍ မည်သည့် တရားရုံး၊ သို့မဟုတ် အရာရှိထံတွင် တင်သွင်းသည့် ကတိသစ္စာပြု လွှာသည်လည်းကောင်း၊ ခုံသမာဓိ လူကြီးရှေ့တွင် စစ်ဆေးဆုံးဖြတ်သည့် အမှုတွင် လည်းကောင်း၊ သက်ဆိုင်ခြင်းမရှိရဟု သက်သေခံ ဥပဒေပုဒ်မ ၁ တွင် ပြဌာန်းထား၏။

ကျမ်းကျိန်လွှာသည် သက်သေခံဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် "သက်သေခံ အထောက်အထား" ဆိုသော စကားရပ်တွင် အကျုံးမဝင်သဖြင့် ဥပဒေက အတိအလင်းခွင့်ပြုထားသည့် ကိစ္စမှအပ သက်သေခံအထောက်အထား အဖြစ် လက်ခံနိုင်မည် မဟုတ်ချေ။[၁]

**တရားမကျင့်ထုံးဥပဒေအမိန့် ၁၉ အရ** လုံလောက်သည့် အကြောင်းရှိပါက တရားရုံးသည် မည်သည့်အခါမဆို လျော်ကန်သင့်မြတ်သော စည်းကမ်းချက်များသတ်မှတ်၍ သီးခြားအကြောင်းခြင်းရာ သို့မဟုတ် အကြောင်းခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန်သော်လည်းကောင်း၊ သက်သေ တစ်ဦး၏ ကျမ်းကျိန်လွှာကို အမှုကြားနာရာတွင် ဖတ်ကြားစေရန်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။ တစ်နည်းဆိုသော် အကြောင်းခြင်းရာတစ်ရပ်ရပ်တွင် ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြစေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် တရားရုံးက ထိုသို့ အမိန့် မချလျှင် အကြောင်းချင်းရာတစ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထူခွင့်မရှိပေ။[၂]

ကျမ်းသစ္စာပြုလွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ ဆိုသည်မှာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၃၉ အရ လည်းကောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၉ နှင့် ၅၃၉ - က အရလည်းကောင်း ကျမ်း သို့မဟုတ် ကတိသစ္စာပြုစေနိုင်သူ ရှေ့တွင် သစ္စာပြု၍ ပေးခဲ့သော ဖော်ပြချက်ပင်ဖြစ်သည်။ ကတိသစ္စာပြုလွှာသည် သက်သေအထောက်အထားပင် မဟုတ်သော်လည်း တရားမကျင့်ထုံးအမိန့် ၁၉ နှင့် သက်ဆိုင်သောကိစ္စများတွင် သက်သေခံအဖြစ်အသုံးပြုနိုင်ပေသည်။

ကျမ်းကျိန်ချက်တွင် ဖော်ပြထားချက်သည် မှန်ကန်သော ဖော်ပြချက်ဖြစ်သည်ဟု ယူဆရန် အကြောင်း ရှိ-မရှိ စိစစ်ရန်လိုပေသည်။ ထိုသို့ စိစစ်နိုင်ရန်မှာ အဆိုပါကျမ်းကျိန်ဖော်ပြချက်ကို သက်သေခံအဖြစ် လက်ခံမှသာ စိစစ်ပိုင်ခွင့် ရပေမည်။ စာရွက်စာတမ်း တစ်စုံတစ်ရာကို တရားရုံးက လက်ခံရုံမျှဖြင့် ယင်းစာရွက်

[၁] မသောင်းတင်နှင့်မောင်စိန်ရှင်၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ - ၁၉။

[၂] ဒေါ်ခင်လှမြင့် နှင့် ဒေါ်ညွန့်အေးစိုး ပါ ၇၊ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ - ၂၆။

စာတမ်းသည် အလိုအလျောက်သက်သေခံ ဝင်သော စာရွက်စာတမ်းဖြစ်မလာပေ။ စာရွက်စာတမ်း တစ်စုံတစ်ရာကို တရားရုံးက လက်ခံရာတွင် အဆိုပါစာရွက်စာတမ်းတွင် ဖော်ပြပါအချက်များကို စဉ်းစားသုံးသပ်ရန် မလိုအပ်သေးပေ။ ယင်းကိစ္စမှာ အဆိုပါစာရွက်စာတမ်းကိုလက်ခံ ပြီးနောက်မှ တရားရုံးက သက်သေခံ အထောက်အထားများအရ အဆုံးအဖြတ်ပြုရမည့် ပြဿနာဖြစ်ပေသည်။[၇]

သက်သေခံဥပဒေပုဒ်မ - ၁ တွင် တရားရုံးသို့ တင်သွင်းသော ကတိသစ္စာပြုလွှာသည် သက်သေခံ ဥပဒေနှင့် သက်ဆိုင်ခြင်းမရှိကြောင်းပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်မှာ ကျမ်းကျိန်လွှာများကို သက်သေခံအဖြစ် လက်ခံခြင်းမပြုရန် ပိတ်ပင်သည့် ပြဋ္ဌာန်းချက် တစ်ရပ်မဟုတ် ကျမ်းကျိန်လွှာများပြုလုပ်ရာတွင် သက်သေခံ ဥပဒေပါပြဋ္ဌာန်းချက်များက စည်းနှောင်မှုမရှိကြောင်း ပြဋ္ဌာန်းခြင်းဖြစ်ပေသည်။ ဥပမာအားဖြင့် ကတိသစ္စာပြုလွှာသည် သက်သေခံဥပဒေနှင့် အကျုံးမဝင်သဖြင့် ယင်းသစ္စာပြုလွှာ၌ ထင်မြင်ချက်တစ်ဆင့် ကြားစကားများကို ဖော်ပြနိုင်သည်။ ကျမ်းကျိန်ကတိသစ္စာ ပြုလွှာသည် အထောက်အထားဟူသော စကားရပ်တွင် အကျုံးမဝင်သဖြင့် ကျမ်းကျိန်လွှာကို လက်ခံနိုင်ပေသည်။

### ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန်

အချက်တစ်ခုကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန် အမိန့်ချမှတ်ပိုင်ခွင့်ကို အမိန့်၁၉ - နည်း၁ တွင် ဖော်ပြထား၏။ လုံလောက်သည့် အကြောင်းရှိလျှင် တရားရုံးသည် မည်သည့်အခါမဆို လျှော်ကန် သင့်မြတ်သည်ထင်မြင်သော စည်းကမ်းချက်များသတ်မှတ်၍ သီးခြားအကြောင်းခြင်းရာ သို့မဟုတ် အကြောင်းခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် သက်သေ ထင်ရှားပြရန်သော်လည်းကောင်း သက်သေတစ်ဦး၏ ကျမ်းကျိန်လွှာကို အမှုကြားနာရာတွင် ဖတ်ကြားစေရန်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။

သို့ရာတွင် အမှုသည် တစ်ဘက်ဘက်က ပြန်လှန်စစ်မေးရေးအတွက် သက်သေတစ်ဦးကို ခေါ်ယူတင်ပြစေရန် သဘောရိုးဖြင့် ဆန္ဒရှိသည့်ပြင် ၎င်းသက်သေကို ခေါ်ယူတင်ပြနိုင်သည်ဟုလည်း ထင်မြင်လျှင် တရားရုံးသည် ထိုသက်သေ၏ သက်သေခံချက်ကို ကျမ်းကျိန်လွှာဖြင့် တင်သွင်းခွင့်ပြုရန် အမိန့်မချမှတ်ရ။

သို့ဖြစ်၍ တရားရုံးသည် လျှော်ကန်သင့်မြတ်သည်ဟု ထင်မြင်သော စည်းကမ်းချက်များ သတ်မှတ်၍ အကြောင်း ခြင်းရာတစ်ရပ်ရပ်ကို ကျမ်းကျိန်ကတိသစ္စာပြုလွှာဖြင့် သက်သေထင်ရှားပြရန် တရားရုံးက ချမှတ်နိုင်၏။ သို့ရာတွင် တရားရုံးက ထိုသို့ အမိန့်မချလျှင် အကြောင်းခြင်းရာတစ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထူခွင့်မရှိ၊ အကြောင်းမှု လျှောက်လွှာကို ထောက်ခံသည့်အနေဖြင့် တင်သွင်းသော ကျမ်းကျိန်ဆိုချက်သည် သက်သေခံချက်မဟုတ်၊ ကျမ်းကျိန်လွှာကို လျှောက်လွှာပါ အဆိုပြုချက်များ မှန်ကန်ကြောင်း ယုတ္တိထင်ရှားသော အထောက်အထားအဖြစ်သာ ရည်ရွယ်သည်။ တစ်ဘက် အမှုသည်ကို လျှောက်လွှာပါ အဆိုပြုချက်များကို ငြင်းဆိုခြင်းမပြုလျှင် သက်သေခံ အထောက်အထား တင်ပြရန် လိုအပ်မည်မဟုတ်။ သို့ရာတွင် ငြင်းဆိုပါက လျှောက်ထားသူသည် လျှောက်ထားချက်ကို သက်သေထင်ရှားပြရန် သက်သေခံ အထောက်အထားတင်ပြရန် လိုမည်ဖြစ်သည်။ အမှုကို ပထမဆုံးအကြိမ်ကြားနာသည့် နေ့တွင် တရားပြိုင်သည် သမ္မာန် စာရပါလျက် တရားရုံးသို့လာရောက်ခြင်း မပြုလျှင် အခြေခံစွဲဆိုသော စာချုပ်စာတမ်းအားချုပ်ဆိုကြောင်းကို ကျမ်းကျိန်ချက်ဖြင့် သက်သေထင်ရှားပြစေနိုင်၏။

ကျမ်းကျိန်ချက်များကို ပေါ့ပေါ့လွယ်လွယ် သို့မဟုတ် တာဝန်မဲ့ပြုလုပ်ရန်မဟုတ် ကျမ်းကျိန်ဆို ပြုလုပ်ရသည် ဖြစ်၍ လေးနက်သောထွက်ဆိုချက်

---

[၇] ဦးသာကြဲ နှင့် ဒေါ်ဖြိုင် ၊ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ - ၉၄။

ဖြစ်သည်။[၄]

ပြန်လှန်စစ်မေးရေးအတွက် ကျမ်းကျိန်သူ လာရောက်ရန် အမိန့်ချမှတ်နိုင်ခွင့်ကို **အမိန့် ၁၉ နည်း ၂** တွင် အောက်ပါအတိုင်းဖော်ပြထား၏ -

(၁) လျှောက်ထားချက်တစ်ရပ်ရပ်အရ သက်သေခံချက်ကို ကျမ်းကျိန်ဆိုလွှာဖြင့် တင်ပြခွင့်ပေးနိုင်သည်။ သို့သော် တရားရုံးသည် အမှုသည်တစ်ဖက်၏ လျှောက်ထားချက်အရ ကျမ်းကျိန်သူအား ပြန်လှန်မေးရေးအတွက် လာရောက်ရန် အမိန့်ချမှတ်နိုင်သည်။

(၂) တရားရုံးသို့ ကိုယ်တိုင်လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသူမဟုတ်လျှင်ဖြစ်စေ၊ တရားရုံးက အခြားနည်း ညွှန်ကြားထားခြင်းမရှိလျှင်ဖြစ်စေ ကျမ်းကျိန်ဆိုသူ ကိုယ်တိုင်တရားရုံးသို့ လာရောက်ရမည်။

ဤနည်းဥပဒေသည် ကြားဖြတ်ကိစ္စများနှင့် သက်ဆိုင်သည့် **အမိန့် ၉ နည်း ၁၃** အရ လျှောက်ထားသည့် ကိစ္စများနှင့်လည်း သက်ဆိုင်သည်။ သို့ဖြစ်ရာ ကျမ်းကျိန်လွှာ၌ ပါရှိချက်များအား ရုံးချိန်း ပျက်ကွက်သဖြင့် ပလပ်လိုက်သော အမှုကိုပြန်ဖွင့် ပေးရန်လျှောက်ထားချက်ကို ထောက်ခံသည့် သက်သေခံ အထောက်အထားအဖြစ် လက်ခံအသုံးပြုနိုင်သည်။[၅]

ကတိသစ္စာပြုသူသည် တရားရုံးသို့ ကိုယ်တိုင် လာရောက်ခြင်းမှ ကင်းလွတ်ခွင့်ရသူ မဟုတ်လျှင် တစ်ဖက်အမှုသည်က ပြန်လှန်စစ်မေးရန်အတွက် ကတိသစ္စာပြုသူသည် တရားရုံးသို့ လာရောက်ရမည်ဖြစ်သည်။

ကျမ်းကျိန်လွှာပြုလုပ်တင်ပြနိုင်သော အကြောင်း အရာများကို **အမိန့် ၁၉၊ နည်း ၃** တွင် အောက်ပါအတိုင်း ဖော်ပြထား၏။

(၁) ကြားဖြတ်လျှောက်ထားသည့် ကိစ္စမှ တစ်ပါး ကျမ်းကျိန်လွှာများတွင် ကျမ်းကျိန်သူက ယင်းကိုယ်တိုင်သိရှိ၍ သက်သေထင်ရှားပြနိုင်သည့် အကြောင်း အရာများသာ ပါဝင်စေရမည်။ သို့ရာတွင် ကြားဖြတ်လျှောက် ထားသည့် ကိစ္စများ တွင် အဆိုပါအကြောင်း ခြင်းရာများ မှန်ကန်သည်ဟု မိမိ ယုံကြည်ကြောင်း ကိုအကြောင်း ပြချက်များနှင့်တကွ ကျမ်းကျိန်သူက ဖော်ပြလျှင် ဖော်ပြချက် ကို လက်ခံနိုင်သည်။

(၂) တစ်ဆင့်ကြားအကြောင်းအရာများကို ဖြစ်စေ၊ အငြင်းပွားနိုင်သော အကြောင်း အရာများကိုဖြစ်စေ၊ စာချုပ် စာတမ်းများ ၏မိတ္တူများ။ သို့မဟုတ် ယင်းစာချုပ် စာတမ်းများမှ ကောက်နုတ်ချက်များ ကိုဖြစ်စေ၊ ကျမ်းကျိန်လွှာတွင် မလိုအပ် ဘဲဖော်ပြထားလျှင်ယင်းကျမ်းကျိန်လွှာ အတွက် ကုန်ကျစရိတ်ကို (တရားရုံးက အခြားနည်း ညွှန်ကြားခြင်း မရှိပါက) အဆိုပါ ကျမ်းကျိန်လွှာ တင်သွင်းသော အမှုသည်က ပေးရမည်။

ကျမ်းကျိန်သူက ကျမ်းကျိန်သည့် သို့မဟုတ် ကတိသစ္စာပြုသည့်နည်းလမ်းကို **အမိန့် ၁၉၊ နည်း ၄** တွင် အောက်ပါအတိုင်းဖော်ပြထား၏။

ကျမ်းကျိန်သူအား ကျမ်းသစ္စာတိုက်သော ဝန်ထမ်းသည် ကျမ်းကျိန်သူအား ရှေးဦးစွာ ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုစေရမည်။ ထို့နောက် ဝန်ထမ်း သည် ကျမ်းကျိန်သူကို ကျမ်းကျိန်လွှာတွင်ပါရှိသည့် ဖော်ပြချက်တစ်ရပ်လုံး ကို မိမိဆန္ဒအရ ပြုလုပ်သည့် အနေဖြင့် လိုက်ဆိုစေရမည်။ ထို့နောက် ကျမ်းကျိန်သူက ကျမ်းကျိန်လွှာကို လက်မှတ်ရေး ထိုးရမည်။ ကျမ်းသစ္စာ တိုက်သူဝန်ထမ်းကကျမ်းကျိန်လွှာတွင် နောက်ဆုံး လက်မှတ်ရေးထိုး၍ ရက်စွဲတပ်ရမည်။

[၄] ဗိုလ်ကြီးမြင့် နှင့် ရန်ကုန်မြို့ ဂွာရမ်းအကြီးကြပ်ရေးဝန်၊ ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ။ စာ - ၁၀၅

[၅] မစ္စအယ်လ်စတော်ဗင်ဆင်နှင့် မထွေးရင် ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ။ စာ - ၁၆၈

ကျမ်းကျိန်လွှာရေးနည်းကို အမိန့် ၁၉၊ နည်း ၆ တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ အကြောင်းခြင်းရာ ဖော်ပြချက်တစ်ရပ်ရပ်ပါရှိသည့် ကျမ်းကျိန်လွှာတစ်စောင်ကို စာပိုဒ်များခွဲ၍ ရေးသားပြီး ယင်းစာပိုဒ်အသီးသီးကို အမှတ် စဉ်တပ်ရမည်။ ထိုစာပိုဒ်အသီးသီးတွင် သက်ဆိုင်ရာအကြောင်းအရာ၏ သီးခြားအစိတ်အပိုင်းတစ်ရပ်ကို ဖြစ်နိုင်သ၍ ပိုင်းခြား ဖော်ပြရမည်။

ကျမ်းကျိန်သူ၏လိပ်စာကို အမိန့် ၁၉၊ နည်း ၇ တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။ ကျမ်းကျိန်လွှာ ပြုသူသည် ကျမ်းကျိန်ထွက်ဆိုခွင့်ပြုရန် လျှောက်ထားမှုရှိသည့် တရားမမှုမှ တရားလိုသော် လည်းကောင်း၊ တရားပြိုင်သော် လည်းကောင်း မဟုတ်လျှင် ၎င်းကိုသိသာထင်ရှားအောင် ခွဲခြားဖော်ပြရမည်။ ဆိုလိုသည်မှာ ၎င်း၏ အမည်အပြည့်အစုံ၊ အဖအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာတို့ကို ဖော်ပြရန်ဖြစ်သည်။

ကျမ်းကျိန်ဆိုသူကိုယ်တိုင်က သိရှိသော အကြောင်းခြင်းရာကိုပြောဆိုရန် နည်းလမ်းအဖြစ် အမိန့် ၁၉၊ နည်း ၈ တွင် အောက်ပါအတိုင်းဖော်ပြထားသည်။ ကျမ်းကျိန်သူသည် မိမိကိုယ်တိုင်သိသော အကြောင်းခြင်းရာတစ်ရပ်ကို ပြောဆိုသောအခါ "ကျွန်ုပ်ကတိသစ္စာပြု၍ -------- (သို့မဟုတ်) ကျမ်းကျိန်ဆို၍ ------- ) ပြောဆိုပါသည်။" ဟူသော စကားလုံးများကို သုံးစွဲလျက်တိုက်ရိုက် သေချာစွာပြောဆိုရမည်။

ကျမ်းကျိန်သူက ကိုယ်တိုင်မသိရှိသော အကြောင်းခြင်းရာကို ပြောဆိုသည့် နည်းလမ်းကို အမိန့် ၁၉၊ နည်း ၉ တွင် ဖော်ပြထား၏။ အကြောင်းခြင်းရာ တစ်စုံတစ်ခုကို ကျမ်းကျိန်သူကိုယ်တိုင်မသိဘဲ အခြားသူများထံမှ ကြားသိရ၍ ဖော်ပြသောအခါ ကျမ်းကျိန်သူသည် "ကျွန်ုပ်ကြားသိရသည်မှာ -------" ဟူသော စကားရပ်ကို အသုံးပြုရမည်။ (ထို့အပြင် ယင်းသို့ကြားသိရသည့်ကိစ္စတွင် "-------- ထို့ပြင် ယင်းအကြောင်းခြင်းရာ မှန်ကန်ကြောင်း အမှန်တကယ် ယုံကြည်ပါသည်" ဟူ၍ ဖြည့်စွက်ရမည်။) သို့မဟုတ် ယင်းကြားသိရသည့်အကြောင်းကို မည်သူ့ထံမှ ရရှိကြောင်းဖော်ပြနိုင်သည်။ ယင်းဖော်ပြချက်သည် တရားရုံးမှဖြစ်စေ၊ အခြားမှ ဖြစ်စေရယူသော စာချုပ်စာတမ်းများ သို့မဟုတ် စာချုပ်စာတမ်းများ၏ မိတ္တူများတွင် ဖော်ပြထားသည့် အကြောင်းခြင်းရာများ အပေါ်တည်သောအခါ ကျမ်းကျိန်သူသည် ယင်းတို့ကို မည်သည်မှ ရခဲ့ကြောင်းနှင့် အဆိုပါစာချုပ်စာတမ်းများတွင် ဖော်ပြထားသော အကြောင်းခြင်းရာများ မှန်ကန်ကြောင်းနှင့် စပ်လျဉ်း၍ မိမိကြားသိချက် သို့မဟုတ် ယုံကြည်ချက်ကိုဖော်ပြရမည်။

ကျမ်းကျိန်သူအား ကော်မရှင်လူကြီးက ကိုယ်တိုင်မသိလျှင် သိရှိအောင်ပြောကြားခြင်းကို အမိန့် ၁၉၊ နည်း ၁၀ တွင် ဖော်ပြထား၏။ ကျမ်းကျိန်သူကို ကော်မရှင်လူကြီးကိုယ်တိုင်မသိလျှင် ကျမ်းကျိန်သူကို သိသူက ကျမ်းကျိန်သူမှာ မည်သူမည်ဝါဖြစ်ကြောင်း ကော်မရှင်လူကြီးအား ပြောပြရမည်။ ထို့ပြင် ကော်မရှင်လူကြီးက (အကြောင်းအားလျော်စွာ) လျှောက်လွှာ၏ အောက်ခြေတွင်ဖြစ်စေ၊ ကျမ်းကျိန်လွှာ၏ အောက်ခြေတွင်ဖြစ်စေ၊ ကျမ်းကျိန်သူ၏အမည်နှင့် အကြောင်းအရာတို့နှင့်တကွ ထိုသို့ပြောပြသည့်ပြင် ကျမ်းကျိန်ပြုသည့် အချိန်နှင့်နေရာတို့ကိုလည်း မှန်ကန်ကြောင်းထောက်ခံလက်မှတ် ရေးထိုးရမည်။

ကျမ်းကျိန်သူက ကျမ်းကျိန်လွှာရေးသားထားသည့် ဘာသာစကားကို မတတ်ကျွမ်းလျှင် ဘာသာပြန်ဆိုပေးခြင်းကို အမိန့် ၁၉၊ နည်း ၁၁ တွင် ဖော်ပြထား၏။ ကျမ်းကျိန်လွှာရေးသားသည့် ဘာသာစကားကို ကျမ်းကျိန်သူက မတတ်ကျွမ်းလျှင် ဖြစ်စေ၊ ကျမ်းကျိန်သူသည် စာမတတ်သူဖြစ်သည်ဟူ၍လည်းကောင်း၊ ကျမ်းကျိန်လွှာ၌ ပါရှိချက်များကို ပြည့်ပြည့်စုံစုံနားလည် ခြင်း မရှိဟူ၍ လည်းကောင်း ထင်မြင်လျှင်ဖြစ်စေ၊ ကော်မရှင်လူကြီးသည် ကျမ်းကျိန်လွှာကို ဖတ်ကြားစေ၍ ကျမ်းကျိန်သူနားလည်သော ဘာသာစကားဖြင့် ရှင်းပြစေရမည်။ ဤကိစ္စအလို့အငှာ စကားပြန်တစ်ဦးခန့်ထားရန် လိုအပ်လျှင် မှန်ကန်စွာဘာသာပြန်ဆိုရမည်ဟု စကားပြန်အား ကျမ်းသစ္စာ ကျိန်ဆိုစေရမည်။

ကျမ်းသစ္စာတိုက်ခြင်းနှင့် ကတိသစ္စာပြုစေခြင်းကို

အမိန့် ၁၉၊ နည်း ၁၂ တွင် ဖော်ပြထား၏။ ကျမ်းကျိန်သူများ ကျမ်းသစ္စာတိုက်ရာတွင်လည်းကောင်း၊ ကတိသစ္စာပြုသူများအား ကတိသစ္စာပြု စေရာတွင် လည်းကောင်း၊ ကော်မရှင်လူကြီးသည် ကျမ်းသစ္စာ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို လမ်းညွှန်အဖြစ် လိုက်နာရမည်ဖြစ်သည်။

ကျမ်းကျိန်ထွက်ဆိုရာတွင် ကျမ်းသစ္စာတိုက်နိုင်သူနှင့် ပတ်သက်၍ **တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၁၃၉** တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထား၏။ ဤပုဒ်မအရ ကျမ်းကျိန်လွှာပြုလုပ်ရန်ရှိသည့်အခါ အောက်ပါတို့ကကျမ်းကျိန်ထွက် ဆိုမည့်သူကို ကျမ်းသစ္စာတိုက်နိုင်သည် -

(က) တရားရုံး တစ်ရုံးရုံး၊ သို့မဟုတ် ရာဇဝတ်တရားသူကြီးတစ်ဦးဦး သို့မဟုတ်

(ခ) ဤကိစ္စအလို့ငှာ တရားလွှတ်တော်က ခန့်အပ်သည့် အရာရှိတစ်ဦးဦး သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(ဂ) ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတ ယေဘုယျအားဖြင့်ဖြစ်စေ အထူးအားဖြင့်ဖြစ်စေ၊ လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အခြားတရားရုံးတစ်ရုံးရုံးက ခန့်အပ်သော အရာရှိတစ်ဦး။

ကျမ်းကျိန်လွှာများအတွက် ကော်မရှင်နာများအားပေးရမည့် အခကြေးငွေများကို **အမိန့် ၂၆၊ နည်း ၂၄** တွင် ပြဋ္ဌာန်းထား၏။ ကျမ်းကျိန်ဆိုသူ၏ မေတ္တာရပ်ခံချက်နှင့်အညီ ရန်ကုန်မြို့ရှိ တရားရုံးတစ်ရုံး၏ အမိန့်အရဖြစ်စေ၊ ခရိုင်တရားရုံးအမိန့်အရဖြစ်စေ ကျမ်းကျိန်ဆိုသူအား တရားရုံးမှ တစ်ပါးအခြားနေရာ၌ ကျမ်းတိုက်သောအခါ သို့မဟုတ် ကတိသစ္စာ ပြုစေသော အခါ ကျမ်းကျိန်ဆိုသူက အခကြေးငွေ (၁၆)ကျပ် ပေးရမည်။ သို့ရာတွင် -

(က) တရားရုံးမှ တစ်ပါးအခြားတစ်နေရာ၌ ကျမ်းတိုက်ခြင်း သို့မဟုတ် ကတိသစ္စာပြုစေခြင်းကို တရားရုံးက စာဖြင့် ရေးသားထားသော အမိန့်ထုတ်၍ ခွင့်ပြုရမည်။

(ခ) တစ်ချိန်တည်း၊ တစ်နေရာတည်း၌ ကျမ်းကျိန်လွှာတစ်စောင်ထက်ပို၍ ပြုလုပ်ပေးရလျှင် ပထမကျမ်းကျိန်လွှာ နောက်ပြုလုပ်သော ကျမ်းကျိန်လွှာ တစ်စောင်စီအတွက် အခကြေးငွေမှာ (၈)ကျပ် ဖြစ်စေရမည်။

(ဂ) တစ်ချိန်တည်း တစ်နေရာတည်း၌ ကျမ်းကျိန်လွှာမည်မျှပင် ပြုလုပ်စေကာမူ ယင်းသို့ပြုလုပ်ပေးရသည့် အတွက် အခကြေးငွေမှာ (၈၀) ကျပ် ထက်မပိုစေရ။

(ဃ) လူမွဲများနှင့် လူမွဲအယူခံမှုများတွင် လူမွဲကျမ်းကျိန်လွှာအတွက် အခကြေးငွေ တောင်းခံခြင်း မပြုရ။

**အမိန့် ၂၆၊ နည်း ၂၅ နည်းဥပဒေ ၂၄** အရ ပြုလုပ်သော ကျမ်းကျိန်လွှာများကို ရုံးချိန်ပြင်ပတွင် ပြုလုပ်ရမည်။ ကျမ်းတိုက်သည့် သို့မဟုတ် ကတိသစ္စာ ပြုစေသည့်အတွက် အခကြေးငွေကို ကော်မရှင်နာက ယူရမည်ဖြစ်ပါသည်။

**အမိန့် ၂၆၊ နည်း ၂၆** အရ **နည်းဥပဒေ ၂၄** တွင် ဖော်ပြထားသော တရားရုံးမှတစ်ပါး အခြားတရားရုံး၏ အမိန့်အရ ကျမ်းတိုက်ခြင်းအတွက် အခကြေးငွေ တောင်းခံခြင်းမပြုရဟု ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါသည်။

**မောင်ဉာဏ်ရွှင် (ဥပဒေ)**

# တရားရုံးက စာဖြင့် ရေးသား၍ တရားစွဲဆိုရသည့် ပြစ်မှုအကြောင်း သိကောင်းစရာများ

ဦးသန်းဇော (ဥပဒေ)

ပြစ်မှုဆိုသည့် စကားရပ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေ (ရာဇသတ်ကြီး) အရ ပြစ်ဒဏ် စီရင်ထိုက်သော မှုခင်းများ ကိုဆိုပါသည်။ ထို့ပြင် ဤစကားရပ်၌ အထူးဥပဒေ ၊ ဒေသန္တရဥပဒေအရ ပြစ်ဒဏ်စီရင်ထိုက်သည့် မှုခင်းများလည်း ပါဝင်ပါသည်။[၁] အထူးဥပဒေဆိုသည်မှာ သီးခြားအကြောင်းအရာနှင့် သက်ဆိုင်သော ဥပဒေကိုဆိုပါသည်။[၂] ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဒေသတစ်ခုနှင့်သာ သက်ဆိုင်သည့် ဥပဒေမှာ ဒေသန္တရ ဥပဒေဖြစ်ပါသည်။[၃] ပြစ်မှုဆိုင်ရာ ဥပဒေ၊ အထူးဥပဒေ သို့မဟုတ် ဒေသန္တရဥပဒေနှင့် စပ်လျဉ်းသော ပြစ်မှုကို တရားရုံးအဆင့်ဆင့်ရှိ တရားရုံး တစ်ရုံးရုံးက စစ်ဆေးစီရင်ပိုင်ခွင့်ရှိပါသည်။ သို့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေ (ရာဇသတ်ကြီး)တွင် တချို့သော ပြစ်မှု၌ သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းကသော်လည်းကောင်း၊ တရားရုံးကသော်လည်းကောင်း စာဖြင့် ရေးသားတိုင်တန်းခြင်း မရှိလျှင် အရေးယူ ခွင့်မရှိ၊ လက်ခံကြားနာခွင့်မရှိဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ တွင် တားမြစ်ထားပါသည်။ "ဤပုဒ်မ၏ ရည်ရွယ်ချက်မှာ သတ်မှတ်ထားသည့် ပြစ်မှုများအတွက် အရပ်သားအချင်းချင်း အကြောင်းမဲ့ ဒုက္ခပေးရုံသက်သက် တရားစွဲဆိုခြင်း မပြုနိုင်ရန် သို့မဟုတ် အများပြည်သူအားအကာအကွယ်ပေးရန်ဖြစ်ပါသည်။[၄] "ထို့ပြင် လက်စားချေလိုစိတ်ဖြင့် တရားစွဲဆိုခြင်းမှ အပြစ်မဲ့အများပြည်သူများအား အကာအကွယ်ပေးရန်ဖြစ်ပြီး အပြစ်ရှိသူများအား ၎င်းကျူးလွန်သည့် ပြစ်မှုအတွက် ပြစ်ဒဏ်မရအောင် အကာအကွယ်ပေးရန် မဟုတ်ပေ။[၅]

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) တွင် "မည်သည့် တရားရုံးကမျှ ပြစ်မှုဆိုင်ရာ

[၁] ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀

[၂] ၎င်းဥပဒေပုဒ်မ ၄၁

[၃] ၎င်းဥပဒေပုဒ်မ ၄၂

[၄] **Prameshwaram. 39. Mad. 677**

[၅] **Jugesh war Singh . 37 . Cr. L.J. 393**

ဥပဒေပုဒ်မ ၁၉၃၊ ၁၉၄၊ ၁၉၅၊ ၁၉၆၊ ၁၉၉၊ ၂၀၀၊ ၂၀၅၊ ၂၀၆၊ ၂၀၇၊ ၂၀၈၊ ၂၀၉၊ ၂၁၀၊ ၂၁၁ နှင့် ၂၂၈ တို့အရ ပြစ်ဒဏ် စီရင် ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို တရားရုံး တစ်ရုံးရုံးက ဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင် သို့မဟုတ် ထိုမှုခင်းနှင့် စပ်လျဉ်း၍ ကျူးလွန်သည်ဟု စွပ်စွဲချက်ရှိသည့်အခါ အဆိုပါ တရားရုံး၏ သို့မဟုတ် အဆိုပါ တရားရုံး၏ အထက်တရားရုံး၏ စာဖြင့် ရေးသားတိုင်တန်းချက် မဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်း မပြုရ” ဟု ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ဖြောင့်မှန်သော တရားစီရင်ရေးကို ထိပါးစေသော ပြစ်မှု ၁၄ မျိုးကို တရားစွဲဆိုရာတွင် တရားရုံး၏ စာဖြင့်ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်း မပြုရဟု အဆိုပါ ပုဒ်မ ၁၉၅ (၁) (ခ) တွင် တားမြစ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ ၎င်းပြဋ္ဌာန်းချက်၌ပင် တရားရုံးတစ်ရုံးရုံးက ဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာ ဟု ပါရှိရာ တရားရုံးက မှုခင်းတစ်ရပ်ကို ဆောင်ရွက်စဉ် မှုခင်းနှင့်စပ်လျဉ်း၍ စွပ်စွဲချက်လည်း ရှိရပါမည်။ သို့မှသာ တရားရုံး သို့မဟုတ် အထက် တရားရုံးက စာဖြင့်ရေးသားတိုင်တန်းရပါမည်။ ထိုသို့ တိုင်ကြားခြင်း မပြုလျှင် အရေးမယူရပေ။

တရားရုံး ဆိုရာ၌ တရားစီရင်သည့်အခါ တစ်ဦးတည်း တရားစီရင်ရန် ဥပဒေအရ အာဏာရှိသော တရားသူကြီးကို သော်လည်းကောင်း၊ အစုံအညီ စည်းဝေး၍ တရားစီရင်ရန် အာဏာရှိသော တရားသူကြီးစုကိုသော် လည်းကောင်း ဆိုပေသည်။[6] ထို့ပြင် တရားမရုံး၊ အခွန်ရုံး နှင့်ပြစ်မှုဆိုင်ရာ တရားရုံး (ရာဇဝတ်ရုံး) တို့လည်း ပါဝင်သည်။ သို့ရာတွင် မှတ်ပုံတင်အက်ဥပဒေ အရ မှတ်ပုံတင် အရာရှိ သို့မဟုတ် လက်ထောက်မှတ်ပုံတင်အရာရှိတို့ ပါဝင်ခြင်း မရှိကြောင်း ပုဒ်မ ၁၉၅ (၂) တွင် ပြဋ္ဌာန်းထား ပါသည်။

သို့သော် တရားရေးဦးစီးမှူးသည် ပုဒ်မ ၁၉၅ (၁) (ခ) အရ တရားရုံးဟူသော စကားရပ်တွင် အကျုံးမဝင်ကြောင်း ဦးတင်လှိုင်နှင့် ဦးတင်ဝင်းအမှု[7]တွင် စီရင်ထုံးဖွဲ့ထားသည်မှာ -

“တရားရုံး” ဟူသော စကားရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိပေ။ ပြစ်မှုဆိုင်ရာ ဥပဒေတွင်သာ အဓိပ္ပာယ် ဖွင့်ဆိုချက် ရှိပေသည်။ ထိုသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသော စကားရပ်များ၏ အဓိပ္ပာယ်သည် ထိုစကားရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း မှတ်ယူရမည်ဖြစ်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄ (၂) တွင် ပြဋ္ဌာန်းထားရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များကို ပေါင်းစပ် သုံးသပ်ပါက တရားစီရင်ရန်အခွင့်အာဏာရှိသူ ပုဂ္ဂိုလ်ကသာ တိုင်တန်း စွဲဆိုနိုင်ကြောင်း ပေါ်ပေါက်သည်။ တရားရေးဦးစီးမှူးသည် တရားစီရင်ရန် အခွင့်အာဏာ ရှိသူ ပုဂ္ဂိုလ်မဟုတ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ) အရ “တရားရုံး” ဟူသော စကားရပ်တွင် အကျုံးဝင်သူ မဟုတ်သောကြောင့် ၎င်းလျှောက်ထားသူ ဦးတင်လှိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၃ အရ အရေးယူရန် တိုင်တန်းစွဲဆိုပိုင်ခွင့်ရှိသူ မဟုတ်ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံမှုဖြင့် အရေးယူရာတွင် သက်ဆိုင်ရာ တရားရုံး၏ ရေးသားတိုင်တန်းချက်အရသာ အရေးယူရန် ဖြစ်ကြောင်း ဦးတင်ရွှေ (ခ) သံလုံး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု[8] တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ) တွင် လည်းကောင်း။ ပုဒ်မ၄၇၆ တွင်လည်းကောင်း သက်သေ တစ်ဦးအပေါ် ပြစ်မှုဆိုင်ရာ

[6] ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀

[7] ၁၉၈၁ ခုနှစ်၊ မတစ (ဗဟိုတရားရုံး) စာ - ၅၃

[8] ၁၉၈၂ ခုနှစ်၊ မတစ (ဗဟိုတရားရုံး) စာ - ၂၈

ဥပဒေပုဒ်မ ၁၉၃ အရ မမှန်သက်သေခံမှုဖြင့် အရေးယူရာတွင် သက်ဆိုင်ရာ တရားရုံး၏ ရေးသား တိုင်ကြားချက်အရသာ အရေးယူရမည်ဟု အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားသည်ဖြစ်ရာ မြို့နယ်တရားရုံး၌ ဦးတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၃ အရ အရေးယူသည့် အမှုမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု မရှိကြောင်း တွေ့ရသည်ဟု ဆုံးဖြတ်ထားပါသည်။

အလားတူစွာပင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) တွင် ပြဋ္ဌာန်းထားသော ပြစ်မှုများကို သက်ဆိုင်ရာ တရားရုံး သို့မဟုတ် အထက်တရားရုံးက လျှောက်ထားမှသာ အရေးယူရမည်ဖြစ်ကြောင်း **ကိုမောင်မောင်မြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** [၉] တွင် "ယခုအမှုကိစ္စ၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) နှင့်အညီ သက်ဆိုင်ရာ တရားရုံးက လျှောက်ထားခြင်း မရှိဘဲ ကိုကုလားက တိုက်ရိုက်လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် သက်ဆိုင်ရာ တရားရုံး သို့မဟုတ်ထို တရားရုံးထက် အဆင့်မြင့်သော တရားရုံးကသာ လျှောက်ထားမှ အရေးယူရမည့်အမှုကို ကိုကုလား၏ လျှောက်ထားမှုအပေါ် မြို့နယ်တရားရုံးက အရေးယူခဲ့ခြင်း ဖြစ်၍ ပြဋ္ဌာန်းထားသော ဥပဒေ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိဟု ဆိုရပေမည်" ဟုဆုံးဖြတ်ထားပါသည်။

ထို့ပြင် စစ်တရားရုံးတွင် မဟုတ်မမှန် သက်သေခံမှုအတွက် သက်ဆိုင်ရာ နယ်ဘက် တရားရုံး တစ်ခုခုသို့ အရေးယူစေရန် အကြောင်းကြားရမည်ဖြစ်ကြောင်း **ဦးညာဏ်ဝင်းပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** [၁၀] အမှုတွင် ဆုံးဖြတ်ထားသည်မှာ - စစ်တရားရုံးသည် တရားရုံးပင်ဖြစ်သည်။ တစ်ဦး တစ်ယောက်သည် စစ်တရားရုံးတွင် မမှန်မကန် ထွက်ဆိုပါက စစ်တရားရုံး သို့မဟုတ် ၎င်း၏ အထက် အဆင့်ရှိ တရားစီရင်ခွင့်အာဏာရှိသူ ပုဂ္ဂိုလ်က တစ်ခြား တရားရုံးသို့ စာဖြင့် တိုင်ကြားမှသာလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) နှင့် ညီညွတ်မည် ဖြစ်သည်။ စစ်တရားရုံးတွင် သက်သေတစ်ဦးဦးက မဟုတ်မမှန် သက်သေခံမှုနှင့် စပ်လျဉ်း၍ တပ်မတော် နည်းဥပဒေ တွင် ပြဋ္ဌာန်းထားရှိသည်။

တပ်မတော် နည်းဥပဒေ ၁၄၉ (ခ) တွင် " ××××× တပ်မတော် အက်ဥပဒေကို လိုက်နာရသူ မဟုတ်သောသူက တပ်မတော် အက်ဥပဒေ ပုဒ်မ ၅၉ (မဟုတ်မမှန် သက်သေခံမှု) အရ ပြစ်မှုမြောက်သော ပြုလုပ်မှုများဖြစ်သည့် ကိစ္စမျိုးတွင် စစ်တရားရုံးသည် လိုအပ်သော အစအဦး စုံစမ်းစစ်ဆေးခြင်း တစ်ခုခုကို ပြုလုပ်ပြီးသည့်နောက် အနီးဆုံးရှိ စီရင်ခွင့် အာဏာရ ပထမတန်း ရာဇဝတ် တရားသူကြီးထံသို့ စုံစမ်း စစ်ဆေးရန်အတွက်သော် လည်းကောင်း၊ စစ်ဆေးစီရင်ရန် အတွက်သော်လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံး၏ ပုဒ်မ ၄၇၆ နှင့်အညီ အမှုကို ပို့နိုင်သည်" ဟု ပြဋ္ဌာန်းထားရှိသည်။ ယင်းပြဋ္ဌာန်းချက်အရ စစ်တရားရုံးက မဟုတ်မမှန် သက်သေခံမှုအတွက် သက်ဆိုင်ရာ နယ်ဘက် တရားရုံး တစ်ခုခုသို့ အရေးယူစေရန်အတွက် အကြောင်းကြားရန် ဖြစ်ပေသည်။ ယခုအမှုမှာ ထိုသို့ အရေးယူဆောင်ရွက် ထားခြင်း မရှိကြောင်း စိစစ်တွေ့ရှိရသည်။ ပေါက်ခေါင်း ရဲစခန်းက ရဲအရေးမပိုင်မှု အမှာစာဖြင့် စွဲဆိုခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ မဟုတ်သော တိုင်တန်းချက်သာဖြစ်၍ ၎င်း၏ တိုင်တန်းချက်ကို မူလပေါက်ခေါင်း မြို့နယ် တရားရုံးက အရေးယူပိုင်ခွင့် မရှိပေ" ဟု စီရင်ထုံးဖွဲ့ထား ပါသည်။

အထက်ဖော်ပြပါ စီရင်ထုံးနှင့် အသွင်သဏ္ဌာန် သာမက အနှစ်သာရပါ တူညီသော ဆုံးဖြတ်ချက်တစ်ရပ်ကို **မောင်မင်းဒင် (ခ) ဇော်မဒင်ပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု** [၁၁] တွင်လည်း

[၉] ၁၉၈၄ ခုနှစ်၊ မတစ (ဗဟိုတရားရုံး) စာ - ၇၃

[၁၀] ၁၉၉၅ ခုနှစ်၊ မတစ (တရားရုံးချုပ်) စာ - ၃၉

[၁၁] ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး ၊ စာ ၂၉

အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

စစ်တွေမြို့နယ် တရားရုံး၏ ၂၀၀၆ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၀၀၅ တွင် တရားခံ မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင်နှင့် ဦးကျော်ဝင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်မင်းဒင် (ခ) ဇော်မဒင်ပါ ၃ ဦးတို့က မကျေနပ်သဖြင့် စစ်တွေခရိုင် တရားရုံးသို့ အယူခံ တင်သွင်းသော်လည်း အကျဉ်းနည်းဖြင့် ပလပ်ခံရသည်။ မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးက စစ်တွေခရိုင် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ရခိုင်ပြည်နယ်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းသော်လည်း အောင်မြင်မှု မရသဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ အမှတ် ၂၇၀ ခြေလျင်တပ်ရင်းမှ ယာယီ တပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးအေးကျော် သည် အဆင့်နှင့် မလျော်ညီသော ပြစ်မှုများ ကျူးလွန်ကြောင်း တိုင်တန်း ခံရ၍ ၎င်းအား စုံစမ်းစစ်ဆေးရေး ခုံရုံးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးပြီး စစ်တရားရုံးကလည်း စစ်ဆေးကြောင်း ၊ ယင်းသို့ စစ်ဆေးရာတွင် စုံစမ်းစစ်ဆေးရေး ခုံရုံး၏ သက်သေထွက်ချက်များနှင့် စစ်တရားရုံး၏ သက်သေ ထွက်ဆိုချက်များ ကွဲလွဲနေသဖြင့် အမှုမှန် ပေါ်ပေါက်ရေး အတွက် ထပ်မံ၍ စုံစမ်းစစ်ဆေးရေးခုံ ရုံးအဖွဲ့ ဖွဲ့စည်း စစ်ဆေးခဲ့ရာ မမှန်မကန် ထွက်ဆိုခဲ့ကြသော အရပ် သက်သေ မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင်၊ ဦးကျော်ဝင်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် စစ်တွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်က စစ်တွေမြို့ အမှတ် (၁) ရဲစခန်းတွင် တိုင်ချက်ဖွင့် စွဲဆိုခဲ့မှု ဖြစ်သည်။

အမှုတွင် အမှတ် ၂၇၀ ခြေလျင်တပ်ရင်းမှ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး) ဗိုလ်ကြီးအေးကျော်သည် ဖမ်းဆီးရမိသော စက်လှေနှင့် ဦးကျော်ဝင်းပိုင် စက်လှေ အား ငွေအလိုက်ပေး လဲလှယ်ခဲ့ရာတွင် ဦးကျော်ဝင်းထံမှ ငွေ ၂ သိန်းခွဲရယူ၍ လဲလှယ်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသော ကျွဲနစ်ကောင်နှင့် ဦးအေးမောင်ထံမှ ငွေ ၅၀၀၀ိ/- ရယူ၍ လဲလှယ်ခဲ့ကြောင်း စသည်ဖြင့် အဆင့်နှင့် မလျော်ညီသော ပြစ်မှုများ ကျူးလွန်ကြောင်း တိုင်ကြားခံရ၍ ယင်းကိစ္စအား စုံစမ်းစစ်ဆေးရေးခုံ ရုံးဖွဲ့စည်း၍လည်းကောင်း၊ စစ်တရားရုံး ဖြင့်လည်းကောင်း စစ်ဆေးခဲ့ရာ ထွက်ဆိုချက်များ ကွဲလွဲနေ သဖြင့် ထပ်မံ၍ စုံစမ်း စစ်ဆေးရေးခုံရုံး ဖွဲ့စည်းစစ်ဆေး ခဲ့သည်။ ထိုသို့ စစ်ဆေးချက်အရ အရပ်သက်သေများ ဖြစ်ကြသော မောင်မင်းဒင် (ခ) ဇော်မဒင်၊ ဦးအေးမောင် နှင့် ဦးကျော်ဝင်း တို့သည် မမှန်မကန် ထွက်ဆိုကြောင်း တွေ့ရသဖြင့် ၎င်းတို့ ၃ ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူပေးရန် စစ်တွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်က တိုင်ချက်ရေးဖွင့်ခဲ့မှု ဖြစ်သည်။ စစ်တွေ မြို့နယ် တရားရုံးက မောင်မင်းဒင်ပါ ၃ ဦးအား ယင်းဥပဒေ ပုဒ်မ ၁၉၃ အရ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။

တရားရုံးတွင် ဆောင်ရွက်သည့် မှုခင်းကိစ္စနှင့် စပ်လျဉ်း၍ ကျူးလွန်ခဲ့သည့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉၃ အရ ပြစ်မှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) အရ ယင်းတရားရုံးက ဖြစ်စေ၊ ယင်းတရားရုံး၏ အထက် တရားရုံးကဖြစ်စေ စာဖြင့် ရေးသား၍ တရားစွဲဆိုခြင်း မဟုတ်လျှင် လက်ခံ အရေးယူခွင့်ရှိမည် မဟုတ်ပေ။ တရားရုံးက စာဖြင့် ရေးသား တရားစွဲဆိုခြင်း မဟုတ်ဘဲ လက်ခံအရေးယူသည့် အမှုသည် ပျက်ပြယ်သည်။ ဦးအလီဂျန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ [၁၂] ကိုကြည့်ပါ။

အမှုတွင် တိုင်ကြားသူမှာ စစ်တွေမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးစံရွှေမောင်ဖြစ်၍ သက်ဆိုင်ရာ တရားရုံး မဟုတ်ကြောင်း တွေ့ရသည်။ ထို့ပြင် မြို့နယ် ရဲတပ်ဖွဲ့မှူး စံရွှေမောင်သည် တရားခံများအား အရေးယူပေးပါရန် တရားရုံးသို့စာဖြင့် ရေးသားတိုင်တန်းခဲ့ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ ရဲစခန်းတွင်သာ သတင်းပေး တိုင်ကြားခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ မူလရုံးအမှုမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု မရှိဘဲ မူလကနဦး ကတည်းကပင် ပျက်ပြယ်နေ

[၁၂] ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး ၊ စာ-၇၇

သည်ဟု ဆိုရပေမည်။ ဤအခြေအနေတွင် တရားခံများအား ပြစ်မှုထင်ရှားစီရင်ခြင်းကိုပင် မဆိုထားနှင့် စွဲချက်တင်ထားသည်ပင်လျှင် ပျက်ပြယ်နေသည်။ သို့ဖြစ်ရာ တရားခံများအား စွဲချက်မတင်မီ ပြန်လွှတ် ထားရမည်သာ ဖြစ်ပေသည်။

အမှုတွင် မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) ပါ ပြဌာန်းချက်များနှင့်အညီ တရားစွဲဆိုပါက တရားစွဲဆိုနိုင်သေးသည်။ မောင်ဘန်ချိန်း ပါ ၇ ဦး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်[၃၃] တွင် ကြည့်ပါ။

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို လက်ခံခွင့်ပြုသည်။ လျှောက်ထားသူ မောင်မင်းဒင် (ခ) ဇော်မဒင် ပါ ၃ ဦးတို့အား စစ်တွေမြို့နယ် တရားရုံး၊ စစ်တွေခရိုင် တရားရုံးနှင့် ရခိုင်ပြည်နယ် တရားရုံးတို့က ပြစ်မှုထင်ရှား တွေ့ရှိရ၍ ပြစ်ဒဏ် ချမှတ်ထားသော အမိန့်ကို ပယ်ဖျက်သည်။ မောင်မင်းဒင် (ခ) ဇော်မဒင် ၊ဦးအေးမောင်၊ ဦးကျော်ဝင်း တို့အား စွဲချက် မတင်မီ ပြန်လွှတ်ထားစေရန် ပြင်ဆင်အမိန့် ချမှတ်သည်။

အလျဉ်းသင့်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ ပြစ်မှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ခ) အရ သက်ဆိုင်ရာ တရားရုံးကဖြစ်စေ၊ ယင်းရုံး၏ အထက်တရားရုံး၊၊ဖြစ်စေ စာဖြင့် ရေးသား တိုင်တန်းချက် မဟုတ်ဘဲ လက်ခံ အရေးယူသည့် အမှုသည် ပျက်ပြယ်ကြောင်း ဦးအလီဂျန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ [၃၄] စီ ရင်ထုံးတွင် စီရင်ထုံးဖွဲ့ထားကြောင်း တင်ပြအပ်ပါသည်။အစိုးရ နှင့် ထောက်ကာလွယ်အမှု[၃၅] ကိုလည်းကြည့်ပါ။

သို့ရာတွင် ပုဒ်မ ၁၉၅ (၁) (ခ) အရ တားမြစ်ထားသည့် ပြစ်မှု ၁၄ မျိုးအနက် ပြစ်မှုတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ တရားရုံးတစ်ရုံးရုံးက ဆောင်ရွက်စစ်ဆေးသည့် မှုခင်းတွင် ကျူးလွန်ခြင်း တစ်စုံတစ်ရာ မရှိပါက တရားရုံးက တရားလို ပြုလုပ်တိုင်တန်းရန် မလိုအပ်ကြောင်း အမှုကို တိုက်ရိုက်အရေးယူနိုင်ကြောင်း အောက်ပါ စီရင်ထုံးများကို လေ့လာသိရှိရပါသည် -

ဦးအင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု[၃၆] တွင် ယခုရုံးရှေ့ရှိ အမှု၌ ပြစ်မှုကျူးလွန်သည် ဆိုခြင်းမှာ တရားရုံးတွင် အမှုမရှိခင် ရုံးပြင်ပ၌ ပြုလုပ်ခြင်းဖြစ်သည်။ ဦးအင်က ဦးအေးလွင်အပေါ် စွဲဆိုသည့် ကျူးလွန်မှုနှင့် ပတ်သက်ခြင်း မရှိ၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ ဖြင့် အပြစ်ပေးနိုင်သည့် ပြစ်မှုဖြစ်သည်ဆိုစေကာမူ တရားရုံး တစ်ခုခု၏ အမှုတစ်ခုခုတွင် သို့မဟုတ် အမှုတစ်ခုခုနှင့် ပတ်သက်၍ ကျူးလွန်ခြင်း မဟုတ်သဖြင့် ယင်းအမှုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ နှင့် အကျုံးမဝင် ၊ ယင်းအမှုကို တိုက်ရိုက်လျှောက်ထားချက်နှင့် အရေးယူခြင်းသည် ဥပဒေနှင့် မညီညွတ်ဟု မဆိုနိုင်ဟု ဆုံးဖြတ်ထားပါသည်။

ဦးထွန်းပေါ် ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ ၂ [၃၇] အမှုတွင်လည်း ကျူးလွန်သည့် ပြစ်မှုသည် တရားရုံးက ဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင် သို့မဟုတ် ထိုမှုခင်းနှင့် စပ်လျဉ်း၍ ကျူးလွန်သည်ဟု စွပ်စွဲခြင်း မဟုတ်ပါက တစ်ဦးချင်းအနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ အရေးယူတိုင်တန်းခွင့်ရှိကြောင်းကို စီရင်ဆုံး ဖြတ်ထားသည်မှာ "ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ စွဲဆိုသည့် အမှုသည် တရားရုံးက ဆောင်ရွက်သည့် မှုခင်း တစ်စုံတစ်ရာတွင်

---

[၃၃] ၁၉၈၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး။ စာ-၄၅

[၃၄] ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး ၊ စာ-၇၇

[၃၅] အတွဲ - ၂ အောက်မြန်မာနိုင်ငံ စီရင်ထုံး။ စာ ၃၀၂

[၃၆] ၁၉၇၇ ခုနှစ်၊ မ・တ・စ စာ ၄၄

[၃၇] ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာ-၉၈

သို့မဟုတ် ထိုမှုခင်းနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် စွပ်စွဲချက်ရှိသော အခါမှသာလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ) အရ အဆိုပါ တရားရုံး၏ သို့မဟုတ် အထက်တရားရုံး၏ စာဖြင့်ရေးသား တိုင်တန်းချက် လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျူးလွန်သည့် ပြစ်မှုသည် တရားရုံးက ဆောင်ရွက်သည့် မှုခင်းတစ်စုံတစ်ရာတွင် သို့မဟုတ် ထိုမှုခင်းနှင့် စပ်လျဉ်း၍ ကျူးလွန်သည်ဟု စွပ်စွဲခြင်း မဟုတ်ပါက ပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ အရေးယူပေးပါရန် တိုင်တန်းခွင့်ရှိသည်" ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် တရားရုံးဆိုသည်မှာ ပြစ်မှုဆိုင်ရာတရားရုံး၊ တရားမ တရားရုံး၊ အခွန်ရုံးအပြင် စစ်တရားရုံးလည်း ပါဝင်ပါသည်။ တရားရုံးတွင် ဆောင်ရွက်သည့် မှုခင်းနှင့် စပ်လျဉ်း၍ ပုဒ်မ ၁၉၅ (၁) (ခ) ပါ တားမြစ်ပြစ်မှုတစ်ရပ်ရပ် ကို တရားစွဲဆိုရန် ပေါ်ပေါက်လာပါက အဆိုပါတရားရုံး၏ သို့မဟုတ် အထက်တရားရုံး၏ စာဖြင့် အရေးယူဆောင်ရွက် ရပါမည်။ ထိုသို့မဟုတ်ဘဲ စွဲဆိုလျှင် အမှုပျက်ပြယ်ပါသည်။ သို့ရာတွင် ကျူးလွန်သည့်မှုခင်းမှာ တရားရုံးက စစ်ဆေး ဆောင်ရွက်သော မှုခင်းနှင့် မစပ်ဆိုင်ပါက နစ်နာသူက တိုင်တန်းနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ပုဒ်မ ၁၉၅ (၁) (ခ) မှာ ဥပဒေရေးရာအားဖြင့် သိမ်မွေ့ခက်ခဲသဖြင့် အထူးတလည် မှတ်ထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဦးသန်းဇော (ဥပဒေ)**

◆◆◆

## ကြော်ငြာ

**စာရေးသူများသို့**

၁။ တရားရုံးချုပ်မှထုတ်ဝေသော တရားရေးဂျာနယ်များ၌ ထည့်သွင်းဖော်ပြရန် တရားစီရင်ရေးရာ၊ ဥပဒေရေးရာ တို့နှင့် စပ်လျဉ်းသော ဆောင်းပါးစာမူများ ရေးသားပေးပို့နိုင်ပါသည်။

၂။ စာမူများအား မြန်မာဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ရေးသားနိုင်ပါသည်။

၃။ စာမူတစ်ပုဒ်အတွက် မူရင်းစာမူနှင့်အတူ မိတ္တူတစ်စောင် ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။

၄။ စာမူများအား တရားရေးဂျာနယ်၊ စာတည်းအဖွဲ့၊ တရားရုံးချုပ်၊ နေပြည်တော်သို့ စာရေးသူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ရန်ဖြစ်ပြီး စာရေးသူ၏ နေရပ်လိပ်စာအပြည့်အစုံဖော်ပြပေးရန် ဖြစ်ပါသည်။

၅။ ရွေးချယ်ခြင်းမခံရသော စာမူများအား ပြန်လည်ရယူလိုပါက စာရေးသူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း ပြန်လည်ထုတ်ယူနိုင်ပါသည်။

**တရားရေးဂျာနယ်၊ စာတည်းအဖွဲ့**

## တရားရုံးချုပ် စီရင်ချက်များ

### ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၇၇၆ (ခ) / ၀၇
### (တရားရုံးချုပ် မန္တလေး)

ချမ်းအေးသာစံမြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ်-၆၃/၂၀၀၇ တွင် သက်သေခံ မော်တော်ယာဉ်အမှတ်- ၆ခ/၂၃၉၀ ယာဉ်နှင့် သက်သေခံ စာရွက်စာတမ်းများအား အယူခံကာလအတွင်း နိုင်လုံသော ကျပ်သိန်း (၂၀၀) တန် ခံဝန်သူ (၂) ဦးတင်ပြက ပိုင်ရှင် ဦးသီတာအေးထံ ပြန်လည်ပေးအပ်စေရန် အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို သက်သေခံ ကားအပ်နှံခဲ့သူ ဦးအန်းချီက မကျေနပ်သဖြင့် မန္တလေးခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၁၉၂/၂၀၀၇ ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ရာ မန္တလေးခရိုင်တရားရုံးက ဦးအန်းချီထံသို့ သက်သေခံ မော်တော်ယာဉ်အမှတ်-၆ခ/၂၃၉၀ နှင့် စာရွက်စာတမ်းများအား လုံလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားစေရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။ယင်းအမိန့်ကို ဦးသီတာအေးက မကျေနပ်သောကြောင့် မန္တလေးတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၆၄၆/၂၀၀၇ ကို တင်သွင်းရာ အကျဉ်းနည်းဖြင့် ပလပ်ခံရသောကြောင့် တရားရုံးချုပ် (မန္တလေး) သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်း ဖြစ်သည်။

အမှုမှာ စစ်ကိုင်းမြို့ ဧယျာကွက်သစ်ရှိ အာရုံသစ် ကားထုတ်လုပ်ရေးစက်ရုံပိုင်ရှင် ဦးကျော်ကျော်ဝင်းသည် ဦးသီတာအေးပိုင် စက်မှုဇုန်ထုတ် (Double Cab) ယာဉ်အမှတ်-၆ခ/၂၃၉၀ ယာဉ်အား ရှေ့ခွဲမှ နောက်ခွဲဖြစ်အောင် ပြောင်းလဲ၍ (၂) ပတ်အတွင်း တရားဝင်အမည်ပေါက် ရရှိအောင် ဆောင်ရွက်ပေးမည် ပြောဆိုသဖြင့် ယာဉ်နှင့်စာရွက် စာတမ်းများကို (၁၇-၃-၂၀၀၇) နေ့တွင် ဦးကျော်ကျော်ဝင်းထံ အပ်နှံခဲ့ရာ ဦးကျော်ကျော်ဝင်းက ပေါင်နှံအလွဲသုံးစား ပြုခဲ့သဖြင့် အရေးယူပေးရန် တိုင်တန်းမှု ဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက တရားခံပြေးမှုတွင် ပစ္စည်းစီမံခန့်ခွဲခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရ စီမံခန့်ခွဲခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူ အမှတ် (၂) သည် အချင်းဖြစ် ကားအား ကာလတန်ဖိုးထက်များစွာ လျော့နည်း၍ ဝယ်ယူထားခြင်း ဖြစ်ကြောင်း၊ အချင်းဖြစ်ကားမှာ လျှောက်ထားသူလက်ရှိဖြစ်ရာမှ အလွဲသုံးစားပြုသူ တရားခံလက်သို့ ရောက်ရှိပြီး တရားခံလက်မှ လျှောက်ထားခံရသူ (၂) လက်ဝယ်သို့ ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ အချင်းဖြစ်ပစ္စည်းသည် ခိုးရာပါ ပစ္စည်းဖြစ်၍ လျှောက်ထားခံရသူ အမှတ် (၂) အနေဖြင့် ရယူပိုင်ဆိုင်ခွင့် မရှိကြောင်း၊ တရားခံ ဦးကျော်ကျော်ဝင်းမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်း ပေါ်ပေါက်သဖြင့် လျှောက်ထားခံရသူသည် ခိုးရာပါ ပစ္စည်း လက်ခံသည့် သဘောသာရှိကြောင်း၊ မန္တလေးခရိုင် တရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသောမန္တလေးတိုင်း တရားရုံးတို့၏ အမိန့်တို့ကို ပယ်ဖျက်၍ မူလ ချမ်းအေးသာစံမြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုပေးရန်

လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၂) ၏ ရှေ့နေက အချင်းဖြစ်ကား၏ မူလအမည်ပေါက်မှာ ဒေါ်ခင်လှဖြစ်ကြောင်း၊ မူလအမည်ပေါက် ဒေါ်ခင်လှထံမှ ဦးကျော်ကျော်ဝင်းက သက်သေခံ (ဃ-၁) စာချုပ်ဖြင့် ဝယ်ယူထားခြင်းဖြစ်ကြောင်း။ လျှောက်ထားခံရသူ (၂) မှ အချင်းဖြစ်ကားကို သက်သေခံ (ဃ-၂) စာချုပ်ဖြင့် ဦးကျော်ကျော်ဝင်းထံမှ သိန်း (၁၇၅) ကျပ်ဖြင့် ဝယ်ယူ၍ ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများအားလုံး လက်ရှိဖြစ်ကြောင်း။ လျှောက်ထားသူသည် အချင်းဖြစ်ကားကို မူလပိုင်ရှင် ဒေါ်ခင်လှထံမှ ဝယ်ယူခြင်း မဟုတ်ဘဲ ကွင်းဆက်ပြတ်နေကြောင်း။ လျှောက်ထားခံရသူမှာ ပိုင်ရှင်ဖြစ်ဟန် လက္ခဏာရှိသူထံမှ ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှု စာရွက်စာတမ်းများအားလုံးနှင့်တကွ သက်သေခံပစ္စည်း မော်တော်ယာဉ်ပါလက်ဝယ်ထားခဲ့ရသူဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ်(၂) ထံ ပြန်လည် ပေးအပ်ထားသည့် မန္တလေးခရိုင် တရားရုံးနှင့် မန္တလေးတိုင်း တရားရုံးတို့၏ အမိန့်များသည် ဥပဒေနှင့်ညီညွတ်သဖြင့် ဤပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အချင်းဖြစ်ကားမှာ ဦးသီတာအေးက (၁၄-၂-၂၀၀၇) နေ့တွင် ဦးသက်ဝင်းထံမှ သိန်း (၂၅၀) ကျပ်ဖြင့် ဝယ်ယူခဲ့ကြောင်း။ ဦးသက်ဝင်းက ဦးကြင်ဝီထံမှ သိန်း (၁၃၀) ကျပ်ဖြင့် (၁၈-၃-၂၀၀၆) နေ့က ဝယ်ယူခဲ့ကြောင်း။ အမှုတွဲပါ သက်သေထွက်ချက်များအရ ပေါ်ပေါက်ကြောင်း။ ဦးသီတာအေးသည် (၁၇-၃-၂၀၀၇) နေ့က အချင်းဖြစ်ကားကို ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ယူဆောင်လာပြီး ရောင်းချရန် စီစဉ်ကြောင်း၊ ကားပွဲစား ဦးကျော်ကျော်ဝင်းက ကားကို ရှေ့ဆွဲမှ နောက်ဆွဲသို့ ပြောင်းလဲပါက သိန်း (၃၀၀) ခန့်ရနိုင်ကြောင်းပြော၍ ၎င်းထံကားနှင့် ပတ်သက်သော စာရွက်စာတမ်းများ အပ်ခဲ့ကြောင်း၊ ယုံကြည်ပြီး အပ်ထားရာမှ (၂၈-၃-၂၀၀၇) နေ့ မန္တလေးပြန်ရောက်စဉ် ဦးကျော်ကျော်ဝင်းနှင့် ကားကို မတွေ့တော့၍ ရဲစခန်း တိုင်ကြားခဲ့ကြောင်း၊ ယခုအမှုတွင် ယာဉ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ သက်တမ်းတိုးရန်လိုအပ်ခြင်း၊ တရားရုံးဝင်း အတွင်း (၆) လခန့်ကြာအောင် ထိန်းသိမ်းထားရာ ဆွေးမြည့်ယိုယွင်းနိုင်ခြင်းကြောင့် ပစ္စည်းလက်ရှိထားခွင့်ရှိသူ ဦးသီတာအေးသို့ ထိန်းသိမ်းခွင့်ပြုရန် သင့်လျော်ကြောင်း၊ မူလမြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအား စိစစ်ရာ လျှောက်ထားသူ ဦးသီတာအေးက အချင်းဖြစ်သက်သေခံကား အမှတ်-၆ခ/၂၃၉၀ ယာဉ်ကို (၁၄-၂-၂၀၀၇) နေ့တွင် ဦးသက်ဝင်း (လိုပြ-၉) ထံမှ ကျပ်သိန်း (၂၅၀)ဖြင့် ဝယ်ယူခဲ့ပြီး (၁၇-၃-၂၀၀၇) နေ့တွင်ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ရောင်းချရန် ယူဆောင်လာခဲ့ကြောင်း၊ ကားပွဲစား တရားခံဦးကျော်ကျော်ဝင်းက ကားကို ရှေ့ဆွဲမှ နောက်ဆွဲသို့ ပြောင်းလဲပါက ကျပ်သိန်း ၃၀၀ ခန့် ရနိုင်ကြောင်းပြော၍ ယုံကြည်ပြီး ကားနှင့်တကွ စာရွက်စာတမ်းများကို ဦးကျော်ကျော်ဝင်းထံ အပ်နှံထားခဲ့ကြောင်း။ (၂၈-၃-၂၀၀၇) နေ့တွင် မန္တလေးသို့ ပြန်ရောက်စဉ် ဦးကျော်ကျော်ဝင်းနှင့် ကားကို မတွေ့၍ စုံစမ်းရာ ဦးကျော်ကျော်ဝင်းက ကားကို အလွဲသုံးစားပြု၍ ထွက်ပြေးသွားကြောင်း ထွက်ဆိုပေါ်ပေါက်သည်။

တရားခံဦးကျော်ကျော်ဝင်းမှာ အမှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆/၅၁၂ ဖြင့် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ်-၆၃/၂၀၀၇ ဖွင့်လှစ်ဆောင်ရွက်ပြီး (၁၇-၈-၂၀၀၇) နေ့တွင် တရားခံဦးကျော်ကျော်ဝင်းအား ပြစ်မှုကျူးလွန်ဖွယ်ရာရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ အရ တရားခံဖမ်းဝရမ်း၊ ပစ္စည်း ဖမ်းဝရမ်းထုတ်ဆင်ခဲ့ပြီး သက်သေခံကား ၆ခ/၂၃၉၀ ကားကို ဦးသီတာအေးထံ ခံဝန်ဖြင့် ပြန်လည်ပေးအပ်ကြောင်း မူလရုံးက အမိန့်ချမှတ်ခဲ့သည်။

သက်သေခံယာဉ်အမှတ် ၆ခ/၂၃၉၀ ကားနှင့်အတူ ပိုင်ဆိုင်မှု အထောက်အထားများဖြစ်သော ဒေါ်ခင်လှအမည်ပါ ယာဉ်မှတ်ပုံတင်စာအုပ် (၁) အုပ်၊ ဒစ်ပိုင်း (၁) ခု၊ (VIC) ကဒ် (၁) ခု၊ စက်သုံးဆီ

ဝယ်ယူခွင့် စာအုပ် (၁) အုပ်၊ အာမခံစာအုပ် (၁) အုပ်၊ အခွန်ပြေစာများ။ ဒေါ်ခင်လှနှင့် ဦးကျော်ကျော်ဝင်းတို့ ချုပ်ဆိုသည့် (၆-၁၁-၂၀၀၆) နေ့စွဲပါ ကားအရောင်းအဝယ်စာချုပ်၊ ဦးကျော်ကျော်ဝင်းနှင့် ဦးအန်းချိတို့ ချုပ်ဆိုသည့် (၁၇-၃-၂၀၀၇) ရက်စွဲပါ ကားအရောင်းအဝယ်စာချုပ်တို့ကို ဦးအန်းချိက ရှာဖွေပုံစံ (သက်သေခံ-ဃ) ဖြင့် ပေးအပ်ခဲ့ကြောင်း တွေ့ရသည်။

လျှောက်ထားသူ ဦးသီတာအေးက သက်သေခံကားအား ဦးသက်ဝင်းထံမှ (၁၄-၂-၂၀၀၇) ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်း။ ဦးသက်ဝင်းက အချင်းဖြစ်ကားကို ဦးကြင်ဝီထံမှ (၁၈-၃-၂၀၀၆) နေ့တွင် ဝယ်ယူခဲ့ကြောင်း (သက်သေခံ-၁) ရှာဖွေပုံစံအရ တွေ့ရှိသည်။ ဦးသက်ဝင်းက ကားအမည်ပေါက်ပိုင်ရှင် ဒေါ်ခင်လှထံမှ မည်သို့ အဆင့်ဆင့် လွှဲပြောင်းရရှိခဲ့ကြောင်း အမှုတွဲအရ ပေါ်ပေါက်မှု မရှိပေ။

အမှုတွဲအရ မူလပိုင်ရှင် ဒေါ်ခင်လှမှာ ခန့်မှန်း ၂၀၀၁ ခုနှစ်ခန့်က သေဆုံးခြင်းဖြစ်ကြောင်း။ စမ်းချောင်းမြို့နယ် မှန့်လုပ်ဆောင်းကုန်း (မြောက်) ပိုင်းရပ်ကွက် ရယကရုံးမှ ထောက်ခံထားကြောင်း တွေ့ရသည်။ လူတစ်ယောက် အမှန်တကယ် သေဆုံးကြောင်းမှာ သေစာရင်း တင်ပြရန် လိုအပ်သည်။ သေစာရင်းကို ကွယ်လွန်သူ ဒေါ်ခင်လှ၏ နိုင်ငံသားစိစစ်ရေးကဒ်ကို ပြန်လည်ပေးအပ်၍ ထုတ်ယူရသည်။ ဒေါ်ခင်လှ၏ နိုင်ငံသားစိစစ်ရေးကဒ်ကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံထားကြောင်း အမှုတွဲတွင် ပေါ်ပေါက်မှု မရှိခြင်း။ ဦးသက်ဝင်းက ရှာဖွေပုံစံ (သက်သေခံ-ခ) ဖြင့် ပေးအပ်ထားသည့် ၂၀၀၆ ခုနှစ်၊ ဧပြီလ၊ (၄) ရက်နေ့ ရက်စွဲဖြင့် ဒေါ်ခင်လှ ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ရန်ကုန်တိုင်း ကုန်းလမ်းပို့ဆောင်ရေး ဦးစီးဌာနတွင် စက်အမှတ်/ဘောင်အမှတ် အသစ်ရိုက်ခွင့်ပြုရန် လျှောက်ထား ခဲ့ခြင်းတို့ကြောင့် ဒေါ်ခင်လှနှင့် ဦးကျော်ကျော်ဝင်း တို့ ချုပ်ဆိုသည့် (၆-၁၁-၂၀၀၆) နေ့စွဲပါ ကားအရောင်းအဝယ်စာချုပ်မှာ မှန်ကန်မှု မရှိဟု တထစ်ချဆိုနိုင်မည် မဟုတ်ပေ။

မူလတရားရုံး၏ အမှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆/ကျင့် ၅၁၂ အရ တရားခံပြေး ဦးကျော်ကျော်ဝင်းအား အရေးယူဆောင်ရွက်သော အမှုဖြစ်သည်။ (၁၇-၈-၂၀၀၇) နေ့စွဲပါ အမှုနေ့စဉ် မှတ်တမ်းအရ တရားခံ ဦးကျော်ကျော်ဝင်းအား ပြစ်မှုကျူးလွန်ဖွယ်ရာရှိကြောင်း ပေါ်ပေါက်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ အရ ဆက်လက်အရေးယူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သက်သေခံယာဉ်အမှတ် ၆ခ/၂၃၉၀ အားစီမံခန့်ခွဲခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးမှု၌ စီမံခန့်ခွဲခြင်းဖြစ်ကြောင်း ထင်ရှားသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်သော အမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသော စုံစမ်းမှု (သို့မဟုတ်) စစ်ဆေးမှုမဟုတ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခွင့်မရှိပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ အရသာ ထုခွဲခွင့်ရှိပေသည်။ ဦးဘိုကြီးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်ပါ ၂[၁] အမှုကို ကြည့်ပါ။

အလားတူ ဦးတစ်တူး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂[၂] အမှုတွင် တရားခံပြေးမှုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။ ယင်းအမှုတွင် ချမှတ်သော သက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခြင်း မဟုတ်ဘဲ ယင်းဥပဒေပုဒ်မ ၅၂၃ အရ စီမံခန့်ခွဲခွင့်သာရှိကြောင်း ထပ်မံလမ်းညွှန်ဆုံးဖြတ်ထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ (၁) ၌ ရာဇဝတ်တရားသူကြီးကလည်း အဆိုပါပစ္စည်းကို စီမံခန့်ခွဲရန် အကြောင်း သို့မဟုတ် ပစ္စည်းလက်ရှိထားခွင့်ရှိသူသို့ ပေးအပ်ရန်အကြောင်းနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့် အမိန့်ကို မိမိချမှတ်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ တရားရုံးများ လက်စွဲအပိုဒ် ၁၁၀၀ တွင် ထွက်ပြေး

(၁) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၈၉

(၂) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ ၅၅

တိမ်းရှောင်နေသူတို့အပေါ် အရေးယူသော အမှုများ၌ တန်ဖိုးရှိသော သက်သေခံပစ္စည်းများကို မလိုဘဲ ထိန်းသိမ်းထားခြင်းမှာ ပိုင်ရှင်များအား အခက်အခဲဖြစ်စေမည်ဖြစ်သောကြောင့် ထိုပစ္စည်းများကို တရားရုံးမှ မလိုဘဲ ထိန်းသိမ်းထားခြင်း မပြုရဟု လမ်းညွှန်ထားသည်။ သို့ဖြစ်၍ မူလမြို့နယ်တရားရုံးက သက်သေခံပစ္စည်း ယာဉ်အမှတ်-၆ခ/၂၃၉၀ကို စီမံခန့်ခွဲသည့်အမိန့် ချမှတ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိပေ။

သို့သော် မူလတရားရုံးက သက်သေခံ ပစ္စည်း ယာဉ်အမှတ်-၆ခ/၂၃၉၀ ယာဉ်အား စီမံခန့်ခွဲ ခဲ့ခြင်းသည် (၁၇-၈-၂၀၀၇) ရက်စွဲပါ နေ့စဉ်မှတ်တမ်း အမိန့်အရ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခဲ့ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ (၁) အရ ဦးသီတာအေးသည် ပစ္စည်းလက်ရှိထားခွင့်ရှိသူ ဖြစ်သည်ဆိုသည့် အချက်နှင့် ပတ်သက်၍ ဖော်ပြသုံးသပ်ထားမှု မရှိပေ။

သက်သေခံပစ္စည်းများအား အမှုအတောအတွင်း ခံဝန်နှင့် ပြန်လည်ပေးအပ်ရန် စီမံခန့်ခွဲရာ၌ ထူးခြားသည့် အကြောင်းမရှိလျှင် ပစ္စည်းလက်ရှိဖြစ်သူထံ ပြန်လည်ပေးအပ်ခြင်းသည် တရားရုံးများမှ အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့သည့် မူသဘော ဖြစ်သည်။ ပစ္စည်းလက်ရှိဖြစ်သူဆိုသည့် စကားရပ်နှင့်ပတ်သက်၍ ဦးစောဖားကဒီး နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် (ဦးစောခဲလှ)[၃] ဦးမြ (ခ) လက်ရှမန်ဘာဆာဝါဘီးယားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်[၄] အမှုများ၌ သက်သေခံပစ္စည်း ပေးအပ်သူကို ပစ္စည်းလက်ရှိဖြစ်သူအဖြစ် လက်ခံသုံးသပ်၍ လမ်းညွှန်ဆုံးဖြတ်ခဲ့ကြသည်။

သို့ဖြစ်ရာ ယခုအမှု၌ သက်သေခံကားနှင့်တကွ ယာဉ်ပိုင်ဆိုင်မှု စာရွက်စာတမ်းအားလုံးကို ရာဇဝတ်ဖွေပုံစံဖြင့် အပ်နှံခဲ့သူမှာ ဦးအန်းချီဖြစ်သည်။ ဦးအန်းချီသည် ဦးကျော်ကျော်ဝင်းထံမှ အချင်းဖြစ် ကားကို ငွေကျပ် (၁၇၅) သိန်းဖြင့် ဝယ်ယူခဲ့ခြင်းပေါ်ပေါက်သဖြင့် ပေါက်ဈေးထက် အလွန်အမင်း လျော့နည်းစွာ ဝယ်ယူခဲ့သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၂၃(၁) အရ ပစ္စည်းလက်ရှိ ထားခွင့်ရှိသူမှာ ဦးအန်းချီဖြစ်ကြောင်း ထင်ရှားသည်။

သက်သေခံပစ္စည်း အားစီမံခန့်ခွဲခြင်းသည် သက်သေခံပစ္စည်းကို မည်သူပိုင်ကြောင်း ဆုံးဖြတ်ပေးခြင်း မဟုတ်ဘဲ မည်သူလက်ဝယ်ထားသင့်ကြောင်း အဆုံးအဖြတ်ပေးခြင်း ဖြစ်သည်။ ပိုင်ဆိုင်ခွင့်မှာ တရားမမှုနယ်ပယ်အတွင်း ကျရောက်သည် ဖြစ်၍ သက်သေခံပစ္စည်းအား ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားမကြောင်းအရ သာတရားစွဲဆိုအရေးယူရန် ဖြစ်ပေသည်။ U Ba Hlaing Vs Balabux Sodani[၅] နှင့် ဒေါ်စိန်အေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်[၆] စီရင်ထုံးတို့တွင် ကြည့်ပါ။

သို့ဖြစ်၍ မူလမြို့နယ်တရားရုံးက လျှောက်ထားသူ ဦးသီတာအေးထံသို့ သက်သေခံယာဉ်နှင့်တကွ စာရွက်စာတမ်းများကို ခံဝန်ဖြင့် ပြန်လည်ပေးအပ်စေရန် ချမှတ်ခဲ့သည့် အမိန့်အား ပယ်ဖျက်၍ လျှောက်ထားခံရသူအမှတ် (၂) ဦးအန်းချီထံသို့ သက်သေခံယာဉ်အမှတ်-၆ခ/၂၃၉၀ နှင့် စာရွက်စာတမ်းများအား လုံလောက်သည့် ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သော မန္တလေးခရိုင်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သည့် မန္တလေးတိုင်းတရားရုံးတို့၏ အမိန့်များသည် ဥပဒေနှင့်ညီညွတ်မှု မရှိဟု မဆိုသာပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

(၃) ၁၉၇၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ ၈၅
(၄) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်) စာ ၄၃
(၅) Rangoon Series Vol.4, P 633
(၆) ၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၃၄

* * *

# ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၄၆၇ (ခ) / ၀၈
# (တရားရုံးချုပ် ရန်ကုန်)

ပုသိမ်မြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၂၆၅/၀၈ တွင် လျှောက်ထားသူ ဦးတင်အောင်ချို၏ လျှောက်ထားမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ခဲ့သည့်အမိန့်အပေါ် လျှောက်ထားသူ ဦးတင်အောင်ချိုက ပုသိမ်ခရိုင် တရားရုံးသို့ ပြစ်မှုပြင်ဆင်မှုအမှတ်-၂၄/၀၈ဖြင့် ပြင်ဆင်မှုလျှောက်ထားခဲ့ရာ ခရိုင်တရားရုံးက ပြင်ဆင်မှုကို အကျဉ်းနည်းပလပ်ခဲ့သည်။

ပုသိမ်ခရိုင်တရားရုံးအမိန့်ကို လျှောက်ထားသူက မကျေနပ်သဖြင့် ဧရာဝတီတိုင်းတရားရုံးသို့ ပြစ်မှုပြင်ဆင်မှု အမှတ် ၁၁၈/၀၈ ဖြင့် ပြင်ဆင်မှု ဝင်ရောက်ခဲ့ရာတိုင်းတရားရုံး က ပြင်ဆင်မှုကို အကျဉ်းနည်းပလပ်ခဲ့သဖြင့် လျှောက်ထားသူ က မကျေနပ်၍ ဤရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ပုသိမ်မြို့ သဘော်ကျင်းရပ်၊ အကွက်အမှတ် ၁၂၈ ဦးပိုင်အမှတ် ၃၇ ပေါ်တွင် ဆောက်လုပ်ထားသော ယခင် လျှောင်ဝွမ်၊ ယခု အောင်သီဟ အမည်ရှိ ဆန်စက်ကို ပုသိမ်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၁၀/၁၉၅၃ ဖြင့် တရားလို ဦးတင်အောင်ချိုပါ (၇) ဦးက ပိုင်ဆိုင်ပြီး ဦးတင်အောင်ချိုက ထိုဆန်စက်ကို ဦးဆောင်လုပ်ကိုင်နေရာမှ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပိတ်ထားခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ် နိုဝင်ဘာလတွင် လျှောက်ထားသူနှင့် ရင်းနှီးသော ဦးခွေးလေး (ခ) ဦးစိုးမြင့်က ဆန်စက်ကို (၁) နှစ် (၂) နှစ်ခန့် စမ်းသပ်လည်ပတ်ခွင့် ပြုရန် လည်ပတ်စဉ် အစုရှယ်ယာ ဝင်များ မနစ်နာစေရန် လုပ်ခပေးသွားမည်။ လုပ်ငန်းလည်ပတ်မှု အဆင်ပြေပါက လျှောက်ထားသူနှင့် အစုရှယ်ယာဝင်များ သဘောတူလျှင် ကာလပေါက်ဈေးဖြင့် ဝယ်ယူမည်ဟု တောင်းပန်ပြောဆိုသဖြင့် လျှောက်ထားသူက လူမှုရေးအရ ရင်းနှီးမှုကို အကြောင်းပြုပြီး ဆန်စက်လည်ပတ်ခွင့်ကို နှုတ်ကတိဖြင့် ခွင့်ပြုခဲ့ကြောင်း၊ ဦးခွေးလေး (ခ) ဦးစိုးမြင့်သည် လျှောက်ထားသူ၏ မျက်ကွယ်တွင်ရှိသော ဆန်စက်မှ ပစ္စည်းများ ဖြုတ်ရောင်းစားကြောင်း သတင်းရရှိသဖြင့် လျှောက်ထားသူက ဆန်စက် ပြန်တောင်းရာ ပြန်လည်အပ်နှံခြင်းမရှိသဖြင့် ဧရာဝတီတိုင်း တရားရုံးတွင် တရားမကြီးမှု စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ကြောင်း၊ သို့သော် ဦးခွေးလေး (ခ) ဦးစိုးမြင့်သည် ၂၅/-တန် တံဆိပ်ခေါင်းပေါ်တွင် ရောင်းချခွင့် မရှိသော ရှယ်ယာဝင် ကွယ်လွန်ပြီးသော နိုင်ငံခြားသား မှတ်ပုံတင် ကိုင်ဆောင်သူ ဒေါ်လှသာက ရောင်းချ၍ ဝယ်ယူသည်ဟု အကြောင်းပြကာ အချင်းဖြစ် ဆန်စက်ကို ပြန်မပေးသည့်ပြင် ဆန်စက်မြေများ တူးဆွ

ပေါက်ယူခြင်း၊ဆန်စက်ဂိုဒေါင်တွင်ခင်းထားသော ပျဉ်းကတိုးဆင့်များ ခွာယူခြင်း၊ ဆန်စက်ပစ္စည်းများ ဖြုတ်ရောင်းစားခြင်းတို့ ပြုလုပ်သဖြင့် လျှောက်ထားသူ ပိုင်ဆိုင်မှုပစ္စည်းများ ယုတ်လျော့ဆုံးရှုံးရကြောင်း သို့ပါ၍ ဦးခွေးလေး (ခ) ဦးစိုးမြင့် အပေါ် အရေးယူပေးပါရန် လျှောက်ထားသူ ဦးတင်အောင်ချိုက ဦးတိုက်လျှောက်ထား၍ ၎င်းလျှောက်ထားမှုကို မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေက အချင်းဖြစ်ရပ်နှင့် ပတ်သက်၍ မြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားရာ တွဲဖက် မြို့နယ်တရားသူကြီးက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၀ အရ လျှောက်ထားသူကို စစ်ဆေးပြီးပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ကြောင်း၊ မူလမြို့နယ်တရားရုံးအနေနှင့် လျှောက်ထားသူ၏ လျှောက်ထားမှုတွင် ဖော်ပြထားသော ဆန်စက်နှင့် ပတ်သက်၍ ဦးခွေးလေး (ခ) ဦးစိုးမြင့်သည် ဆန်စက်ဝင်းအတွင်းရှိ မြေများတူးဆွယူခြင်းကြောင့် ရေကန်၊ ချိုင့်ခွက်များဖြစ်နေခြင်း ရှိမရှိ၊ ဆန်စက်ပစ္စည်းများ ဖြုတ်ယူရောင်းစားခြင်း ရှိမရှိ၊ဆန်စက်ဂိုဒေါင်မှ ပျဉ်းကတိုးဆင့်များ၊ ခွာယူရောင်းစားခြင်း ရှိမရှိတို့ကို စုံစမ်းစစ်ဆေးခြင်း မပြုဘဲ ကျင့်ထုံး ပုဒ်မ ၂၀၃ အရ ပလပ်ခဲ့ခြင်းမှာ အဖြစ်မှန်ကို စုံစမ်းစစ်ဆေးခြင်း မပြုဘဲ ထင်ကြေးဖြင့် ဆုံးဖြတ်သကဲ့သို့ ဖြစ်နေကြောင်း၊ ထို ဆန်စက်မှာ လျှောက်ထားသူများပိုင်ဖြစ်သလား၊ ဦးခွေးလေး(ခ) ဦးစိုးမြင့်ပိုင်ဖြစ်သလား၊ ဆိုသည်ကိုလည်း စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် လိုအပ်ပါလျက် လျှောက်ထားသူ၏ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း။ ထိုသို့ စုံစမ်းခဲ့ခြင်းမရှိဘဲ ဆုံးဖြတ်ခဲ့သော မြို့နယ်တရားရုံးအမိန့်ကို အတည်ပြုခဲ့သောပုသိမ်ခရိုင် တရားရုံးနှင့် ရောဝတီတိုင်း တရားရုံးတို့၏ အမိန့်များမှာလည်း မှားယွင်းကြောင်း၊ ထို့ကြောင့် ယင်းအမိန့်များကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံးတွင် သင့်တော်သည့် ပုဒ်မဖြင့် သတ်မှတ်ကာ အမှုအား ဆက်လက်စစ်ဆေးစေသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူ နိုင်ငံတော်အတွက် လိုက်ပါသော ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးက မူလရုံးက လျှောက်ထားသူ၏ ဦးတိုက်လျှောက်ထားမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး ပြစ်မှုကြောင်း အရ အရေးယူရန်မပေါ်ပေါက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ကြောင်း ချမှတ်ခဲ့သောအမိန့်များမှာမှားယွင်းခြင်း မရှိကြောင်း၊ ထို့ကြောင့် ပုသိမ်ခရိုင် တရားရုံးနှင့် ရောဝတီတိုင်း တရားရုံးတို့၏ အမိန့်များမှာဥပဒေနှင့်အညီဖြစ်ပါ၍ ၎င်းပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အမှုတွင် လျှောက်ထားသူ ဦးတင်အောင်ချိုက အမှုစွဲဆိုရကြောင်း အသေးစိတ် ဖော်ပြထားလျက် ဦးတိုက်လျှောက်လွှာတင်သွင်းခြင်းဖြစ်ပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရလည်း ဦးတိုက် လျှောက်လွှာပါအတိုင်း ထွက်ဆိုခဲ့သည်။

ယင်းထွက်ဆိုချက်နှင့် ဦးတိုက်လျှောက်လွှာပါ အချက်များတွင် ပါရှိသော အချင်းဖြစ် ဆန်စက်နှင့် ပတ်သက်၍ လျှောက်ထားသူ ဦးတင်အောင်ချို အပါအဝင် (၇) ဦးသော ပုဂ္ဂိုလ်များသည် အခင်းဖြစ်ဆန်စက် (ယခင်အခေါ် လျှောင်ဂွမ်) (ယခုအခေါ်အောင်သီဟ) ကို ပိုင်ဆိုင်ခြင်း ရှိမရှိနှင့် လျှောက်ထားခံရသူ ဦးခွေးလေး (ခ) ဦးစိုးမြင့် လက်ဝယ်သို့ ထိုဆန်စက် မည်သို့ ရောက်ရှိသနည်း။ ဦးခွေးလေး (ခ) ဦးစိုးမြင့်က ထိုဆန်စက်လက်ဝယ် ရရှိပြီးနောက် ဆန်စက်မှ စက်ပစ္စည်းများကို ဖြုတ်ယူခဲ့ခြင်းရှိမရှိနှင့် ဖြုတ်ယူသော ဆန်စက်ပစ္စည်းများကိုအလွဲသုံးစား ရောင်းချပြီး ကိုယ်ကျိုးအတွက် ရယူခဲ့ခြင်း ရှိမရှိ၊ ဆန်စက်ဝင်းထဲမှ မြေကြီးများကို တူးဆွ၍ မူလပကတိမြေသား၊ မြေပြင်ကို ပျက်စီးစေရန် ဆောင်ရွက်ခြင်းနှင့် ထိုတူးဆွသော မြေများကို ရောင်းစားခြင်းနှင့် မည်သည့်အတွက် မူလရှိနေသော ဆန်စက်မြေများကို တူးဆွခြင်းဖြင့် ဆန်စက်ပိုင်ရှင်များ၏ အကျိုးကို ဖျက်ဆီးခြင်း ဟုတ်မဟုတ်၊ ဆန်စက်တွင် ခင်းထားသောပျဉ်းကတိုးဆင့်များကို ခွာယူခြင်းဖြင့် ဆန်စက်

၏ ပစ္စည်းတန်ဖိုးများ ယုတ်လျော့စေပြီး ဆန်စက်ပိုင်ရှင် လျှောက်ထားသူအား အကျိုးပျက်စီးစေခြင်း ရှိမရှိ လျှောက်ထားခံရသူသည် မည်ကဲ့သို့သော အခွင့်အရေး ပိုင်ဆိုင်မှုကြောင့် ထိုသို့ဆန်စက်၏ မူလအသွင်အပြင်ကို ပြောင်းလဲစေပြီး တန်ဖိုးယုတ်လျော့စေရန် အကျိုးဖျက်ဆီး ဆောင်ရွက်ခြင်း ဟုတ်မဟုတ် ဖြေရှင်းရန် ပြစ်မှုကြောင်းအရ တာဝန်ရှိသည် မရှိသည်ကို အမှုစစ်တရားသူကြီးသည် သုံးသပ်ဆုံးဖြတ်ရန် တာဝန်ရှိပါသည်။ ထိုသို့ သိရှိနိုင်ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ သက်ဆိုင်ရာ ရဲစခန်းမှူးအား စုံစမ်းစစ်ဆေးတင်ပြစေရန် ဆောင်ရွက်ပြီးမှ မိမိ၏ ဆင်ခြင်တုံတရားအရ ဦးတိုက်လျှောက်ထားမှုကို လက်ခံသင့်မသင့် ဆုံးဖြတ်သင့်ပါသည်။

ယခုမှု ထိုသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ မိမိအား ပေးအပ်ထားသော လုပ်ပိုင်ခွင့်ကို အသုံးပြု၍ သုံးသပ်ဆုံးဖြတ်ခြင်း မဟုတ်ဘဲ "လျှောက်ထားသူ၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အစစ်ခံချက်အရ ပြစ်မှုကြောင်းအရ အရေးယူရန် မပေါ်ပေါက်၍ ပြစ်မှုကျင့်ထုံးပုဒ်မ ၂၀၃ အရ ပလပ်သည်" ဟု အမိန့်ချ၍ လျှောက်ထားသူ၏ လျှောက်ထားမှုကို ပလပ်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိချေ။

တရားရုံးများသည် ဦးတိုက်လျှောက်ထားမှုများကို အလွယ်တကူ ပလပ်ပေးရန် မသင့်ပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၃ တွင် တိုင်တန်းချက်ကို လက်ခံရသည့် ရာဇဝတ်တရားသူကြီးသည် တိုင်တန်းသူ၏ ကျမ်းသစ္စာဖြင့် ထွက်ဆိုချက်နှင့် ပုဒ်မ ၂၀၂ အရ စုံစမ်းထောက်လှမ်းခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းဖြင့် ရရှိသည့် အချက်များအပေါ် စဉ်းစားဆင်ခြင်ပြီး နောက်ဆက်စစ်ဆေးရန် လုံလောက်သည့် အခြေအမြစ် မရှိကြောင်း ထင်မြင်လျှင် ထိုတိုင်တန်းချက်ကို ပလပ်နိုင်သည်။ ထိုကဲ့သို့ ပလပ်သည့် အမှုမျိုးတွင် မည်သည့်အတွက် ထိုကဲ့သို့ ပလပ်ခဲ့ရကြောင်းကို အကျဉ်းချုပ် ရေးမှတ်ရမည်ဟု ဖော်ပြထားသည်ကို ပုသိမ်မြို့နယ် တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီးသည် လိုက်နာရန် ပျက်ကွက်ကြောင်းသုံးသပ်ရရှိသည်။

ထို့ကြောင့် ပုသိမ်မြို့နယ်တရားရုံး၏ ပြစ်မှုကြီး အမှတ်-၂၆၅/၀၈ ပါ အမိန့်သည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိ၍ မှားယွင်းသည်။ ယင်းအမိန့်ကို အတည်ပြုခဲ့သော ပုသိမ်ခရိုင်တရားရုံး၏ ပြစ်မှုပြင်ဆင်မှု အမှတ် ၂၄/၀၈ နှင့် ဧရာဝတီတိုင်း တရားရုံး၏ ပြစ်မှုပြင်ဆင်မှုအမှတ် ၁၁၈/၀၈ ပါ အမိန့်များသည်လည်း ဥပဒေနှင့် ညီညွတ်ခြင်း မရှိပေ။

သို့ဖြစ်၍ ယင်းအမိန့်များကို ပယ်ဖျက်လိုက်ပြီး ပုသိမ်မြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီးသည် မူလအမှုစစ် တရားသူကြီးမှလွဲ၍ အခြားသော စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးတစ်ဦးဦးထံ လွှဲပြောင်းပေးပြီး အမှုလက်ခံရရှိသော တရားသူကြီးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၂ အရ သက်ဆိုင်ရာ မြို့နယ် ရဲစခန်းမှူးအား စုံစမ်းထောက်လှမ်း စစ်ဆေးခြင်းဖြင့် ရရှိသော အစီရင်ခံစာအပေါ် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ် ဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

* * *

## ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၁၇ / ၀၈
## (တရားရုံးချုပ် ရန်ကုန်)

ဟသ်ာတခရိုင်တရားရုံးပြစ်မှုကြီးအမှတ်-၆၅/၀၇ စစ်ဆေးနေဆဲအဆင့်တွင် မှုခင်းရှုထောင့်သတင်းဂျာနယ်နှင့် မှုခင်း ရောင်ပြန်မဂ္ဂဇင်းများတွင် ရေးသွင်းဖော်ပြချက်များသည် တရားရုံးက စီရင်ဆုံးဖြတ်မှု မပြီးမီ ကြိုတင်စကားဦးသန်း ဆုံးဖြတ်ရာ ရောက်သည့် စာသားများ ပါရှိသဖြင့်စာရေးသူ မဂ္ဂဇင်းနှင့် ဂျာနယ်တို့မှ တာဝန်ရှိသူများအား တရားရုံးများ မထေမဲ့မြင် ပြုမှုအက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးရန် လျှောက်ထားလာသောအမှု ဖြစ်သည်။

အမှုအကျဉ်းချုပ်မှာ ၂၀-၈-၂၀၀၇ ရက်နေ့ ကြံခင်းရဲစခန်းမှ ကြံခင်းမြို့နယ်၊ ညောင်ခြေထောက်ကျေးရွာ အရှေ့ဘက် တံတားတွင် အမျိုးသမီးတစ်ဦး သေဆုံးနေသည့်သတင်းအရ သေမှုသေခင်း ဖွင့်လှစ်စစ်ဆေးခဲ့ရာ သေသူမှာ မစန်းစန်းဦးဖြစ်ပြီး တစ်ရွာတည်းနေ ခိုင်ဇော်လင်းစိုးနှင့် သန့်ဇင်တို့မှ သားမယားအဖြစ် ပြုကျင့်ပြီး သတ်ပစ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ရဲအုပ်သန်းလွင်က တရားလို ပြုလုပ် အမှုဖွင့် တိုင်တန်းခဲ့သောအမှု ဖြစ်သည်။ ၎င်းအမှုအား တရားရုံးတွင် စစ်ဆေးဆဲအဆင့် တွင် မှုခင်းရှုထောင့်သတင်းဂျာနယ်တွင် "ဘယ်လိုချော့ချော့ မပျော့တဲ့ အတူအစ ဖျောက်ပစ်မယ်ပြောပြီး မိန်းမပျိုလေးကို သတ်လိုက်တဲ့အဓမ္မလူသတ်သမား ၂ ယောက်" ခေါင်းစဉ်ဖြင့်ရေးသားထားခြင်း၊ မှုခင်းရောင်စဉ်မဂ္ဂဇင်းတွင် "မတရား ကျင့်သတ်ဖြတ်ခဲ့သည့်ပြစ်မှုကျူးလွန်သူ ၂ ဦး၏ နောက်ဆုံးရလဒ်" ဟူသော စာသားဖြင့် တရားခံများ ဓါတ်ပုံများပါ ထည့်သွင်းဖော်ပြထားခြင်းသည် တရားရုံးက ဆုံးဖြတ်ခြင်းမပြုရသေးသောအမှုအား ကြိုတင်ဆုံးဖြတ်သကဲ့သို့ တရားစီရင်ရေးကို အနှောက်အယှက်ပြုခြင်းဖြစ်၍ စာရေးဆရာ ဇော်ထက် (မြန်အောင်)၊ မှုခင်းရောင်စဉ်၏ အယ်ဒီတာအဖွဲ့ဝင်များ ဖြစ်သည့် ဦးသန့်၊ နန္ဒာမိုးကြယ်၊ ဦးစန်းထွေး၊ မှုခင်းရှုဒေါင့်ဂျာနယ် အယ်ဒီတာ မောင်ငြိမ်းသူတို့အား တရားရုံးများ မထီမဲ့မြင်ပြုမှုနှင့် အရေးယူပေးရန် လျှောက်ထားလာသော အမှုဖြစ်သည်။

လျှောက်ထားသူများ၏ ရှေ့နေက ရောဝတီတိုင်း၊ ဟသ်ာတခရိုင် တရားရုံး၊ ပြစ်မှုကြီးအမှတ် ၆၅/၀၇ တွင် တရားခံ ခိုင်ဇော်လင်းစိုးနှင့်သန့်ဇင်တို့အား ၂၁-၉-၂၀၀၇ နေ့တွင် တရားစွဲတင်ခဲ့၍ ၁၈-၁၀-၂၀၀၇ တွင် တရားလိုပြသက်သေ ၉ ဦးအား စစ်ဆေးပြီး အဆင့်တွင် ၁၉-၁၁-၂၀၀၇ ရက်၊ တနင်္လာနေ့ထုတ် မှုခင်းရှုထောင့်နှင့် သတင်းဂျာနယ်တွင် စာရေးဆရာ ဇော်ထက်က "ဘယ်လိုချော့ချော့ မပျော့တဲ့အတူအစ ဖျောက်ပစ်မယ်ပြောပြီး မိန်းမပျိုလေးကို သတ်လိုက်တဲ့ အဓမ္မလူသတ်သမားနှစ်ယောက်ကို ဖမ်းလိုက်ပြီ" ဟူသော ခေါင်းစဉ်ဖြင့် လျှောက်ထားသူ တို့ တရားခံအဖြစ် ရင်ဆိုင်နေရသော အမှုကို ရေးသားခဲ့ကြောင်း၊ အဆိုပါ ဆောင်းပါးတွင် "ကာယကံရှင် မိန်းမငယ်၏တိုင်မယ်၊ တန်းမယ်ဟု မကျေနပ်မှုအပေါ် ကြေရာကြေကြောင်း အမျိုးမျိုး တောင်းပန်သော်လည်း ပြောမရ၊ ဆိုမရ တားမရသည့် အဆုံး သောကအစွက် ဒေါသဖက်ကာ အသက်သေသည့်တိုင် လည်လိမ်ချိုးသတ်ခဲ့သည့် အဓမ္မကျင့်/လူသတ်မှုတစ်မှု ရောဝတီတိုင်း၊ ကြံခင်းမြို့မရဲစခန်းအပိုင်တွင် ဖြစ်ပွားခဲ့မှုအပေါ် သတိသမ္ပဇဉ်ဉာဏ်ယှဉ်စဉ်းစားမှု မရှိယွင်းမှားမှုအပြည့် တဏှာပေမအတွက် ဘဝပျက်ခဲ့ရသူများ၏ အကြောင်းကို တစေ့တစောင်း တင်ပြရပါလျှင်" ဟု ရေးသားဖော်ပြရုံမျှမက ဆောင်းပါးခေါင်းစဉ်ဘေးတွင် လျှောက်ထားသူများ ၏ ဓာတ်ပုံနှစ်ပုံကို ထင်ရှားစွာ ဖော်ပြ၍ ဆောင်းပါးရှိစာသားများမှာလည်း ရဲတွင် အစစ်ခံချက်များကို ရေးသားထားကြောင်း သက်သေခံ မဝင်သည့် ရဲယူနီဖောင်းဝတ် ဓာတ်ပုံတစ်ပုံ အပါအဝင် ပြစ်မှုကျူးလွန်ပုံ၊ သရုပ်ပြပုံ ၅ ပုံကိုလည်း ထည့်သွင်းပြထားကြောင်း၊ ဆောင်းပါး၏ နောက်ဆုံးစာပိုဒ်တွင် မုဒိန်းကျင့်ရုံသာမက လူသတ်မှုကိုပါ တစ်ဆက်တည်း

ကျူးလွန်ခဲ့ကြသည့် သန့်ဇင်-၂၃ နှစ်၊ ဆိုင်ကယ်ပြင်လုပ်ငန်း၊ ရွှေကျောင်းကွက်သစ်၊ အမှတ် (၇) နယ်မြေနေသူတို့အား ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် တရားစွဲဆို အရေးယူရန် အမှုတည်ဆောက်နေကြောင်း" ဟု လျှောက်ထားသူများမှ ပြစ်မှုကျူးလွန်ခဲ့သည်ဟု တထစ်ချ စွပ်စွဲချက်သာမက အလုပ်အကိုင် နေရပ်လိပ်စာများပါ ခိုင်မာစွာ ရေးသားဖော်ပြခဲ့ကြောင်း။ စာရေးသူ၏ ဆောင်းပါးခေါင်းစဉ်၊ ဆောင်းပါးပထမအပိုဒ်ပါ အဓမ္မကျင့်လူသတ်မှု ကျူးလွန်သူများမှာ လျှောက်ထားသူများ ဖြစ်သည်ဆိုသော ညွှန်းဆိုရေးသားချက်၊ လျှောက်ထားသူများသာလျှင် သေသူအမျိုးသမီးအား အဓမ္မကျင့်သတ်ခဲ့သည်ဟု ယုံကြည်ယူဆစေနိုင်သော ရဲရေးအစစ်ခံချက် စာသားနှင့် သရုပ်ပြဓာတ်ပုံများ၊ ဆောင်းပါးနောက်ဆုံးပိုဒ်ပါ မုဒိန်းကျင့်လူသတ်မှု ကျူးလွန်သူများမှာ လျှောက်ထားသူများဖြစ်၍ တရားစွဲဆို အရေးယူတော့မည်ဖြစ်ကြောင်း ရေးသားဖော်ပြချက်များမှာ တရားရုံးမှ စစ်ဆေးနေသော အမှုအား အမှုစစ်ဆေးနေစဉ် ဝင်ရောက်စွက်ဖက်ရာ ရောက်ကြောင်း။ အမှုစစ်ဆေးခြင်းပင် မပြုဘဲ ပြစ်မှုနှင့် ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ရမည့်ကဲ့သို့ ရေးသားခြင်းဖြစ်ရာ တရားရုံးကို ကြိုတင်စကားဦးသန်း ဆုံးဖြတ်ချက်ချသည့် စာသားများပါဝင်၍တရားရုံးကို မထီမဲ့မြင်ပြု ရာရောက်ကြောင်း။ ထို့ပြင် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဇန်နဝါရီလတွင်ကြိုတင် ထုတ်ဝေသော အမှတ် ၁၇ ဖေဖော်ဝါရီလ မှုခင်းရောင်စဉ်မဂ္ဂဇင်းတွင်လည်း စာရေးဆရာဇော်ထက် (မြန်အောင်)မှ လျှောက်ထားသူများနှင့် ပတ်သက်၍ မတရားကျင့် သတ်ဖြတ်ခဲ့တဲ့ ပြစ်မှု ကျူးလွန်သူ ၂ ဦး၏ နောက်ဆုံးရလာဒ်" ဟူသော ခေါင်းစဉ်ဖြင့် ၁၉-၁၁-၂၀၀၇ နေ့ထုတ် မှုခင်းရှုထောင့်နှင့် သတင်းဂျာနယ်ပါ စာသားများအတိုင်း ခေါင်းစဉ်ပြောင်း၍ ရေးသားထုတ်ဝေခဲ့ကြောင်း။ ၎င်းမဂ္ဂဇင်း တွင် သက်သေခံ မဝင် သော ဓာတ်ပုံ ၇ ပုံ ရဲရေး ဝန်ခံချက်စာသားများကို ရေးသားကြောင်း။ စာရေးဆရာဇော်ထက် (မြန်အောင်) ဆောင်းပါးခေါင်းစဉ် ရေးသားထားပုံ ပထမပိုဒ် (နိဒါန်း) လျှောက်ထားသူများ၏ ပြစ်မှုအား ညွှန်းဆိုရေးသားချက်များ တရားရုံရှေ့ သက်သေခံ မဝင်သည့် ရဲရေးအစစ်ခံချက်များနှင့် မှုခင်းသရုပ်ပြဓာတ်ပုံများအား ရေးသားဖော်ပြချက်အား ဆောင်းပါးနောက်ဆုံးပိုဒ် (နိဂုံး) ပါမုဒိန်းကျင့်ရုံသာမက လူသတ်မှုကိုပါ တစ်ဆက်တည်း ကျူးလွန်ခဲ့ကြသည့် သန့်ဇင်၊ ခိုင်ဇော်လင်းစိုးဟူသော အတိအကျစွပ်စွဲ ရေးသားချက်များအစရှိသည်တို့မှာ ဆောင်းပါးရှင်အနေဖြင့်တရားရုံးမှ အမှုမစစ်ဆေးမီ အဖြစ်မှန်အား တရားရုံးမှ ရှာဖွေစစ်ဆေး ဆုံးဖြတ်ချက်မချရသေးမီ ကြိုတင်၍ စကားဦးသန်း ကြိုတင်ဆုံးဖြတ် ပေးရာ ရောက်နေကြောင်း။ သို့ဖြစ်၍ ဆောင်းပါးပါ ရေးသားချက်များသည် တရားရုံးများကို မထေမဲ့မြင်ပြုလုပ်မှု အက်ဥပဒေ ပုဒ်မ ၃ ဖြင့် ငြိစွန်းနေ၍ စာရေးဆရာဇော်ထက်(မြန်အောင်) ပါ (၅) ဦးတို့အား စွဲဆိုထားသော ပြစ်မှုဖြင့် အရေးယူ အပြစ်ပေးသင့်ကြောင်း ဒေါ်အေးကြည်နှင့် ဦးဝင်းသောင်းပါ (၄) ၁၉၈၆ မတစစာ ၈၇ အမှုကို တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူများ၏ ရှေ့နေက မှုခင်းရှုထောင့်နှင့် သတင်းဂျာနယ်တွင် ဖော်ပြပါရှိသည့် ဘယ်လိုချော့ချော့ မပျော့တဲ့ အတူအစဖျောက်မယ်ပြောပြီး မိန်းမပျိုလေးကို သတ်လိုက်တဲ့ အဓမ္မသမား (၂) ယောက် မှုခင်းရောင်စဉ် မဂ္ဂဇင်းတွင် ဖော်ပြပါရှိသည့် မတရားကျင့်သတ်ဖြတ်ခဲ့တဲ့ ကျူးလွန်သူ (၂) ဦး၏ နောက်ဆုံးရလာဒ် ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည့် ဇော်ထက် (မြန်အောင်) ၏ သတင်းပါ အရေးအသားများသည် တရားရုံး သို့မဟုတ် တရားသူကြီးကို အထင်အမြင်သေးသိမ်စေနိုင်သော သို့မဟုတ် ၎င်းတို့၏ ဂုဏ်တန်ဖိုးကိုနိမ့်ကျစေနိုင်သော တရားဖြောင့်မတ်ရေးကို နှောင့်ယှက်နိုင်သော အပြုအမူ အပြောအဆို အရေးအသားမျိုး မပါရှိကြောင်း မှုခင်းသတင်းထောက် ဇော်ထက် (မြန်အောင်) ၏ သတင်းနိဂုံးချုပ်တွင် တရားစွဲတင်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရသည်ဟူသာ ဖော်ပြထားခြင်းဖြစ်ကြောင်း။ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများသည် တွေ့ဖူးမြင်ဖူးခြင်း မရှိသည့်အပြင် တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စလည်း ရှိကြသူများ မဟုတ်ကြကြောင်း ရဲစခန်းတာဝန်ရှိသူထံမှ ရရှိသော မှုခင်းသတင်းကို လေ့လာဖတ်ရှုသူတို့ သင်ခန်းစာယူစရာအဖြစ်

သဘောရိုးဖြင့် အမှုဖြစ်စဉ်ကို ဖော်ပြရေးသားခဲ့ခြင်းသာ ဖြစ်ကြောင်း အဆိုပါ သတင်း၌ အရေးခံရသူဘက်မှ နစ်နာအောင် ရေးသားထားမှုမရှိဘဲ မှုခင်းဖြစ်စဉ်ကိုသာ ရေးသားထားခြင်း ဖြစ်ကြောင်း တရားရုံးက ဆောင်ရွက်ခြင်းကို အနှောင့်အယှက် ပြုသည့် စကားလုံးများ မပါကြောင်း မှုခင်းကျဆင်းရေးနှင့် သတင်းထုတ်ပြန်ရေး ကော်မတီကို (၁၅-၁၀-၁၉၉၆) နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး မှုခင်းသတင်းများကို စာနယ်ဇင်းသမားများ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့်အညီ ရိုးသားစွာ ရေးသားဖော်ပြခြင်း ဖြစ်ကြောင်း ကော်မတီ၏ မူအရ စီရင်ချက်ချမှတ်သည့်အထိ စောင့်ဆိုင်းရန်မလိုဘဲ သက်ဆိုင်ရာ ရဲစခန်းတာဝန်ရှိသူထံမှ ရရှိသည့်သတင်းအတိုင်း မှုခင်းဖြစ်စဉ်ကို ရေးသားနိုင်သဖြင့် မှုခင်းသတင်းများကို ရေးသားခြင်း ဖြစ်ကြောင်း နိုင်ငံတော်ပိုင်သတင်းစာများတွင်လည်း ရေးသားဖော်ပြလျက်ရှိကြောင်း၊ ယခုအမှုတွင် မှုခင်းသတင်းထောက် ဇော်ထက် (မြန်အောင်) နှင့်တကွ မဂ္ဂဇင်း၊ ဂျာနယ် တာဝန်ခံများသည် ရောဝတီတိုင်း၊ ကြံခင်းရဲစခန်းမှ ရရှိသည့် မုဒိန်း၊ လူသတ်မှု ဖြစ်စဉ်ကို ဖော်ပြရာတွင် တရားရုံးများ၏ ဂုဏ်သိက္ခာကျဆင်းရေး အရိပ်အမြွက် မပါသည့်အတွက် လျှောက်ထားသူများ၏ လျှောက်လွှာ ပလပ်သင့်ကြောင်း အကယ်၍ လျှောက်ထားသူများ၏ သတင်းရေးသားဖော်ပြချက်မှာ တရားရုံးများအား မထီမဲ့မြင်ပြုရာရောက်သည့် စကားအသုံးအနှုန်း တစ်စုံတစ်ရာ ပါသည်ဆိုပါက သဘောရိုးနှင့် ရေးသားဖော်ပြခြင်းဖြစ်၍ ခွင့်လွှတ်သင့်ပါကြောင်း၊ နောင်တွင်အမှားအယွင်းမရှိအောင် သတိကြီးစွာ ထားမည်ဖြစ်ကြောင်း လျှောက်ထားသည်။

တရားရုံးများအား မထီမဲ့မြင်ပြုမှုမှာ တစ်မှုချင်း၏ အနေအထားဖြစ်ပျက်ပုံတို့နှင့် စပ်လျဉ်း၍ ဖြောင့်မှန်စွာ တရားစီရင်ရေးကို ထိခိုက်ခြင်း ရှိမရှိ သုံးသပ်ရသည့် အမှုမျိုးဖြစ်သည်။ တရားရုံးမှ ဆုံးဖြတ်ချက် မချရသေးမီ အပြီးသတ်ဆုံးဖြတ်ဖွယ်ရာ ရှိသည့်အချက်များကို စကားဦးသန်း၍ ပြောဆိုရေးသားခြင်းသည် တရားရုံးများမှ သက်သေခံချက်များကို ရယူ၍ စနစ်တကျ စီရင်ဆုံးဖြတ်ခြင်းလုပ်ငန်းအပေါ် အနှောင့်အယှက်ပြုရာ လွှမ်းမိုးရာ ရောက်ပေသည်။ တရားရုံးများအားမထီမဲ့မြင်ပြုမှုအရ လျှောက်ထားတင်ပြလာသော လျှောက်ထားမှုများအပေါ် တရားရုံး အစဉ်အဆက် ဆုံးဖြတ် ခဲ့သော ဆုံးဖြတ်ချက်များတွင်လည်း ထို သဘောထားများကို တွေ့ရှိရသည်။

တရားရုံးများအား မထီမဲ့မြင်ပြုလုပ်သည့် အမှုများတွင် မကောင်းသော စိတ်စေတနာ ရှိမရှိဟူသော အချက်သည် လည်းကောင်း၊ ရေးသားဖော်ပြချက်အရ တရားရုံး၏ စီရင်ဆုံးဖြတ်မှုကို ထိခိုက်နိုင်ဖွယ်ရှိမရှိသည် လည်းကောင်း၊ အဓိက မဟုတ်ပေ။ အမှုနှင့် ပတ်သက်၍ တရားစီရင်ရေး လမ်းကြောင်း တိမ်းစောင်းနိုင်ဖွယ်ရာ ရှိကြောင်း ပေါ်ပေါက်လျှင် အမှန်တကယ် တိမ်းစောင်းခြင်း မရှိစေကာမူ ပြစ်မှု ကျူးလွန်ရာ ရောက်ပေသည်။ (၁၉၇၆) ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာ (၈၈)၊ မောင်မင်းသူနှင့် စာရေးဆရာဝေနအမှုတွင် စာရေးဆရာ ဝေနက ရှုမဝမဂ္ဂဇင်း ဦးလေးပြောမယ် ဆောင်းပါးတွင် မော်တော်ကား တိုက်မှု ဖြစ်ပွားခြင်းမှာ တစ်ဖက်မှ ဖင်မလီယာကား မောင်းသူ၏ မဆင်မခြင်ပြုမှုကြောင့် ဖြစ်ရသည့် သဘောမျိုး ထည့်သွင်းရေးသားခြင်းမှာ တရားရုံးမှ နှစ်ဖက်သက်သေများ စစ်ဆေး ကြားနာ၍ ဆုံးဖြတ်ချက်မပေးမီ တရားခံအပြစ်ရှိကြောင်း ကြိုတင် ထောက်ပြသည့်သဘော ပေါ်ပေါက်လျက်ရှိသည်ဟု ဗဟို တရားရုံးက သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

အလားတူပင် တရားရုံးများတွင် အမှုစစ်ဆေး ကြားနာလျက်ရှိသော အမှုများနှင့် ပတ်သက်၍ ဝေဖန် ဆုံးဖြတ်ရန် တာဝန်မှာ တရားရုံးအပေါ်တွင်သာ တည်ရှိသည်။ တရားရုံးက ဆုံးဖြတ်ရန် အချက်များကို စကားဦးသန်း၍ ဖြစ်စေ၊ ကြေညာခြင်း ပြုလျှင် ယင်း ပြုမူချက်မှာ တရားရုံးများအား မထေမဲ့မြင်ပြုရာရောက် သည်။ ဖြန့်ဝေသော ကြော်ငြာပါ စကားရပ်များမှာ တရားရုံး ၏ ဆုံးဖြတ်ချက်ကို အမှန်တကယ် ထိခိုက်စေနိုင်ဖွယ်ရာ ရှိမရှိဟူသော အချက်မှာ အဓိက မဟုတ်ပေ။ ဖြန့်ဝေ ကြေညာသူအနေဖြင့် တရားရုံးအား မထီမဲ့မြင်ပြုလုပ်သည့်

သဘောမရှိဘဲ ရိုးသားစွာ ယုံကြည်မှုဖြင့် ပြုလုပ်သည် ဆိုခြင်းမှာလည်း အဓိကမဟုတ်ချေ။ ဖြန့်ဝေကြေညာသော စာရွက်စာတမ်းများတွင် ပါရှိသော စကားရပ်များသည် တရားရုံးမှ ဆုံးဖြတ်ရန်အချက်များအပေါ် ကြိုတင်ဝေဖန် ပြောဆိုသည့် သဘောမျိုးပါရှိလျှင် တရားရုံးတော်အား မထီမဲ့မြင်ပြုလုပ်ရာ ရောက်ပေလိမ့်မည်ဟု ဦးကျော်ဒွန်းနှင့် အေအင်ဆူလေမန် (ခ) ဦးတင်မြင့်ပါ ၁၀ ဦး၊ ၁၉၇၆ ခု ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၁၃၆ အမှုတွင် ဗဟိုတရားရုံးမှ သုံးသပ်ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ တရားရုံးများအား မထီမဲ့မြင်ပြုမှုနှင့် စပ်လျဉ်း၍ တရားရုံးက စစ်ဆေးစီရင်ဆုံးဖြတ်နေသော အမှုအား တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် စကားဦးသန်း၍ ရေးသားခြင်း၊ ထုတ်ဝေခြင်းသည် တရားရုံးများအား မထီမဲ့မြင် ပြုရာရောက်ကြောင်း ဗဟိုတရားရုံး စီရင်ချက် များတွင် တစ်သဘောတည်း ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

လျှောက်ထားသူများ၏ မူလရုံးအမှုတွဲနှင့် မှုခင်းရှုထောင့် သတင်းဂျာနယ်ပါ စာရေးဆရာဇော်ထက် (မြန်အောင်) ရေးသည့် "ဘယ်လိုချော့ချော့ မပျော့တဲ့ အတူတူအစဖျောက်ပစ်မယ်ပြောပြီး မိန်းမပျိုလေးကို သတ်လိုက်တဲ့ အဓမ္မ လူသတ်သမား (၂) ယောက်ကို ဖမ်းလိုက်ပြီ" ဆောင်းပါးနှင့် မှုခင်းရောင်ပြန်မဂ္ဂဇင်း စာရေးဆရာ ဇော်ထက် (မြန်အောင်) ရေးသားသည့် မတရားကျင့်သတ်ဖြစ်ခဲ့တဲ့ ပြစ်မှုကျူးလွန်သူ (၂) ဦးရဲ့ နောက်ဆုံးရလာဒ် ဆောင်းပါးတို့ကို လေ့လာရာ လျှောက်ထားသူများသည် ဟသ်ာတခရိုင် တရားရုံး ပြစ်မှုကြီးအမှတ် ၆၅/၀၇ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ နှင့် ပုဒ်မ ၃၀၂ တို့အရ တရားစွဲဆိုခြင်း ခံထားရ၍ တရားရုံးတွင် စစ်ဆေးဆဲ အဆင့်ဖြစ်သည်။ အဆိုပါ ဆောင်းပါးများပါသော စာစောင်ကို ထုတ်ဝေသည့် ရက်စွဲ မှာ ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၀၈ ဇန်နဝါရီလတို့ ဖြစ်သည်။ တရားခံများ၏ ဖြောင့်ချက်ကို သက်သေခံ (ပ) အဖြစ် သွင်းသောနေ့မှာ ၂၉-၁-၂၀၀၈ ဖြစ်၍ စွဲချက်တင်သော နေ့မှာ ၂၀-၂-၂၀၀၈ နေ့ ဖြစ်သည်။ သို့ဖြစ်၍ အမှုစစ်ဆေးဆဲ အဆင့်တွင် ဂျာနယ်နှင့် မဂ္ဂဇင်းတို့တွင် ရေးသားဖြန့်ဝေခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက် နေပေသည်။ သို့ဖြစ်၍ ၎င်းဆောင်းပါးများပါ စကားလုံးများ သည် တရားရုံးကို မထီမဲ့မြင်ပြုမှု ကျူးလွန်ခြင်း ရှိမရှိ သုံးသပ်ရန် လိုပေသည်။

၁၉-၁၁-၂၀၀၇ ရက်နေ့ တနင်္လာနေ့ထုတ် မှုခင်းရှုထောင့်နှင့် သတင်းဂျာနယ်၊ စာမျက်နှာ ၅ တွင် လျှောက်ထားသူတို့ ၏ မှုခင်းဖြစ်စဉ်ကို ဖော်ပြရာ၌ ၎င်းတို့၏ အမည်ရင်းများနှင့်တကွ ကြံခင်းရဲစခန်းမှူး ဦးသန်းလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စုံစမ်းပုံနှင့် သက်သေ မအေးအေးသင်း၏ ရဲထံထွက်ဆိုချက်နှင့် တရားခံ၏ ရဲထံ ဝန်ခံချက်များကို အသေးစိတ် ဖော်ပြ၍ ရဲယူနီဖောင်းဝတ်၏ ရှေ့မှောက်တွင် တရားခံများ ပြစ်မှုကျူးလွန်ပုံ၊ သရုပ်ပြပုံ များကို ထည့်သွင်းထားသည်ကို တွေ့ရသည်။

တရားရုံးရှေ့သို့ ရောက်ရှိသော တရားခံတစ်ဦး အား ရုံးရောက်သည်နှင့် ပြစ်မှုကျူးလွန်သူဟု မှတ်ယူရခြင်း မရှိပေ။ တရားခံပြစ်မှုကျူးလွန်ကြောင်းကို တရားခံအား စွပ်စွဲသည့် တရားလိုဘက်မှ တင်ပြရန် သက်သေခံဥပဒေ ပုဒ်မ ၁၀၁ အရ တာဝန်ရှိသည်။ တရားလိုနှင့် တရားလိုပြ သက်သေတင်ပြချက်များအပေါ် ငြိစွန်းချက်ရှိမှ မည်သည့် ဥပဒေပုဒ်မနှင့် ငြိစွန်းသည်ကို တရားခံအား စွဲချက်တင် ဖြေရှင်းစေရသည်။ တရားခံနှင့် တရားခံပြသက်သေများကို စစ်ဆေးကြားနာပြီးသည့် အချိန်မှသာ တရားခံပြစ်မှု ကျူးလွန်ခြင်း ရှိမရှိ၊ မည်သည့်ပြစ်မှုကျူးလွန်သည်တို့ကို ဆုံးဖြတ်ရသည်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပြဋ္ဌာန်းချက် ဖြစ်သည်။ တရားခံပြစ်မှု ကျူးလွန်ကြောင်း ဆုံးဖြတ်အပြစ် ပေးရန် နိုင်ငံတော်မှ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေအဖြစ် တရားသူကြီးအဆင့်ဆင့်ကို ခန့်အပ် တာဝန်ပေးထားခြင်းဖြစ်ရာ ယခုကဲ့သို့ လူသတ်မှု အမျိုး အစားတွင် အကျုံးဝင်သော အမှုမျိုးကို သက်ဆိုင်ရာ အမှုကို စစ်ဆေးနေသည့် ခရိုင်တရားသူကြီးကသာ ပြစ်မှု ကျူးလွန်ခြင်း ရှိမရှိ ဆုံးဖြတ်နိုင်မည် ဖြစ်ပေသည်။

တရားသူကြီးမှ စစ်ဆေးစီရင်ရာတွင်လည်း သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီသာ

စစ်ဆေးစီရင်ရသည်။ တရားခံနှင့် သက်သေများ၏ ရဲထံ ထွက်ဆိုချက်များသည် ရုံးရှေ့ထွက်ဆိုချက် မဟုတ်သေးသမျှ သက်သေခံမဝင်ပေ။ အများပြည်သူ ဆိုင်ရာ စာရွက်စာတမ်းများလည်း မဟုတ်ချေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ (၂) နှင့် တရားရုံးများ လက်စွဲအပိုဒ် ၅၉၅ (၂) တွင် "ရဲထံထွက်ဆိုချက် မိတ္တူများကို တရားခံက လျှောက်တောင်းသည့်အခါ ၎င်းသို့ ပေးရမည်။ မိတ္တူကို ထုတ်ပေးရန် တောင်းဆိုလျှင် မိတ္တူကို ထုတ်ပေးရမည်။ ဤညွှန်ကြားချက်မှာ ရဲနေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားသည့် ထွက်ဆိုချက်များနှင့်လည်း အလားတူပင် သက်ဆိုင်သည်။ သို့ရာတွင် ရဲထံသို့ ထွက်ဆိုသည့် ထွက်ဆိုချက် မိတ္တူများနှင့် ထိုထွက်ဆိုချက်များမှ ကောက်နုတ်ချက်မိတ္တူများကို တရားရုံးကသာလျှင် ထုတ်ပေးနိုင်သည်" ဟု ပြဋ္ဌာန်းပါရှိ သည်။ သို့ဖြစ်၍ ရဲထံ ထွက်ဆိုချက် မိတ္တူကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့် အညီ တရားရုံးကသာလျှင် တရားဝင် ထုတ်ပေးနိုင်ကြောင်း ထင်ရှားသည်။

၁၉-၁၁-၂၀၀၇ နေ့ထုတ်မှုခင်းရှုထောင့်နှင့် သတင်းဂျာနယ် စာမျက်နှာ ၅ နောက်ဆုံး စာပိုဒ်တွင် မှုဒိန်းကျင့်ရုံသာ မက လူသတ်မှုကိုပါ တစ်ဆက်တည်း ကျူးလွန်ခဲ့ကြသည့် သန့်ဇင် ၂၃ နှစ်နှင့် ခိုင်ဇော်လင်း ၂၁ နှစ်တို့အား ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုအတွက် တရားစွဲ အရေးယူရန် အမှုတည်ဆောက် နေကြောင်းဟု ဖော်ပြချက်သည် တရားခံများပြစ်မှု ကျူးလွန်သည်ဟု တစ်ထစ်ချ ယူဆရေးသားထားခြင်း ဖြစ်သကဲ့သို့ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် မှုခင်း ရောင်ပြန်မဂ္ဂဇင်းအမှတ်-၁၇၊ စာရေးဆရာဇော်ထက် (မြန်အောင်) ၏ "မတရားကျင့် သတ်ဖြတ်ခဲ့သည့် ပြစ်မှု ကျူးလွန်သူ နှစ်ဦးရဲ့ နောက်ဆုံးရလာဒ်" ဟူသည့် ခေါင်းစဉ်ဖြင့် ဖော်ပြခြင်းသည် လျှောက်ထားသူများ တရားခံအဖြစ် စစ်ဆေးဆဲအမှုကို ပြစ်မှုကျူးလွန်သူနှစ်ဦးအဖြစ် အပြီးသတ် ဆုံးဖြတ်ပြီး ဖြစ်သကဲ့သို့ အဓိပ္ပာယ် ထင်ရှားပေါ်ပေါက်နေပေသည်။ ပြစ်မှုကျူးလွန်သူ ဆိုသည့် နာမဝိသေသ "ပြစ်မှုကျူးလွန်ခဲ့ကြသည်" ဆိုသည့် နာမဝိသေသ "ကျူးလွန်သည့် ပြစ်မှုအတွက်" ဆိုသည့် ကြိယာဝိသေသနများသည် အခြားသီးခြားအဓိပ္ပာယ်ထွက်ခြင်း မရှိသော ပြစ်မှုကျူးလွန်ကြောင်းကိုသာ အထူးပြုသော စာသားများသာ ဖြစ်သည်။ သို့ဖြစ်၍ တရားရုံးတွင် စွဲချက်တင်သည့်အဆင့်သို့ပင် မရောက်သေးသော စစ်ဆေးဆဲ အမှုတို့ ပြစ်မှုကျူးလွန်သည်ဟု စကားဦးသန်း၍ ကြိုတင် ဆုံးဖြတ်ရာ ရောက်သော အရေးအသားကို ရေးသား ဖော်ပြခဲ့ခြင်း တရားရုံးတွင် သက်သေအဖြစ် ထွက်ဆိုခြင်း မရှိသေးသော ရဲထံ သက်သေထွက်ဆိုချက်များကို တရားရုံးကို ယှဉ်ပြိုင်ဖော်ပြခဲ့ခြင်းတို့သည် တရားရုံးကို မထီမဲ့မြင်ပြုရာရောက်သည်ဟု သုံးသပ်တွေ့ရှိရသည်။

တရားရုံးတစ်ရုံးတွင် စစ်ဆေးကြားနာဆဲအမှုနှင့် စပ်လျဉ်း၍ အမှုကို စုံစမ်းထောက်လှမ်းရာတွင် ပါဝင်ပတ်သက်သူက စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို ထုတ်ဖော်ရေးသားခြင်းဖြင့် အမှုကို ကြိုတင်ဆုံးဖြတ်ချက် ချမှတ်သည့် သဘောသက်ရောက်၍ တရားစီရင်ဆုံးဖြတ်မှု လုပ်ငန်းကို အနှောင့်အယှက်ပြုရာ ရောက်ကြောင်း လမ်းညွှန် စီရင်ထုံး ဖြစ်သော ဒေါ်အေးကြည် နှင့် ဦးဝင်းသောင်းပါ-၄[၁] အမှုတွင် အောက်ပါအတိုင်း ဆုံးဖြတ်ထားသည်။

"လသာမြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စစ်ဆေးနေသော လူသတ်မှုသည် အများပြည်သူတို့ စိတ်ဝင်စားနေသော အမှုကြီးတစ်မှုဖြစ်ပြီး ယင်းအမှုနှင့် ဆက်စပ်နေသည့်အကြောင်းအချက်များ။ စုံစမ်းစစ်ဆေးပုံများကို အများပြည်သူတို့ တွေ့မြင်ဖတ်ရှုနိုင်သော မဂ္ဂဇင်းထဲတွင် ဖြစ်ရပ်မှန်များ ဖြစ်ကြောင်း ရေးသားခဲ့ခြင်းသည် တရားရုံးက အမှုကို တစ်စုံတစ်ရာ အဆုံးအဖြတ် ပေးသည့်သဘော သက်ရောက်နေသည့်အတွက် တရားစီရင်ဆုံးဖြတ်မှု လုပ်ငန်းကို တစ်နည်းမဟုတ် တစ်နည်း အနှောင့် အယှက်ပြုရာ ရောက်သည်ဟု ဆိုနိုင်ကြောင်း ထုံးဖွဲ့ထားသည်။

(၁) ၁၉၈၆ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၈၇

ရုံးတော်ကို မထီမဲ့မြင်ပြုမှုအက်ဥပဒေပုဒ်မ ၃ သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၂၈ ပါ ပြဋ္ဌာန်းချက်များအရ တရားစီရင်ရေးအဖွဲ့ဝင်များကို စော်ကားနှောင့်ယှက်ခြင်း ပြုမပြုဟူသော အချက်နှင့် မသက်ဆိုင်ပေ။ မှန်ကန်သော တရားစီရင်ရေး လမ်းကြောင်းကို အနှောင့်အယှက်ဖြစ်စေရန် ပြုမပြုဟူသော အချက်သာလျှင် အဓိကဖြစ်ပေသည်ဟု ပီဘီချောင်ဒရီ နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ**[၂] အမှုတွင် လမ်းညွှန်ထားသည်။

လျှောက်ထားခံရသူများက ၎င်းတို့သည် တရားရုံးများ၏ ဂုဏ်သိက္ခာကျဆင်းရန် အရိပ်အမြွက်မပါကြောင်း၊ တရားရုံး အား မထီမဲ့မြင်ပြုရာရောက်သည့် စကားပါရှိပါက သဘောရိုးနှင့်ဖြစ်၍ ခွင့်လွှတ်စေလိုကြောင်း တင်ပြလျှောက်ထားသည်ကို တွေ့ရသည်။ လျှောက်ထားခံရသူများက မိမိတို့ ရေးသားသော စာအတွက် ဝန်ချတောင်းပန်ခြင်း မဟုတ်ဘဲ မကောင်းသောစေတနာ မရှိပါဟု ထုချေခြင်းသာ ဖြစ်သည်။

**ဦးကိုကြီး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ**[၃] အမှုတွင် တရားရုံးများကို မထီမဲ့မြင်ပြုလုပ်သည့်အမှုများတွင် မကောင်းသော စေတနာရှိမရှိမှာ အဓိကမဟုတ်ပေ။ လျှောက်ထားခံရသူတို့၏ ရေးသားချက်သည် တရားရုံးများအား မထီမဲ့မြင်ပြုရာရောက်မရောက်သာ ပဓာန ဖြစ်သည်။ သို့ဖြစ်၍ တရားရုံးအပေါ် မကောင်းသော စေတနာမရှိပါဟု ထုချေရုံမျှဖြင့် လျှောက်ထားခံရသူတို့သည် အပြစ်ဒဏ်မှ မလွတ်ကင်းနိုင်ဟု လမ်းညွှန်ထားသည်။

ထို့ပြင် **ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ နှင့် ဦးလှထွန်း**[၄] အမှုတွင် "ဦးလှထွန်းသည် သူ၏ အပြုအမူနှင့် စပ်လျဉ်း၍ အပြစ်ရှိကြောင်း ရိုးသားစွာ ဝန်ခံခြင်း မပြုဘဲ သူ့တွင် အပြစ်မရှိကြောင်း သဘောသက်ရောက်သည့် လျှောက်လဲ တင်ပြချက် ပြုသဖြင့် သူ၏ ဝန်ချတောင်းပန်ချက်သည် ခြွင်းချက်မရှိ အကြွင်းမဲ့ ဝန်ချတောင်းပန်ခြင်း မဟုတ် ကြောင်း တွေ့ရှိရ၍ သူ၏ ဝန်ချတောင်းပန်မှုကို လက်မခံ နိုင်ပေ" ဟု လမ်းညွှန် ဆုံးဖြတ်ထားသည်။

သို့ဖြစ်၍ မှုခင်းရှုထောင့်သတင်းဂျာနယ်နှင့် မှုခင်းရောင်စဉ်မဂ္ဂဇင်းတို့တွင် တရားရုံးတွင် သက်သေ စစ်ဆေးဆဲ အဆင့်၌ တရားရုံးတွင် သက်သေခံဥပဒေအရ သက်သေခံမဝင်သော ရဲထံထွက်ဆိုချက်များကို တရားရုံး နှင့် ယှဉ်ပြိုင်၍ စာစောင်တွင် ဖော်ပြခြင်း၊ တရားရုံးတွင် စစ်ဆေးဆဲ စွဲချက်မတင်မီ အဆင့်တွင်ရှိသော တရားခံ များအား ပြစ်မှုကျူးလွန်သူများဟု အများပြည်သူကို ကြေညာ ဖော်ပြခြင်းတို့သည် တရားရုံးက အမှုစီရင် ဆုံးဖြတ်ခြင်းအပေါ် စကားဦးသန်းခြင်း၊ ကြိုတင်ဆုံးဖြတ်ခြင်း ပြုရာ ရောက်၍တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေပုဒ်မ၃ ကို ကျူးလွန်သည်ဟု သုံးသပ်တွေ့ရှိသည်။ ထိုသို့ ဖော်ပြရာတွင် အဆိုပါ ဆောင်းပါးကို ရေးသားသော စာရေးဆရာဇော်ထက် အဆိုပါ ဆောင်းပါးများအား ဖော်ပြသော မှုခင်းရှုထောင့်နှင့် သတင်းဂျာနယ်မှ တာဝန်ခံ အယ်ဒီတာ မောင်ငြိမ်းသူ (ကြို့ပင်ကောက်) နှင့် မှုခင်း ရောင်စဉ် မဂ္ဂဇင်းအယ်ဒီတာ ဦးသန့်၊ နန္ဒမိုးကြယ်၊ ဦးစန်းထွေးတို့သည် တာဝန်ရှိသူများဖြစ်ကြောင်း ပေါ်ပေါက်သည်။

သို့ဖြစ်၍ - လျှောက်ထားခံရသူများဖြစ်သော ဦးဇော်ထက်၊ ဦးသန့်၊ နန္ဒမိုးကြယ်၊ ဦးစန်းထွေးနှင့် မောင်ငြိမ်းသူ (ကြို့ပင်ကောက်) တို့သည် တရားရုံးများ မထီမဲ့မြင် ပြုမှုကို ကျူးလွန်သည်ဖြစ်၍ ၁၉၆၂ ခုနှစ်၊ တရားရုံးများမထီမဲ့မြင် ပြုမှုဥပဒေပုဒ်မ ၃ အရ ဒဏ်ငွေ ၁၀၀၀ိ/-(တစ်ထောင်ကျပ်) စီပေးဆောင်စေ။ မဆောင်က အလုပ်မဲ့ ထောင်ဒဏ် ၁ လ (တစ်လ) တိတိကျ ခံစေရန် အမိန့်ချမှတ်သည်။

(၂) ၁၉၇၆ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၁၇
(၃) ၁၉၈၀ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၄
(၄) ၁၉၈၂ မြန်မာနိုင်ငံတရားစီရင်ထုံး စာ ၄၈

* * *

## တရားမ ပထမ အယူခံမှု အမှတ် ၁၉၈ / ၀၈
## (တရားရုံးချုပ် မန္တလေး)

မန္တလေးတိုင်းတရားရုံး တရားမကြီးမှုအမှတ်- ၃၅၈/၂၀၀၄ တွင် တရားလို ဒေါ်ခင်မာမြင့်က တရားပြိုင် ဒေါ်ညွန့်ညွန့်ဝင်း ပါ၇ဦးတို့အပေါ် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၉/၈)၊ ဦးပိုင်အမှတ် (၂၆)၊ (၃၅)၊ (၃၆) ဂရန်မြေကွက်နှင့် ပတ်သက်၍ အပေါင်ရွေးနုတ်လိုမှုစွဲဆိုခဲ့ရာ တရားစွဲဆိုရန် အကြောင်းခြင်းရာ ပေါ်ပေါက်မှု မရှိကြောင်း ပဏာမ ငြင်းချက်ကို ဖြေဆို၍ တရားလိုစွဲဆိုမှုကို တရားမကျင့်ထုံး ဥပဒေအမိန့် ၇ နည်း ၁၁ (ဃ) အရ ပယ်ကြောင်း အမိန့် ချမှတ်ခဲ့သည်။ ထိုစီရင်ချက်နှင့်ဒီကရီကို တရားလို ဒေါ်ခင်မာမြင့်က မကျေနပ်သဖြင့် ဤတရားမ ပထမ အယူခံမှုကို တင်သွင်းသည်။

အဆိုလွှာတွင် တရားလိုသည် မန္တလေးမြို့ ၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ အကွက် အမှတ် (၉/၈)၊ ဦးပိုင်အှတ် (၂၆) (၃၅) (၃၆) ဂရန် မြေကွက်များကို အမည်ပေါက် ပိုင်ဆိုင်ပြီး ယင်းမြေပေါ်တွင် ထရံကာကာပ်မိုး အဆောက်အဦကို ဆောက်လုပ်ထား ကြောင်း၊ (၁-၉-၉၇) ရက်တွင် တရားလိုသည် ငွေအရေး တကြီး လိုအပ်သဖြင့် သိကျွမ်းခင်မင်သူ အထက်တန်း ရှေ့နေ ဦးမြသိန်းနှင့် ဇနီး ဒေါ်ခင်နုနုထံတွင် ပွဲစား မောင်ဌေးဝင်းနှင့်အတူ ငွေကျပ် ၂၅ သိန်းကို ၇ ရာခိုင်နှုန်း အတိုးဖြင့် ချေးယူကြောင်း၊ တရားလိုပိုင်မြေ ၃ ကွက်ကို ဟန်ဆောင်အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးရမည့် အပြင် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌လည်း ဦးမြသိန်းအား **အထူးကိုယ်စား**လှယ်စာလွှဲပေးရမည်ဟု ပြောသဖြင့် မြေ ၃ **ကွက်ကို** ဟန်ဆောင်အရောင်းအဝယ် စာချုပ်ပြုလုပ်ပြီး မြေ**နှင့် ပတ်သက်သော** စာရွက်စာတမ်းများကိုလည်း **ဦးမြသိန်းတို့ ထံ အပေါင်**အဖြစ် ပေးအပ်ခဲ့ကြောင်း (၃-၉-၉၇) ရက်တွင် **ဦးမြ**သိန်းသို့ အထူးကိုယ်စားလှယ် လွှဲစာမှတ်ပုံတင်အမှတ် (၂၁၉၆/၉၇) ပြုလုပ်ပေးခဲ့ရကြောင်း၊ အတိုးငွေကို (၁၀) လတိုင် ပေးဆပ်ခဲ့ကြောင်း၊ (၁) နှစ်ခွဲခန့်အကြာတွင် တရားလိုက မြေ ၃ ကွက်ကို ပြန်ရွေးနုတ်လိုရာ ဦးမြသိန်းတို့က အပေါင်ခံရာတွင် အခြားသူများလည်း ပါဝင်၍ ညှိနှိုင်းရဦးမည်ဟု ပြောဆို၍ အကြိမ်ကြိမ်ငြင်းဆန်ခဲ့ကြောင်း၊ တရားလို၏ ကိုယ်စားလှယ် စာကိုသုံး၍ မြေရောင်းရန် ကြံစည်သည်ဟု ကြားသိရသဖြင့် (၂၂-၇-၀၂) ရက်တွင် စာချုပ်စာတမ်းရုံးသို့ ကန့်ကွက်ခဲ့ကြောင်း၊ (၇-၂-၀၃) ရက်တွင် အထူး ကိုယ်စားလှယ် လွှဲစာကို စာချုပ်စာတမ်းရုံး၌ တရားဝင် ရုပ်သိမ်းခဲ့ပြီး (၈-၂-၀၃) ရက်ထုတ် သတင်းစာ၌ ကြေညာခဲ့ကြောင်း၊ (၉-၂-၀၃) ရက်တွင် (ရယက) ရုံးသို့ မြေကွက် များမှာ မည်သူမျှ သက်ဆိုင်ခြင်း မရှိသည်ကို အကြောင်း ကြားခဲ့ကြောင်း၊ ထိုစဉ် ဦးမြသိန်းနှင့် ဒေါ်နန်းလှညွန့်တို့က ပိုင်းမြေအတွင်း ဝင်ရောက်ဝင်းခတ်သဖြင့် (ရယက) သို့ တိုင်ကြားခဲ့ရာ ခေါ်ယူညှိနှိုင်းပေး သော်လည်း တိတ်တဆိတ် ဝင်းခတ်၍ အိမ်ဆောက်ခဲ့ကြောင်း၊ ဦးမြသိန်းသည် (၂၁-၃-၀၃) ရက်တွင် ဒေါ်နန်းလှညွန့်သို့ ရောင်းချ၍ ယာယီ မှတ်ပုံတင်စာချုပ်အမှတ်(၅၀၁/၀၃) ဖြင့် စာချုပ်စာတမ်းရုံးမှ လက်ခံထား၍ ရပ်ဆိုင်းလိုပါက တားဝရမ်း တင်ပြရန် တရားလိုထံအကြောင်းကြားခဲ့ကြောင်း၊ ဒေါ်နန်းလှညွန့်၏ စာချုပ် ရှေ့နေဦးအောင်မြင့်မှ ညှိနှိုင်းပေးသော်လည်း မရသဖြင့် မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်- ၂၀၆/၂၀၀၃ တွင် အပေါင်မပြောက်သော မရွေးမပြောင်းနိုင် သည့် ပစ္စည်းအား လက်ရောက်ရလိုမှု စွဲဆိုခဲ့ရာ တရားရုံးမှ အပေါင်ရွေးနုတ်လိုမှုသာ စွဲဆိုသင့်ကြောင်း သုံးသပ်၍ ပလပ်ခဲ့ကြောင်း၊ ဦးမြသိန်း၊ ဒေါ်ခင်နုနုတို့ ကွယ်လွန်သဖြင့် **၎င်းတို့၏** အမွေဆက်ခံသူ (၁) တရားပြိုင်၏ ခင်ပွန်းနှင့် (၂၊ ၃၊ ၄၊ ၅) တရားပြိုင်တို့အပြင် ပိုင်းမြေလက်ရှိထားသူ

ဒေါ်နန်းလှညွန့်၏ အမွေဆက်ခံသူ (၆၊ ၇)တရားပြိုင်တို့ အပေါ် တရားစွဲဆိုရခြင်း ဖြစ်ကြောင်း တရားလိုတွင် ငွေကြေးဖြင့် ကုစား၍ မရနိုင်သော ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေသဖြင့် အချင်းဖြစ်မြေကွက်များအား တရားလိုသို့ အပေါင်ရွေးနုတ်ခွင့် ပြုသည့် ဒီကရီချမှတ်ပေးသင့်ကြောင်း အဆိုပြုစွဲဆိုသည်။

အမှတ် (၁ မှ ၅) တရားပြိုင်တို့က တရားလိုသည် မောင်ငွေဝင်းနှင့်အတူ ဦးမြသိန်းနှင့် ဒေါ်ခင်နုနုထံ အချင်းဖြစ် မြေ ၃ ကွက်ကို ငွေကျပ် ၂၅ သိန်းဖြင့် ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ဦးမြသိန်းတို့က (၁-၉-၉၇) ရက်စွဲပါ အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ကာလပေါက်ဈေး ကျပ် (၂၅) သိန်းဖြင့် လက်ရောက်လွှဲပြောင်း ဝယ်ယူခဲ့ခြင်း ဖြစ်ကြောင်း။ ယင်းစာချုပ်မှာ ဟန်ဆောင်စာချုပ်မဟုတ်ကြောင်း၊ အရောင်းအဝယ် လုပ်ငန်း၏ ထုံးတမ်းစဉ်လာအရ ဂရန်မြေ ၃ ကွက်နှင့် ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများ။ အထူးကိုယ်စားလှယ်လွှဲစာ (၂၁၉၆/၉၇) တို့ကို ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း။ ဦးမြသိန်းတို့က အချင်းဖြစ်မြေ ၃ ကွက်ကို ဒေါ်နန်းလှညွန့်သို့ (၂၁-၃-၀၂) ရက်တွင် လက်လွှဲရောင်းချပြီးမှ အထူးကိုယ်စားလှယ် လွှဲစာကို ရုပ်သိမ်းခဲ့ခြင်း ဖြစ်ကြောင်း။ တရားလိုက အတိုး (၁၀) လတိုင့် ပေးခဲ့သည်ဆိုခြင်း မမှန်ကြောင်း။ ဦးမြသိန်းတို့က မိမိတို့၏ ပိုင်ရေးပိုင်ခွင့်အရ ဒေါ်နန်းလှညွန့်ထံ ရောင်းချ၍ အဆင့်ဆင့် ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်ကြောင်းဒေါ်နန်းလှညွန့်က ၎င်း၏ ပိုင်ရေး ပိုင်ခွင့်အရ ဝင်းခတ်ခြင်းဖြစ်ကြောင်း ဦးမြသိန်းနှင့် ဒေါ်နန်းလှညွန့်တို့ ချုပ်ဆိုခဲ့သော စာချုပ်မှာ ယာယီစာချုပ် နံပါတ် (၅၀၁/၂၀၀၃) ရရှိပြီးဖြစ်ကြောင်း။ မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၀၆/၂၀၀၃မှာ အမှုပုံစံမမှန်ကြောင်း ပဏာမငြင်းချက်အပေါ် သုံးသပ်၍ တရားလိုစွဲဆိုသည့် အမှုကို ပလပ်ခဲ့ခြင်းဖြစ်ကြောင်း။ အဆိုလွှာ၌ မည်သည့် ပေါင်နှံခြင်းမျိုး ဖြစ်သည်ကို ဖော်ပြထားခြင်းမရှိ၍ ဤပုံစံဖြင့် စွဲဆိုခွင့်မရှိကြောင်း။ ရှေ့နေ ဦးအောင်မြင့်မှာ ဦးမြသိန်းတို့ လွှဲအပ်ထားသည့် ရှေ့နေ မဟုတ်၍ ညှိနှိုင်းပေးနိုင်သူ မဟုတ်ကြောင်း။ တရားစွဲရန် အမှုဖြစ်အကြောင်းချင်းရာ မပေါ်ပေါက်ကြောင်းဖြင့် ခုခံ ချေပသည်။

အမှတ် (၆၊ ၇) တရားပြိုင်တို့၏ အုပ်ထိန်းသူ ဒေါ်နန်းမွှေးဆာက ၁၉၉၇ ခုနှစ်တွင် အချင်းဖြစ် မြေကွက်များမှာ ပုသိမ်ကြီးမြို့နယ်၊ တောဂရန်အဆင့်သာ ရှိ၍ ကျပ် ၂၅ သိန်းမှာ ရောင်းကြေးတန်ဖိုးအမှန် ဖြစ်ကြောင်း။ နောက်ပိုင်းလမ်းတံတား၊ လျှပ်စစ်မီးများရရှိလာ၍ မြေဈေးတက်လာခြင်းဖြစ်ကြောင်း၊ တရားလိုက ဦးမြသိန်း တို့ထံ ရောင်းချခဲ့သော စာချုပ်ပါ စကားရပ်များအရ ရောင်းချကြောင်း ထင်ရှားသဖြင့် ပေါင်နှံခြင်းဟု ဆန့်ကျင်အဆိုပြု၍ ဤအမှုကို မစွဲဆိုနိုင်သောကြောင့် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း။ ဦးမြသိန်းတို့က ဒေါ်နန်းလှညွန့်အား (၂၁-၃-၀၂) ရက်တွင် ရောင်းချပြီးနောက်မှ တရားလိုက အထူးကိုယ်စားလှယ်စာ ရုပ်သိမ်းခြင်း သတင်းစာတွင် ကြေညာခြင်းတို့ကို ပြုလုပ်ခြင်းဖြစ်ကြောင်း။ ထို့ကြောင့် အထူးကိုယ်စားလှယ်စာနှင့်အညီ ဦးမြသိန်းတို့က ရောင်းချခြင်းမှာ တရားလိုကိုယ်တိုင် ရောင်းချသကဲ့သို့ဖြစ်၍ ဤအမှုစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း။ မန္တလေးတိုင်းတရားရုံးက အမှုပုံစံ မမှန်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း။ ဥပဒေနှင့်အညီ အုပ်ထိန်းသူ ခန့်ပေးရန် ဦးစွာ မလျှောက်ဘဲ အရွယ်မရောက်သေးသူ (၆၊ ၇) တရားပြိုင်များအပေါ် စွဲဆိုမှုဖြစ်၍ အဆိုလွှာကို ပလပ်သင့်ကြောင်း။ အကယ်၍ အပေါင်ဖြစ်ပါက ဦးမြသိန်းတို့က ဒေါ်နန်းလှညွန့်အား ရောင်းချခြင်းမှာ အပေါင်ခံသူ၏ ရောင်းချခွင့်နှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်၍ တရားလိုစွဲဆိုသော အမှုပုံစံမမှန်ကြောင်း ခုခံချေပသည်။

မန္တလေးတိုင်း တရားရုံးက တရားလိုစွဲဆိုသော အမှုပုံစံမှန်ကန်ခြင်းမရှိဆိုခြင်းမှာ မမှန်ကြောင်း ပဏာမငြင်းချက်ကို (၂-၈-၀၅) ရက်တွင် ဖြေဆိုဆုံးဖြတ်ခဲ့ပြီးနောက် အမှုစွဲဆိုရန် အကြောင်းခြင်းရာ ပေါ်ပေါက်မှု မရှိဆိုသည်မှာ မှန်သလားဟူသော ပဏာမငြင်းချက်ကို နစ်ဖက်စစ်ဆေးကြားနာခဲ့သည်။ တိုင်းတရားရုံးက အိမ်မြေပေါင်နှံမှုတွင် ရိုးရိုးလက်မဲ့ ပေါင်နှံခြင်း သို့မဟုတ် ပိုင်ဆိုင်ခွင့် စာချုပ်အပ်နှံ၍ ပေါင်နှံခြင်းဖြင့် ပေါင်နှံလေ့ရှိပြီး

အပေါင်ခံသူထံ ပေးအပ်ပေါင်နှံခြင်း မရှိကြောင်း၊ တရားလိုက ၎င်း၏ ပေါင်နှံမှုမှာ ပိုင်ဆိုင်မှု စာချုပ်စာတမ်း များပေးအပ်ပေါင်နှံခြင်း ဖြစ်ကြောင်းထွက်ဆိုတင်ပြ ကြောင်း၊ တရားပြိုင်ဘက်မှ မှတ်ပုံတင်အပေါင်စာချုပ် ပြုလုပ်ခြင်း မရှိ၍ တရားစွဲခွင့် မရှိဟုတင်ပြကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၈(စ)တွင်ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊စစ်တွေနှင့် ဤကိစ္စအတွက် နိုင်ငံတော် သမ္မတက ပြန်တမ်းတွင် ကြေညာ၍ သတ်မှတ်ထားသည့် အခြားမြို့တွင် လူတစ်ဦးက မြီရှင်သို့ဖြစ်စေ၊ ၎င်းကိုယ်စားလှယ်သို့ဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများကို အပေါင်အဖြစ် ထားရှိရန် ပေးအပ်လျှင် ထိုသို့ ပြုလုပ်မှုသည် ပိုင်ဆိုင်ခွင့် စာချုပ် အပ်နှံ၍ ပေါင်နှံခြင်းဟု ပြဋ္ဌာန်းထားကြောင်း၊ မကျင်တင်ပါ ၅ နှင့် ပြည်သူ့ဘဏ်အမှတ် ၁၁ စီရင်ထုံး[၁] တွင် ပိုင်ဆိုင်ခွင့် စာချုပ်ကို အပ်နှံ၍ ပေါင်နှံခြင်းကို ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့များ၌သာ ပြုလုပ်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ယခုအမှုတွင် ပေါင်နှံခြင်းကို မန္တလေးမြို့တွင် ပြုလုပ်ခဲ့ကြောင်း တရားလို၏ တင်ပြချက်အရ ပေါ်ပေါက်ရာ သတ်မှတ်ထားသည့် အထက်ပါမြို့ကြီး ၄ မြို့တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ယင်းဥပဒေပုဒ်မ ၅၈(စ) ပါ အခြားအင်္ဂါရပ်များနှင့် ပြည့်စုံစေကာမူ ပိုင်ဆိုင်ခွင့် စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း မြောက်မည် မဟုတ်ကြောင်း၊ တရားလိုက အပေါင်စာချုပ် သီးခြားချုပ်ဆိုခြင်း မရှိဘဲ အရောင်းအဝယ် ဟန်ဆောင်စာချုပ်သာ ချုပ်ဆိုထားကြောင်း တင်ပြချက်ရှိနေကြောင်း၊ အဆိုလွှာအပိုဒ် ၉ နှင့် ၁၅ ပါ ဖော်ပြချက်နှင့် တရားလို၏ ထွက်ချက်အရ ပစ္စည်းလက်ရောက်ပေးအပ်ခဲ့ခြင်း မရှိ၍ လက်မဲ့ပေါင်နှံခြင်းနှင့် သက်ဆိုင်သော ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ (ခ) ပါ အင်္ဂါရပ်များအရ အပေါင်စာချုပ်မှာ ပစ္စည်းတန်ဖိုး ကျပ် ၁၀၀ အောက်ဖြစ်သည့်တိုင် မှတ်ပုံတင်ရန် လိုအပ်ကြောင်း၊ ယခုအမှုတွင် မှတ်ပုံတင်အပေါင်စာချုပ် ပြုလုပ်ပေါင်နှံခြင်း မရှိ၍ လက်မဲ့ပေါင်နှံခြင်း အထမမြောက်သဖြင့် တရားလိုသည်အပေါင်ရွေးနှုတ်လိုမှု စွဲဆိုနိုင်မည် မဟုတ်ကြောင်း သုံးသပ်ကာ ဤအမှုစွဲဆိုရန် အကြောင်းခြင်းရာ ပေါ်ပေါက်မှုမရှိသည်မှာ မှန်ကန်ကြောင်း ပဏာမငြင်းချက်ကို ဖြေဆို၍ တရားလိုစွဲဆိုသော အပေါင်ရွေး နှုတ်လိုမှုကို ပယ်ခဲ့ခြင်း ဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ပေါင်နှံခြင်းကို မန္တလေးမြို့တွင် ပြုလုပ်ခဲ့ကြောင်း တရားလို၏ တင်ပြချက်အရ ပေါ်ပေါက်သည့်ဖြစ်ရာ သတ်မှတ်ထားသည့် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် စစ်တွေမြို့ကြီး ၄ မြို့တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈(စ) ပါ အခြားအင်္ဂါရပ်များနှင့် ပြည့်စုံနေစေကာမူ ပိုင်ဆိုင်ခွင့် စာချုပ် အပ်နှံ၍ ပေါင်နှံခြင်း မြောက်မည် မဟုတ်ကြောင်း သုံးသပ်ကာ ဤအမှုစွဲဆိုရန် အကြောင်းခြင်းရာ ပေါ်ပေါက်မှု မရှိဆိုသည်မှာ မှန်ကန်သည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၈(စ) ပါ (Other Town) နှင့် စပ်လျဉ်း၍ အောက်ခြေမှတ်စု၌ "Mandalay has been so notified; see Gazette of india, 1915, Part I, page 1906" ဟု ဖော်ပြထားသဖြင့် ယင်းဥပဒေပုဒ်မ ၅၈(စ)တွင် မန္တလေးမြို့၌ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ အပ်နှံပြုလုပ်ခွင့်ရှိကြောင်း သို့ဖြစ်၍ မူလရုံး၏ ဒီကရီကို ပယ်ဖျက်ကာ အမှုကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်ခွင့် ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၁ မှ ၅) ၏ ရှေ့နေက အဆိုလွှာအပိုဒ် ၁၁ တွင် ဤအမှုတရားစွဲဆိုရန် အကြောင်းကို ရှေ့နေ ဦးအောင်မြင့်မှတစ်ဆင့် အကြောင်းပြန်ကြားလာသဖြင့် ယခုကဲ့သို့ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်လာသည်ဟု ဖော်ပြထားသော်လည်း စာချုပ်ရှေ့နေ ဦးအောင်မြင့်အား သက်သေမပြခဲ့ကြောင်း၊ ပဋိညာဉ်စာချုပ်များအပေါ် အခြေခံ၍ စွဲဆိုသော အမှုတွင် မလွှဲမသွေ နို့တစ်စာပေးရန် လိုအပ်ပါလျက် နို့တစ်စာ

(၁) ၁၉၆၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၁၀။

မပေးခဲ့ကြောင်း ပေါ်ပေါက်၍ တရားစွဲရန် အကြောင်း ပေါ်ပေါက်မည် မဟုတ်ကြောင်း။ တရားလိုက ယခင်စွဲဆိုခဲ့သည့် တရားမကြီးမှုအမှတ် ၂၀၆/၂၀၀၃ တွင် ပဏာမ ငြင်းချက်ကိုအမှုပုံစံမမှန်ဟု ဖြေဆို၍ ပလပ်ခဲ့ခြင်း ဖြစ်ကြောင်း။ အပေါင်ရွေးနုတ်လိုမှုစွဲဆိုနိုင်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းမရှိကြောင်း၊ သက်သေခံ(င)အထူးကိုယ်စားလှယ် လွှဲစာကို လွှဲအပ်မှုရှိသဖြင့် စာချုပ် စာတမ်းပေးအပ်ပေါင်နှံမှု အင်္ဂါရပ် ၃ ရပ်နှင့် မကိုက်ညီသောကြောင့် တရားစွဲရန် အမှုဖြစ်အကြောင်းခြင်းရာ လုံးဝမပေါ်ပေါက်ကြောင်း။ (၁-၉-၉၇)ရက်နေ့ နောက်ပိုင်း (၁၀)လမျှ အတိုးပေးခဲ့သည်ဟု အဆိုလွှာအပိုဒ် ၅ အရ ဝန်ခံထားရာ ဦးမြသိန်းတို့က ဒေါ်နန်းလှညွန့်သို့ ရောင်းချခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၆၉ (၂) (ခ)အရ အပေါင်ခံသူ၏ ရောင်းချခွင့်နှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက်တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ကြောင်း။ အဆိုလွှာအပိုဒ် ၄ နှင့် ၅ ၊ တရားလို၏ ထွက်ဆိုချက်တို့ အရ တရားလိုသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၆၀ ခြွင်းချက်အရ ရွေးနုတ်ခွင့် ဆုံးရှုံးသွားပြီ ဖြစ်သောကြောင့် တရားစွဲရန် အကြောင်း မပေါ်ပေါက်တော့ကြောင်း တင်ပြသည့်အပြင် ကျန်ငြင်းချက်များနှင့် ပတ်သက်၍လည်း လျှောက်လဲကာ မူလရုံး၏ ဒီကရီမှာ မှန်ကန်မှုရှိ၍ ဤအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၆၊ ၇) တို့၏ ရှေ့နေကအမှုတွင် အရောင်းအဝယ်စာချုပ် ချုပ်ထားခြင်း။ မြေကွက်ပိုင်ဆိုင် ခွင့်များ လက်ရောက်ပေးအပ်ထားခြင်း။ အခြားသူတို့ မှတ်ပုံတင်စာချုပ်ဖြင့် လွှဲပြောင်းရောင်းချခြင်းတို့ ပေါ်ပေါက်နေ၍ ရောင်းချခြင်းဖြစ်သည့်အပြင် တတိယပုဂ္ဂိုလ်ထံ ပစ္စည်းရောက်ရှိနေ၍ ထိုသူပါဝင်ခြင်းမရှိဘဲ အပေါင်ရွေးနုတ်လိုမှုဆွဲဆိုခြင်း မှာ အမှုဖြစ် အကြောင်းခြင်းရာ မပေါ်ပေါက်ကြောင်း။ စာချုပ်စာတမ်းပိုင်ဆိုင်ခွင့်များအပ်နှံ၍ ပေါင်နှံခြင်းတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၈ အရ မှတ်ပုံတင်စာချုပ် ပြုလုပ်ခြင်း မရှိပါက ပေါင်နှံခြင်းမမြောက်ကြောင်း။ အဆိုလွှာအပိုဒ် ၁၁၌ စာချုပ်သည့် ရှေ့နေဦးအောင်မြင့်ကတစ်ဆင့် အကြောင်းပြန်ကြားလာသဖြင့် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက် လာသည်ဟု တင်ပြခဲ့သော်လည်း ဦးအောင်မြင့်ကို သက်သေမပြခဲ့ကြောင်း၊ ပဋိညာဉ်အပေါ်အခြေပြု၍ တရားစွဲဆိုသော အမှုမျိုးတွင် နို့တစ်စာပေးပို့၍ နို့တစ်စာပါအတိုင်း မလိုက်နာမှ တရားစွဲရခြင်းဖြစ်ရာ ထိုသို့နို့တစ်စာ မပေးခဲ့ကြောင်း၊ပေါ်ပေါက်၍ တရားစွဲရန်အကြောင်း မပေါ်ပေါက်ကြောင်း တရားမကြီးမှုအမှတ်-၂၀၆/၂၀၀၃ တွင်အမှုပုံစံမှန်ကန်ခြင်း မရှိဟု ဆုံးဖြတ်၍ အမှုပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အပေါင်ဖြစ်သည်ဟု မဆုံးဖြတ်ခဲ့သေးကြောင်း၊ ကိုယ်စားလှယ်စာ လွှဲအပ်ပေးခြင်းအရ အရောင်းစာချုပ်ဖြစ်ကြောင်း ထင်ရှားပါလျက် အပေါင်ရွေးနုတ်လိုမှု စွဲဆိုခြင်းသည် တရားစွဲဆိုရန် အမှုဖြစ်အကြောင်းခြင်းရာ မပေါ်ပေါက်ကြောင်း၊ သို့ဖြစ်၍ ဤအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားလို ဒေါ်ခင်မာမြင့် (မူလမှုတရားလို) သည် ဦးမြသိန်း၊ ဒေါ်ခင်နုနုနှင့် ဒေါ်နန်းလှညွန့်တို့အပေါ် မန္တလေးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ်-၂၀၆/၂၀၀၃ တွင် ယခုအချင်းဖြစ် မြေကွက်များနှင့် ပတ်သက်၍ "အပေါင်မမြောက်သော မရွေးမပြောင်းနိုင်သည့် ပစ္စည်းအား လက်ရောက်ရလိုမှု" စွဲဆိုခဲ့သည်။ ထိုအမှုတွင် တိုင်းတရားရုံးက ဒေါ်ခင်မာမြင့် စွဲဆို သော အမှုပုံစံမှန်ကန်ခြင်း ရှိမရှိ ပဏာမ ငြင်းချက်ထုတ်၍ ဦးစွာကြားနာခဲ့သည်။ ထို့နောက် တိုင်းတရားရုံးက အဆိုလွှာပါ အချက်များကို စိစစ်၍ တရားလိုသည် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ အပ်နှံ၍ ပေါင်နှံခြင်း ပြုခဲ့ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၈(စ) တွင် ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေနှင့် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ပြန်တမ်းတွင် ကြေညာသည့် အခြားမြို့တွင် ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်း အပ်နှံ၍ ပေါင်နှံခြင်းပြုလုပ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားကြောင်း၊ နိုင်ငံတော်သမ္မတက ပြန်တမ်းတွင်

(၂) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်) စာ-၄၁၀။

ကြေညာသည့်မြို့မှာ မန္တလေးမြို့ဖြစ်သဖြင့် ယင်းဥပဒေပုဒ်မ ၅၈ (စ)အရ မန္တလေးမြို့တွင် ပိုင်ဆိုင်ခွင့်စာချုပ်အပ်နှံ၍ ပေါင်နှံခြင်းပြုလုပ်နိုင်ကြောင်း။ တရားလို၏ အဆိုလွှာအရ အပေါင်ဖြစ်ကြောင်း ဝန်ခံဖော်ပြခဲ့ပြီး မှတ်ပုံတင်စာချုပ် မရှိသဖြင့် အပေါင်မြောက် သည်ဟု သုံးသပ်ကာ အမှုကို ဤပုံစံဖြင့် စွဲဆိုခွင့် မရှိဟု ဖြေဆို၍ အဆိုလွှာကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် အယူခံတရားလို ဒေါ်ခင်မာမြင့်က အချင်းဖြစ်မြေကွက်များနှင့် ပတ်သက်၍ "အပေါင်ရွေးနှုတ်လိုမှု" ဖြင့် မူလတရားမကြီးမှုအမှတ် ၃၅၈/၂၀၀၄ ကိုပြန်လည်စွဲဆိုခဲ့ခြင်း ဖြစ်သည်။ မူလမှုတွင် အမှုပုံစံမှန်ကန်ခြင်း ရှိမရှိဆိုသည့် ပဏာမငြင်းချက်နှင့် ပတ်သက်၍ အဆိုလွှာပါ အချက်များအား သက်သေထင်ရှား တင်ပြနိုင်ပါကလည်း တရားလိုတောင်းဆိုသော သက်သာခွင့်ကို ရခွင့်မရှိဟု အဆိုလွှာအရ ထင်ရှားခြင်း မရှိသဖြင့် အမှုပုံစံမှန်ကန်ခြင်း မရှိဆိုသည်မှာ မမှန်ကြောင်း (၂-၈-၀၅) ရက်တွင် ဖြေဆိုဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

တရားစွဲဆိုရန်အကြောင်း (Cause of Action) ဆိုရာ၌ တစ်ဖက်မှ ငြင်းဆိုပါက တရားလိုအနေဖြင့် မိမိ၏ အခွင့်အရေးကို အထောက်အခံအဖြစ် သက်သေထင်ရှား ပြရန်လိုအပ်သော အကြောင်းခြင်းရာ အသီးသီးဖြစ် သည်ဟု အဓိပ္ပာယ်ဆောင်ကြောင်း ဦးဖိုးသီးပါ ၂ နှင့် မောင်ကျော်ဆင့် အမှု(၁)တွင် ပြဆိုထားသည်။ ထို့ကြောင့် ဤအမှုတွင်မူလမှု တရားလိုဒေါ်ခင်မာမြင့်အနေဖြင့် အပေါင်ရွေးနှုတ်ခွင့်ရရန် သက်သေထင်ရှားပြရန် လိုအပ်သော အကြောင်းခြင်းရာများ ပေါ်ပေါက်ခြင်း ရှိမရှိ စိစစ်ရမည် ဖြစ်သည်။ တရားလိုဒေါ်ခင်မာမြင့်က ဦးမြသိန်းနှင့် ဒေါ်ခင်နုနုတို့ထံတွင် ၎င်းဂရန်အမည်ပေါက် ပိုင်ဆိုင်သော မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၈/၈)၊ ဦးပိုင်အမှတ် (၂၆) (၃၅) (၃၆) မြေ ၃ ကွက်၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ပေးအပ် ပေါင်နှံကာ ၇ ကျပ်အတိုးနှုန်းဖြင့် ငွေကျပ် (၂၅) သိန်းကို ချေးယူခဲ့ရာ (၁-၉-၉၇) ရက်စွဲပါ ဟန်ဆောင်အရောင်း အဝယ်ကတိစာချုပ် (သက်သေခံ-က) ကို ချုပ်ဆိုပေးခဲ့ရ ကြောင်း။ အထူးကိုယ်စားလှယ်လွှဲစာ (သက်သေခံ-င) လွှဲအပ်ပေးခဲ့ရကြောင်း။ အချင်းဖြစ်မြေ ၃ ကွက်ကို ဦးမြသိန်းတို့ထံ ပေါင်နှံရာတွင် အပေါင်စာချုပ် သီးခြား မချုပ်ဆိုကြောင်း။ ထိုသို့ အပေါင်စာချုပ် မချုပ်ဆိုခြင်းမှာ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ ပေးအပ်နှံ၍ ပေါင်နှံခြင်းဖြစ်သောကြောင့် ဖြစ်ကြောင်း။ (၁၀) လခန့် အတိုးငွေများ ပေးသွင်းခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။

မူလမှု ၂ တရားပြိုင် ဦးသိန်းဇော် (ကွယ်လွန်သူ ဦးမြသိန်း နှင့် ဒေါ်ခင်နုနုတို့၏ တရားဝင်ကိုယ်စားလှယ်) က တရားလို ဒေါ်ခင်မာမြင့်သည် အချင်းဖြစ်မြေ ၃ ကွက် ကို ဖခင် ဦးမြသိန်းထံ ရောင်းချခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆို သည်။ သို့ဖြစ်၍ တရားလိုနှင့် တရားပြိုင်တို့သည် အချင်းဖြစ် မြေ ၃ ကွက်ကို ပိုင်ဆိုင်ခွင့် စာချုပ်များ ပေးအပ်၍ ပေါင်နှံခြင်း ဖြစ်သည် သို့မဟုတ် ရောင်းချခြင်းဖြစ်သည် ဆိုသည့် အချက်မှာ အမှုတွင် အငြင်းပွားနေသောကြောင့် တရားလိုအနေဖြင့် ၎င်းတောင်းဆိုသည့် အပေါင်ရွေးနှုတ်ခွင့် "အခွင့်အရေး ရရှိရန် ပိုင်ဆိုင်ခွင့် စာချုပ်များ ပေးအပ်၍ အပေါင်ပြုလုပ်ခြင်း ဖြစ်ကြောင်း သက်သေထင်ရှားပြ ရမည့် အကြောင်းခြင်းရာများသည် ဤအမှုစွဲဆိုရန် အကြောင်းချင်းရာများပင် ဖြစ်သည်။

မူလရုံးက တရားလို ဒေါ်ခင်မာမြင့်၏ ထွက်ဆို တင်ပြချက်အရ ၎င်း၏ ပေါင်နှံမှုမှာ ပိုင်ဆိုင်ခွင့် စာချုပ် စာတမ်းများ ပေးအပ်ပေါင်နှံသော အပေါင်အမျိုးအစား ဖြစ်ကြောင်း။ မန္တလေးမြို့ ၌ ပေါင်နှံခြင်း ပြုလုပ်သည်ဟု ပေါ်ပေါက်ကြောင်း။ ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၈(စ)၌ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေနှင့် ဤကိစ္စအတွက် နိုင်ငံတော်သမ္မတက ပြန်တမ်းတွင် ကြေညာ၍ သတ်မှတ်ထားသော အခြားမြို့တွင် အဆိုပါ ပိုင်ဆိုင်ခွင့် စာချုပ်ပေးအပ်၍ ပေါင်နှံခြင်း ပြုလုပ်ခွင့် ရှိကြောင်း။ အဆိုပါ ပုဒ်မ ၅၈(စ) တွင် သတ်မှတ်ထားသည့် မြို့ကြီး (၄) မြို့တွင် ပြုလုပ်ခဲ့ခြင်း မဟုတ်၍ ပိုင်ဆိုင်ခွင့် စာချုပ်ပေးအပ်၍ ပေါင်နှံခြင်းမမြောက်ကြောင်း။ ယင်းဥပဒေ ပုဒ်မ ၅၈(ခ) အရ လက်မဲ့ပေါင်နှံခြင်းတွင် ပစ္စည်းတန်ဖိုး ကျပ် ၁၀၀ အောက် ဖြစ်သည့်တိုင် မှတ်ပုံတင်ရန် လိုအပ်၍

ယခုအမှုတွင် မှတ်ပုံတင်စာချုပ် ပြုလုပ်ပေါင်နှံခြင်း မဟုတ်၍ လက်မှဲ့ပေါင်နှံခြင်းလည်း အထမမြောက်ကြောင်း သုံးသပ်လျက် အမှုကို ပလပ်ခဲ့ခြင်း ဖြစ်သည်။

